# မြန်မာနိုင်ငံ၏စစ်ကြိုခေတ်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု နှင့်စစ်ကြိုခေတ်နှင့်စစ်ပြီးခေတ်စက်မှုကဏ္ဍ လုပ်သားအင်အားကိုနှိုင်းယှဉ်စိစစ်ခြင်း

စာကြည့်တိုက်
စီးပွားရေး တက္ကသိုလ်၊
ရန်ကုန်။

မောင်မောင်အေး

မတ်လ ၁၉၈၇

# မြန်မာနိုင်ငံ၏စစ်ကြိုခေတ်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်စစ်ကြိုခေတ်နှင့်စစ်ပြီးခေတ်စက်မှုကဏ္ဍလုပ်သားအင်အားကိုနှိုင်းယှဉ်စိစစ်ခြင်း

# The Growth of Industrial Sector in the Pre-war Period and A Comparative Analysis of Industrial Labour in the Pre-war and Post-war Period.

ကျမ်းပြုသူ
မောင်မောင်အေး

IE - 19516

စီးပွားရေးတက္ကသိုလ်
ဝါဏိဇ္ဇဗေဒဌာနတွင်မဟာဝါဏိဇ္ဇဘွဲ့
အတွက်လိုအပ်ချက်တစ်ရပ်အနေဖြင့်ရေးသားတင်သွင်းသော
ကျမ်းစာဖြစ်ပါသည်။


ကြီးကြပ်သူ
ဒေါ်ကြည်ကြည်စိန်
ကထိက
ဝါဏိဇ္ဇဗေဒဌာန
စီးပွားရေးတက္ကသိုလ်
ရန်ကုန်မြို့။

ကျမ်းပြုစုသူ
မောင်မောင်အေး


မတ်လ၊ ၁၉၈၇

# ကန်တော့ပန်း

* * * * * * * *

ငယ်စဉ် တောင်ကျေး ခလေး ဘဝမှစ၍ မဟာဝါဏိဇ္ဇဘွဲ့ရသည်အထိ ကျွေးမွေး ပြုစု၍ ပညာသင်ကြားပေးခဲ့သော ကျေးဇူးရှင်ဖခင် ဦးအုန်းမောင်နှင့် မိခင် ဒေါ်မြသင်တို့အားလည်းကောင်း၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးနှင့် စီးပွားရေး တက္ကသိုလ်တွင်ကိုး မသွန်သင် ပညာသင်ကြားပေးခဲ့သော ဝါဏိဇ္ဇဗေဒဌာန၊ ပါမောက္ခ၊ ဆရာကြီး ဦးတင်ထွန်းနှင့်တကွဆရာ၊ ဆရာမအားလုံးတို့အားလည်းကောင်း ဤကျမ်းစာဖြင့် ရိုသေစွာကန်တော့အပ်ပါသည်။

စာကြည့်တိုက်
ပညာရေး တက္ကသိုလ်၊
ရန်ကုန်။

# ကျေးဇူးတင်လွှာ

* * * * * * * * *

ဤကျမ်းစာသည် စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှ ပေးအပ်မည့် မဟာဝါဏိဇ္ဇဘွဲ့အတွက် လိုအပ်ချက်တစ်ရပ် အနေဖြင့် ရေးသားတင်သွင်းသော ကျမ်းစာဖြစ်ပါသည်။ မဟာဝါဏိဇ္ဇသင်တန်းသို့တက်ရောက် ပညာသင်ကြားခွင့်ပြုခဲ့သော ဝါဏိဇ္ဇဗေဒဌာနမှ ပါမောက္ခဆရာကြီး ဦးတင်ထွန်းအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

အထူးသဖြင့် ဤကျမ်းစာကို ရေးသားရန်အကြံပေး၍၊ အသေးစိတ်လမ်းညွှန်ခဲ့သော ဝါဏိဇ္ဇဗေဒဌာနမှ ကထိက ဒေါက်တာအောင်ထွန်းသက်အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် ကျမ်းစာဖြစ်မြောက်ရေး အတွက် အစမှအဆုံးတိုင် ကြီးကြပ်ညွှန်ကြားတည်းဖြတ်ပေးခဲ့သော ဝါဏိဇ္ဇဗေဒဌာနမှ ကထိက ဒေါ်ရီမေကောင်းနှင့် ကထိက ဒေါ်ကြည်ကြည်စိန်တို့အားလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။

ဤကျမ်းစာအတွက် လိုအပ်သော အချက်အလက်များ ရရှိရန်ကူညီခဲ့သော သန်းခေါင်စာရင်းဌာန၊ လူဦးရေဌာနစိတ်မှ ပုဂ္ဂိုလ်များအားလည်းကောင်း၊ စီးပွားရေးတက္ကသိုလ်စာကြည့်တိုက်မှ စာကြည့်တိုက်မှူးများ ဖြစ်ကြသော ဆရာမကြီး ဒေါ်လှိုင်လှိုင်ချိုနှင့် ဒေါ်ဝင်းတို့အားလည်းကောင်း၊ လက်ရေးမူများကို စိတ်ရှည်စွာဖြင့် လက်နှိပ်စက်ရိုက်ပေးခဲ့သော စီးပွားရေးတက္ကသိုလ်မှ ဦးစိုးမြင့်နှင့် အဖွဲ့အားလည်းကောင်း၊ အဖက်ဖက်မှကူညီခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း ကျေးဇူးအထူးတလည်တင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မောင်မောင်အေး

ကျမ်းပြုစုသူ

# မာတိကာ


စာမျက်နှာ

အခန်း (၁) နိဒါန်း ၁

အပိုင်း (က)

အခန်း (၂) နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု ၁၈

(၁) စီးပွားရေးဖွံ့ဖြိုးမှု၏အဓိပ္ပါယ်

(၂) စီးပွားရေးဖွံ့ဖြိုးမှု၏အတိုင်းအတာ

(၃) တိုင်းပြည်ဝင်ငွေဆိုင်ရာအချက်အလက်များ

(၄) နိုင်ငံတကာနှိုင်းယှဉ်မှုများ

အခန်း (၃) စီးပွားရေးဖွံ့ဖြိုးမှုတွင်စက်မှုထူထောင်ခြင်းနှင့်စက်မှုလုပ်သားအင်အားပေါ်ပေါက်လာမှု ၃၈

(၁) စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွင်စက်မှုထူထောင်မှု၏ကဏ္ဍ

(၂) စက်မှုထူထောင်ခြင်းတွင်စက်မှုလုပ်သားအင်အားပေါ်ပေါက်လာမှု

(၃) လုပ်သားအရေအတွက်နှင့်အရည်အသွေး

အခန်း (၄) စီးပွားရေးဖွံ့ဖြိုးမှုတွင်လုပ်သားအင်အား၏ကဏ္ဍ ၅၇

(၁) စီးပွားရေးစနစ်တစ်ခုတွင်လုပ်သားတစ်ယောက်၏ကဏ္ဍ

(၂) လုပ်သားအင်အား၏အဓိပ္ပါယ်သတ်မှတ်ချက်နှင့်အကြောင်းအရာများ

<u>မာတိကာ</u>

စာမျက်နှာ

အခန်း (၄) (၃) လုပ်သားအင်အားပါဝင်ဆောင်
ရွက်မှုကိုထိန်းချုပ်သောအချက်များ
(၄) လုပ်သားအင်အားပါဝင်ဆောင်
ရွက်မှုတွင်ကာလတိုပြောင်းလဲမှုများ
(၅) လုပ်သားအင်အားပါဝင်ဆောင်
ရွက်မှုတွင်ကာလရှည်ပြောင်းလဲမှုများ

အပိုင်း (ခ)

အခန်း (၅) စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံ၏စက်မှု
ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ၇၈
(၁) နည်းပညာတိုးတက်မှုကြောင့်
၁၉၂၁ ခုနှစ်တွင်တည်ရှိပြီးစက်မှု
လုပ်ငန်းများတိုးတက်များပြား
လာပြီး၊ လုပ်ငန်းသစ်များလည်း
ပေါ်ပေါက်လာခြင်း
(၂) စက်မှုလုပ်ငန်းတည်နေရာများ
ပြန့်နှံ့လာခြင်းသည်ဒေသဖွံ့ဖြိုးမှု
အသွင်သဏ္ဍာန်ကိုဆောင်ခြင်း
(၃) စက်မှုလုပ်ငန်းများတွင်လုပ်သား
အင်အားတိုးတက်မှုနှင့်လုပ်သားအ
မျိုးအစားများ
(၄) စက်မှုလုပ်ငန်းများ၏ပိုင်ဆိုင်မှု၊
အရွယ်အစားနှင့်စက်စွမ်းအားအသုံး
ပြုမှုတိုးတက်ခြင်း

# မာတိကာ


စာမျက်နှာ

အခန်း (၆) စစ်ကြိုခေတ်နှင့်စစ်ပြီး ခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍလုပ်သား အင်အားကိုနှိုင်းယှဉ်စိစစ်ခြင်း ၁၃၁

(၁) ၁၉၀၁မှ ၁၉၃၁ ခုနှစ်ထိသန်းခေါင်စာရင်းနှစ်များ၏လုပ်သား အင်အားကိုနှိုင်းယှဉ်စိစစ်ခြင်း

(၂) ၁၉၅၃-၅၄ ခုနှစ်သန်းခေါင်စာရင်း နှစ်၏လုပ်သား အင်အား ကိုစိစစ်ခြင်း

(၃) ၁၉၇၃နှင့်၁၉၈၃ ခုနှစ်သန်းခေါင်စာရင်း နှစ်များ၏လုပ်သား အင်အား ကိုနှိုင်းယှဉ်စိစစ်ခြင်း

အခန်း (၇) လုပ်သားအင်အားဆိုင်ရာအဆိုပြုချက်များကို စစ်ဆေးခြင်း ၁၆၇

(၁) လုပ်သားအင်အားပါဝင်ဆောင်ရွက်မှု ရာနှုန်းမျဉ်းကွေးသည် (U) ယူပုံ သဏ္ဍာန်ဖြစ်ပေါ်ခြင်း

(၂) `ကျား` လုပ်သားအင်အားပါဝင်ဆောင် ရွက်မှုရာနှုန်းနှင့် `မ` လုပ်သားအင် အားပါဝင်ဆောင်ရွက်မှုရာနှုန်းတို့သည် ပြောင်းပြန်ဆက်စပ်မှုရှိခြင်း

(၃) အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင် ရွက်မှုရာနှုန်းသည်ကျား မလူဦးရေ အချိုးနှင့်ပြောင်းပြန်ဆက်စပ်မှုရှိခြင်း

(၄) လယ်ယာနှင့်စိုက်ပျိုးမွေးမြူရေးကဏ္ဍများ တွင်ပါဝင်ဆောင်ရွက်သောလုပ်သားအင်အား ကိုစိစစ်ခြင်း

အခန်း (၈) နိဂုံး ၁၈၈

ဇယားများ ၊ ပုံချပ်များ

နောက်ဆက်တွဲများ ၊ ကျမ်းကိုးစာရင်း

# ဇယားများ

ဇယား (၅-၁) ၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်ရှိ စက်မှုလုပ်ငန်း အမျိုး အစား၊ အရေအတွက်နှင့် တိုး တက်မှုရာနှုန်း ကိုဖော်ပြသောဇယား

ဇယား (၅-၂) ၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်တွင် တိုင်း နှင့်ပြည်နယ်အသီးသီး ရှိစက်မှုလုပ်ငန်း အရေအတွက်နှင့်တိုး တက်မှုရာနှုန်း ကိုဖော်ပြသောဇယား

ဇယား (၅-၃) ၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်ရှိစက်မှုလုပ်ငန်း အရေအတွက်ကိုလုပ်ငန်း အမျိုး အစား နှင့် ခရိုင်အလိုက် ပြန့်နှံ့မှုကိုအသေးစိတ် ဖော်ပြသောဇယား

ဇယား (၅-၄) ၁၉၁၁ နှင့် ၁၉၂၁ ခုတွင်စက်မှုလုပ်ငန်း အားလုံးရှိ လုပ်သား အင်အား ကိုလုပ်သား အမျိုးအစား၊ လူမျိုး နှင့်ကျား မအလိုက် ဖော်ပြသောဇယား

ဇယား (၅-၅) ၁၉၁၁ ခုနှင့် ၁၉၂၁ ခုတွင်စက်မှုလုပ်ငန်း အားလုံး ၌စုစုပေါင်း လုပ်သား အင်အား ပါဝင်မှုရာနှုန်း ကိုဖော်ပြသောဇယား

ဇယား (၅-၆) ၁၉၁၁ ခုနှင့် ၁၉၂၁ ခုတွင်စက်မှုလုပ်ငန်းအား လုံး ၌လုပ်သား အင်အား ကိုလုပ်သားအမျိုးအစားနှင့်ကျား မအလိုက်ရာနှုန်း ဖြင့် ဖော်ပြသောဇယား

ဇယား (၅-၇) ၁၉၁၁ ခုနှင့် ၁၉၂၁ ခုတွင်စက်မှုလုပ်ငန်း အား လုံး ရှိမန်နေဂျာများ ကြီး ကြပ်သူများ ၊ တတ်ကျွမ်း သူ များ ၊ စာရေး များ နှင့်ကျွမ်း ကျင်လုပ်သား များ ကိုလူမျိုး အလိုက်ရာနှုန်း ဖြင့် ဖော်ပြသောဇယား

ဇယား (၅-၈) ၁၉၁၁ခုနှင့်၁၉၂၁ခုနှစ်တွင်စက်မှုလုပ်ငန်း အသီးသီး၌လုပ်သား အင်အား ကိုလုပ်သား အမျိုး အစား လူမျိုး နှင့်ကျား မအလိုက်အသေး စိတ် ဖော်ပြသောဇယား

ဇယား (၅-၉) ၁၉၁၁ခုနှင့်၁၉၂၁ခုနှစ်တွက် ရွေး ချယ်ထား သော စက်မှုလုပ်ငန်း (၅)ခုတွင်လူမျိုး အလိုက်ပိုင်ဆိုင် မှုရာနှုန်း ကိုဖော်ပြ သောဇယား

ဇယား (၅-၁၀) ၁၉၁၁ခုနှင့်၁၉၂၁ခုနှစ်အတွက် ရွေး ချယ်ထား သော စက်မှုလုပ်ငန်း (၅)ခုတွင်ပိုင်ဆိုင်မှုအမျိုး အစား ရာနှုန်း ကိုဖော်ပြ သောဇယား

ဇယား (၅-၁၁) ၁၉၁၁ခုနှင့်၁၉၂၁ခုနှစ်တွက် ရွေး ချယ်ထား သော စက်မှုလုပ်ငန်း (၅)ခုတွင်မန်နေဂျာများ ကိုလူမျိုး အလိုက်ရာနှုန်း ဖြင့်ဖော်ပြ သောဇယား

ဇယား (၅-၁၂) ၁၉၂၁ခုနှစ်အတွက် ရွေး ချယ်ထား သောစက်မှုလုပ် ငန်း (၆)ခုတွင်ပိုင်ဆိုင်မှုကိုလူမျိုး နှင့်အမျိုး အစား အလိုက်ရာနှုန်း ဖြင့်ဖော်ပြထား ခြင်း နှင့်လူမျိုး အလိုက်မန်နေဂျာများ ကိုရာနှုန်း ဖြင့်ဖော်ပြ ထား သောဇယား

ဇယား (၅-၁၃) ၁၉၁၁ခုနှင့်၁၉၂၁ခုနှစ်၌စက်မှုလုပ်ငန်း အရေအတွက်ကိုစက်ရုံအ ရွယ်အစားအလိုက်ဖော်ပြ သောဇယား

ဇယား (၅-၁၄) ၁၉၁၁ခုနှင့်၁၉၂၁ခုနှစ်၌စက်မှုလုပ်ငန်းများ၏ စက်စွမ်းအားအသုံးပြုမှုနှင့်တိုး တက်မှုနှုန်းများ ကို ဖော်ပြ သောဇယား

ဇယား (၆-၁) အမှန်တကယ်လုပ်သားဦးရေကိုလုပ်ငန်းနှင့်ကျား မအလိုက်ရာနှုန်းဖြင့် ဖော်ပြ သောဇယား

ဇယား (၆-၂) လုပ်ငန်း ခွင်ရှိလူဦး ရေကိုလုပ်ငန်းနှင့်ကျား မအလိုက်ရာနှုန်း ဖြင့် ဖော်ပြ သောဇယား

<u>ပုံချပ်များ</u>

ပုံချပ် (၂-၁) နိုင်ငံ A နှင့် B ၏ဝင်ငွေအဆင့်နှင့်ဝင်ငွေကြီးထွားမှုနှုန်း ခြားနားချက်ကို နှိုင်းယှဉ်ဖော်ပြသောပုံ

ပုံချပ် (၂-၂) ငွေကြေးဝင်ငွေကို ဒေါ်လာအသွင်သို့ပြောင်းလဲရာတွင် ဝင်ငွေမှန်ကို လျော့၍ဖော်ပြမှုများကို တစ်ဦးကျဝင်ငွေအားဖြင့် နှိုင်းယှဉ်ဖော်ပြသောပုံ

ပုံချပ် (၆-၁) ၁၉၀၁ ခုနှစ်မှ ၁၉၈၃ ခုနှစ်ထိ သန်းခေါင်စာရင်းနှစ်များတွင် မြန်မာနိုင်ငံ၏ စုစုပေါင်းလုပ်သားဦးရေကို ဘလောက်နည်းဖြင့် ဖော်ပြသောပုံ

ပုံချပ် (၆-၂) ၁၉၁၁ ခုနှစ်မှ ၁၉၈၃ ခုနှစ်ထိ သန်းခေါင်စာရင်းနှစ်များတွင် မြန်မာနိုင်ငံ၏ ကျား၊ မ လုပ်သားဦးရေကို ဘလောက်နည်းဖြင့် နှိုင်းယှဉ်ဖော်ပြသောပုံ

ပုံချပ် (၆-၃) ၁၉၀၁ ခုနှစ်မှ ၁၉၈၃ ခုနှစ်ထိ သန်းခေါင်စာရင်းနှစ်များတွင် မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေနှင့် လုပ်သားဦးရေကို ဘလောက်နည်းဖြင့် နှိုင်းယှဉ်ဖော်ပြသောပုံ

ပုံချပ် (၆-၄) ၁၉၁၁၊ ၁၉၂၁ နှင့် ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းနှစ်များတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကဏ္ဍများတွင် အမျိုးသားလုပ်သားအင်အားပြန့်နှံ့မှုကို နှိုင်းယှဉ်စက်ဝိုင်းစိတ်ပိုင်းနည်းဖြင့် ဖော်ပြသောပုံ

ပုံချပ် (၆-၅) ၁၉၁၁၊ ၁၉၂၁ နှင့် ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းနှစ်များတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကဏ္ဍများတွင် အမျိုးသမီးလုပ်သားအင်အားပြန့်နှံ့မှုကို နှိုင်းယှဉ်စက်ဝိုင်းစိတ်ပိုင်းနည်းဖြင့် ဖော်ပြသောပုံ

<u>ပုံချပ်များ</u>

ပုံချပ် (၆-၆) ၁၉၀၁ ခုနှစ်မှ ၁၉၃၁ ခုနှစ်အထိ သန်း ခေါင်စာရင်းနှစ်များ၏ မြန်မာနိုင်ငံ စီးပွားရေး လုပ်ငန်း ကဏ္ဍများတွင် စုစုပေါင်း လုပ်သားအင်အားပြန့်နှံ့မှုကို နှိုင်းယှဉ်စက်ဝိုင်း စိတ်ပိုင်း နည်းဖြင့် ဖော်ပြသောပုံ

ပုံချပ် (၆-၇) ၁၉၅၃-၅၄၊ ၁၉၇၃ နှင့် ၁၉၈၃ ခုနှစ်သန်းခေါင်စာရင်း နှစ်များတွင်မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ငန်း ကဏ္ဍများ တွင်အမျိုးသားလုပ်သားအင်အားပြန့်နှံ့မှုကို နှိုင်း ယှဉ်စက်ဝိုင်း စိတ်ပိုင်းနည်းဖြင့်ဖော်ပြသောပုံ

ပုံချပ် (၆-၈) ၁၉၅၃-၅၄၊ ၁၉၇၃ နှင့် ၁၉၈၃ ခုနှစ်သန်း ခေါင်စာရင်းနှစ်များတွင်မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်း ကဏ္ဍများ တွင်အမျိုး သမီး လုပ်သားအင်အားပြန့်နှံ့မှုကို နှိုင်း ယှဉ်စက်ဝိုင်း စိတ်ပိုင်းနည်းဖြင့်ဖော်ပြသောပုံ

ပုံချပ် (၆-၉) ၁၉၅၃-၅၄၊ ၁၉၇၃ နှင့် ၁၉၈၃ ခုနှစ်သန်းခေါင်စာရင်းနှစ်များတွင်မြန်မာနိုင်ငံ၏စီးပွား ရေးလုပ်ငန်း ကဏ္ဍများတွင်စုစုပေါင်း လုပ်သားအင်အားပြန့်နှံ့မှုကို နှိုင်းယှဉ်စက်ဝိုင်းစိတ်ပိုင်းနည်းဖြင့် ဖော်ပြသောပုံ

ပုံချပ် (၇-၁) ၁၉၁၁ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိသန်းခေါင်စာရင်းနှစ်များတွင်မြန်မာနိုင်ငံ၏ကျား မနှင့် စုစု ပေါင်းလုပ်သား အင်အားပါဝင် ဆောင်ရွက်မှုရာနှုန်းကိုမျဉ်းကွေး ဂရပ်ဖြင့် ဖော်ပြသောပုံ

ပုံချပ် (၇-၂) အမျိုး သား လုပ်သား အင်အားပါဝင် ဆောင်ရွက်မှုရာနှုန်းနှင့်အမျိုးသမီးလုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုရာနှုန်း တို့၏ဆက်စပ်မှုကို ဖော်ပြသော ရီဂရက် ရှင်း မျဉ်း ပုံ

# အခန်း (၁)

## နိဒါန်း

ဤကျမ်းစာတွင်အပိုင်း (၂) ပိုင်း ပါဝင်ပါသည်။ ပထမပိုင်း၌မြန်မာနိုင်ငံ၏စစ်ကြိုခေတ်ကာလစက်မှု ကဏ္ဍ၏ ဖွံ့ဖြိုး တိုးတက်မှုကိုတင်ပြပြီး ၊ ဒုတိယပိုင်း၌စစ်ကြိုခေတ်ကာလနှင့်စစ်ပြီးခေတ်ကာလ၏စက်မှုကဏ္ဍလုပ်သား အင်အား ကိုနှိုင်းယှဉ်စိစစ်၍တင်ပြထားပါသည်။ ဤအကြောင်းအရာကိုတင်ပြရခြင်း မှာ ယခုအချိန်အခါတွင် နိုင်ငံအသီးသီး သည်၊ မိမိတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး ကိုနည်းလမ်းများ ရှာဖွေ၍အစွမ်းကုန်ကြိုးစား နေကြပါသည်။ အထူးသဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများ တွင် တိုင်းပြည်၏စီးပွားရေး ၊ ဖွံ့ဖြိုး တိုးတက်မှုရရှိရေးကိုကြိုးပမ်း လျက်ရှိကြပါသည်။ ထိုနည်းတူမြန်မာနိုင်ငံတွင်လည်း စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအတွက်နည်းလမ်းများ ရှာဖွေကြိုးပမ်း လျက်ရှိပါသည်။ နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုး တိုးတက်လာရေး မှာတိုင်းပြည်၏စီးပွား ရေး ဖွံ့ဖြိုး တိုးတက်မှုပေါ်တွင်မူတည် နေပါသည်။ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုသာ တိုင်းပြည်၏လိုအပ်ချက်အသီးသီး ကိုဖြည့်စွမ်း နိုင်ပြီး စားဝတ်နေမှုဖူလုံ၍၊ လူနေမှုအဆင့်အတန်း မြင့်မားပြီး ၊ သာယာဝပြောမည်ဖြစ်ပါသည်။

သို့ဖြစ်၍တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာရန်၊ စီးပွားရေး ကဏ္ဍအသီးသီး၌၊ ကြိုးပမ်းကြရာတွင်စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး သည်အရေးပါကြောင်း တွေ့ရှိနိုင်ပေသည်။ စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်မှုသည်၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုနှုန်း ကိုလျင်မြန်စေသောကြောင့်၊ ယခုအခါဖွံ့ဖြိုးဆဲနိုင်ငံများ သည်စက်မှုနိုင်ငံ

တည်ထောင်နိုင်ရေး ၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး အတွက် ၊ နည်းလမ်း အသီးသီး ကိုရှာဖွေကြိုးစား လျက်ရှိပေသည်။

မြန်မာနိုင်ငံသည်လယ်ယာစိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် သယံဇာတများ ပေါကြွယ်ဝ၍ ၊ လယ်ယာ စိုက်ပျိုးရေး ကဏ္ဍကိုအခြေခံပြီး ၊ စက်မှုနိုင်ငံတစ်နိုင်ငံတည်ထောင် နိုင်ရေး ကိုကြိုးပမ်း လျက်ရှိပေရာ ၊ စီးပွားရေး ကဏ္ဍအသီးသီး၌အားသွန်ခွန်စိုက်ကြိုးပမ်း ကြရာတွင်စီးပွားရေး ကဏ္ဍတစ်ခုနှင့်တစ်ခု ထောက်ပံ့ကူညီနိုင်ရေး ကိုလည်း ကြိုးပမ်း ရမည်ဖြစ်ပေသည်။ ထို့ကြောင့် လယ်ယာသသား ငါး နှင့်သစ်တောကဏ္ဍ များ ၏ ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံ၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုစွမ်းဆောင်ရည်ကိုလည်း မြှင့်တင်သွားရန် ဆောင်ရွက်ရမည်ဖြစ်ပေသည်။ ထိုသို့ ဆောင်ရွက်ရာတွင်မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လေ့လာသိရှိရန်လိုအပ်လျက်ရှိသည်ဟုယူဆမိပါသည်။ ထို့ပြင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်လုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုနှုန်း သည်နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုတိုင်းထွာရာ၌အရေးပါသော ညွှန်ကိန်း များဖြစ်ကြပေသည်။ ထို့ကြောင့်မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ စစ်ကြိုခေတ်ကာလစက်မှုကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စစ်ကြိုခေတ်ကာလနှင့်စစ်ပြီး ခေတ်ကာလ၏ စက်မှုကဏ္ဍလုပ်သား အင်အား ကို နှိုင်းယှဉ် စိစစ်ရန်ရည်ရွယ်၍ ၊ ဤကျမ်းစာကို လေ့လာတင်ပြရခြင်းဖြစ်ပါသည်။

( ၁ ) လေ့လာမှု၏ ရည်ရွယ်ချက်

လေ့လာမှု၏ ရည်ရွယ်ချက်မှာမြန်မာနိုင်ငံသည်လယ်ယာစိုက်ပျိုးရေး နိုင်ငံမှသည်စက်မှုနိုင်ငံတည်ထောင်နိုင်ရေး ကို ဦးတည်ကြိုးပမ်း လျက်ရှိပေရာ ၊ မြန်မာနိုင်ငံတွင်စက်မှုကဏ္ဍ၏ ဖွံ့ဖြိုး တိုးတက်မှုအခြေအနေကိုသုံးသပ်နိုင်ရန်လိုအပ်ပေသည်။ ထိုသို့အခြေအနေကို လေ့လာသုံးသပ်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုး

တက်မှုကိုတစ်ခေတ်စောင်းဖော်ပြသောမြန်မာနိုင်ငံ၏စစ်ကြိုခေတ်ကာလစက်မှုကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်စစ်ကြိုကာလနှင့်စစ်ပြီးကာလ၏စက်မှုကဏ္ဍလုပ်သားအင်အားကိုနှိုင်းယှဉ်စိစစ်သည့်ဤကျမ်းစာကိုလေ့လာတင်ပြရခြင်းဖြစ်ပါသည်။

ဤသို့တင်ပြရာတွင်စစ်ကြိုကာလနှင့်စစ်ပြီးကာလ(၂)ပိုင်းလုံး၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုနှိုင်းယှဉ်လေ့လာနိုင်လျှင်ပိုသင့်တော်မည်ဖြစ်သော်လည်း၊ စစ်ပြီးကာလနောက်ပိုင်းတွင်လိုအပ်သောအချက်အလက်များမပြည့်စုံခြင်း၊ မရရှိနိုင်ခြင်းကြောင့်စစ်ကြိုကာလ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုသာလေ့လာနိုင်ခဲ့ပြီး၊ စက်မှုကဏ္ဍလုပ်သားအင်အားကိုမူစစ်ကြိုကာလနှင့်စစ်ပြီးကာလ(၂)ပိုင်းလုံးတွင်လေ့လာနိုင်ခဲ့ပါသည်။ ဤတွင်စစ်ကြိုခေတ်ကာလစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုသိရှိနိုင်ရန်စက်မှုကဏ္ဍနှင့်ပတ်သက်သေါအောက်ပါယေဘုယျအဆိုပြုချက်(၃)ရပ်နှင့်လေ့လာထားပါသည်။

(၁) နည်းပညာတိုးတက်မှုကြောင့် ၁၉၂၁ ခုနှစ်တွင်စက်မှုလုပ်ငန်းများတိုးတက်လာမှုနှင့်လုပ်ငန်းအသစ်များပေါ်ပေါက်လာခြင်း၊

(၂) စက်မှုလုပ်ငန်းတည်နေရာများပြန့်နှံ့လာခြင်းသည်ဒေသဖွံ့ဖြိုးမှုအသွင်သဏ္ဍာန်ကိုဆောင်ခြင်း၊

(၃) စက်မှုလုပ်ငန်းများတိုးပွားကြီးထွားလာခြင်းကြောင့်လုပ်သားအမျိုးအစားနှင့်လုပ်သားအင်အားတိုးတက်လာခြင်းတို့ဖြစ်ပါသည်။

ထို့ပြင်စက်မှုကဏ္ဍတိုးတက်မှုတွင်စက်မှုလုပ်သားအင်အားတိုးတက်မှုသည်အရေးပါသောအချက်တစ်ရပ်ဖြစ်ပေသည်။ စက်မှုကဏ္ဍတိုးတက်မှုတွင်စက်မှုလုပ်သားအင်အားကိုတိုးချဲ့ရန်လိုအပ်ပါသည်။ စက်မှုနိုင်ငံတစ်နိုင်ငံတည်ထောင်ရန်၊ သယံဇာတပစ္စည်း၊ ငွေအရင်း

အနှီး ၊ နည်းပညာနှင့်စက်ယန္တရား စသည်တို့လိုအပ်သကဲ့သို့စက်မှု ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး အတွက်စက်မှုလုပ်သား များ ပေါ်ထွန်း လာ ရေး သည်လည်း အရေးကြီး ပေသည်။ စက်ရုံ၊ အလုပ်ရုံများ တိုး ချဲ့ခြင်း ၊နည်း ပညာသစ်များ အရ၊ စက်ရုံအလုပ်ရုံအမျိုး အစား သစ်များ ပေါ်ပေါက် လာခြင်း တို့အတွက်လိုအပ် သောစက်မှုလုပ်သား အင်အား ကိုဖြည့်တင်းနိုင် ရန်လုံလောက်စွာတိုး ချဲ့ရှာ ဖွေရန်လိုအပ် ပေသည်။ ထို့ပြင် ကျွမ်းကျင်မှု ရှိ သောစက်မှုလုပ်သား များ တိုး တက် ပေါ်ထွန်း လာ ရေး မှာ ပို၍ အရေး ကြီး ပေသည်။ ထို့ကြောင့်စစ်ကြိုကာလနှင့်စစ် ပြီး ကာလ၏ စက်မှု ကဏ္ဍလုပ်သား အင်အား ကိုစိစစ်တင်ပြရာတွင် –

(၁) အခြား သောစီး ပွား ရေးကဏ္ဍလုပ်သား အင်အား များ နှင့် နှိုင်း ယှဉ်သုံး သပ်နိုင်ရန်

(၂) စစ်ကြိုခေတ်ကာလနှင့်စစ်ပြီး ခေတ်ကာလစက်မှုကဏ္ဍကျား/မ လုပ်သား အင်အား အချိုး ပြောင်း လဲတိုး တက်မှုကိုသိရှိနိုင်ရန် နှင့်

(၃) နိုင်ငံတစ်နိုင်ငံ၏စီး ပွား ရေး တိုး တက်မှုအား တိုင်း တာရာ တွင်လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုနှုန်း သည်အရေးပါ သောညွှန်ကိန်း တစ်ရပ်ဖြစ် သော ကြောင့်လုပ်သား အင် အား ပါဝင် ဆောင်ရွက်မှုနှင့်ပတ်သက် သောအဆိုပြုချက် ( ၃ ) ရပ်ကိုလည်း တစ်ပါတည်း ဆန်း စစ်တင်ပြထား ပါသည်။

ယင်း အဆိုပြုချက် ( ၃ ) ရပ်မှာ –

(က) လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာနှုန်း မျဉ်းကွေး သည် ( U ) ယူ ပုံသဏ္ဌာန်ဖြစ် ပေါ်သည်။

(ခ) ကျား လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာနှုန်းနှင့် မ လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာနှုန်းတို့သည် ပြောင်း ပြန်ဆက်စပ်မှုရှိသည်။

(ဂ) အမျိုးသမီးလုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုရာနှုန်း သည်ကျား/မလူဦးရေအချိုးနှင့် ပြောင်းပြန်ဆက်စပ်မှုရှိသည်။

တို့ဖြစ်ပါသည်။

သို့ဖြစ်၍တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင်၊ နိုင်ငံတော်အတွင်းရှိ သယံဇာတပစ္စည်းများ၊ ပြည်သူတို့၏စွမ်းအားများသည်အရေးကြီးပေသည်။ နိုင်ငံတော်၏ခွန်အားသည်ပြည်တွင်းဖြစ်သာတည့်ရှိနိုင်သောကြောင့်လုပ်ငန်းဆောင်တာများလုပ်ဆောင်ရာတွင်ပါဝင်ကြသောပြည်သူတို့၏စွမ်းအားလုပ်သားအင်အားသည်အရေးပါပေသည်။ ၁၉၇၅ခု၊ ဩဂုတ်လ (၂) ရက်နေ့မှ (၇) ရက်နေ့အထိကျင်းပခဲ့သော ပဥ္စမအကြိမ်ပါတီညီလာခံဆဋ္ဌမနေ့အစည်းအဝေး မှအတည်ပြုပြဋ္ဌာန်းပေးလိုက်သောစီးပွားရေးဆိုင်ရာရှေ့လုပ်ငန်းစဉ်များတွင်လည်း၊ ပြည်သူ့စွမ်းအားကိုအပြည့်အဝနှင့်အထိရောက်ဆုံးအသုံးချနိုင်ရေးအတွက်၊ လူ့အင်အားစီမံကိန်းတစ်ရပ်ကိုစနစ်တကျရေးဆွဲဆောင်ရွက်သွားရန်ဖော်ပြခဲ့ပေသည်။

## (၂) လေ့လာမှုပုံစံ

လေ့လာမှုပုံစံမှာသန်းခေါင်စာရင်းနှစ်များကိုအခြေခံပါသည်။ မြန်မာနိုင်ငံ၏စက်မှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအချက်အလက်စာရင်းဇယားများကို သန်းခေါင်စာရင်းနှစ်စာအုပ်များ (census year book) မှရရှိနိုင်ကြောင်းတွေ့ရပါသည်။ အထူးသဖြင့်လွတ်လပ်ရေးမရရှိမီကလူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင်၊ စက်မှုဆိုင်ရာအချက်အလက်များ (industrial census) ကိုပါပြုစုခဲ့ကြောင်းတွေ့ရပါသည်။

မြန်မာနိုင်ငံတွင်သန်းခေါင်စာရင်း ကောက်ယူခြင်းကိုလွတ်လပ်ရေး မရမီကာလတွင် ၁၈၇၂ ခုနှစ်တွင် ပထမဆုံးအကြိမ် ကောက်ယူခဲ့ပြီး၊ ၁၈၈၁ ခုနှစ်မှစ၍ (၁၀) နှစ်တစ်ကြိမ် နှင့် ၁၉၄၁ ခုနှစ်ထိ ကောက်ယူခဲ့ပါသည်။ ၁၉၄၁ ခုနှစ်တွင်တစ်ကြိမ် ကောက်ယူခဲ့သော်လည်း ခရိုင်၊ လူဦးရေနှင့်ကျား မအလိုက် ဖော်ပြချက်မျှသာ ထုတ်ပြန်နိုင်ခဲ့ပါသည်။ လွတ်လပ်ရေး ရပြီးကာလ၌မူ ၁၉၅၃ ခု၊ မတ်လတွင်ပထမအဆင့်အနေဖြင့်မြို့ပေါင်း ၂၅၂ မြို့၏မြို့ပေါ်ဧရိယာတွင် ကောက်ယူနိုင်ခဲ့ပါသည်။ ၁၉၅၄ ခုနှစ်ဒုတိယအဆင့်တွင်၊ ယင်းမြို့များပတ်ဝန်းကျင်ရှိကျေး ရွာအုပ်စုပေါင်း ၂၁၃၁ အုပ်စုတွင် ကောက်ယူနိုင်ခဲ့ပါသည်။ ၁၉၅၇ ခုနှစ်တွင်တစ်ကြိမ် ကောက်ယူခဲ့သော်လည်း ၁၉၅၃ ခုနှစ်တွင် ကောက်ယူခဲ့သောမြို့များ လောက်သာလျှင် ကောက်ယူနိုင်ခဲ့ပါသည်။ ၄င်းနောက်ပိုင်း ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ၁၉၇၃ ခုနှစ်၌တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်၌တစ်ကြိမ် ကောက်ယူနိုင်ခဲ့ပါသည်။

အထက်ပါအတိုင်း မြန်မာနိုင်ငံတွင်သန်းခေါင် စာရင်းများကို ကောက်ယူခဲ့ပါသည်။ ဤကျမ်း စာတွင်သန်းခေါင်စာရင်းနှစ်စာအုပ်များ မှအချက်အလက်များ နှင့်စာရင်းဇယားများ ကိုအဓိကအခြေခံထားပါသည်။ ကျမ်းစာ၏အချက်အလက်ရရှိရာ အဓိကဇစ်မြစ်မှာသန်းခေါင်စာရင်း နှစ်စာအုပ်များ မှဖြစ်၍၊ ရှေးကျသောသန်းခေါင်စာရင်းနှစ်များ မှအချက်အလက်များကိုမရရှိနိုင်သောကြောင့်၊ ဤကျမ်းစာတွင်သန်းခေါင်စာရင်းနှစ်အရ ၁၉၀၁ ခုနှစ်မှစတင်၍၊ အောက်ဖော်ပြပါသန်းခေါင်စာရင်းနှစ်များအတိုင်းသန်းခေါင်စာရင်းနှစ် (၇) ကြိမ်ပေါ်တွင်အခြေခံ၍ လေ့လာစိစစ်တင်ပြမည်ဖြစ်ပါသည်။

(၁) ၁၉၀၁ ခုနှစ်
(၂) ၁၉၁၁ ခုနှစ်
(၃) ၁၉၂၁ ခုနှစ်
(၄) ၁၉၃၁ ခုနှစ်
(၅) ၁၉၅၃-၅၄ ခုနှစ်
(၆) ၁၉၇၃ ခုနှစ်
(၇) ၁၉၈၃ ခုနှစ်

သို့ဖြစ်၍ကျွန်း စာတွင်စစ်ကြိုကာလနှင့်စစ်ပြီးကာလ၏စက်မှုကဏ္ဍလုပ်သား အင်အား နှိုင်းယှဉ်စိစစ်မှုအပိုင်းကို ၁၉၀၁ ခုနှစ်မှ ၁၉၈၃ခုနှစ်ထိ(၁၀)နှစ်တစ်ကြိမ်သန်း ခေါင်စာရင်းနှစ် (၇)ကြိမ် ပေါ်တွင်အခြေခံပြီး တင်ပြမည်ဖြစ်ပါသည်။

စစ်ကြိုခေတ်ကာလစက်မှုကဏ္ဍဖွံ့ဖြိုး တိုး တက်မှု ကို ၁၉၁၁၊ ၁၉၂၁နှင့်၁၉၃၁ သန်း ခေါင်စာရင်း နှစ်(၃)ကြိမ် အရတင်ပြရန်ဖြစ် သော်လည်း ၊ ၁၉၁၁နှင့်၁၉၂၁ခုနှစ်များ မှာ အချက်အလက်များ ပြည့်စုံစွာရရှိနိုင်ပြီး ၊ ၁၉၃၁ခု၊ သန်းခေါင်စာရင်းနှစ်တွင်မူစက်မှုကဏ္ဍဆိုင်ရာအချက်အလက်များ(industrial census) ကို ကောက်ယူပြုစုနိုင်ခဲ့ကြောင်း မတွေ့ရပေ။ အခြား သောဖစ်မြစ်များ မှလည်း အချက်အလက်များ မရရှိနိုင် သောကြောင့်၁၉၃၁ခုနှစ် နှင့် ပတ်သက်၍တင်ပြနိုင်မည်မဟုတ်ပေ။ သို့ဖြစ်၍လည်း စစ်ကြိုခေတ်ကာလ မြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးမှုကို ၁၉၁၁ နှင့် ၁၉၂၁ ခုနှစ် သန်း ခေါင်စာရင်း နှစ်များ ပေါ်တွင်သာအခြေခံ၍ လေ့လာတင်ပြ နိုင်မည်ဖြစ်ပါသည်။

၅၂ကျွမ်း စာထွင်စစ်ကြိုကာလနှင့်စစ်ပြီး ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှုကို လေ့လာတင်ပြရာတွင် အချက်အလက်များ သည်သန်း ခေါင်စာရင်း နှစ်စာအုပ်များ ပေါ်တွင် အခြေခံထား သော ကြောင့်၊ စက်မှုကဏ္ဍဆိုရာ၌၊ ဖော်ပြပါသန်း ခေါင်စာရင်း နှစ်စာအုပ်များ တွင် ဖော်ပြထား သည့်စက်မှုကဏ္ဍသတ် မှတ်ချက် ( Industrial Classification ) အတိုင်း ဖြစ်ပါသည်။ ၄င်း သန်း ခေါင်စာရင်း နှစ်စာအုပ်များ တွင်စက်မှုကဏ္ဍ သတ် မှတ်ချက်အဖြစ် "Burma Standard Industrial Classification of All Economic Activities"[1] ကိုအသုံး ပြုထား ပါသည်။ ယင်း စာမျက်နှာ ( ၅ ) တွင် ဖော်ပြထား ချက်ကို နောက်ဆက်တွဲ (က) တွင်ဖော်ပြထား ပါသည်။

စီး ပွား ရေး လုပ်ငန်း ရပ်အား လုံး အ တွက် Industrial Classificationကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထား သည့်အတိုင်း သတ်မှတ်ပြီး နောက်၊ ယင်း စာမျက်နှာ ( ၂ ) တွင် Enumeration Unit - နှင့်ပတ်သက်၍ ဖော်ပြထား သည်မှာ -

"The most suitable classification unit for international purpose is the smallest unit for which it is possible to provide all the information normally required in census of manufactures, distribution, services, etc. namely, the 'establishment'. This unit is therefore, recommended as the unit for classification. If however,

---

1. Burma Standard Industrial Classification of All Economic Activities, Rangoon Superintendent Government Printing And Stationery, Burma, 1954.

an establishment contains two or more departments engaged in different activities which are so organised that each department can provide all the information required from an establishment, such departments may be treated separately for classification purposes."

စီးပွားရေးလုပ်ငန်းရပ်အားလုံး အတွက်ကဏ္ဍ သတ်မှတ်ချက် ( Industrial Classification ) နှင့် ရေတွက်ပုံ ယူနစ် (Enumeration Unit) ကိုအထက်ပါအတိုင်း ဖော်ပြထားပြီး စက်မှုကဏ္ဍသတ်မှတ်ချက်နှင့်ပတ်သက်၍၊ ၁၉၅၃-၅၄ ခုနှစ်သန်းခေါင်စာရင်း စာအုပ် 'Coverage by Industries' ခေါင်းစဉ် အောက်တွင် ဖော်ပြထားသည်မှာ-

"Industry and Cottage Industry Census embraced all manufacturing activities within the division 2 and 3 of the Burma Standard Industrial Classification of All Economic Activities. The three majors paralled division mining and quarrying, Construction, Electricity gas and water were not included in the census scope."[2]

၁၉၅၃-၅၄သန်းခေါင်စာရင်းနှစ်တွင်စက်မှုကဏ္ဍသတ်မှတ်ချက်နှင့်ပတ်သက်၍အထက်ပါအတိုင်း ဖော်ပြထားပြီးနောက် Industrial Establishment တစ်ခု၏အရွယ်အစားနှင့် ပတ်သက်၍၊ ယင်းသန်းခေါင်စာရင်းစာအုပ် 'Cottage Industry and

---

2.Union of Burma, First Stage Census (1953), Volume II, Section II, Part I - General, P-9.

Industry Establishments' - ခေါင်းစဉ်အောက်တွင် ဆက်လက်ဖော်ပြထားသည်မှာ -

"For the purpose of Census a Cottage industry establishment is a manufacturing of processing unit with not more than nine paid workers during the census year 1953. Industry establishment on the other hand is a manufacturing or processing unit employing ten or more paid workers in any one time during the census year 1953."[3]

သို့ဖြစ်၍ဤကျမ်းစာတွင်သန်းခေါင်းစာရင်းနှစ်များအားအခြေခံ၍မြန်မာနိုင်ငံ၏စစ်ကြိုခေတ်ကာလစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအားတင်ပြရာတွင် - Cottage Industry - များအားထည့်သွင်းမစဉ်းစားခဲ့ပါ။ paid worker - (၁၀) ယောက်(သို့မဟုတ်)ယင်းထက်ပိုမိုသောလုပ်သားများနှင့်အလုပ်လုပ်နေသည့် Industry Establishment - များကိုသာထည့်သွင်းစဉ်းစားထားပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ၁၉၅၃-၅၄ ခုနှစ်သန်းခေါင်စာရင်းနှစ်တွင်စက်မှုလုပ်ငန်းသတ်မှတ်ချက်(Industrial Classification)နှင့် (Industry Establishment) တစ်ခုတို့၏အဓိပ္ပာယ်အစားကိုသတ်မှတ်ခဲ့ပါသည်။ ထိုနည်းတူ ၁၉၃၃ နှင့် ၁၉၀၃ ခုသန်းခေါင်စာရင်းနှစ်များတွင်စီးပွားရေးလုပ်ငန်းရပ်များ

3. Union of Burma, First Stage Census (1953), Volume II, Section II, Part II - Definitions And Explanations, P-12.

ခွဲခြားပုံနှင့်စက်မှုကဏ္ဍသတ်မှတ်ချက်တို့မှာ ၁၉၅၃-၅၄ ခုသန်းခေါင်စာရင်းနှစ်ပေါ်တွင်အခြေခံထားပါသည်။

ထို့ပြင် ၁၉၀၁ ခုမှ ၁၉၃၁ ခုနှစ်ထိသန်းခေါင်စာရင်းနှစ်များ၏စီးပွားရေးလုပ်ငန်းရပ်များ ခွဲခြားပုံနှင့်စက်မှုကဏ္ဍသတ်မှတ်ချက်တို့ကို လေ့လာသောအခါတွင်၊ ၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁ နှင့် ၁၉၃၁ ခုနှစ်များမှာတူညီမှုရှိပြီး ၊ ယင်းသန်းခေါင်စာရင်းနှစ်စာအုပ်အသီးသီး၏အလုပ်အကိုင်များ ( Occupations ) ခေါင်းစဉ်အောက်၌ဖော်ပြထားချက်ကိုနောက်ဆက်တွဲ (ခ) တွင်ဖော်ပြထားပါသည်။

နောက်ဆက်တွဲ (ခ) တွင်ဖော်ပြထားသည့်အတိုင်း ၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁ နှင့် ၁၉၃၁ ခုနှစ်များတွင်စီးပွားရေးလုပ်ငန်းရပ်များ (သို့မဟုတ်) အလုပ်အကိုင်အမျိုးအစားများကို Class ၄-ခုခွဲခြားထားပြီး ၊ Sub - Class ၁၂-ခုထိ ခွဲခြားထားပါသည်။ ယင်းတွင်စက်မှုကဏ္ဍနှင့်သက်ဆိုင်သော Sub-Class III Industry ကဏ္ဍကိုအသေးစိတ်ဖော်ပြထားပြီး ၊ ကျန်ကဏ္ဍများကိုမူအသေးစိတ်မဖော်ပြတော့ပါ။ ထို့ကြောင့် ၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁ နှင့် ၁၉၃၁ ခုသန်းခေါင်စာရင်းနှစ်များတွင်စက်မှုကဏ္ဍသတ်မှတ်ချက် ( Industrial Classification ) - နှင့်ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြထားကြောင်းတွေ့ရှိရပါသည်။

"Industry is the third of the 12 main Sub-class of occupation. It comprises 13 orders and 73 groups."[4] "All the industries of actual transport or

---

4. Census of India (1911), Volume IX, Burma, Part I - Report, Chapter (12), Page-320, para-378.

communication are excluded; the industries concerned with the construction of the means of transport or communication are included."[5]

၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁နှင့်၁၉၃၁ခု သန်းခေါင်စာရင်း နှစ်များ၏စက်မှုကဏ္ဍသတ်မှတ်ချက်ကို ဖော်ပြပြီးနောက် Industry Establishment - တစ်ခု၏အရွယ်အစား သတ်မှတ်ချက်မှာလည်း ၁၉၅၃-၅၄ ခုသန်း ခေါင်စာရင်း နှစ်သတ်မှတ်ချက် ကဲ့သို့ပင် paid worker - (၁၀) ယောက်နှင့်၎င်းအထက်ရှိ သောလုပ်ငန်း များကိုသာသတ်မှတ်ထား ပါသည်။ (၁၀) ယောက်ထက် နည်းသောလုပ်ငန်း များကို Cottage or family industry - များ အဖြစ်သတ်မှတ်ပါသည်။ ယခုသန်း ခေါင်စာရင်း နှစ်များ အားအခြေခံ၍၊ ဤကျမ်း စာကိုတင်ပြရာတွင် cottage or family industry များ ကိုထည့်သွင်း မစဉ်း စား ပါ။

အထက်တွင် ဖော်ပြခဲ့သည့်၁၉၀၁ခုမှ ၁၉၃၁ ခုနှစ်ထိသန်း ခေါင်စာရင်း နှစ်များ၏စက်မှုကဏ္ဍသတ်မှတ်ချက်နှင့်စက်မှုလုပ်ငန်း တစ်ခုအရွယ်အစား သတ်မှတ် ရေတွက်ပုံကို၊ ၁၉၅၃-၅၄၊ ၁၉၇၃၊ ၁၉၈၃ခုနှစ်များ၏သတ်မှတ်ချက်များ နှင့်နှိုင်းယှဉ် လေ့လာပါက၊ သဘောအား ဖြင့်တူညီမှုရှိကြောင်း တွေ့နိုင်ပေသည်။ ထို့ကြောင့်ယင်း သတ်မှတ်ချက်များ အားလုံး သည် "Burma Standard Industrial Classification of All Economic Activities" နှင့်အကြုံး ဝင်လျက်ရှိကြောင်း တွေ့နိုင်ပေသည်။

---

5. Census of India (1921), Volume X, Burma, Part I - Report, Chapter (13), page-260, para-185.

အချက်အလက်များစုဆောင်းရာတွင်မြန်မာနိုင်ငံ၏စစ်ကြိုကာလနှင့်စစ်ပြီးကာလ၏စက်မှုကဏ္ဍဆိုင်ရာအချက်အလက်စာရင်းဇယားများရှိရန်ရှာဖွေရာ၌၊ အချက်အလက်အများစုနှင့်အပြည့်အစုံနီးပါးကိုတစ်ပြေးညီတည်း၊ သန်းခေါင်စာရင်းနှစ်စာအုပ်များမှသာရရှိနိုင်ကြောင်းတွေ့ရှိရပါသည်။ အခြားသောဖစ်မြစ်များမှရရှိသည့်တိုင်စစ်ကြိုကာလနှင့်စစ်ပြီးကာလ(၂)ပိုင်းလုံး၏အချိန်ကာလများဖွာအတွက်အချက်အလက်များမှာတူညီမှုအခြေခံကိုရရှိနိုင်မည်မဟုတ်ပေ။ သန်းခေါင်စာရင်းနှစ်စာအုပ်များတွင်မူစက်မှုဆိုင်ရာအချက်အလက်၊ စာရင်းဇယားများကိုအသေးစိတ်ပြုစုထားသည်ကိုတွေ့ရပါသည်။ ထို့ကြောင့်အချက်အလက်စာရင်းဇယားများကောက်ယူရာတွင်စီးပွားရေးတက္ကသိုလ်စာကြည့်တိုက်နှင့်သန်းခေါင်စာရင်းဌာနတို့မှအချက်အလက်များကိုအဓိကရရှိပါသည်။ သီအိုရီပိုင်းဆိုင်ရာတွင်လည်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုလက်မှုထူထောင်မှုနှင့်လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုတို့နှင့်သက်ဆိုင်သောအချက်အလက်များကိုလည်းရှာဖွေခဲ့ပါသည်။

ဤကျမ်းစာတွင်အထက်ဖော်ပြပါလေ့လာမှုပုံစံအတိုင်းတင်ပြနိုင်ရန်ဆောင်ရွက်ခဲ့ပြီး၊ Historical Analysis - နှင့် Comparative Methods - များအရလေ့လာစိစစ်တင်ပြမည်ဖြစ်ပါသည်။

(၃) <u>ကျမ်းစာတင်ပြမည့်အစီအစဉ်</u>

ကျမ်းစာ၏အစီအစဉ်ကို(၂)ပိုင်းခွဲခြားထားပါသည်။ အပိုင်း(က)သီအိုရီပိုင်းဆိုင်ရာအချက်အလက်များကိုအခန်း(၂)၊(၃)နှင့်(၄)တို့ဖြင့်တင်ပြမည်ဖြစ်ပါသည်။ အပိုင်း(ခ)တွင်စစ်ကြိုခေတ်ကာလနှင့်စစ်ပြီးခေတ်ကာလ၏မြန်မာနိုင်ငံစက်မှုကဏ္ဍ

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီစစ်တင်ပြမှုများကိုအခန်း (၅)၊ (၆)၊ (၇) နှင့် (၈) တို့ဖြင့်တင်ပြမည်ဖြစ်ပါသည်။

အပိုင်း (က) တွင်သီအိုရီပိုင်းဆိုင်ရာအချက်အလက်များကိုတင်ပြရာ၌၊ ပထမဦးစွာအခန်း (၂) တွင်နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအကြောင်းအရာများကိုတင်ပြမည်ဖြစ်ပါသည်။ ယင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအကြောင်းအရာများကိုတင်ပြရာ၌၊ (၁) စီးပွားရေးဖွံ့ဖြိုးမှု၏အဓိပ္ပါယ်၊ (၂) စီးပွားရေးဖွံ့ဖြိုးမှု၏အတိုင်းအတာ၊ (၃) တိုင်းပြည်ဝင်ငွေဆိုင်ရာအချက်အလက်များနှင့် (၄) နိုင်ငံတကာနှိုင်းယှဉ်မှုများစသည့်အချက်အလက်များဖြင့်တင်ပြထားပါသည်။

ဒုတိယအနေဖြင့်အခန်း (၃) ၌၊ စီးပွားရေးဖွံ့ဖြိုးမှုတွင်စက်မှုလက်မှုထူထောင်ခြင်းနှင့်စက်မှုလုပ်သားအင်အားပေါ်ပေါက်လာမှုတို့ကိုတင်ပြထားပါသည်။ ယင်းကိုတင်ပြရာ၌၊ (၁) စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွင်စက်မှုထူထောင်မှု၏ကဏ္ဍ၊ (၂) စက်မှုထူထောင်ခြင်းတွင်စက်မှုလုပ်သားအင်အားပေါ်ပေါက်လာမှု၊ (၃) လုပ်သားအရေအတွက်နှင့်အရည်အသွေးစသည်တို့ကိုတင်ပြထားပါသည်။

တတိယအနေဖြင့်အခန်း (၄) ၌၊ စီးပွားရေးဖွံ့ဖြိုးမှုတွင်လုပ်သားအင်အား၏ကဏ္ဍကိုတင်ပြထားပါသည်။ ယင်းကိုတင်ပြရာ၌၊ (၁) စီးပွားရေးစနစ်တစ်ခုတွင်လုပ်သားတစ်ဦး၏ကဏ္ဍ၊ (၂) လုပ်သားအင်အား၏အဓိပ္ပါယ်သတ်မှတ်ချက်နှင့်အကြောင်းအရာများ၊ (၃) လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုကိုထိန်းချုပ်သောအချက်များ၊ (၄) လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုတွင်ကာလတိုပြောင်းလဲမှုများ၊ (၅) လုပ်သားအင်အားပါဝင်ဆောင်

ရွက်မှုတွင်ကာလရှည် ပြောင်းလဲမှုများကိုတင်ပြထားပါသည်။ လုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုတွင်ကာလရှည် ပြောင်းလဲမှုများကိုတင် ပြရာ၌၊ အမျိုးသမီးများ လုပ်သားအင်အား ပြောင်းလဲမှုများနှင့် ကျေးလက်–မြို့ပြ ရွှေ့ပြောင်းမှုများကိုတင်ပြထားပါသည်။

သီအိုရီပိုင်းဆိုင်ရာအချက်အလက်များကိုတင်ပြပြီး နောက်၊ အပိုင်း (၁) တွင်စစ်ကြိုခေတ်ကာလနှင့်စစ်ပြီး ခေတ်ကာလ ၏မြန်မာနိုင်ငံစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝိစိတ်မှုများကိုတင် ပြမည်ဖြစ်ပါသည်။ ယင်းသို့တင်ပြရာတွင်ပထမပိုင်း၌၊ အခန်း (၅) တွင်စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုတင် ပြထားပါသည်။ ယင်းကိုတင်ပြရာ၌ ရှေ့တွင်ဖော်ပြပြီးခဲ့သည့် အတိုင်း လွတ်လပ်ရေး မရမီ၊ ကိုလိုနီခေတ်စစ်ကြိုကာလတွင်မြန်မာနိုင်ငံ၏စက် မှုလက်မှုအခြေအနေများကိုသိရှိရန်ရည်ရွယ်၍ စက်မှုကဏ္ဍနှင့် ပတ်သက် သော ယေဘုယျအဆိုပြုချက် (၃) ရပ်နှင့်လေ့လာတင်ပြထားပါသည်။ ယင်း အဆိုပြုချက် (၃) ရပ်မှာ (၁) နည်းပညာတိုးတက်မှုကြောင့် ၁၉၂၀ ခု နှစ်တွင်တည်ရှိပြီး စက်မှုလုပ်ငန်းများတိုးတက်လာမှုနှင့် လုပ်ငန်း အသစ်များ ပေါ်ပေါက်လာမှု၊ (၂) စက်မှုလုပ်ငန်းတည်နေရာများ ပြန့်နှံ့လာခြင်းသည် ဒေသဖွံ့ဖြိုးမှုအသွင်သဏ္ဌာန်ကို ဆောင်ခြင်း၊ (၃) စက်မှုလုပ်ငန်းများတွင်လုပ်သားအင်အားတိုးတက်မှုနှင့်လုပ်သား အမျိုးအစားစသည်တို့ဖြစ်ပါသည်။

ဒုတိယပိုင်းတွင်အခန်း (၆) ၌စစ်ကြိုခေတ်ကာလ နှင့်စစ်ပြီးခေတ်ကာလ၏မြန်မာနိုင်ငံစက်မှုကဏ္ဍလုပ်သားအင်အား ကိုနှိုင်းယှဉ်စိစစ်၍တင်ပြမည်ဖြစ်ပါသည်။ ယင်းကိုတင်ပြရာ၌ ရှေ့တွင် ဖော်ပြပြီးခဲ့သည့်ရည်ရွယ်ချက်များအရအခြားသောစီးပွားရေး ကဏ္ဍလုပ်သားအင်အားများနှင့်နှိုင်းယှဉ်သုံးသပ်နိုင်ရန်သန်းခေါင်

စာရင်း နှစ်များ ကို (၁) ၁၉၀၁ခုမှ ၁၉၃၁ခုသန်း ခေါင်စာ ရင်း နှစ်အထိလည်း ကောင်း ၊ (၂) ၁၉၅၃-၅၄ခုသန်း ခေါင်စာ ရင်း နှစ်နှင့် (၃) ၁၉၇၃၊ ၁၉၈၃ခုသန်း ခေါင်စာရင်းနှစ်များ ဟူ၍ ၊ သုံး ပိုင်း ခွဲကာ သန်း ခေါင်စာရင်း နှစ်အလိုက်လုပ်သားအင် အား ပါဝင် ဆောင်ရွက်မှုနှုန်း များ (Labour Force Participation Rate ) နှင့်စီး ပွား ရေး ကဏ္ဍအသီး သီး တွင်လုပ်သား အင်အား ပြန့်နှံ့မှုကို နှိုင်း ယှဉ် စိစစ်တင်ပြထား ပါသည်။ ယင်း သို့တင်ပြရာ တွင် စုစု ပေါင်း နှင့်ကျား မအလိုက် ခွဲခြား တင်ပြထား ပါသည်။

တတိယပိုင်း တွင်မူအခန်း (၇) ၌လုပ်သား အင် အား ပါဝင် ဆောင်ရွက်မှုနှင့်ပတ်သက် သောအဆိုပြုချက် (၃) ရပ်ကို လည်း ဆန်း စစ်တင်ပြမည်ဖြစ် ပါသည်။ ယင်း အဆိုပြုချက် (၃) ရပ် မှာ (၁) လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာနှုန်း မျဉ်းကွေးသည် ( U ) ယူပုံသဏ္ဍာန်ဖြစ် ပေါ်သည်၊ (၂) ကျား လုပ်သား အင် အား ပါဝင် ဆောင်ရွက်မှုရာနှုန်း နှင့် မ လုပ်သား အင်အား ပါဝင်ဆောင် ရွက်မှုရာနှုန်း တို့သည် ပြောင်း ပြန်ဆက်စပ်မှုရှိသည်။ (၃) အမျိုးသမီး လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာနှုန်း သည်ကျား မ လူ ဦး ရေအချိုး နှင့် ပြောင်း ပြန်ဆက်စပ်မှုရှိသည်တို့ဖြစ် ပါသည်။ ယင်းအဆိုပြု ချက်များ ကိုလက်ခံနိုင်ဖွယ်ရှိ မရှိဆန်း စစ်တင်ပြထား ပါသည်။*

---

* ယင်းအခန်း (၆) နှင့် (၇) တွင် လေ့လာတင်ပြချက်များကို ၁၉၈၆ခု နှစ်ဇန်နဝါရီလ (၂၈) ရက်မှ (၃၀) ရက် နေ့အထိစီးပွား ရေး တက္ကသိုလ်၌ပြုလုပ်ခဲ့ သောစီးပွား ရေးသိပ္ပံပညာရပ်ဆိုင်ရာသုတေသန စာတမ်း ဖတ်ပွဲတွင် " မြန်မာနိုင်ငံလုပ်သားအင်အား ပါဝင် ဆောင် ရွက်မှုနှုန်း စိစစ်မှု (၁၉၁၁-၁၉၈၃) " ခေါင်း စဉ်ဖြင့်တင်သွင်း ဖတ်ကြား ခဲ့ပါသည်။

အခန်း (၅) တွင် စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် အခန်း (၆) နှင့် (၇) တွင် စစ်ကြိုနှင့်စစ်ပြီး ခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍလုပ်သားအင်အားကို နှိုင်းယှဉ်စိစစ်တင်ပြပြီးနောက် အခန်း (၈) တွင် နိဂုံးချုပ်အနေဖြင့် ခြုံငုံသုံးသပ်တင်ပြမည်ဖြစ်ပါသည်။

## အခန်း ( ၂ )

## နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု

### ( ၁ ) စီးပွားရေးဖွံ့ဖြိုးမှု၏အဓိပ္ပါယ်

စီးပွားရေးဆိုင်ရာဆွေးနွေးမှုများတွင် စီးပွားရေးကြီးထွားမှု ( economic growth ) နှင့် စီးပွားရေးဖွံ့ဖြိုးမှု ( economic development ) တို့ကို အဓိပ္ပါယ်တူညီစွာမကြာခဏအသုံးပြုခြင်းများကို၊ လုံးလုံးလျားလျား လက်ခံထားကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ယင်းအသုံးအနှုန်း နှစ်ခုကြားတွင်ကွာခြားချက်ရှိနေပါသည်။ ယေဘုယျအားဖြင့်တူညီစွာ သုံးနှုန်းနေသော်လည်း တိကျရှင်းလင်းစွာဆိုရလျှင် "စီးပွားရေး ကြီးထွားမှုသည်ကုန်ထွက် (output) ပိုမိုရရှိမှုကိုဆိုလိုပါသည်။ စီးပွားရေး ဖွံ့ဖြိုးမှုဆိုသည်မှာ၊ ကုန်ထွက်ပိုမိုရရှိမှုသာမက၊ ယင်းကုန်ပစ္စည်း ကိုထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရာတွင်နည်းပညာဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာစုစည်းနေရာချမှုများ ( technical and institutional arrangements ) ပါပြောင်းလဲခြင်းကိုဆိုလိုပေသည်။"၁

ပိုမိုပြည့်စုံစွာဖွင့်ဆိုရသော် စီးပွားရေးကြီးထွားမှုသည်သွင်းအားစုများ (inputs) ကိုပိုမိုအသုံးပြု၍ကုန်ထွက် ပိုမိုရရှိရန်သာမက၊ စွမ်းဆောင်နိုင်ရည် ( efficiency ) မြှင့်တင်ခြင်းကိုလည်းဆိုလိုပေသည်။ ဆိုလိုသည်မှာသွင်းအားစုတစ်ယူနစ်ပေါ်တွင်ကုန်ထွက်တိုးတက်လာမှုပင်ဖြစ်သည်။ စီးပွားရေးဖွံ့

---

၁။ Charles P.Kindleberger, Economic Development, Mc Graw-Hill Book Company, Inc., Kogakusha Company, Ltd. Tokyo, International Student Edition, Second edition, 1965, p.3

ဖြိုး မှုတွင်ယင်း တို့သာမက၊ ကုန်ထွက်အမျိုး မျိုး ၏အချိုး အစား - ( structure of outputs ) နှင့်ကုန်ထုတ်ကဏ္ဍများအလိုက်သွင်း အား စုများ ခွဲဝေအသုံး ပြုမှု ( allocation of inputs ) တွင် ပြောင်း လဲမှုများ ကိုလည်း အကျိုး သက် ရောက်စေ ပေသည်။ အလီး တူလူသဏ္ဍာဝါများ ကိုကြည့်လျှင်ကြီး ထွား မှု ( growth ) ဆိုရာ၌ အရပ် မြင့်မား မှု(သို့မဟုတ်)ကိုယ်အလေး ချိန်တိုး တက်လာ မှုကိုအဓိက ရည် ရွယ် ပေသည်။ ဖွံ့ဖြိုး မှု ( development ) ဆိုရာ၌၊ ပြုမူ လုပ် ဆောင်ချက်ဆိုင်ရာစွမ်း အား ( functional capacity )တွင် ပြောင်း လဲမှု၊ ယင်း ပြုမူ ဆောင်ရွက်ပုံနှင့်ကိုက်ညီ အောင်ရုပ် ပိုင်း ဆိုင်ရာသရုပ်သကန် ပြောင်း လဲလာခြင်း ( physical coordination ) တို့ကိုဆိုလို ပေသည်။ ဥပမာအား ဖြင့်သင်ယူ မှုဆိုင်ရာစွမ်းအား ( learning capacity ) တွင် ပြောင်း လဲလာ မှုဖြစ် ပေသည်။

ထို့ ကြောင့်စီး ပွား ရေး တိုး တက်မှု (economic advance ) ပြဿနာများ နှင့်ယင်း တို့အတွက် ချမှတ်ထား သော ပေါ် လစီများ သည်တိုင်း တာ မှုအမျိုး မျိုး ရှိကြ ပါသည်။ ထိုသို့ ပင်စီး ပွား ရေး ဖွံ့ဖြိုး မှု၏အဓိပ္ပါယ် များ သည်လည်း များ စွာ ရှိ ပါသည်။ ယေဘုယျ အား ဖြင့်" စီး ပွား ရေး ဖွံ့ဖြိုး မှုကိုရုပ်ပိုင်း ဆိုင်ရာ ကောင်း မွန် သာ ယာ မှု ( material welfare ) အတွက်တိုး တက်မှုများ (improvements) ပါဝင်သည်ဟုသတ်မှတ် နိုင် ပါသည်။" ၂ ရုပ်ပိုင်းဆိုင်ရာ ကောင်း မွန်သာယာ မှုတွင်သွင်း အား စုများ နှင့်ကုန်ထွက် များ၏ ပေါင်းစပ် မှု

---

၂။ Charles P.Kindleberger, Bruce Herrick, Economic Development, Mc Graw-Hill Book Company, Inc., Kogakusha Company, Ltd. Tokyo, International Student Edition, Third edition, 1977, p.1

(Composition) - တွင် ပြောင်းလဲမှုများ ၊ သွင်းအားစုနှင့်ကုန်ထွက်များသည် လယ်ယာစိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းရပ်များသို့ ဦးတည်သော ထုတ်လုပ်မှု၏အခြေခံတည်ဆောက်ဖွဲ့စည်းပုံ (The underlying structure of production ) တွင် ပြောင်းရွှေ့မှုများ သာမက၊ လူတစ်ယောက်စီ၏လူနေမှုအဆင့်အတန်း နှင့် လူမှုရေး ဆိုင်ရာများကို ထည့်သွင်းစဉ်းစားပါက၊ ယင်း၏အနိမ့်ဆုံးသော ဝင်ငွေနှင့်ပညာရေး ၊ ကျန်းမာရေးတို့နှင့်သက်ဆိုင်သော စာမတတ်မှု၊ ရောဂါဘယရှိမှု၊ အသက်တိုမှုတို့နှင့်ဆက်စပ်နေသည့်ဆင်းရဲခြင်းများစွာကို ပပျောက်အောင်တွန်းလှန်နိုင်မှုစသည်တို့လည်း ပါဝင်သင့်ပေသည်။

တို့ပြင်အခွင့်ထူးခံလူနည်းစု၏အခြေအနေထက်စာလျှင် အလုပ်လုပ်သောအင်အားစုများအကြား ယေဘုယျအားဖြင့်အကျိုးဖြစ်အလုပ်အကိုင် ( productive employment ) ဖြစ်ထွန်းစေသော စီးပွားရေးဖွဲ့စည်းပုံများ လိုအပ်ပေသည်။ စီးပွားရေးဆိုင်ရာဆုံးဖြတ်မှုများ ပြုလုပ်ရာတွင်လည်း ၊ အများစု၏ ကောင်းမွန်သာယာမှုအတွက် ဆောင်ရွက်ရမည်ဖြစ်၍ အများစုကိုအခြေခံသည့် အုပ်စုများ၏ ပါဝင်ဆောင်ရွက်မှုသည် ကျယ်ပြန့်စွာ ပါဝင်ရန်လိုအပ်ပေသည်။

စီးပွားရေးစနစ်တစ်ခုသည် ပြောင်းလဲနေသောအခြေအနေများကို လက်ခံနိုင်ရန်စွမ်းအား မရှိပါက၊ စီးပွားရေးကြီးထွားမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုနှစ်မျိုးလုံး လိုအပ်ပေသည်။ အစောပိုင်းအဆင့်များတွင် မည်သည့်စီးပွားရေးစနစ်မဆို ဖွံ့ဖြိုးလာရန်ကြီးထွားမှုများ လိုအပ်သကဲ့သို့ အပြန်အလှန်အားဖြင့် စီးပွားရေးကြီးထွားလာရန် ဖွံ့ဖြိုးမှုသည်လိုအပ်ပေသည်။ သို့သော်လည်း နိုင်ငံအများအပြားတွင် တွေ့ရှိရသော ပြဿနာမှာ စီးပွားရေး

ဖွံ့ဖြိုး မှုနှင့်ကြီး ထွား မှုတို့၌သင့်တင့် သော အတိုင်း အတာတစ်ခုထိရရှိ အောင်မြင်ပြီး သော်လည်း ၊ ယင်း ကိုဆက်လက်ထိန်း သိမ်း ရန်အခက်အခဲများ ရှိနေ ကြောင်း တွေ့ရပါသည်။ ကမ္ဘာ့မဖွံ့ဖြိုး သေး သော အစိတ်အပိုင်း နိုင်ငံများ တွင်ဝင် ငွေမှာ နိမ့်ကျနေပြီး စီး ပွား ရေး ကြီး ထွား မှုနှင့်ဖွံ့ဖြိုး မှုတို့အတွက်အပြန်အလှန်အ ထောက်အကူပြုနေ သော စီး ပွား ရေး ဆိုင်ရာအခွင့်အလန်း များ ကိုရရှိနိုင်ပါလျက်လက်ခံနိုင်ရန် အခက်အခဲများ ရှိနေ ကြောင်း တွေ့ရပါသည်။

မဖွံ့ဖြိုး သေး သော နိုင်ငံများ (less developed countries ) နှင့်ဝင် ငွေနိမ့်ကျသော နိုင်ငံများ ( low income countries ) ၏အ ခြေအ နေများ သည်အချို့ အစိတ်အပိုင်း အများ အပြား တွင်တူညီ နေ သော်လည်း အတိအကျထပ်တူညီမှုမရှိပါ။ ယနေ့ဖွံ့ဖြိုး ပြီး နိုင်ငံအချို့သည် ၁၉-ရာစုအလယ်နှင့်၂၀-ရာစုနှစ် အကူး အပြောင်း အချိန် လောက်က၊ ဖွံ့ဖြိုး ဆဲနိုင်ငံများ ဖြစ်ပါသည်။ သို့သော်လည်း ဆင်း ရဲ သော နိုင်ငံများ မဟုတ်ကြပေ။ ဥပမာအမေရိကန်ပြည် ထောင်စုနှင့်ကနေဒါတို့ကဲ့သို့ သော နိုင်ငံများ သည်တစ်ချိန်က ဖွံ့ဖြိုး ဆဲနိုင်ငံများ ဖြစ် သော်လည်း ၊ ယင်း တို့၏ ပေါများ လှ သော သဘာဝသယံဇာတစွမ်း အား စုများ ကြောင့်ဆင်း ရဲသည်ဟုမဆိုနိုင်ပေ။ အခြား တစ်ဖက်မှကြည့်လျှင်လည်း မကြာမြင့်မီအချိန်ကဂျပန်နှင့်အစ္စရေး တို့ကဲ့သို့ သော နိုင်ငံများ သည် ဖွံ့ဖြိုး သော နိုင်ငံများ ဖြစ်လာခဲ့ သော်လည်း ယင်း တို့၏သဘာဝသယံဇာတစွမ်း အား စုများ နည်း ပါးမှုများ ကြောင့်ဆင်း ရဲ သော နိုင်ငံများ ဖြစ်ခဲ့ပါသည်။ သို့ဖြစ်၍ မဖွံ့ဖြိုး သေး သော နိုင်ငံများ တွင်ယင်း တို့၏သဘာဝသယံဇာတစွမ်း အား စုများ ပေါများ ပါက၊ ဆင်း ရဲသည်ဟုမဆိုနိုင်ပေ။ ယင်း သဘာဝသယံဇာတစွမ်း အား စုများ ကိုအပြည့်အဝ ဖော်ထုတ်၍ နည်း ပညာဆိုင်ရာများ

ဖြင့်အကျိုး ရှိစွာအသုံး ချနိုင်လျှင် ဖွံ့ဖြိုး တိုး တက် သော နိုင်ငံများ ဖြစ်လာ နိုင် ပါသည်။

( ၂ ) စီးပွား ရေး ဖွံ့ဖြိုး မှု၏ အတိုင်းအတာ

စီး ပွား ရေး ဖွံ့ဖြိုး မှုကိုအလေး ပေး ရာ တွင် စီး ပွား ရေး ကြီး ထွားလာ မှု အတွက် ပိုမိုသင့် လျော် သော တိုင်း တာ မှု တစ်ခုအဖြစ်တိုင်း ပြည်ဝင် ငွေ ( national income ) ကို အသုံး ပြုပါသည်။ ဤတိုင်း တာ နည်း တွင်လည်း ချို့ယွင်း ချက် များ ရှိပါသည်။ နိုင်ငံ တစ်ခုတွင် နိုင်ငံ ရေး သမား များ သည် စီး ပွား ရေး ကြီး ထွား မှုဟု ဆိုရာ၌ ၊ ဝင် ငွေအဆင့် ( level of income ) နှင့်သက်ဆိုင် သော အ ကြောင်း များ ကိုသာ စိတ်ဝင်စား ပြီး ဝင် ငွေ၏ ပြောင်းလဲမှု နှုန်း ( income rate of change ) ကိုထည့်သွင်း မစဉ်း စား ကြ ပေ။ ကာလရှည်တွင်ဝင် ငွေကြီး ထွား မှုနှုန်း ( income rate of growth ) မြင့်မား ခြင်း သည်ဝင် ငွေ၏အဆင့်ကိုလည်း အကျိုးသက်ရောက် စေမည်ဖြစ် ပါသည်။

သို့ဖြစ်၍ ဝင် ငွေအဆင့်နှင့်ဝင် ငွေ ပြောင်းလဲမှုနှုန်း အကြား ခြား နား မှုတစ်ခုကို လေ့လာ ရ ပါမည်။ ယင်း ကိုပုံ ချပ် (၂-၁)တွင် ဖော်ပြထား ပါသည်။

ယင်း ပုံ ချပ်တွင် ဖော်ပြထား သည်မှာ ဒေါင်လိုက်ဝင်ရိုး ပေါ်တွင်ဂဏန်း သင်္ချာစကေး ဖြင့်ဝင် ငွေကို ဖော်ပြထား ပါသည်။ ဝင် ငွေကြီး ထွား မှုကိန်း သေနှုန်း တစ်ခု ( a constant rate of growth ) ကိုမျဉ်း ဖြောင့်ဖြင့် ဖော်ပြထား ပါသည်။ အလျားလိုက်ဝင်ရိုး ပေါ်တွင်အချိန်ကာလကိုဂဏန်း သင်္ချာအား ဖြင့် ဖော်ပြထား ပါသည်။ အချိန်ကာလ ( ၁ ) တွင် နိုင်ငံ B ထက် နိုင်ငံ A ကပို ချမ်းသာ ပါသည်။ သို့ သော် နောက်ပိုင်း ၌ နိုင်ငံ A တွင်ထက်၊ နိုင်ငံ B တွင်ဝင် ငွေကြီး ထွား မှု

## ပုံချပ် (၂-၁)

### နိုင်ငံ A နှင့် B ၏ဝင်ငွေအဆင့်နှင့်ဝင်ငွေ ကြီးထွားမှုနှုန်း ခြားနားချက်ကိုနှိုင်းယှဉ်ဖော်ပြသောပုံ[၃]




---

၃။ Charles P. Kindleberger, ဖွံ့ဖြိုးကျမ်း second edition, စာမျက်နှာ ၄-မှ countries (A and B) with different rates of growth starting from different levels of income ကိုမှီငြမ်းပါသည်။

စာကြည့်တိုက်
စီးပွားရေး တက္ကသိုလ်
ရန်ကုန်



နှုန်း ပိုမိုမြင့်မားသည်ကို တွေ့နိုင်ပါသည်။ နိုင်ငံ B မှ နိုင်ငံရေးသမားများ နှင့်ပြည်သူလူထုတို့အမြင်၌၊ အချိန်ကာလ (၁)၊ (၂) နှင့် (၃) တို့တွင် နိုင်ငံ A သည် နိုင်ငံ B ထက် ပိုမိုချမ်းသာသည့်သရုပ်မျိုး ပေါ်တွင်နေသော်လည်း၊ အထူးသဖြင့် ကာလရှည်တွင် လုံးလျား ကွဲပြားခြားနားချက်သည် ကျယ်ပြန့်လာမည်ဖြစ်ပါသည်။

ထို့ကြောင့် ဂဏန်းသင်္ချာစကားအားဖြင့် ဖုံးကွယ်နေသည့်ဖြစ်နိုင်ဖွယ်ရာအချက်တစ်ခုမှာ ဂျော်မက်ထရစ်နည်းအားဖြင့် ကြည့်လျှင် နိုင်ငံ B ၏ ဝင်ငွေကြီးထွားမှုသည် ပိုမိုလျင်မြန်သော နှုန်းတစ်ခုဖြင့်တိုးတက်လာနေကြောင်းကို တွေ့နိုင်ပေသည်။ သို့သော်အတန်အသင့်သောအချိန်ကာလတစ်ခုထိ (အချိန်ကာလ ၁ မှ ၇ ထိ) နိုင်ငံ A ၏ ဝင်ငွေအဆင့်သည် နိုင်ငံ B ထက်များစွာမြင့်မားနေလိမ့်မည်ဖြစ်ပါသည်။ အချိန်ကာလ (၈) သို့ရောက်သောအခါ နိုင်ငံ B ၏ ဝင်ငွေအဆင့်သည် နိုင်ငံ A သို့မီလာပြီး၊ နောက်ပိုင်းတွင် နိုင်ငံ B ၏ ပိုမိုမြင့်မားသော ဝင်ငွေတိုးတက်မှုနှုန်းကြောင့် ဝင်ငွေအဆင့်တွင် နိုင်ငံ A ထက်သာလွန်သွားမည်ဖြစ်ပေသည်။ နိုင်ငံ B အဖို့ လူတစ်ဦး ဒေါ်လာဝင်ငွေ ၁၀၀ တွင် (၁၀%) တိုးတက်မှုသည် နိုင်ငံ A အဖို့လူတစ်ဦး ဒေါ်လာဝင်ငွေ ၂၀၀၀ တွင် (၁/၂ %) တိုးတက်မှုသာလျှင်ဖြစ်ပါသည်။

သို့ဖြစ်၍ ဝင်ငွေအဆင့်နှင့် ဝင်ငွေတိုးတက်မှုနှုန်းတို့သည် စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေနှင့် ပြောင်းလဲမှုနှုန်းတို့ကို ခန့်မှန်းသောအတိုင်းအတာများသာလျှင်ဖြစ်ကြပါသည်။ စာရင်းအင်းအားဖြင့် တိကျမှန်ကန်စွာ ဖော်ပြနိုင်လိမ့်မည် မဟုတ်ပေ။ ကွဲပြားခြားနားသည့် ဖွံ့ဖြိုးမှုအခြေအနေအဆင့်အမျိုးမျိုးတွင် နိုင်ငံအသီးသီး၏ သွင်ပြင်လက္ခဏာအမျိုးမျိုးကို ဖော်ပြရန်ရည်ရွယ်ခြင်းဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဝင်ငွေအဆင့်ကို ဖွံ့ဖြိုးမှုအဆင့်

အား အကြမ်း ဖျင်း ခန့်မှန်း မှုတစ်ခုသာ ဖြစ်သော လောကီသာ စိတ်ဝင်စား ခြင်း ဖြစ်ပါသည်။ ဝင်ငွေအဆင့်နှင့်ပတ်သက်၍ စုစုပေါင်းဝင်ငွေ -( total income ) သည်မည်မျှရှိသနည်း ။ လူတစ်ဦး ဝင်ငွေ ( income per person)လုပ်သား အင်အား စုတွင်ပါဝင်သည့်လုပ်သား တစ်ယောက်၏ဝင်ငွေ ( income per member of the labour force ) (သို့မဟုတ်)လုပ်အား သွင်း အား စုတစ်နာရီဝင်ငွေ -( income per hour of labour input )စသည်တို့သည်မည်မျှရှိသနည်း ဆိုသည့်အချက်များ ဖြစ်ပါသည်။ ယင်း အချက်အသီး သီး တွင်သီးခြား ရည်ရွယ်ချက်အသီး သီး အတွက်ထိုက်တန် သောအကြောင်း အချက်များ ရှိပါသည်။

စုစုပေါင်း ဝင်ငွေသည်လူဦး ရေကိုပမာနမထား ဘဲဝင်ငွေရရှိရန်လိုအပ်သည့်သဘော သာဖြစ်ပါသည်။ စုစုပေါင်းဝင်ငွေသည်စီး ပွား ရေး ပုံစံတစ်ခု၏အတိုင်း အတာအလေး ပေးမှု(weight of an economy ) ကိုစိတ်ဝင်စား ဖွယ်ရာခြုံငုံသုံး သပ်သည့် အတိုင်း အတာတစ်ခုဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏စုစုပေါင်းဝင်ငွေ သည်တစ်နှစ်ကို၃ %နှင့်တိုး တက်နေသည့်တိုင် အောင်၊ ယင်း နိုင်ငံ၏ လူဦး ရေသည်လည်း တူညီသော နှုန်း ထား အတိုင်း ၊ တိုး တက်လာပါက ၊ ယင်း နိုင်ငံ၏တိုး တက်မှုသည်ကျိုး ကြောင်း ညီညွတ်သည်ဟုဆိုနိုင် သော်လည်း လူသား တို့၏ ကောင်း မွန်သာယာမှု ( human welfare ) အကျိုး အတွက် ဖွံ့ဖြိုး မှုကိုလိုလား ပါက၊ ဤကဲ့သို့ သောတိုး တက်မှုသည်လူဦး ရေနည်း သောနိုင်ငံအတွက်သာလျှင် ကောင်း မွန်ပါသည်။ လူဦး ရေများပြားပါကအချို့သောအခြေခံများ အပေါ်တွင်လူတစ်ဦး ၏ဝင်ငွေ (income perhead ) တိုး တက်မှုရရှိ အောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထို့ကြောင့်လူတစ်ဦး ကျဝင်ငွေ ( income per capita ) သည်ပိုမို ကောင်း မွန် သောအတိုင်း အတာတစ်ခုဖြစ်ပါသည်။

တစ်ဦးကျဝင်ငွေသည် စီးပွားရေးဆိုင်ရာ ရည်မှန်းချက်များကို ရရှိအောင်ကြိုးပမ်းရာတွင် ထုတ်လုပ်မှုစွမ်းရည် ( efficiency of production ) နှင့် အောင်မြင်ပြီးမြောက်မှု ( success ) နှစ်ခုလုံးအတွက် မည်သို့ဆောင်ရွက်သင့်ကြောင်း သိနိုင်ပါသည်။ "ဤတွင် ကျိုးကြောင်းဆင်ခြင်စဉ်းစားနိုင်သော အချက်တစ်ခုမှာ ဝင်ငွေနည်းစွာရရှိသူများကို ပယ်ထုတ်ထားခြင်းဖြင့် တစ်ဦးကျဝင်ငွေမြင့်မားနေခြင်းသည် တစ်ကယ်တိုးတက်မှုမရှိဘဲ တိုးတက်မှုရှိသည်ဟု ဆိုနိုင်သည့်ဖြစ်နိုင်ခြေတစ်ခုဖြစ်၍ ကောင်းမွန်သာယာမှု (welfare) အတွက် တစ်ဦးကျဝင်ငွေသည် လုံလောက်သော အတိုင်းအတာတစ်ခု မဟုတ်ပေ။" ၄ ကျွန်ုပ်တို့အနေဖြင့် ပျမ်းမျှဝင်ငွေ ( average income ) မြင့်တက်ရန် နည်းလမ်းတစ်ခုကဲ့သို့ ထိုသို့ဝင်ငွေနည်းစွာရရှိသူများအား ထုတ်ပယ်ခြင်းမျိုး မပြုလုပ်လိုလျှင် မိသားစုကန့်သတ်မှု ( family limitation ) ပြုလုပ်ခြင်းဖြင့် ပျမ်းမျှဝင်ငွေသည် ဖွံ့ဖြိုးမှုအခြေအနေကို တိုင်းတာရာတွင် စုစုပေါင်းဝင်ငွေထက် ပိုမိုကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်ကြောင်း တွေ့နိုင်ပေသည်။

ထို့ကြောင့် အများအားဖြင့် အသုံးပြုနေသကဲ့သို့ ပျမ်းမျှဝင်ငွေကို တွက်ချက်ရာတွင် ကျွန်ုပ်တို့၏ စိတ်ဝင်စားမှုသည် စားသုံးခြင်း ( consumption ) ဖြစ်လျှင် လူဦးရေတွင် လူတစ်ဦးဝင်ငွေ ( income perhead of population ) ၊ ထုတ်လုပ်ခြင်း ( production ) နှင့်သက်ဆိုင်လျှင် လုပ်သားအင်အားစုတွင်

---

၄။ ၄င်းစာမျက်နှာ ၅၊ ထပ်ဆင့်ညွှန်း။ J.E Meade, Trade and welfare, Oxford, Fair Lawn, N.J., 1955, chap. VI.

ပါဝင်သည့်လုပ်သား တစ်ယောက်၏ဝင်ငွေ ( income per member of the labour force ) ၊ စီးပွားရေး ပုံစံတစ်ခု၏စွမ်းရည် ( the efficiency of the economy)တိုး တက်မှုအစိတ်အပိုင်း အတွက်အလုပ်အားချိန် ( leisure ) ကိုပါထည့်သွင်း ခွင့်ပြုပြီးသော စီးပွားရေးပုံစံတစ်ခု၏စွမ်းရည်ကိုစိတ်ဝင်စားလျှင် သွင်းအား စုလူ့လုပ်အား တစ်နာရီဝင်ငွေ ( income per man-hour of input) တို့သည်ဆီလျော်သောယူဆချက်များ ဖြစ်ပါသည်။ ယင်းတွက်ချက်မှုအသီး သီး၏စာရင်း အင်း ဆိုင်ရာခန့်မှန်းမှုလည်ကိန်း(moment) တစ်ခုအတွက်ယူဆခြင်း သည်အညီအမျှတိကျမှန်ကန်၍ ၊ ယင်းသည်အကောင်းဆုံး ယူဆချက်ဖြစ်ပါသည်။

တစ်ဦးကျဝင်ငွေနှင့်ပတ်သက်၍အခြား သောဆင်ခြင်စဉ်းစားစရာအကြောင်းများ အနက်အချက်တစ်ခုမှာ လူဦးရေသိပ်သည်းမှုများပြားသည့်မဖွံ့ဖြိုး သေးသောနိုင်ငံများအတွက် လူဦးရေနှင့်ပတ်သက်သောကိန်းဂဏန်းများသည်မည်သို့နည်းနှင့်မှ တိကျမှန်ကန်မှုမရှိနိုင်ပေ။ သို့သော်လည်း လူဦးရေနှင့်ပတ်သက်သောကိန်းဂဏန်းများသည်လုပ်သားအင်အားစုအကြောင်းအရာ(သို့မဟုတ်)အလုပ်လုပ်သောနာရီနှင့်ပတ်သက်သည့်အကြောင်းအရာများ ထက်ပိုမိုပြီးတိကျမှန်ကန်ပါသည်။ " လုပ်သားအင်အားစုနှင့်ပတ်သက်သောခန့်မှန်းခြေများ ( estimates ) အထူးသဖြင့်လယ်ယာစိုက်ပျိုးရေး တွင်အလုပ်လုပ်သည့်အမျိုးသမီးများ နှင့်ပတ်သက်သောခန့်မှန်းခြေများသည်ကျယ်ပြန့်သောမှားယွင်းအမှတ်များ(wide margins of error ) ကိုဖြစ်စေပါသည်။ " ၁

---

၁။ ၄င်းစာမျက်နှာ ၇။

ထို့ပြင်လယ်ယာစိုက်ပျိုးရေး လုပ်ငန်း(agriculture) အသေးစား ကူးသန်းရောင်းဝယ်မှုလုပ်ငန်း(petty commerce ) နှင့်အိမ်တွင်း ဆောင်ရွက်မှုလုပ်ငန်း( domestic service ) များတွင် အလုပ်လုပ်သောနာရီနှင့်ပတ်သက်သောအချက်အလက်များသည် ရရှိရန် ခက်ခဲစွာတည်ရှိနေပါသည်။ သို့ဖြစ်၍ယခုအခြေအနေတွင်တစ်ဦးကျဝင်ငွေသည်အကောင်းဆုံးသောအတိုင်းအတာတစ်ခုဖြစ်ပြီး ၊ စီးပွားရေးဖွံ့ဖြိုးမှုအတိုင်းအတာအတွက်တစ်ဦးကျစားသုံးမှု၊ စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကိုပါထည့်သွင်းဆန်းစစ်နိုင်လျှင်ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။

## (၃) တိုင်းပြည်ဝင်ငွေဆိုင်ရာအချက်အလက်များ

တိုင်းပြည်ဝင်ငွေ(သို့မဟုတ်)တစ်မျိုးသားလုံး၏ ဝင်ငွေ ( national income ) ဆိုင်ရာအချက်အလက်များတွင် တစ်ဦးကျဝင်ငွေကိုတွက်ချက်နိုင်ရန်ပိုင်း ခြေ၌တိုင်းပြည်၏စုစုပေါင်း လူဦးရေမည်မျှရှိသည်၊ ပိုင်းဝေတွင်တစ်မျိုးသားလုံး၏ဝင်ငွေမည် မျှဖြစ်သည်ကိုခန့်မှန်းရန်လိုပေသည်။ ဤတွင်ခန့်မှန်းကိန်း(estimator) များသည်သီအိုရီပိုင်းဆိုင်ရာနှင့်လက်တွေ့ပိုင်းဆိုင်ရာသဘာဝ၏လေးနက်အရေးပါသောစာရင်းအင်းဆိုင်ရာပြဿနာများကိုရင်ဆိုင်ရပေသည်။ သီအိုရီပိုင်းတွင်တိုင်းပြည်ဝင်ငွေ(သို့မဟုတ်)တစ်မျိုးသားလုံး၏ဝင်ငွေသည်ဘာလဲ?ဆိုရာ၌၊ ၎င်းကိုအဓိပ္ပါယ်သတ်မှတ်သည်မှာ တိုင်းပြည်ဝင်ငွေသည်နောက်ဆုံးထုတ်ကုန် (final product ) အားလုံးဖြစ်သည်ဟုဆိုလျှင်စားသုံးခြင်းနှင့်ကုန်ကျစရိတ်များ(consumption and costs ) အကြား (သို့မဟုတ်) နောက်ဆုံးထုတ်ကုန်နှင့်ကြားသုံးပစ္စည်း ( final and intermediate product ) အကြား ခွဲခြားရန်ပြဿနာရှိလာပါသည်။

သို့ဖြစ်၍တိုင်းပြည်ဝင်ငွေခန့်မှန်းကိန်းများ- ( national income estimators ) သည်တစ်မျိုးသားလုံး၏ ဝင်ငွေဆိုတာဘာလဲ၊ ဘယ်လောက်ရှိသလဲ ဆိုသည့်၊ ခက်ခဲသည့် ဆုံးဖြတ်မှုများပြုလုပ်နိုင်ဖို့၊ ပြဿနာပဟေဠိ ( conundrum ) များစွာကိုရင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း ဝင်ငွေ ( income ) နှင့် ဝင်ငွေမဟုတ်သည့်အချက်များ ( non income ) အကြားရှင်းလင်းသော သီအိုရီအပိုင်းအခြားတစ်ခုကို ရေးဆွဲနိုင်သည်ဟုယူဆပါသည်။ စာရင်းအင်းဆိုင်ရာပြဿနာများသည်ကြီးမားသည့်အခက်အခဲများကို ဖော်ပြသည့်တိုင်အောင်၊ ပထမဦးဆုံး၌အခက်အခဲများကြားမှခန့်မှန်းခြေတန်ဘိုး ( valuation ) ပြုရပါသည်။ ဈေးကွက်တွင် ကုန်စည်နှင့်ဝန်ဆောင်မှုများ ( goods and services) ကို ရောင်းဝယ်ဖလှယ်ရာတွင်စရိတ်သက်သာပြီးအကျိုးရှိဖို့ဆိုသည့်အချက်ကြောင့်တန်ဘိုးကိုစမ္မဓိဋ္ဌာန်ကျစစ်ဆေးချက်တစ်ခု ( an objective test of value ) ပြုဖို့အကြောင်းရှိပါသည်။ အချို့သောလူ့အဖွဲ့အစည်းများတွင်ပေးပိုင်ခွင့်များဖလှယ်မှု ( exchange of gifts ) ကို ကုန်ချင်းဖလှယ်ခြင်း ( barter ) သဘောချဉ်းကပ်မှုနှင့်ဆက်ဆံရာတွင်အိမ်ရှင်မများ၏ဝန်ဆောင်မှုများကိုတိုင်းပြည်ဝင်ငွေမှ ထုတ်ပယ်ထားပါသည်။ အိမ်ရှင်၏အိမ်ငှား ခရငွေပေါ်တွင်သုံးစွဲနိုင်ခွင့် လယ်ယာမိသားစု၏မိမိကိုယ်ပိုင်ထုတ်လုပ်မှုမှစားသုံးခြင်းများစသည်တို့ကိုတန်ဖိုးဖြတ်ရာတွင်အခြေခံတစ်ရပ်ရပ်အပေါ်စိတ်ကြိုက် - ( arbitrary basis ) တွက်ချက်ခြင်းပြုလုပ်နိုင်ပါသည်။ သို့သော်လည်း ယင်းသည်ငွေကြေးစီးပွားရေးစနစ်မဟုတ်သည်မှာထင်ရှားပါသည်။ (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းသာလျှင်ငွေကြေးစီးပွားရေးစနစ်ဟုအသိအမှတ်ပြုနိုင်ပါသည်။ ထို့ကြောင့်တိုင်းပြည်ဝင်ငွေခန့်မှန်းခြင်းများသည်အမှားများစွာပါဝင်နိုင်ပါသည်။

များစွာဖွံ့ဖြိုးပြီး နိုင်ငံများ တွင်ထက်မဖွံ့ဖြိုးသေး သောနိုင်ငံများ တွင်အိမ်ရှင်မများ ၏ဆောင်ရွက်မှု များသည်စုစုပေါင်း ကုန်စည်နှင့်ဆောင်ရွက်မှုများ ၏ပိုမိုများပြားသော အချိုး အစား တွင်ပါဝင်ပြီး ၊ "အိမ်ထောင်စုကဏ္ဍ ( household sector )မှထုတ်လုပ်သောကုန်စည်နှင့်ဆောင်ရွက်မှုများ" *ကို မူအမျိုး အစား အား ဖြင့်လျော့နည်း၍ ဖော်ပြကြပါသည်။ ဤသို့ ဖော်ပြခြင်း သည်ဖွံ့ဖြိုးပြီး စီး ပွား ရေး စနစ်နှင့်ဖွံ့ဖြိုးဆဲ စီး ပွား ရေး စနစ်နှစ်ခုအကြား ဝင်ငွေမှန် ( real income)တွင် ကွာဟချက်ကိုပို၍ဖြစ်ပေါ် စေရန် ငွေကြေးဝင်ငွေ ( money income )အတိုင်း အတာများ ၏ခိုင်မာသောသဘောတစ် ခု ဖြစ်ပါသည်။ ခန့်မှန်း ခြင်း ပြုရာတွင်တိမ်း စောင်း မှုများသည် မဖွံ့ဖြိုး သေး သောနိုင်ငံများ ၏ဆောင်ရွက်ပုံ၌အား လုံး မတူညီ သည့်အတွက်ဖြစ်ပါသည်။

---

* ဤတွင်အဝတ်ဖွပ်ခြင်း ၊ မုန့်ဖုတ်ခြင်း နှင့်ပေါင်မုန့်လှီးခြင်းတို့ ကဲ့သို့သောလုပ်ငန်း များ ကိုအိမ်ထောင်စုမှ ဈေး ကွက်သို့ ရွှေ့ ပြောင်း ခြင်း ကိုဆိုလိုပါသည်။

## (၄) နိုင်ငံတကာ နှိုင်းယှဉ်မှုများ

နိုင်ငံတကာ နှိုင်းယှဉ်မှုများ (international comparisons) သည်ကြီးမား သောအခက်အခဲများကို တွေ့ရပါသည်။ သို့သော်အသုံး ဝင်သော တစ်ဦးကျတိုင်း ပြည်ဝင်ငွေခန့်မှန်းခြေ များ ( useful approximations of national income per capita )ကိုရရှိအောင်ကြိုးပမ်းခဲ့ပါသည်။ နိုင်ငံတကာနှိုင်းယှဉ် မှုများ တွင်ပြဿနာများ သည်ပွား များ လာပါသည်။ ဤတွင်ပြီး ပြည့်စုံသော ငွေကြေး လဲလှယ်မှု( full currency convertibility ) ဟူသည်မရှိသော ကြောင့်သင့်တော်သော ငွေလဲလှယ်နှုန်း ( the appropriate exchange rate )ကို ရွေးချယ်ရာတွင်ကြီးမားသည့် အခက်အခဲများ ကို တွေ့ရပါသည်။ ဒုတိယအချက်အနေဖြင့်ကုန်စည်နှင့်ဆောင် ရွက်မှုများ ကိုနိုင်ငံအချင်းချင်း ရောင်းဝယ်ဖလှယ်မှုပြုရာတွင် စုစု ပေါင်းကုန်စည်နှင့်ဆောင်ရွက်မှုများ အကြား ဆက်သွယ်မှုအတွက် ငွေ ကြေး နှစ်ခုအကြား ဝင်ငွေအချက်အလက် ပြောင်းလဲခြင်း - ( conversion of income data )ကိုအခြေခံသည့်မှတငွေ လဲလှယ်နှုန်း ( equilibrium exchange rate )တစ်ခုရရှိရန်လို ပါသည်။ တတိယအချက်မှာအမြဲရှိသည့်အညွှန်းကိန်း( the ever-present index-number )ပြဿနာကို တွေ့ရှိရပါသည်။

ဆိုဗီယက်အုပ်စုအတွက် မူညီမျှသောနှုန်းများ( par rates )နှင့်ဒေါ်လာအသွင်သို့ဝင်ငွေအချက်အလက်များ ပြောင်းလဲ ရာတွင်ယင်းတို့၏အဆက်ပြတ် ပြောင်းလဲမှုများ (discontinuous changes )နှင့်ယေဘုယျအားဖြင့်တန်ဘိုးများ လွန်နေသောနှုန်း များ ( over valued rates )သည် ပြောင်းလဲနေသော်ငွေကြေး ပမာဏများအားဖြင့်တစ်ဦးကျဝင်ငွေကိုအမှန်ထက်ပို၍ဖော်ပြနေ သည်မှာထင်ရှားပါသည်။ နိုင်ငံခြားငွေကြေး ကြွေးမြီ ( foreign

exchange control ) နှင့်လဲလှယ်နှုန်း မြောက်များစွာတည်ရှိမှု (a multiplicity of rates ) သည် ငွေကြေး ညီမျှတန်ဘိုး ( the par value of the currency) ကိုအလွန်မြင့်မား ရန်ဖြစ်တန် ပေသည်။ ထို့ပြင် ဈေးကွက်ကျဲပါးလျှင်လွတ်လပ်နှုန်း ( free rate ) ကိုအလွန်နိမ့်ရန်ဖြစ်တန်ရာပေသည်။ ဤပြဿနာများတွင်ကျွန်ုပ်တို့သည် အလယ်အလတ်နှုန်း တစ်ခု ( an intermediate rate ) တည်ရှိ ဖို့လိုပါသည်။

ပြည်တွင်း ငွေကြေး များ( local currencies ) ကို ဒေါ်လာအဖြစ် ပြောင်းလဲပြီး သောအခါ၊ ခန့်မှန်း ခြေသည်ပြီးပြည့် စုံပြီဖြစ်ပါသည်။ သို့သော်လည်း "Gilbert နှင့် Kravis"[၆] တို့မှ ကျွန်ုပ်တို့သိရှိရသည်မှာတိုင်း ပြည်ထုတ်ကုန် ( national products ) ကို နိုင်ငံနှစ်ခုအကြား တူညီသော ဈေးနှုန်း အဆင့်၌၊ ကုန်ပစ္စည်း တစ်ခု၊ တစ်ခုချင်း ( item by item ) နှိုင်းယှဉ် သောအခါတွင်ပြည် တွင်း ငွေကြေး၌တိုင်းပြည်ထုတ်ကုန်ကို ပြောင်းလဲနေသော ငွေလဲလှယ်နှုန်း ( going exchange rate ) အတိုင်း ပြောင်းလဲပြီး သောအခါ ထက်ပို၍ကွဲပြားခြားနားသော ဆက်စပ်မှု (relation ) တစ်ခု ပေါ်ပေါက်လာပါသည်။ အမေရိကန်ပြည်ထောင်စုနှင့်ဥရောပအတွက် ပိုမိုပြီး စေ့စပ်သေချာသောကြိုးပမ်းအားထုတ်ချက်ကိုပြုလုပ်ခဲ့စဉ် တွင်အကြမ်းဖျင်း ခန့်မှန်းခြေများသည်မဖွံ့ဖြိုးသေးသောနိုင်ငံ များတွင်မညီညွတ်ချက်များနှင့်အမြဲတစ်စေပိုမိုကျယ်ပြန့်စေကြောင်း

၆။ ၄င်းစာမျက်နှာ ၉၊ ထပ်ဆင့်ညွှန်း: M. Gilbert and I. Kravis, An International Comparison of National Products and the Purchasing Power of Currencies, OEEC, Paris, 1954; and M. Gilbert and Associates; Comparative National Product and Price levels: A Study of Western Europe and the United States, OEEC, Paris, 1958.

ညွှန်ပြပါသည်။" M.F Millikan သည်၁၉၅၀တွင်အရှေ့အလယ်ပိုင်း ဒေသမပါ၊ အာရှနိုင်ငံများ၏ဝင်ငွေမှန် ( real income ) ကို လေ့လာတင်ပြခဲ့ပြီး ဖြစ်ပါသည်။ " ၇ ယင်း၏တင်ပြချက်အရသင့် လျော်သော ငွေလဲလှယ်နှုန်း နှင့်ပြောင်းလဲပြီး သောတစ်ဦး ကျဝင်ငွေသည် ၅၈ ဒေါ်လာနှင့်ညီမျှပါသည်။ ရောင်း ဝယ်ဖလှယ်မှုမပြုသောကုန်စည် နှင့်ဆောင်ရွက်မှုများ ( nontraded goods and services ) ၏ ဈေးနှုန်းများ တွင်ကွဲပြား ခြား နား ချက်များ ၌ပါဝင်သော၊ တိမ်း စောင်း မှု (bias) အတွက်ထုတ်ပယ်ခြင်း ပြုပြီး နောက် ဝင် ငွေအဆင့်မှန်သည် ၁၉၅ ဒေါ်လာ နီး ပါး ရှိခဲ့ပါသည်။ ထို့နောက်အာ ဖရိကအတွက်ယင်း နှစ်တစ်နှစ်တည်း မှာပင် လေ့လာချက်အရကိန်းဂဏန်း များ သည် ၄၈ ဒေါ်လာနှင့် ၁၇၇ ဒေါ်လာရှိခဲ့ကြပါသည်။ ဥရောပ မှအချက်အလက်များ နှင့်အာရှ အာဖရိကမှခန့်မှန်း ခြေများကိုပူးချပ် (၂-၂)တွင်တင်ပြထား ပါသည်။

ယင်း သည်ဥ ရောပနိုင်ငံများ၏တိုင်း ပြည် ထုတ် ကုန်ကိုအမေရိကန်ပြည် ထောင်စု ဈေး နှုန်း များ နှင့်တန်ဘိုး တွက် ချက် ခဲ့ပြီး ၊ အမေရိကန်ပြည် ထောင်စုထုတ်ကုန်များ နှင့်နှိုင်း ယှဉ် ခဲ့သည် ဖြစ်စေ ( သို့မဟုတ် ) အမေရိကန်ပြည် ထောင်စုထုတ်ကုန်ကိုဥ ရောပဈေး နှုန်းများ နှင့်တန်ဘိုး တွက် ချက် ခဲ့ပြီး ၊ ပြည်တွင်း ခန့်မှန်းခြေများနှင့် နှိုင်း ယှဉ် ခဲ့သည်ဖြစ်စေ၊ Gilbert နှင့် Kravis ၏တွက်ချက် မှုများ ကို ပြောင်း လဲ စေပါသည်။ ဤအချက်သည်အနှုန်း ကိန်း ပြဿနာ-

---

၇။ ၄င်း စာမျက်နှာ ၉။

ပုံချပ် (၂-၂)

"ငွေကြေး ဝင်ငွေကို ဒေါ်လာအသွင်သို့ ပြောင်း လဲရာတွင်ဝင် ငွေမှန်ကို လျော့၍ ဖော်ပြမှုများကိုတစ်ဦးကျဝင် ငွေအားဖြင့်နှိုင်းယှဉ်ဖော်ပြသောပုံ"၁




---

၁။ ၄င်းတမျက်နှာ၁၀မှ Degree to which money income converted into dollars understates real income, compared with income per capita, about 1950. ကိုမှီငြမ်းပါသည်။

( index-number problem ) ၏အနှစ်သာရဖြစ်ပါသည်။ပုံချပ်(၂-၂) မှတန်ဘိုးများကိုညှိနှိုင်းရန်မလွယ်ကူသောခန့်မှန်းခြေနှစ်ခု၏ မြှောက်ပွားသမတ်ကိန်း ( the geometric mean of the two estimates - an uneasy compromise ) မှတစ်ဆင့်ရယူပါသည်။ ဖော်ပြချက်သည်အမေရိကန်ပြည်ထောင်စု၏လူနေမှုအဆင့်အတန်းကိုလွယ်ကူစွာမနှိုင်းယှဉ်နိုင်ပေ။ မြန်မာတို့၏လူနေမှုအဆင့်အတန်းကိုမူ တိုက်ရိုက်ဖော်ပြပါသည်။ အကြောင်းမှာ မြန်မာတို့မှာကုန်စည်နှင့်ဆောင်ရွက်မှုများ၏ကွဲပြားခြားနားသောအုပ်စုများ(different baskets of goods and services ) ပါဝင်ပါသည်။ ယင်းသည် အမေရိကန်-မြန်မာဈေးနှုန်းများ ( American and Burmese prices ) နှင့်အမေရိကန်အုပ်စုကိုတန်ဘိုးတွက်ချက်ရန်ဖြစ်နိုင်ပါသည်။ အမေရိကန်-မြန်မာဈေးနှုန်းသည်အမေရိကန်ပုံစံကုန်စည်နှင့်ဆောင်ရွက်မှုများ( American - type goods and services ) ကြောင့်အချို့သောတိမ်းစောင်းမှုများပါဝင်စေလိမ့်မည်ဖြစ်သည်။ အကျယ်အားဖြင့်ယင်းတို့သည်မြန်မာနိုင်ငံတွင်ရှားပါး၍ဈေးနှုန်းသတ်မှတ်မှုမြင့်မားခြင်းနှင့်နှိုင်းစာလျှင်အားလုံးကိုအသင့်ရရှိနိုင်သည်။ (သို့မဟုတ်)မြန်မာကုန်စည်နှင့်ဆောင်ရွက်မှုများ( Burmese goods and services ) ကိုမြန်မာ-အမေရိကန်ဈေးနှုန်းများ(Burmese and American prices ) နှင့်တွက်ချက်နိုင်ပါသည်။ အဖြေများသည် တူညီမှုရှိမည်မဟုတ်ပေ။ ထို့ပြင် ယင်းတို့အကြားပမ်းမျှအဖြေမှာရှင်းလင်းသောအဓိပ္ပါယ်ရှိမည်မဟုတ်ပေ။ "ဆနှုန်းကိန်းတိမ်းစောင်းမှု ( index - number bias ) သည်ဆိုဗီယက်ပြည်ထောင်စုအတွက် ( Gerschenkron ) ထုတ်နှုတ်ဖော်ပြပြီးသကဲ့သို့ တစ်ကိုယ်တော်

နိုင်ငံတစ်ခုအတွင်း ဝင်ငွေကြီး ထွား နှုန်း များ ခန့်မှန်း ခြေတွင် အတန်အသင့် သောတိမ်း စောင်း မှု ( distortion ) ကိုဖြစ်စေ ပါသည်။ " ၉

စက်မှုထုတ်လုပ်မှုဆနှုန်း ကိန်း များ (the index of industrial production ) သည်အစောပိုင်း နှစ်များက လက်စပဲယား ဆနှုန်း ကိန်း ( laspeyres index ) ကဲ့သို့အ လေးပေး မှုများ (weights) ကိုအသုံး ပြုပါသည်။ ယင်း အ လေး ပေး မှုများသည် အချိန်ကာလအစ၌ရှား ပါး ပြီး ဈေး နှုန်း ကြီး မြင့်ခဲ့သည့်ကုန်ပစ္စည်း များ (items) အတွက်နိုင်မာ သောကိုယ်စား ပြုမှု ( heavy representation ) ကို ပေး ပါသည်။ ထို့နောက်အချိန်ကာလအတော အတွင်း အ ကောင်အထည်ရှိစွာကြီး ထွား လာခဲ့ပါသည်။ ဤနည်းအား ဖြင့် ယင်း သည်စက်မှုထုတ်လုပ်မှုကြီး ထွား ခြင်း ကိုချဲ့ကား လွန်းပါသည်။ တစ် နှစ်ကုန်လွှင်တစ်ခါ စိစဉ်အသုံး ပြုသည့်အ လေး ပေး မှုများ (the use of a single set of end-year weights)သည်ကာလရှည်တွင် ဆန့် ကျင်ဘက်တိမ်း စောင်း မှုတစ်ခု ( an opposite bias)ကိုပါဖြစ်လာ စေ ပါသည်။ တစ်ကိုယ် တော် နိုင်ငံတစ်ခုအတွက်တိုင်း ပြည်ဝင် ငွေဆိုင်ရာ အချက်အလက်များ တွင်နှိုင်း ယှဉ် ဈေး နှုန်း များ ( relative prices) နှင့်တန်ဘိုး တွက်ချက်ထား သောကုန်ထွက်နှင့်အတူအချိန်ပိုအလုပ်ချိန် - (over time ) သည်တစ်နှစ်တစ်ခါပြောင်း လဲပါသည်။ထို့ကြောင့်ဆနှုန်း ကိန်း ပြဿနာသည်လွန်စွာအ ရေး မကြီး ပေ။ သို့သော်လည်း နိုင်ငံတကါ နှိုင်း ယှဉ်မှုများ တွင်မူ ယင်း ဆနှုန်း ကိန်း တိမ်း စောင်း မှု သည် အ ရေး ပါနိုင် ပေသည်။

---

၉။ ၄င်းစာမျက်နှာ ၁၁၊ထပ်ကာင့်ညွှန်း See Alexander Gerschenkron, A Dollar Index of Soviet Machinery Output, 1927-29 to 1937, RAND Corp, Santa Monica, Calif, 1951.

ငွေကြေးအတိုင်းအတာများ (money measures) သည် နိုင်ငံနှစ်ခုအကြား ဝင်ငွေတွင်ကွဲပြားခြားနားမှုများကို ချဲ့ကားလွန်းပြီး၊ တိမ်းစောင်းစေသော်လည်း၊ ယင်းတို့သည် လုံးလုံးလျားလျား အသုံးမဝင်ခြင်း မဟုတ်ပေ။" M.K. Bennett - ၏ လေ့လာမှုအားဖြင့် ညွှန်ပြသည်မှာ တစ်ဦးကျဝင်ငွေကိန်းဂဏန်းများသည် အမှန်တကယ်စားသုံးခြင်း ( real consumption ) ကို ပဓါနပြုမှုနှင့်အတူ နိုင်ငံများ၏ အဆင့်အလိုက်၊ အဆင့်အတန်းရှိသော မျှတတိကျမှန်ကန်သည့် ရုပ်ပုံတစ်ခုကို ပေးပေသည်။ ထို့ပြင် ဝင်ငွေတွင်ကွဲပြားခြားနားချက်များသည် စားသုံးခြင်းတွင်ကွဲပြားခြားနားချက်များ ထက်များစွာ ပိုမိုကျယ်ပြန့်မှုမရှိဟု ညွှန်ပြပေသည်။" ၁၀

---

၁၀။ ၄င်းစာမျက်နှာ ၁၁၊ ထပ်ဆင့်ညွှန်း။ M.K. Bennett, "Disparities in consumption levels", American Economic Review, September, 1951, pp. 632-649.

အခန်း ( ၃ )

## စီးပွားရေးဖွံ့ဖြိုးမှုတွင်စက်မှုထူထောင်ခြင်းနှင့် စက်မှုလုပ်သားအင်အားပေါ် ပေါက်လာမှု

### (၁) စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွင်စက်မှုထူထောင်မှု၏ကဏ္ဍ

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ပြဿနာများအတွက် ဖြေရှင်းမှုတစ်ခုအနေဖြင့်စက်မှုထူထောင်မှု ( industrialization ) တစ်ခုတည်းပြုလုပ်ရုံဖြင့်အကောင်းဆုံးသောစက်မှုဖွံ့ဖြိုးမှု(soundest industrial development ) သည်ပင်လျှင်စီးပွားရေးဖွံ့ဖြိုးမှုကိုဖြစ်လာစေမည်မဟုတ်ပေ။ စက်မှုထူထောင်ခြင်းကိုစီးပွားရေးတိုးတက်မှုရရှိဖို့ရန်နည်းလမ်းတစ်ခုကဲ့သို့၊ မကြာခဏတန်ဘိုးထားလွန်းကြပါသည်။ အမှန်စင်စစ်တွင် ၊ မရှိဆင်းရဲခြင်းဘေးထိနေသောနိုင်ငံအမြောက်အများ( many poverty stricken countries ) သည်စက်မှုဖွံ့ဖြိုးမှုသည်သာလျှင်၊ စီးပွားရေးဖွံ့ဖြိုးမှုရရှိဖို့နည်းလမ်းဖြစ်သည်ဟုထင်မြင်နေကြခြင်းသည်မူဝါဒနှင့်မှုဆိုင်ရာဆုံးဖြတ်ချက်များပြုလုပ်ရာတွင်၊ စီးပွားရေးဆိုင်ရာစိစစ်မှုများ၏ချို့ယွင်းချက်များကိုဖော်ပြနေခြင်းသာဖြစ်ပေသည်။ မည်သို့သောအကောင်းဆုံးဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တိုင်းတွင်မဆို၊ စက်မှုလက်မှုဖွံ့ဖြိုးမှုသည်မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ၊ အဓိကအခန်းကဏ္ဍတစ်ခုအဖြစ်ရှိနေပါသည်။ သို့သော်လည်း နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးကြီးထွားမှု၏အလွန်အလွန်အစောပိုင်းအဆင့်များတွင်စက်မှုဖွံ့ဖြိုးမှုသည်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်သီးခြားရှိနေပြီး ၊ စီးပွားရေးဆိုင်ရာကုန်ကျစရိတ်များနှင့်အကျိုးအမြတ်များ( economic costs and benefits ) ပါဝင်သည့်တိကျသေချာသောလေ့လာမှုများကိုအခြေခံ၍ဆုံးဖြတ်ချက်များ

ကိုပြုလုပ်ခဲ့လျှင် ပေါင်းစုလုပ်ငန်းစဉ် ( total program ) နှင့် နှိုင်းစာပါက၊ ယင်းသည် သေးငယ်သော အစိတ်အပိုင်းတစ်ခု အဖြစ်သာ ရှိနိုင်ပေသည်။

တစ်ခါတစ်ရံတွင် ယေဘုယျ ဖွံ့ဖြိုးမှုသည် လယ်ယာစိုက်ပျိုးရေး မဟုတ်သည့် ကြီးမားလှသော လုပ်ငန်းရပ်တစ်ခုမှ ပေါက်ဖွားလိပါသည်။ ဥပမာအားဖြင့် ရေနံအမြောက်အမြား ရှာဖွေတွေ့ရှိမှုများကို ထုတ်ယူသုံးစွဲခြင်းမျိုး ဖြစ်ပါသည်။ ယင်းလုပ်ငန်းရပ်သည် လယ်ယာစိုက်ပျိုးရေး နှင့် စက်မှုဖွံ့ဖြိုးမှု နှစ်မျိုးလုံး အတွက်ဖြစ်ထွန်းစေပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုသည် စက်မှုဆိုင်ရာ သယံဇာတ စွမ်းအားစုများ ချို့တဲ့ပါက မိမိတွင်တည်ရှိပြီး၊ လယ်ယာစိုက်ပျိုးရေး အနေအထား၏ အင်အား အပေါ်မှာ အခြေခံပြီး၊ မည်သို့သော စက်မှုလက်မှုများ လိုအပ်သလဲ၊ မည်သို့တည်ဆောက်မလဲ ဆိုသည့် အနေအထားကို ဆုံးဖြတ်မည်ဆိုလျှင် ပိုမိုပြီး သင့်တော်ပါသည်။ ယင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးသမိုင်းကို လေ့လာမှုမှ မည်သည့်အချက်သည် ထူးခြားပေါ်လွင်သလဲကို ဖော်ပြခြင်း၏ အခြားနည်းလမ်း မျှသာဖြစ်ပါသည်။ အမှန်အားဖြင့် စက်မှုနိုင်ငံတိုင်းသည်၊ ယင်းတို့၏ အစောပိုင်း အဆင့်များတွင် စက်မှုလက်မှုကို လယ်ယာသမားများ၏ ကျောထောက်နောက်ခံ အပေါ်မှာ တည်ဆောက်ခဲ့ကြပါသည်။ ယင်းသို့ပြုလုပ်ခြင်းသည် မလွှဲမရှောင်သာသော အချက်ပင် ဖြစ်ပေသည်။ ပြဿနာတိုင်း လိုလိုတွင် စီးပွားရေး ပုံစံတစ်ခု၏ ကြီးမားကျယ်ပြန့်သည့် စားသုံးခြင်း ကဏ္ဍတစ်ခုသည်၊ စက်မှုကုန်စည်သစ်များ အတွက် ဈေးကွက်တစ်ခုကို ထောက်ပံ့နိုင်ခဲ့သကဲ့သို့၊ လယ်ယာစိုက်ပျိုးရေးမှာလည်း စက်မှုလက်မှုထူထောင်မှုကို ရင်းနှီးမြှုပ်နှံနိုင်ခဲ့ဖို့ ကြီးမားသည့် ငွေကြေး ထောက်ပံ့နိုင်သော လုပ်ငန်းရပ်တစ်ခုဖြစ်ပါသည်။

စီးပွားရေးဖွံ့ဖြိုးမှုလျင်မြန်စေရန်ရှာဖွေကြံ
ပမ်းခြင်းအားဖြင့်နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးသမိုင်း၏အတွေ့
အကြုံမှသင်ခန်းစာများကိုခြုံငုံ၍ကြည့်နိုင်လိမ့်မည်မဟုတ်ပေ။ ဖွံ့ဖြိုးဆဲ
နိုင်ငံများသည်ယခုအခါတွင်လယ်ယာစိုက်ပျိုးရေး၊ သတ္တု၊ သားငါးနှင့်
သစ်တောထွက်ကုန်ပစ္စည်းများကိုရောင်းချခြင်းအားဖြင့်ဝင်ငွေ
ကို ယခင်ကထက်ပိုမိုရရှိရန်ကျယ်ပြန့်စွာဆောင်ရွက်ခြင်းသည်၊ ၎င်းတို့
၏နည်းလမ်းဖြစ်ပါသည်။ အကြီးစားစက်မှုထူထောင်မှုစီမံကိန်းများ
( large-scale industrialization schemes ) ကိုလည်းဘဲ၊
လျင်မြန်စွာစတင်ဆောင်ရွက်ခြင်းထက်၊ အထက်ပါလုပ်ငန်းရပ်များ၏
အနာဂတ်တွင်ပိုမိုဖွံ့ဖြိုးတိုးတက်မှုအတွက်ဦးစွာအလေးပေးဆောင်
ရွက်ခြင်းအားဖြင့်ဝင်ငွေကိုပိုမိုပြီးလျင်မြန်စွာရရှိစေမည်ဖြစ်ပါ
သည်။ ရရှိသောဝင်ငွေကိုစက်မှုလုပ်ငန်းများတွင်ချွတ်မည့်အစား
လယ်ယာစိုက်ပျိုးရေးပစ္စည်းကိရိယာ၊ တန်ဆာပလာများတွင်မြှုပ်နှံ
ခြင်း (သို့မဟုတ်) မျိုးစေ့များကိုပိုမိုကောင်းမွန်တိုးတက်အောင်ပြု
လုပ်မည်ဆိုလျှင်၊ ထိုရင်းနှီးမြှုပ်နှံသည့်ငွေနှင့်တူညီသည့်အတိုင်းအတာပမါ
ဏသည်တိုင်းပြည်ဝင်ငွေကိုတစ်ဖြည်းဖြည်းပိုမိုများပြားတိုးတက်လာ
စေနိုင်ပါသည်။ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုသည်စက်မှုလက်မှုပြခန်း
( industrial show place ) ကဲ့သို့ခမ်းနားကြီးကျယ်မှုရှိလိမ့်
မည်မဟုတ်သော်လည်း၊ ယင်းသည်အသင့်တော်ဆုံးနှင့်အကောင်းဆုံးသော
ပထမဆုံးဦးစားပေးရမည်နည်းလမ်းကိုဖော်ထုတ်နိုင်ခြင်းပင်
ဖြစ်ပါသည်။

ဤသို့ရှုမြင်သုံးသပ်မှုကိုနိုင်ငံတကာအဖွဲ့အစည်းများ
မှထပ်တစ်လဲလဲအလေးအနက်ပေါ်ပြနေပြီးဖြစ်ပါသည်။ " ဥပမာ ၁၉၅၀
ခုနှစ်တွင်အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International

Monetary Fund ) မှ၍ နည်းလမ်းကို အောက်ပါအတိုင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ " ၁

It should not be assumed that an excessive concentration of development in the industrial field is in the interest of the underdeveloped countries. Industrial development requires very large investment for each worker; the immediate cost in resources is high relative to the number of people directly benefited. The great majority of the people of these regions draw their incomes from agriculture. The greatest improvement in their well-being would come from increasing their productivity in agriculture. This should not preclude greater industrialization in these countries, but policy should be directed toward balanced development to increase production in agriculture as well as in industry.

ယင်း ဖော်ပြချက်မှ စက်မှုမဟုတ် သောရင်းနှီးမြှုပ်နှံမှုများ၏ အရေး ပါမှုကို ဖော်ပြထားပါသည်။ စက်မှုနှင့်လယ်ယာ စိုက်ပျိုး ရေး ဖွံ့ဖြိုး မှုအကြား ဆန့်ကျင်တိုက်ခိုက်မှုအမျိုး အစား များ ရှိနေ

---

၁။ Murray D. Bryce, Industrial Development, A guide for accelerating economic growth, Mc Graw-Hill Book Company, Inc., Kogakusha Company, Ltd. Tokyo, 1960, page - 6

ထပ်ဆင့်ညွှန်း - International Monetary Fund, Annual Report, 1950.

ပါသည်။ ယင်းသည်တစ်ခုခုကို ရွေးချယ်ရန်လိုအပ်ကြောင်း ဖော်ပြနေပါသည်။ "ဤကဏ္ဍများ၏ ဖွံ့ဖြိုးမှုသည်နီးကပ်စွာ ရောယှက်ဆက်နွယ်နေပါသည်။ ယင်းကဏ္ဍအသီးသီးသည်အခြားကဏ္ဍများအပေါ် များစွာမှီခိုရမည်ဖြစ်ပါသည်။ ယင်းတို့၏ဆက်နွယ်နေမှုကို သမရိုးကျအားဖြင့် ရှင်းလင်းကြည့်နိုင်ပါသည်။ ထို့ပြင် အောက်ပါချဉ်းကပ်မှုတစ်ခုကိုလည်း အကြံပြုညွှန်ပြခဲ့ပါသည်။ " ၂

Improvement in the productivity of agriculture is one of the most solid means of promoting industrialization; in fact unless agriculture does modernize substantially , industrial expansion in most underdeveloped countries is likely to be cut short by lack of markets, for the great majority of the population will not have the necessary purchasing power. Conversely, agriculture improvement cannot go very far unless there is industrial development to take up the released manpower and to provide a solid technical base for the equipment and services essential to modernized agricul. ture . . . . Better than any general dogma which views industry as inherently more productive than agriculture or vice versa, and which favors expansion of one at the expense of the other, is a project-by-project approach. Such an approach avoids these big abstractions and considers in each case the concrete advantages and disadvantages to be had from specific types of development this particular type of agricultural project, that specific industrial development, and so on.

---

၂။ ၄င်း စာမျက်နှာ-၆

စီးပွားရေးဖွံ့ဖြိုးမှုအတွက်စီမံကိန်းချမှတ်ရာတွင်နိုင်ငံတစ်နိုင်ငံသည်လာမည့်(၅)နှစ်လောက်အတွင်း အစိုးရတစ်ခုလုံး ရင်းနှီးမြှုပ်နှံမှုနှင့်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကိုသတ်မှတ်ထားသည့်သဘာဝကျသောလျာထားချက်များ(targets) အတိုင်းရောက်ရှိရန်လိုအပ်ပါသည်။ ထို့ပြင်အမြင့်ဆုံးရလဒ်များကိုရရှိရန်၊ ယင်းလျာထားချက်များအား မည်သို့ခွဲဝေဆောင်ရွက်သင့်သည်ကိုအကြမ်းဖျင်းသတ်မှတ်မှုများ ပြုလုပ်ထားရန်လည်း လိုအပ်ပါသည်။ ယင်းသို့ဆောင်ရွက် ခြင်းသည်လယ်ယာစိုက်ပျိုးရေးနှင့်စက်မှုလက်မှုတွင်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကိုနှိုင်းယှဉ်ရန်အကြောင်းတစ်ရပ်မျှသာမဟုတ်ဘဲ၊ ကျန်းမာရေး -(health) ၊ ပညာရေး (education) ၊ သယ်ယူပို့ဆောင်ရေး ( transportation ) ၊ ဓါတ်အား ( power ) ၊ ခရီးသွားလမ်းမကြီးများ ( high ways ) နှင့်အခြားသောနယ်ပယ် ( area ) အားလုံးတွင်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်ရန်လိုအပ်ပါသည်။ နယ်ပယ်တစ်ခုတွင်ငွေရင်းမြှုပ်နှံမှုကိုအခြားသောနယ်ပယ်တစ်ခုတွင်ငွေရင်းမြှုပ်နှံမှုနှင့်နှိုင်းယှဉ်မှုပြုခြင်းတစ်ခုသာလျှင်ပြဿနာရှိသည်မဟုတ်ပေ။ ယင်းသည်မတည်ပုံစံအသုံးစရိတ်များ( capital-type expenditures )၏တန်ဖိုးကိုချိန်ဆကြည့်ရန်လိုအပ်သလို၊ အုပ်ချုပ်ရေး ၊ ပညာရေး ၊ ကျန်းမာရေး၊ ကာကွယ်ရေး ၊ ပြည်သူ့ရဲများ ဆောင်ရွက်မှုများ နှင့်အခြားသောပြည်သူသို့ဆောင်ရွက်ပေးမှုများ၏တစ်နေ့မှတစ်နေ့လုပ်ဆောင်ပေးချက်များအတွက်လက်ငင်းပုံစံအသုံးစရိတ်များ(current type of expenditures) ကိုလည်းချိန်ဆရန်လိုအပ်ပါသည်။ ဤလုပ်ငန်းစဉ်မှာစီမံကိန်းချမှတ်သူများကိုလမ်းညွှန်ရန်ပုံသေနည်းများ(formulas) (သို့မဟုတ်)အကြမ်းဖျင်းနည်းများ ( rules of thumb ) ပင်မရှိပါ။ ထို့ကြောင့်ယင်းထင်မြင်ယူဆချက်များပေါ်၌ခြေခံ၍အလွန်သင့်တော်သောလျာထားချက်များကိုသတ်မှတ်ရန်၊ အကြောင်းကိစ္စတစ်ရပ်၊ မလွဲဧကန်လိုအပ်လာပါသည်။ ယင်းထင်မြင်ယူဆချက်များကို တိကျသေချာသော စီးပွားရေးဆိုင်ရာ

စီစစ်မှုများအပေါ် အခြေခံရပါသည်။ ထို့ပြင် စီးပွားရေးဆိုင်ရာ မဟုတ်သည့် အကျိုးကျေးဇူးများ ( non - economic interest ) နှင့်ဆန့်ကျင်နေမှုများ၊ အနည်းငယ်ရှိနိုင်သလိုညီညွတ်မှုများလည်း ရှိနိုင်ပါသည်။ စီးပွားရေး ပိုစီတစ်ခုအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာရည်မှန်းချက်များ သည်အစိုးရ၏ ကိုယ်တိုင်လုပ်ဆောင်ရန်ဖြစ်နိုင်သောရည်ရွယ်ချက်များ၊ မျှော်လင့်ချက်များ စုပေါင်းထားမှုတစ်ခုလုံး ကိုဖော်ပြသကဲ့သို့ဖြစ်ပါသည်။ ထို့ပြင်အစိုးရသည်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ ကလုပ်နိုင်သည့်၊ လုပ်လိမ့်မည့်အချက်များကိုလည်း ယုံကြည်ရမည်ဖြစ်ပါသည်။ ဤပြဿနာနှစ်မျိုးလုံးတွင် သတ်မှတ်ထားသောအချိန်ကာလအတွင်း နိုင်ငံခြားငွေရင်းပမာဏကို မျှော်လင့်နိုင်ပါသည်။

စီးပွားရေး စနစ်တစ်ခုလုံး ဖွံ့ဖြိုးမှုအတွက်စက်မှုလက်မှုကဏ္ဍ၏အနာဂတ်အရွယ်အစား နှင့်နေရာချထားမှုကိုကြံစည်စိတ်ကူးရပါသည်။ ထိုသို့စိတ်ကူးရာတွင်အချို့သောကျယ်ကျယ်ပြန့်ပြန့်လေ့လာထားသည့်ကောက်ချက်များ သည်ငွေအရင်းအနှီး (capital) ၊နိုင်ငံခြားမတည်ငွေ ( foreign exchange ) ၊ စီမံခန့်ခွဲမှု - (management) ၊ စက်မှုဆိုင်ရာကျွမ်းကျင်မှုများ ( industrial skills ) ၊ ကုန်ကြမ်းများ ( raw materials ) နှင့်အလားအလာရှိသောပြည်တွင်း နှင့်နိုင်ငံခြား ဈေးကွက်များ(potential local and foreign markets ) ရရှိနိုင်မှုစသည့်စီးပွားရေးသဘောအားဖြင့်သင့်တော်ကောင်း မွန်၍ဖြစ်နိုင်လိမ့်မည့်စက်မှုလက်မှုဖွံ့ဖြိုးမှုအတိုင်းအတာနှင့်သက်ဆိုင်မှုများ ကိုထည့်သွင်းစဉ်းစားရပါမည်။ ယင်းသည်စက်မှုလက်မှုဖွံ့ဖြိုးမှု၏ဖြစ်နိုင်သောအဓိကနယ်ပယ်များ - (areas) ကိုဂရုပြုရာတွင်၊ နိုင်ငံ၏ကုန်ကျစရိတ်ဆိုင်ရာအကျိုးများနှင့်

အကျိုး ယုတ်မှုများ ကို သေ သေ ချာ ချာ ချိန်ဆခြင်း (careful weighing of the country's cost advantages and disadvantages ) အတွက်အ ချိန်က ာလတ စ် ခုဖြ စ် ပါသည်။ လက် တွေ့လု ပ်ကိုင် ရ သေ ာ စက် မှုလက် မှုဖွံ့ဖြိုး မှုလု ပ်င န်း နယ် ပယ်တွ င်ယုံကြည်သည့်အ ကော င်း မြင်လွန်ကဲ ခြ င်း ဖြစ်တွ န်း မှုသည်ကြီး မ ား သေ ာအန္တ ရ ာယ် ပ င်ဖြ စ် ပါသည်။ ယ င်း အန္တ ရ ာယ်သည်အထူး သဖြ င့်စီး ပွ ား ရေး ဖွံ့ဖြိုး မှုလု ပ်င န်း စ ဉ်၏အ စေ ာ ပိုင်း အချိန်မျ ား တွ င်အမှ န်စ င်စ စ်ဖြ စ် ပေါ် သ ည်ထက်လက် တွေ့လု ပ်ကိုင် ရ သေ ာ စက် မှုလက် မှုဖွံ့ဖြိုး မှုလု ပ်င န်း နယ် ပယ်တွ င် ပို မိုကြီး မ ား ပါသည်။ ယေဘုယျအကျိုး သက် ရေ ာက် မှုမှ ာ ပ ည ာ ရေး (education) ၊ သယ် ယူပို့ ဆေ ာ င် ရေး ( transportation ) နှ င့်လူထုအုပ် ချုပ် မှု ခေတ်မီ ရေး ( the modernization of public administration ) ကဲ့သို့ နယ် ပယ်မျ ား တွ င်၊ ယ င်း အန္တ ရ ာယ်ဖြ စ် ပေါ် ခဲ့လျှ င်စ က် မှုလက် မှု ဖွံ့ဖြိုး မှုတွ င်ရ င်း နှီး မြှုပ်နှံ မှုတ န် ဖိုး ကို ပို မိုပြုလု ပ်လ ာသည့်အ ခါ၊ အဆင့် တ စ် ခုခြ စ က် မှုလက် မှုစီမံကိ န်း များ( industrial projects)ကို ချဲ့ထွ င် ခြ င်း အတွက် ငွေ ကြေး အ မြေ ာက်အမျ ား ကိုလည်း ဘ ထ ား ရှိရ န်ဖြ စ် ပါ သည်။

## ( ၂ ) စက် မှုထူ ထေ ာ င်ခြ င်းတွ င် စ က် မှုလု ပ်သ ား အင်အ ား ပေါ် ပေါက်လာမှု

ခေတ်သ စ် စ က် မှုလု ပ်င န်း မျ ား ချဲ့ထွ င်လ ာသည့် အ ချိန်က ာလအ တေ ာအတွ င်း ၌ စ က် မှုလု ပ်သ ား အ င်အ ား (industrial labour force ) ဖြ င့်အသက် မွေး မှုကိုအတ န်အသ င့်ဆွဲ ဆေ ာ င် နိုင် ခဲ့ ပြီး ဖြ စ် ပါသည်။ ပ ည ာ ရ ပ် လေ့လ ာ မှုမျ ား အ ရ စ က် မှုပ တ် ၀ န်း ကျ င်သစ် သည်အလု ပ်အင်အ ား စု များ( work force ) ၏လူမှု ရေး ဆိုင် ရ ာ တုန့်ပြ န် ချက် မျ ား နှ င့်ဦး စွ ာ ပ ထ မသက်ဆိုင် နေ ပါသည်။ အတိအကျ အ ား ဖြ င့်လု ပ်သ ား သ မဂ္ဂ များ (trade unions ) ကြီး ထွ ား ခြ င်း နှ င့်

လုပ်သား ပြောင်း ရွှေ့မှုများ ( labour movements ) နှင့် သက်ဆိုင် နေပါသည်။ သို့သော်လည်း စီး ပွား ရေး သမိုင်း ပညာရှင်များက ယင်း ထက်ပိုမို သော အကြောင်း အရာများ နှင့်အတူအထူး အာရုံစိုက်နေကြပါသည်။ ယင်း တို့ကိုစီး ပွား ရေး အဖွဲ့အစည်း များ ၏ ပြောင်း လဲနေသော ပုံစံများ အား လုံး နှင့်လည်း ကောင်း ၊ ယင်း တို့ကိုယ်တိုင်ပြောင်းလဲနေသော ပိုင်း ခြား ထား သည့်ဆက်ဆံရေး များ ( allocative relations ) နှင့်ဆက်နွယ်ပြီး တစ်ဖြည်း ဖြည်း ဖြစ် ပေါ် လာသည့်နည်းနိဿယရည်း များ ( techniques ) စ သော အကြောင်း အရာများ ကို အသိအမှတ်ပြုခြင်း နှင့်လည်း ကောင်း သက်ဆိုင် နေပါသည်။ ဤသို့သုံး သပ်ကြည့်မည်ဆိုလျှင်စက်မှုတော်လှန် ရေး တစ်ခု၏အ စော ပိုင်း ဖြစ်ပွား ဆဲ အခြေအ နေတွင်စက်မှုဗေဒနည်း ပညာ(technology ) အသစ်တစ်ခု ကိုစတင် စေပါသည်။ ယင်း သည်ပြဿနာသစ်များ၊ တောင်း ဆိုချက်များ နှင့်အဖြေသစ်များ ကိုဖြစ် ပေါ် စေ ပါသည်။

ကုန်ထုတ်လုပ်ငန်း ၏အကြောင်း ခံ ( သို့မဟုတ် ) ထုတ်လုပ်မှုအင်အား စုများ ( factors of production ) တွင်နည်းလမ်း အမျိုး မျိုး ဖြင့် ရွှေ့ ပြောင်း မှုများ ရှိပါသည်။ ထို့ပြင်အဖွဲ့အစည်း များ ၌လည်း ပြောင်း လဲမှုရှိပါသည်။ ဤတွင်လုပ်သား အင်အား(labour force ) ပါဝင်လာသည့်အခါ၊ အ စော ပိုင်း စက်မှုထူ ထောင်ခြင်း ၏ သမိုင်း စိစစ်မှုတွင်အတိုင်း အတာအ မြောက်အမြား ကိုထပ်မံတိုး ပွား များ ပြား စေပါသည်။ သိမြင်နား လည်ဆင်ခြင်ယူရ သောဖြစ်ထွန်းလာသည့်အကျိုး ဆက်များ ( intellectual issues ) ကိုဖြစ် ပေါ် စေပါသည်။ သို့ဖြစ်၍လုပ်သား အင်အား ဈေး ကွက်အသစ်များ ဖန်တီး မှုနှင့် လုပ်သား အင်အား ဖွံ့ဖြိုး တိုး တက်မှု၏ ပြောင်း လဲနေ သောပုံစံများ ( creation of new labour markets and changing patterns of labour development ) ၊ ကျွမ်း ကျင်မှုဆိုင်ရာနှင့်အလုပ်အကိုင်

ဆိုင်ရာ ရွေ့ပြောင်း နိုင်မှုတိုး မြှင့်ခြင်း ၊ ဆန်း သစ် သော တာဝန်သိမှုများ နှင့်လုပ်ငိုး လုပ်စဉ်နည်း စနစ်များ( routines ) ကိုလုပ်သား အင်အား စုများ အလေ့အကျင့်ရစေခြင်း နှင့်လုပ်ခဖွဲ့စည်း ပုံအသစ်များ ဖွံ့ဖြိုး တိုး တက်လာမှု ( the development of new wage structures ) စသည်တို့ကိုစုံစမ်း ရမည်ဖြစ်ပါသည်။

တို တောင်း သောအချိန်ကာလအတွင်း မှာအစောပိုင်း ဦး စီး သူများ (entrepreneurs) အနေဖြင့်လုပ်သားအင်အား ကိုဖြည့်တင်း ခြင်း (recruiting) ၊ ဖွဲ့စည်းခြင်း(organizing) နှင့်စီမံခန့်ခွဲခြင်း ( administering ) စသည့်ပြဿနာများ ကိုမည်သို့ ဖြေရှင်း မည်ကိုစုံစမ်း သင့်ပါသည်။ ဦး တည် ချက်မှာလူမှုရေးဆိုင်ရာကန့်ကွက်မှုများ မှလူမှုရေး ဆိုင်ရာစီမံခန့်ခွဲအုပ်ချုပ်ခြင်း များသို့လည်း ကောင်း ၊ စက်မှုထူ ထောင်မှု၏ ကြောက်မက်ဖွယ်ရာများအပေါ်ဖိအား ပေး မှုတစ်ခုမှပြဿနာအသစ်များ နှင့်ကြုံတွေ့ရ သော အခါ၊ နား မလည် သေး ၍ မပီပြင် သောပြဿနာကိုင်တွယ်မှုများ(the clumsy grapplings ) သို့လည်း ကောင်း ရွေ့ပြောင်း သွား ပါသည်။ ထို့ကြောင့်ကြိုး ပမ်း မှုများ သည်ယင်း တို့ကိုလက်ကိုင်မှုပြုရန်ပထမဦး ဆုံးရှေး ရိုး စဉ်လာနည်း ပရိယာယ်များ (traditional devices ) နှင့်ပြုလုပ်ခဲ့ပါသည်။ ထို့နောက်တစ်ဖြည်း ဖြည်း နှင့်နည်း နိဿယအသစ်များ ကိုအခက်အခဲခွကျွခံ၍ ၊ စနစ်တစ်ကျပုံစံ ချခဲ့ပါသည်။ ဤအ ကြောင်းအချက်များ တွင်သိမြင်နိုင် သောသဘာဝအကြောင်း ခြင်း ရာ များ ( phenomenon ) ကိုရှုမြင်သုံး သပ် သောအခါ၊ လုပ်သား သမဂ္ဂဖွံ့ဖြိုး တိုး တက်မှုများ ကိုပင်လူမှုရေး ဆိုင်ရာစည်း ကမ်း ထိန်း သိမ်းမှု (social discipline ) နှင့်စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာညှိနှိုင်း မှုများ( administrative coordination ) ၏လက်နက်ကိရိယာ( instrument ) ကဲ့သို့ဆန်း သစ် သော ဥ ာဏ်သတ္တိများနှင့်လေ့လာနိုင်ပါသည်။

စက်မှုထူထောင်ရာတွင်စက်မှုလုပ်သား အင်အား တစ်ခုကိုသိမ်း သွင်း ယူခြင်း .( recruitment ) နှင့်လေ့ကျင့် ပေး ခြင်း (training) သာလျှင်လိုအပ်သည် မဟုတ်ဘဲလယ်ယာ စိုက်ပျိုးရေးဆိုင် ရာအသက် မွေး မှုနည်း လမ်း ( သို့မဟုတ် ) နေထိုင်မှုစနစ်တစ်ခု - ( an agricultural way of life ) နှင့်ဆန့်ကျင်ပြီး စက်မှုဆိုင်ရာ အသက် မွေး မှုနည်း လမ်း ( သို့မဟုတ် ) နေထိုင်မှုစနစ်တစ်ခု ( an industrial way of life ) အတွက်စက်မှုလုပ်သား အင်အား ၏ ခိုင်မာမှုလည်း ဘဲလိုအပ်ပါသည်။ ဖွံ့ဖြိုး ဆဲစီး ပွား ရေး စနစ် တစ်ခု သည်စက်မှုထူ ထောင်ခြင်း ဆီသို့စီး ပွား ရေး သဘောအား ဖြင့် ရွေ့ ရှား သကဲ့သို့ ကျေး လက်လုပ်သား အင်အား ( rural labour force)၏ အချို့ အစိတ်အပိုင်း ကိုလည်း တိုး တက်လာ သောစက်မှုမြို့ကြီး များ ဆီ သို့ တွန်း ပို့ခြင်း ( သို့မဟုတ် ) ဆွဲယူခြင်း ကိုခံရပါသည်။ ကျေး ရွာနှင့် လယ် ယာ မြေများ တွင် နှောင်ဖွဲ့ နေမည့်လုပ်သား အင်အား သည်လည်း များ စွာကျန်ရှိနိုင်ပါသည်။ လုပ်သား အင်အား တိုး တက်မှုသည်စက်ရုံအလုပ်ရုံ ၏အ လေ့အကျင့်စည်း စနစ်များ(the discipline of factory work) ကိုလက်ခံသည့်သ ဘောဖြစ် ပေသည်။ သို့ သော်စက်ရုံအလုပ်ရုံ များ အတွက် လုပ်သား များ ကိုလုံ လောက်စွာ ပထမသိမ်း သွင်း ယူခြင်း ထက်မြို့ပြသက် မွေး နေထိုင်မှုအာ ခြေအ နေ များ (the conditions of urban living ) သည်ပိုမို နှေး ကွေး ကြောင်း တွေ့ရပေသည်။

အလုပ်သမား များ သည်သူတို့၏ စက်မှုအလုပ်အကိုင် များ ( industrial employment ) အပေါ်တွင်ယာယီ သ ဘောအား ဖြင့်ကြာရှည်စွာ ရှုမြင်မှုမရှိ သေး သည့်အခါ၌ သော် လည်း ကောင်း ၊ ယင်း တို့သည်စက်ရုံတစ်ခု ( သို့မဟုတ် ) အခြား သော စက်မှု လုပ်ငန်း များ တွင်အုပ်စုတစ်ခု၏အစိတ်အပိုင်း ကဲ့သို့လုပ်ငန်း လိုအပ် ချက်များ ကိုနား လည်ပြီး လက်ခံလာ သောအခါမှာ သော်လည်းကောင်း၊

ယင်း တို့သည် ကျေး ရွာ ( သို့မဟုတ် ) ကျေး လက်လူ့အဖွဲ့အစည်း (village or rural society ) တွင်ယင်း တို့ ပျော်ရွှင်ကြသည်ထက် ပိုမိုလုံလောက် သော တစ်ဦး ချင်း ၊ ပုဂ္ဂလိက ကျေနပ်နှစ်သိမ့်မှုများ ပြီး ပြည့်စုံမှုကို စက်မှုပတ်ဝန်း ကျင်တွင်ရှာ ဖွေ တွေ့ရှိလာ သောအခါမှသာ သော် လည်း ကောင်း ၊ အာမခံချက်ရှိသည့်စက်မှုလုပ်သား အင်အား တစ်ခု - ( a committed industrial labour force ) သည် ဖွံ့ဖြိုး တိုး တက်လာပြီး ဖြစ်မည်ဟုဆိုနိုင်ပါသည်။ ဤဆိုလိုချက်တွင်အာမခံချက်သည် လုပ်သား အင်အား ဖွဲ့စည်း တည် ဆောက်ခြင်း ( structuring of the labour force) ကိုလည်း ပါဝင် စေပါသည်။ ထို့ပြင်အုပ်ချုပ် ရေးအဖွဲ့ ( management ) ၊ သမဂ္ဂများ (unions) နှင့် အစိုး ရ - (government) အသီး သီး တို့သည်စည်း မျဉ်း သတ်မှတ်ချက် ဘောင် - (web of rules ) တစ်ခု၏ ဖွံ့ဖြိုး တိုး တက်မှုတွင်ကဏ္ဍတစ်ခုကိုလုပ် ဆောင်နိုင်ပါသည်။ စည်း မျဉ်း သတ်မှတ် ချက် ဘောင်တစ်ခု ဖွံ့ဖြိုးတိုးတက် လာမှုသည်တည်တံ့နိုင်ခြင်း သော အာမခံချက်ရှိ သော စက်မှုလုပ်သားအင်အား ကိုဖြစ် စေပါသည်။

အ ပေါ်ယံ မြေဆီလွှာတွင် မူလထွန်ယက်စိုက် ပျိုးသူ များ ကိုစည်း စနစ်ကျန သော စက်မှုလုပ်သား အင်အား (disciplined industrial labour force ) တစ်ခုအဖြစ်သို့အသွင် ပြောင်း ခြင်း တွင်ပါဝင် သောပြဿနာများ အ ကြောင်း ကိုပညာရပ်ဆိုင်ရာ စာတမ်း များ တွင်များ စွာ တွေ့ရှိရပါသည်။ သေချာနိုင်ခြင်း သောအာ မခံချက်များ သည်အသက် မွေး မှုနည်း လမ်း အသစ် ( သို့မဟုတ် ) နေထိုင် မှုစနစ်အသစ် (new way of life ) ၌များ စွာရှိ နေပါသည်။ သူတို့၏ မိသား စု ၊ သူတို့၏ ကျေး ရွာ ၊ သူတို့၏ကျင်လည်မှုဝန်းကျင်ကို တန်ဖိုး သတ်ထား သည်။ သူတို့၏လုပ်ငန်း ရပ်များ ကိုရာသီဥတုနှင့်မိုးလေဝသက စိုး မိုး နေသည်ဟုခံယူထား သော ခေတ် နောက်ပြန် နေသည့်လယ်သမား

များ ကိုဆွဲဆောင်မှုမက်လုံး အသစ်များ နှင့်တိကျသောစည်း မျဉ်းများ ရှိသည့်ဘဝသို့ရုတ်တစ်ရက်တွန်း ပို့လိုက်သကဲ့သို့ဖြစ် စေပါသည်။ တစ် နေ့တာ ၏သတ်မှတ်ထား သောအချိန်တစ် ခု၌အလုပ်အတွက်အစီရင်ခံရသည်။ လုပ် ငိုး လုပ်စဉ်(routine) ကိုသဘာဝအကြောင်း အခြင်း အရာများ (natural phenomena) ထက်ပို၍ နည်း ပညာအကြောင်း အခြင်း အ ရာများ(technological phenomena) ဖြင့်ဆုံး ဖြတ်ရပါမည်။ လုပ် အား အတွက်ဆုလဒ်ကိုကိုယ်ပိုင်ကျွမ်း ကျင်မှု ( own skill ) ၊ ကြိုးပမ်း မှု ( effort ) နှင့်များ စွာ ပိုမိုပြီး နီး စပ် သောဆက်နွယ်မှုတစ်ခုကို ရရှိ စေ ဖို့ဖြစ် စေပါသည်။ ညှိနှိုင်းမှုဖြစ်စဉ် (Adjustment process) သည်မလွယ်ကူ ပေ။ ဖွံ့ဖြိုး တိုး တက် မှုအတွက်အခရိကအပိတ်အပင်အတားအဆီး တစ်ခုပင်ဖြစ်သည်။

အချို့သောလုပ်သား အင်အား အကြောင်း အခြင်း အရာများ ကိုစက်မှုစတင်ထူ ထောင်ခါစ၌ ၊ လော လောဆယ်ဖြစ်ပျက် နေသကဲ့သို့မကြာခဏ ဖော်ပြကြပါသည်။ ယင်း တို့အကြား မြင့်မား သော အလုပ် နောက်ကျမှုနှုန်း များ ၊ အလုပ်ပျက်ကွက်မှုနှုန်း များ ၊ သွင်းထုတ် လည်ပတ်နှုန်း များ(high rates of lateness, absenteeism, and turnover ) ရှိကြပါသည်။ သီး နှံရိတ်သိမ်း ရာသီချိန်တွင်စက် ရုံများ မှလုပ်သား အမြောက်အများ စွန့်ခွါသွား ခြင်းများ၊သီးနှံများ ကိုသယ်ယူရာတွင်ကူညီရန်၊ သူတို့၏ မိဘဘိုး ဘွား များ ၏ နေရပ်များသို့ လုပ်သား များ ပြန်လည်သွား သောအခါများ တွင်" လုပ်အားရောင်း လိုအား မျဉ်း ကွေးသည့် လျှော့နည်းပြီး နောက်ပြန် ကွေးသွား ပါသည်" ၃ အလုပ်အား ချိန်အတွက်ဦး စား ပေး နှစ်သက်ရာအလုပ်တစ်ခုမှဝင်ငွေ ပို၍ ရရှိခြင်း သည်လူ နေမှု၏ရရှိ နေ ကျ ဖြစ် သော အဆင့်မှန်ကို ပိုမို

---

၃။ (The back-ward-bending supply curve of labour)

ကောင်း မွန် စေပါသည်။ စက်ရုံတွင်အလုပ်ပျက်ကွက်ခြင်း နှင့်စည်းကမ်း လျော့ရဲခြင်း တို့သည်လုပ်သား အင်အား ၏ မည်သည့်ပင်ကိုယ်အင်္ဂါလက္ခဏာ ထက် မဆိုညံ့ဖျင်း သောစီမံခန့်ခွဲမှုဆောင်ရွက် ချက်တစ်ခုကို ပို၍ဖြစ်ပေါ် စေပါသည်။ လုပ်အားဆနျုန်း ချို့ယွင်းသည်နှင့်ကျွင်း စသွင်လုပ်အား ကို၊ အလဟဿအသုံး ပြုရန်ရည်ရွယ်မှုရှိ နေပါသည်။ လက် တွေ့တွင်လုပ်သား များ သည်သူတို့ကိုယ်တိုင်သတိရှိရှိနှင့်ယင်း အ လေ့အကျင့်များ ကို မွေး မြူ လေ့မရှိ ပေ။

ဤထွင်လုပ်အား စွမ်း အား စုများ ( labour resources ) ကိုသဘာဝသယံဇာတစွမ်း အား စုများ ( natural resources ) နှင့်ဆက်နွယ်၍ကန့်သတ်ထား သော်ငြား လည်း ၊ စက်ရုံ အလုပ်အကိုင် ( factory employment )၏အကျိုး ဆက်ဖြစ် သော ခွဲ ဆောင်မှုသည်ပို၍အား နည်း ပါသည်။ လုပ်သား များ သည်စီးပွား ရေး ဆိုင်ရာမက်လုံး များ ( economic incentives ) ကိုလုံးလုံး လျား လျား တုံ့ပြန်ရန်လိုလား ဟန်ရှိပါသည်။ ယင်း သည်တိုး တက် သော လူ့အဖွဲ့ အစည်း တွင်ပြုလုပ် နေကျထုံး စံဖြစ်ပါသည်။

" ဥပမာအား ဖြင့်ပြင်သစ်အနောက်အာဖရိက (French West Africa ) တွင်အလုပ်ရှင်အမြောက်အများ သည် နောက်ပြန် ကွေး လုပ်အား ရောင်း လိုအား ဖန်ရှင်သီအိုရီ (The theory of the backward-bending labour supply function) အား ဖြင့်ယင်း တို့သည်လုပ်ခနှုန်း ကိုနိမ့်နိမ့် ပေး နေခြင်း ဖြစ်ကြောင်း ထင်ရှား စေပါသည်။ သို့ သော် ပိုမိုနီး စပ် သော စုံစမ်း မှုကိုရှာ ဖွေတွေ့ ရှိခဲ့သည်မှာ အလုပ်ရှင်တစ် ယောက်အ နေဖြင့်ရရှိနိုင် သောလုပ်သားအ ရေအတွက်သည်လုပ်အား ခနှုန်း များ ၊ လုပ်အား အ ခြေအနေများနှင့် တိုက်ရိုက်ဆက်စပ် နေ ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင်လုပ်အား၏ရောင်း လိုအား မျဉ်း ကွေး သည်လုပ်အား ၏ဆီ လျော်သက်ဆိုင် သောအစိတ်အပိုင်း

တစ်ခုလုံးနှင့်အပေါင်းလက္ခဏာသဘောတိမ်းညွှတ်စေပါသည်။ လုပ်သားများအနေဖြင့်စီးပွားရေးသဘောတက်ကြွမှုချို့ယွင်းခြင်းသည်မည်သည့်နေရာ၌မဆိုလေးလေးနက်နက်ဆင်ခြင်စဉ်းစားရမည့်အစားပေါ့ဆမှုကိုဖြစ်စေပေသည်။"[၄]

အချို့သောအခြေအနေများအောက်တွင်ဖွံ့ဖြိုးမှု၏ပထမအဆင့်၌၊ ပြီးပြည့်စုံသောလုပ်သားအင်အားခိုင်မာမှုပျက်ကွက်ခြင်းသည်အနှုတ်လက္ခဏာ ( negative factor) ထက်အပေါင်းလက္ခဏာ (positive factor) ကိုဖြစ်နိုင်ပါသည်။ မြို့ပေါ်လူနေများပြားခြင်းအားဖြင့်ဖြစ်ပေါ်လာသောတင်းကြပ်ခြင်းများ (tensions) သည်တစ်ခါတစ်ရံလယ်ယာလုပ်ငန်း၏အချိန်အခါအလိုက်ကျေးရွာများတွင်အလုပ်လုပ်ရန်ပြန်လည်ထွက်ခွာသွားမှုများကြောင့်လျော့နည်းသက်သာစေနိုင်ပါသည်။ လယ်ယာလုပ်ငန်းတစ်ခုကိုတွဲဖက်ထားခြင်းသည်အာမခံလုံခြုံမှုအတိုင်းအတာတစ်ခုကိုအထောက်အပံ့ပြုနိုင်ပါသည်။ ထို့ပြင်နိုင်ငံတော်လူမှုဖူလုံရေးစနစ် (state social security system ) အပေါ်ဝန်ထုပ်ဝန်ပိုးကိုလည်းလျော့နည်းစေပါသည်။ ယင်းသည်စက်မှုဆိုင်ရာအလုပ်အကိုင်များဖြစ်ပေါ်လာမှုခေတ္တရပ်ဆိုင်းသောအခါ အထူးသဖြင့်အကျိုးရှိ၍ဆီလျော်ပါသည်။

လုပ်သားအင်အားဖန်တီးမှုပြဿနာကိုအတန်အသင့်လျော့နည်းသက်သာစေသောအင်အားစုသည်ဖွံ့ဖြိုးစ စီးပွားရေးစနစ်တစ်ခုတွင်စက်မှုလုပ်သားကိုမည်သို့ထိခိုက်စေသလဲဆိုသည်မှာပေါ်လွင်မှုမရှိဖြစ်တတ်ပါသည်။ လယ်ယာလုပ်ငန်းအပေါ်စွဲလန်းမှုနှင့်ယှဉ်သော လိုလားနှစ်သက်သည့်အနေအထားတွင်လုံးဝနီးပါးမပြောင်းလဲဘဲရှိ

---

၄။ Walter Galenson, Labour and Economic Development, New York. John Wiley & sons, Inc. London, 1963, page-3

ပါသည်။ " ဥပမာအီဂျစ်တွင်စက်မှုဆိုင်ရာလုပ်ဆောင်ချက်များ၏အလွန်နိမ့်သောပျမ်းမျှလုပ်ခများသည်လယ်ယာစိုက်ပျိုးရေးအလုပ်တွင်ရရှိသောဝင်ငွေများမြင့်မားသကဲ့သို့နှစ်ကြိမ်မှသုံးကြိမ်ရှိခဲ့ပါသည်။" ၁၅ ၅ခြားနားချက်နှင့်သက်ဆိုင်မှုများသည်လုပ်သားဈေးကွက်တွင်ရောင်းလိုအားနှင့်ဝယ်လိုအားအင်အားစုများနှင့်အနည်းငယ်ဆက်နွယ်မှုများရှိသည်ဟုမကြာခဏထင်ရပါသည်။

( ၃ ) <u>လုပ်သားအရေအတွက်နှင့်အရည်အသွေး</u>

စီးပွားရေးကြီးထွားမှုဆိုင်ရာဆွေးနွေးမှုများတွင်အဓိကအားဖြင့်လုပ်သားအရေအတွက် (the quantity of labour) အပေါ်မှာသာစိတ်ဝင်စားခဲ့ပါသည်။ လုပ်သားအရည်အသွေး ( the quality of labour ) ၏အရေးကြီးသောအတိုင်းအတာကိုလျစ်လျူရှုခဲ့တတ်ကြပါသည်။ ငွေအရင်းအနှီးကိုတန်ဖိုးအားဖြင့်ဒေါ်လာနှင့်တိုင်းတာသောကြောင့်ပုံဖော်မှုတစ်ခုပြုပြီးနောက်ငွေအရင်းအနှီးဆိုင်ရာဆွေးနွေးမှုများတွင်လုပ်သားအရေအတွက်နှင့်အရည်အသွေးနှစ်မျိုးလုံးကိုစဉ်းစားခဲ့ကြပါသည်။ သို့သော်လည်းလုပ်သားကိုလူဦးရေနှင့်တိုင်းတာပါသည်။ တစ်ခါတစ်ရံယောက်ျားမိန်းမခွဲခြားတိုင်းတာပါသည်။ ထို့ပြင်မကျွမ်းကျင်သောလုပ်သားနှင့်ကျွမ်းကျင်လုပ်သားဟူ၍လည်းတိုင်းတာတတ်ကြပါသည်။ ထုတ်လုပ်မှုဖန်ရှင် ( a production function ) တွင်သွင်းအားစုကိုအမြဲလိုလိုအရေအတွက်အားဖြင့်သာဖော်ပြခဲ့ပါသည်။

လုပ်သားအရေအသွေးကို၅သို့လျစ်လျူရှုမှုများသည်မကြာမြင့်မီအချိန်ကဘဲရပ်စဲခဲ့ကြပါသည်။ အစောပိုင်းတွင်ဖော်ပြထားသကဲ့သို့၅နေရာတွင်စီးပွားရေးပညာရှင်များသည်အလုပ်အင်အား

၁၅။ ၄င်းစာမျက်နှာ - ၃

စု၏အရည်အသွေး( the quality of the work force )တွင်ပြောင်းလဲမှုများသည်အရင်းအနှီးနှင့်လုပ်အားသွင်းအားစုများကို( inputs of capital and labour)မှတ်တမ်းအားဖြင့်အကြောင်းအကျိုးဖော်၍ရှင်းပြနိုင်ရန်အတွက်ထက်၊ တိုးတက်သောနိုင်ငံများသည်ပိုမိုလျင်မြန်စွာစီးပွားရေးကြီးထွားမှုဆက်လက်တိုးတက်ရန်အကြောင်းအရင်းခံဖြစ်သည်ဟုယုံကြည်ကြသောကြောင့်ဖြစ်ပါသည်။ ထို့ပြင်နိုင်ငံများ၏ဖွံ့ဖြိုးမှုအဆင့်များအကြားကွဲပြားခြားနားချက်များသည်တူညီသောအကြောင်းအချက်များဖြင့်ရှင်းလင်း၍ရနိုင်ပါသည်။" Kuznets မှာစက်မှုနည်းပညာနှင့်လုပ်သားစွမ်းအား (technology and the capacity of labour) တို့ကိုရုပ်ပိုင်းဆိုင်ရာပစ္စည်းကိရိယာများ( physical equipment) ထက်ပိုမိုပြီး၊ အရေးကြီးသကဲ့သို့အတူတစ်ကွပေါင်းစုထားပြီးဖြစ်ကြောင်းကိုအောက်ပါအတိုင်းဖော်ပြထားပါသည်။" [၆]

The major capital stock of an industrially advanced country is not its physical equipment: it is the body of knowledge amassed from tested findings and discoveries of empirical science, and the capacity and training of its population to use this knowledge effectively.

---

၆။ Charles P. Kindleberger, Economic Development, Mc. Graw-Hill Book Company, Inc,, Kogakusha Company, Ltd. Tokyo, second edition, 1965, page-104

အခြေအနေနှစ်ခုကိုနှိုင်းယှဉ်မှုပြု၍ခြားနားချက်အား ဖော်ပြခြင်းအားဖြင့်ပိုမိုပြီး နက်ရှိုင်းစွာအချက်အလက် တို့ကို ကောက်ချက်ချနိုင်ပါသည်။ အခြေအနေနှစ်ခုအနက်တစ်ခုမှာ နိုင်ငံတစ်နိုင်ငံသည်၊ ယင်း၏ရုပ်ပိုင်း ဆိုင်ရာမတည်အရင်း အနှီး များ - (physical capital) ဆုံးရှုံး ပြီး သော်လည်း ၊ အလွန်အမင်း ကျွမ်းကျင်ပြီး ၊ သွက်လက်ဖျတ်လတ်၍ စွမ်းအား ရှိသောလုပ်သား ( high trained and energetic labour force)တစ်ခုရှိပါသည်။ အခြားအခြေအနေတစ်ခုမှာ နိုင်ငံတစ်နိုင်ငံသည် နောက်ဆုံး ပေါ်မတည်အရင်း အနှီး ပစ္စည်း ကိရိယာများ( latest capital equipment ) ပေါ်များ စွာရှိသော်လည်း ၊ လက်အောက်ခံအဆင့် လောကသာ ရှိသည့် ကျောင်း မှသင်ကြား ပြသမှု( ၂ ) နှစ်မျှသာရှိသော မကျွမ်းကျင်သည့်လုပ်သား များ (unskilled labour ) သာလျှင်ရှိခြင်း ဖြစ်ပါသည်။

" စီး ပွား ရေး စနစ်တစ်ခုကိုထူး ထူး ခြား ခြား အချိန်တိုကာလတစ်ခုအတွင်း တွင်မတည်အရင်း အနှီး အဆောက်အဦစု (capital plant) နှင့်ပြန်လည်၍ထူထောင်တပ်ဆင်နိုင်ပါသည်။ ဥပမာဒုတိယကမ္ဘာစစ်ပြီးနောက် ဂျပန်နှင့်ဂျာမနီတို့၏ စီး ပွား ရေး ပြန်လည်နာလန်ထူမှုအတွေ့အကြုံ ( the experience of Japanese and German economic recovery) ကဲ့သို့ဆောင်ရွက်လျှင်ဖြစ်နိုင်ပါသည်။ " ၇ ယင်း သည် အခြား သော စီး ပွား ရေး ဆက်လက်တိုး တက်မှုရရှိရန်ကာလရှည် လုပ်ဆောင်လိမ့်မည်ဆိုလျှင်၊ ဖြစ်တန်ရာ ပေသည်။ သုံညမှ စတင်ခြင်း သည် သံမဏိစက်ရုံတစ်ခုကိုတည် ဆောက်ရန်ထက်ကျွမ်း ကျင်လုပ်သား အင်အား တစ်ခုကိုတည် ဆောက်ရန်မှာ ပိုမိုပြီး အချိန်ကိုကုန်ဆုံး မှုရှိ စေ ပါသည်။ ထို့ကြောင့်စီး ပွား ရေး ဖွံ့ဖြိုး တိုး တက်မှုတွင်လုပ်သား အင်အား သည် အရေး ပါပြီး ၊ လုပ်သား အရေအတွက်သာမက၊ လုပ်သား အရည်အသွေး သည်လည်း ပိုမိုအရေး ကြီး ပေသည်။

---

၇။ ၄င်း စာမျက်နှာ-၁၀၄

လုပ်သားအင်အားအရည်အသွေး(the quality of the labour force ) ဆိုသည်မှာ ရှင်းလင်းစွာဆိုရလျှင်စက်မှုကျွမ်းကျင်မှု ( technical skill ) သာမက၊ ယင်းထက်ပိုမိုပါသည်။ ထို့ကြောင့်လုပ်သားအင်အားအရည်အသွေးတွင် ချွေတာသုံးစွဲဖို့ရန်စိတ်ဓါတ် ( the will to economize ) ၊ ကုန်ထွက်သက်သက်အတွက်ကုန်ထွက်တွင်စိတ်ဝင်စားမှု ( interest in output for the sake of output) စုပေါင်းလုပ်ဆောင်မှုစိတ်ဓါတ် ( the spirit of teamwork ) နှင့် အခြားသောမမြင်နိုင်သည့်စီးပွားရေးဆိုင်ရာမဟုတ်သော အရည်အသွေးများ ( other elusive noneconomic qualities) ပါဝင်ပါသည်။ ဤတွင်တင်ပြလိုသည်မှာ ခေတ်မီငါးဖမ်းသင်္ဘောတစ်စင်းသည်၊ နောက်ဆုံးပေါ်ပစ္စည်းကိရိယာတန်ဆာပလာများနှင့်နော်ဝေးနိုင်ငံတွင်လူ ( ၇ ) ယောက်ဖြင့်လုပ်ကိုင်ဆောင်ရွက်သည်ကိုဂျပန်နိုင်ငံတွင် ၁၂ ယောက်မှ ၁၄ ယောက်ထိလည်းကောင်း အိန္ဒိယတွင် ၂၀ မှ ၂၅ ယောက်ထိလည်းကောင်း၊ ကျွမ်းကျင်မှုအနေအထားအရလုပ်ကိုင်ဆောင်ရွက်ရကြောင်းတွေ့ရပါသည်။ သင်္ဘောသားစုအနည်းငယ်အားဖြင့်လုပ်ဆောင်ရသည့်အလုပ်ဝတ္တရားအသီးသီးကိုများစွာကျွမ်းကျင်မှုရှိသောတစ်ယောက်ယောက်အားဖြင့်ဆောင်ရွက်သွားနိုင်ပါသည်။ နော်ဝေနိုင်ငံသားများအနေဖြင့်ဝင်ငွေအတွက်သူတို့၏လုပ်အားကိုပိုမိုများပြားစွာအကျိုးဖြစ်ထွန်းအောင်လုပ်ရန်၊ ယင်းတို့၏အလုပ်အမျိုးမျိုးကျွမ်းကျင်ခြင်း - (versatility) ၊ ခွန်အား ( energy ) နှင့်အာသာဆန္ဒများ (appetite) ရှိနေကြပါသည်။

အခန်း ( ၄ )

## စီးပွားရေး ဖွံ့ဖြိုးမှုတွင်လုပ်သားအင်အား၏ကဏ္ဍ

### (၁) စီးပွားရေး စနစ်တစ်ခုတွင်လုပ်သား တစ်ယောက်၏ကဏ္ဍ

ခေတ်သစ်စက်မှုစီးပွားရေး ( modern industrialized economy ) တစ်ခုတွင်၊ လုပ်သားတစ်ယောက်သည် အမျိုးမျိုးသောလုပ်ဆောင်မှု (သို့မဟုတ်) အခန်းကဏ္ဍ ( role) မြောက်များစွာကိုတစ်ပြိုင်တည်း လုပ်ဆောင်ပါသည်။ သူသည်လုပ်သားအင်အားစုသို့ဝင်တစ်ယောက်ဖြစ်၍ထုတ်လုပ်သူ ( producer ) တစ်ဦးဖြစ်ပါသည်။ လူသား၏လိုအပ်ချက်များ ( human wants ) ကို၊ ကျေနပ်နှစ်သိမ့်စေဖို့အတွက်၊ ရုပ်ပိုင်းဆိုင်ရာကုန်စည်နှင့် ဆောင်ရွက်မှုများ ( material goods and services ) ကို၊အထောက်အပံ့ပြုရန်၊ လိုအပ်သောထုတ်လုပ်မှု၏ရှားပါးအင်အားစုများ(scarce factors ) အနက်တခုဖြစ်ပါသည်။ သူသည်ထုတ်လုပ်သောကုန်စည်အတွက်၊ ဝယ်လိုအားအခြေအမြစ်တခုဖြစ်၍စားသုံးသူ ( consumer ) တယောက်ဖြစ်ပါသည်။ ထို့ပြင်တခြားနည်းအားဖြင့်၊ သူသည်သူ၏ကိုယ်ပိုင်အထူးလိုအင်များ ( special needs ) ဆန္ဒများ ( desires ) နှင့်သူ၏အိမ်ထောင်စု၊ ရပ်ရွာနှင့်အလုပ်လုပ်နေသောပတ်ဝန်းကျင်မှဖြစ်ပေါ်စေသောမှုများ ရှိနေသောတသီးပုဂ္ဂလ (individual ) တယောက်ဖြစ်ပါသည်။ ထုတ်လုပ်သူတဦးအဖြစ်သူသည်၊ သူ၏ဆောင်ရွက်မှုများကိုအလုပ်ရှင်တယောက်ထံသို့ ကျေနပ်နှစ်သက်မည်ဆိုပါက ရောင်းချရန်ကြိုးစားမည်ဖြစ်ပါသည်။ စားသုံးသူတယောက်အဖြစ်သူတွင် မတင်းတိမ်နိုင်သောလိုအင်ဆန္ဒများ ရှိပါသည်။ ယင်းတို့ကိုသူ၏ဝင်ငွေကန့်သတ်ချက်များအတွင်း မှသူသည်အကောင်းဆုံးဖြစ်နိုင်ရန်၊ ကျေနပ်နှစ်

သိမ့်ရပါသည်။ တသီးပုဂ္ဂလတယောက်အဖြစ်သူသည် မိမိကိုယ်ကို ရိုသေလေးစားမှုရှိလိုပါသည်။ သူ၏မိတ်ဆွေအပေါင်းအဖော်များ၏ လေးစားမှုကိုလည်း ရယူလိုပါသည်။ နှစ်လိုဖွယ်ကောင်းသော လုပ်ငန်းအခြေအနေများတွင် လုပ်ကိုင်လိုပါသည်။ သင့်တင့်လျော်ကန်သော အလုပ်အားချိန်ကိုလည်း ကျေနပ်ခံစားလိုပါသည်။

ယခုတင်ပြလိုသည်မှာ လုပ်သားတယောက်ကို ထုတ်လုပ်သူတယောက်အဖြစ် ဆောင်ရွက်ပုံကို အဓိကဦးတည်တင်ပြမည်ဖြစ်ပါသည်။ သို့သော် စားသုံးသူအဖြစ်နှင့် တသီးပုဂ္ဂလအဖြစ် လုပ်ဆောင်မှုများ (activities) ကိုလည်း လှစ်လျူမရှုနိုင်ပေ။ သူသည် ထုတ်လုပ်သူတယောက်အဖြစ် ပြုမူဆောင်ရွက်ရန်နည်းလမ်းအတွက် သူ၏ဆန္ဒများ ( desires ) ရည်သန်ချက်များ ( aspirations ) ကို၎င်း အခြားသောစွမ်းအားများ ဖွင်မည်သို့ကောင်းစွာ ပြည့်စုံစေသလဲဆိုသည့် အချက်ကလွှမ်းမိုးပါသည်။ သူသည် မျှတသော၊ နိမ့်ကျသောလူနေမှုအဆင့်အတန်းတခုကို ခံစားရသည်။ နိမ့်ကျသောလူမှုရေးအဆင့်အတန်းတခုကို ရရှိရန် သူ့ကိုတွန်းအားပေးခံရသည်ဟု ယုံကြည်လျှင် သူ၏အလုပ်ကို ချဉ်းကပ်ပုံသည် တမျိုးဖြစ်လိမ့်မည်။ စီးပွားရေးဖွံ့ဖြိုးမှုရှိနေသလို မျှတသောလူနေမှုအဆင့်အတန်းတခုကို ရရှိနေဖို့ မည်သို့ပါဝင်ဆောင်ရွက်မည်လဲဆိုသည့် ရည်ရွယ်မှုသည် သူ၏သဘောထားများ ( attitudes ) ကိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

ထုတ်လုပ်သူတယောက်အဖြစ် လုပ်သားသည် အလုပ်ရှင်တယောက်နှင့် အရေးဆိုခြင်း ( bargain ) သည် တဦးတယောက်တည်း (သို့မဟုတ်) အလုပ်သမားချင်းများ အစုတစု ( a group of fellow workers ) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်နိုင်ပါသည်။ အလွတ်ပူးပေါင်းဆောင်ရွက်ခြင်း ( informal ) ဖြစ်နိုင်သလို

ယာယီ ( temporary ) လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည် ။ (သို့ပဟုတ်) ပုံစံကျ ( formal ) ဖွဲ့စည်း မှုလည်း ဖြစ်နိုင်ပါသည် ။ ပုံစံကျအဖွဲ့အစည်း ဆိုသည်မှာ အလုပ်သမား သမဂ္ဂကဲ့သို့၊ အတည်ပြုတည်ထောင်ထား သောအဖွဲ့အစည်း တခုကိုဆိုလိုပါသည်။ နောက်ပြယနာတမျိုး တွင်လုပ်သား များ သည်ထုတ်လုပ်သူများ အဖြစ်သူတို့၏အကျိုး ကိုထိမ်း သိမ်းကာကွယ်ရန်နှင့်တိုး မြှင့်ရန်အတူတကွပူး ပေါင်း ပါသည်။ သူတို့၏ ရည်ရွယ်ချက် သည်သူတို့ကိုယ်တိုင်နှင့်အလုပ်ရှင်အကြား ဆက်သွယ်မှုကို ပြောင်း လဲရန်နှင့်သူ တို့၏ဘက်စပ်လျှက်ရှိ သောအ ရေး ဆိုနိုင်အား ( bargaining power ) တွင် ပြောင်း လဲမှုတရပ်ကိုလွန်း အား ပေး ရန်ဖြစ်ပါသည်။ အချုပ်အား ဖြင့်စု ပေါင်း အ ရေး ဆိုခြင်း ( collective bargaining ) သည် တဦး ချင်း အ ရေး ဆိုမှု ( individual bargaining ) ကိုအစား ထိုး ပဲ့ဖြစ်သည်။ ဤတွင်ထုတ်လုပ်သူများ အဖြစ်အလုပ်သမား များ၏လုပ်ဆောင်မှုများ သည်သမဂ္ဂများ နှင့်စု ပေါင်းအရေးဆိုခြင်း သဘောာန်ဖြစ်ရပါမည်။

တသီး ပုဂ္ဂလလုပ်သား ( individual worker ) တယောက်နှင့်သူ၏အလုပ်ရှင်အကြား (သို့မဟုတ်) အလုပ်သမား အုပ်စု တခုနှင့်သူတို့၏အလုပ်ရှင်အကြား ဤကဲ့သို့အ ရေး ဆိုခြင်း ကိုဖြစ် ပေါ်စေသော အခြေအနေများ ကိုသိရှိရန်လုပ်သား ဈေး ကွက် (labour market ) တွင်လုပ်သား များ ပါဝင် ဆောင်ရွက်မှုနည်း လမ်း များ အကြောင်းတခုခုကိုသိရ မည်ဖြစ်သည်။ လုပ်သား ဈေး ကွက်သို့မည်သူ တွေ သွား သလဲ၊ လူဦး ရေ၏ မည်သို့ သောအစိတ်အပိုင်း များ ဖြစ်သလဲ၊ ဤတွင်လုပ်သားဈေးကွက်၌၊ အုပ်စုအမျိုး မျိုး ၏ ပါဝင် ဆောင်ရွက်မှုနည်း လမ်း တွင် ပြောင်း

လဲနေသောပုံစံများ ရှိသလား ၊ အမျိုး မျိုး သောအလုပ်အကိုင်များ ( occupations )နှင့်လုပ်ငန်း စုများ ( industries ) အကြား လုပ်သား များ ပြန့်နှံ့မှုမည်သို့ရှိသလဲ၊ ပြောင်း လဲမှုနှ် မည် သို့ သောပုံစံများ ကိုမြင်နိုင်သလဲစသည်တို့ကိုသိရှိရန်လိုပါသည်။

( ၂ ) <u>လုပ်သားအင်အား၏အဓိပ္ပါယ် သတ်မှတ်ချက်နှင့်အကြောင်းအရာများ</u>

လုပ်သား အင်အား ၏အဓိပ္ပါယ်သတ်မှတ်ချက်တွင်မည် သူတို့ပါဝင်သည်၊ မပါဝင်ဆိုသည်ကို စိတ်ကြိုက်သတ်မှတ်နိုင်ပါသည်။

``အမေရိကန်တွင်သန်း ခေါင်စာရင်း ဌာန နှာ သတ်မှတ်ချက်အရ၊ အများ ဆုံး နှင့်အကျယ်ပြန့်ဆုံး အ သုံး ပြုနေသည့် သတ်မှတ်ချက်တွင်အသက် ၁၄ နှစ်နှင့်ယင်း အထက်အကျိုး ရှိစွာအလုပ်အကိုင်လုပ်နေသူများ (သို့မဟုတ်) အကျိုး ရှိသောအလုပ်အကိုင် ( gainful employment )ကိုလှုပ်လှုပ်ရှား ရှား ရှာ ဖွေ နေသူများအားလုံး ပါဝင်ပါသည်။ ၎င်းတွင်ကိုယ်ပိုင်အလုပ်လုပ်သူများ (self-employed ) အချိန်ပြည့်လုပ်သား များ ကဲ့သို့အချိန်ပိုင်း လုပ်သား များ လည်းပါဝင် ပါသည်။ အသက် ၁၄ နှစ်ကို ရွေး ချယ်သတ်မှတ်ခဲ့ခြင်း မှာက လေးများသည် အသက် ၁၄ နှစ်အထိအနည်း ဆုံး ကျောင်း တက်ရန်လိုအပ်သည်ဟု နိုင်ငံတော် ကဥပဒေပြုထား ခြင်း ကြောင့်ဖြစ်ပါသည်။ ယင်း တွင်အသက် ၁၄ နှစ် အောက်ရှိသူများ သည်၊ အလုပ်အကိုင်ရှာ ဖွေရန်အခွင့်အ ရေး များ မ ရှိကြဟုထင်ကြသည့်အတွက်သူတို့သည်အလုပ်အတွက် မစဉ်း စား ကြ ပေ။ ထို့ ကြောင့်သူတို့သည်လုပ်သား အင်အား တွင်မပါဝင် ပေ။ သို့ဖြစ်လျှင်၎င်းသတ် မှတ်ချက်အရလုပ်သား အင်အား တွင်လုပ်သား ဈေး ကွက်၌လက်ရှိ ဘုပ်

ရှား နေသောသူများ သာလျှင်ပါဝင်ပါသည်။ အမှန်တွင်စုစုပေါင်း အလားအလာရှိသောလုပ်အား ရောင်းလိုအား ( total potential labour supply ) သည်ပိုမိုများပြားသည်မှာ သေချာပါသည်။ [၁]

ထင်ရှားသည့်မှာတိုင်းပြည်၏လူဦးရေအားလုံးသည်အလုပ်လုပ်သူများ မဟုတ်ပေ။ အချို့လူများသည်ငယ်ရွယ်လွန်း၍အချို့မှာအသက်ကြီးလွန်းပါသည်။ (သို့မဟုတ်) အချို့သည်ရုပ်ပိုင်းဆိုင်ရာအားဖြင့်ပို၍ကျဆင်းပါသည်။ အချို့သည်အချိန်ပြည့်ကျောင်းသားများဖြစ်ရန်ပို၍ကြိုက်နှစ်သက်ပါသည်။ အချို့သည်ကလေးများနှင့်အိမ်တွင်နေ့စဉ်လုပ်နေကျအလုပ်များကိုပြုလုပ်သူများဖြစ်သည့်လုပ်သားဈေးကွက်ပြင်ပမှသူများဖြစ်ပါသည်။

လုပ်သားအင်အားဆိုင်ရာစာရင်းအင်းများကိုအမျိုးမျိုးတန်ဖိုးရှိစွာအသုံးပြုနိုင်ပါသည်။ စီးပွားရေးပုံစံတခုခု၏စုစုပေါင်းကုန်ထုတ်စွမ်းအား ( total productive capacity) အတိုင်းအတာတခုကိုထုတ်လုပ်မှုနည်းနိဿရများ ( techniques of production ) နှင့်တကွရရှိနိုင်ပါသည်။ ထုတ်လုပ်မှုနည်းနိဿရများသည်မည်သည့်အချိန်အတန်၌မဆိုအောင်မြင်ရန်ဖြစ်နိုင်ပါသည်။ လုပ်သားအရေအတွက်သည်ကုန်ထွက်ပမာဏကိုအမြင့်ဆုံးဖြစ်အောင်ဆောင်ရွက်ပါသည်။ လုပ်သားအင်အားဆိုင်ရာစာရင်းအင်းများသည်စီးပွားရေး

---

၁။ Arthur D. Butler, Labour Economics and Institutions, Amerind Publishing Co. Pvt. Ltd., New Delhi, Indian edition 1972, Page- 4.

တိုးတက်နေသောအချိန်ကာလအတွင်း၌ စီးပွားရေးစနစ်ကိုမည်မျှ ကောင်းမွန်စွာပြုလုပ်ဆောင်ရွက်နေသည်ဟူသောရုပ်ပုံကိုဖော်ပြပါသည်။ ထို့ပြင်လုပ်ငန်းနယ်ပယ်များ၏တိုးတက်မှု၊ ဆုတ်ယုတ်မှုကိုလည်းလစ်သွန်နေပါသည်။ လုပ်ငန်းစုများ ( industries ) နှင့်အလုပ်အကိုင်များကိုဆုတ်ယုတ်မှုမှတိုးတက်မှုရှိအောင်ဆောင်ရွက်ရန်အသုံးဝင်သောသတင်းအချက်အလက်များကိုအထောက်အပံ့ပြုပါသည်။ စီးပွားရေးကျဆင်းနေသောအချိန်ကာလအတောအတွင်း တွင်လုပ်သားအင်အားစာရင်းအင်းများသည်အလုပ်လက်မဲ့နှုန်းကိုတိုင်းတာပါသည်။ စီးပွားရေးကျဆင်းမှု ( depression ) ၏ဒဏ်ကိုအများဆုံးပြင်းထန်စွာကြုံတွေ့နေရသည့်စီးပွားရေးနယ်ပယ်များကိုလည်းသွန်ပြပါသည်။ ဤနည်းဖြင့်အစိုးရ၏စီမံကိန်းရေးဆွဲသူများသည်စီးပွားရေးကျဆင်းမှုကိုတွန်းလှန်ရန်အတွက်မည်သို့သောလုပ်ဆောင်ချက်များသည်ပိုမိုသင့်တော်လိမ့်မည်ကိုပိုမိုကောင်းမွန်စွာဆုံးဖြတ်နိုင်ပါသည်။

( ၃ ) <u>လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုကိုထိန်းချုပ်သောအချက်များ</u>

လုပ်သားအင်အားသည်ပုံသေရှိနေသောလူဦးရေပမာဏတခုမဟုတ်ပေ။ ( သို့မဟုတ် ) လူဦးရေ၏ပုံသေရာခိုင်နှုန်းတခုမဟုတ်ပါ။ လုပ်သားအင်အား၏အရွယ်အစားကိုသတ်မှတ်နေသောအချက်များ ( factors ) ရှိပါသည်။

လုပ်သားအင်အားတွင်တဦးချင်း၏ပါဝင်ဆောင်ရွက်မှု ( participation of individuals ) ကိုအကျိုးရှိသောအလုပ်အကိုင်အားရှာဖွေရန်သူတို့၏စိတ်ပါမှု ( willingness ) နှင့်

လူမှုစီးပွားရေးအင်အားစုများ၏အစုအဝေးတခု( a complex of socio-economic factors )တို့ဖြင့်သတ်မှတ်ပါသည်။ ဥပမာအားဖြင့်၊ ကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းတွင်လင်ယောက်ျားများကိုသူ၏မိသားစုအတွက်မှုလုပ်ကိုင်ဝင်ငွေရှာဖွေသူ(breadwinner )အဖြစ်မျှော်လင့်ပါသည်။ သို့သော်လည်းအခြားသောလူ့အဖွဲ့အစည်းများတွင်၌တာဝန်သည်ဇနီးမယားများအပေါ်(သို့မဟုတ်)မိသားစုတစုလုံးအပေါ်ကျရောက်နိုင်ပါသည်။ ထို့ပြင်ကျွန်ုပ်တို့သည်အသက်ရှင်နေထိုင်ရန်မရှိမဖြစ်အနည်းဆုံးလိုအပ်သည့်အဆင့်တခုထက်ပိုမို၍မြင့်မားသောလူနေမှုအဆင့်အတန်းတခုကိုအစဉ်အမြဲရရှိနေစေဖို့တွန်းအားပေးခံနေရသည်ဟုထင်ရပါသည်။ မြောက်များစွာသောယဉ်ကျေးမှုများသည်လည်းဘာသာရေးနှင့်အခန်းအနားဆိုင်ရာအထိမ်းအမှတ်များ(သို့မဟုတ်)ရသင့်သောဂိုးဂိုးအလုပ်အားချိန်ကဲ့သို့အခြားသောအခြေအနေများအပေါ်တွင်ပိုမိုကြီးမား၊ သောတန်ဖိုးထားပါသည်။

လုပ်သားအင်အားတွင်အမျိုးမျိုးသောလူမှုရေးအုပ်စုများ၏ပါဝင်ဆောင်ရွက်မှု ( participation )ကိုနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအားဖြင့်ပို၍အကျိုးသက်ရောက်စေပါသည်။ အလွန်အမင်းစက်မှုလက်မှုတိုးတက်သည့်စီးပွားရေး( highly industrialized economy )သည်လူတွေအားလုံးကိုအနည်းငယ်သောအသက်ရှင်နေထိုင်မှုတခုအတွက်တနည်းနည်းဖြင့်အသက်မွေးဖို့ရန်မှုသာအလုပ်ကိုလုပ်ရစေသည့်ရှေးကျသောလယ်ယာစိုက်ပျိုးရေးစီးပွားရေးစနစ်( primitive agricultural economy )တခုမှအလွန်ကွဲပြားခြားနားပါသည်။ ဤကဲ့သို့စက်မှုမတိုင်မီစီးပွားရေးစနစ်များ( preindustrialized economics)တွင်ပြည်သူများသည်ငယ်ရွယ်

ည်ဖြစ်စေ (သို့မဟုတ်) ကြီးသည်ဖြစ်စေ၊ အလုပ်ကိုစွန့်ပစ်ရန်မတတ်နိုင်ွမ်း ပေ။ ဘာသာရေး နှင့်နိုင်ငံရေး ခေါင်းဆောင်များ ပင်လျှင်တို့၏နယ်ပယ် ( field ) ၌အလုပ်လုပ်ရမည်ဖြစ်သည်။

အိမ်ထောင်ရေး နှင့်ဆိုင်သောအဆင့်အတန်းနှင့် လက်ခံထားသောပညာရေးဆိုင်ရာအဆင့်အတန်းများ ကဲ့သို့သော အချက်များ ၊ အသက်နှင့်ကျား / မ ( Sex ) ကဲ့သို့အချက် များ သည်လည်းလုပ်သား အင်အား စုတွင်ပါဝင် ဆောင်ရွက်မှု၏အရေး ကြီး သောပြဋ္ဌာန်းချက်များ ( determinants ) ဖြစ်ပါသည်။ ဆိုလိုသည်မှာ၊ အလုပ်တခုကိုလက်ခံရန်ဦး တည်သည့်လူတဦး ချင်း စိတ်၏သဘောထား (attitudes ) အပေါ်၊ ၎င်း ပါဝင်သည့်လူမှုရေး ဆိုင်ရာအုပ်စု၏ဓလေ့ထုံး စံအလေ့အထများ ( customs ) နှင့် ရှေး ထုံး စဉ်လာများ ( traditions ) တို့များ စွာလွှမ်း မိုး ပါသည်။ ဥပမာ ကျေး လက် ဒေသများ တွင် နေထိုင်သောအသက်နှင့်ကျား မအုပ်စုအမျိုး မျိုး သည်မြို့ပြ ဒေသများ တွင် နေထိုင်သောယင်း တို့နှင့်လိုက် လျောညီ ထွေဖြစ်သည့် ( ကျေး လက်၏အသက်နှင့် ကျား မအတိုင်း ) အုပ်စုများ နှင့်နှိုင်း ယှဉ်လျှင်အကျိုး ရှိသောအလုပ်အကိုင် ကိုများ စွာပို၍ရှာ ဖွေပါသည်။ ကျေး လက်တွင်ရှိသောအမျိုး သား များသည်မြို့ပေါ်ရှိအမျိုး သား များ ထက်အသက် စော၍လုပ်သား အင်အားတွင် ပါဝင်ရန်ရည်သန်ပါသည်။ ကျေး လက်အမျိုး သမီး များ သည်မြို့ပေါ်အမျိုး သမီး များ ထက်အလုပ်အကိုင်ကိုရှာ ဖွေဖို့ရန်ပို၍ဖြစ်တန် ခြေနည်း ပါသည် ။

လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှု ( labour force participation ) အပေါ်လူမှုစီးပွားရေးအင်အားစု များ၏အကျိုးသက် ရောက်မှုများ ( effects ) သည်အချိန်ကာလတခုနှင့်တခုတူညီနိုင်မည်မဟုတ် ပေ။ အကြောင်း အချက်တခုမှာလုပ်သား အင်အား တွင် ၊

အဆက်မပြတ် ပြောင်းလဲနေသောအသက်နှင့်ကျား မဖွဲ့စည်းခြင်း( composition )တခုရှိပြီး ဖြစ်ပါသည်။

## (၄) လုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုတွင် ကာလတိုပြောင်းလဲမှုများ

လုပ်သားအင်အားကိုလုပ်ငန်းသံသရာ( business cycle )နှင့်တွဲဖက်နေသောအလုပ်အကိုင်အခွင့်အလမ်းများ အတွင်ကာလတိုအတက်အကျများ ( short-run fluctuations )အားဖြင့်အကျိုးသက်ရောက်စေပါသည်။ ဤအချက်၌၊ ကျွန်ုပ်တို့၏ရည်ရွယ်ချက်အတွက်လုပ်ငန်းသံသရာဆိုသည်မှာ ၃နှစ်မှ ၅နှစ်တိုင်း ချို့ယွင်းချက်ရှိသောပုံမှန်ဖြစ်ခြင်း ( imperfect regularity )နှင့်အတူထပ်တလဲလဲရှိသောဝင်ငွေနှင့်အလုပ်အကိုင်တွင်ချဲ့ထွင်ခြင်းနှင့်ချုံ့ခြင်းပင်ဖြစ်သည်။ သို့သော်လည်း ဤနေရာတွင်လက်ခံထားသောအကျိုးရှိသည့်အလုပ်အကိုင်ကိုဦးတည်၍ ဝင်ငွေနှင့်အလုပ်အကိုင်ပြောင်းလဲသည့်အပြုအမူများတွင်ကာလတိုပြောင်းလဲမှုများကိုသံသယမရှိပေ။ ယင်းသည်လုပ်သားအင်အား၏အားလုံးပြီးအရွယ်အစား ( over-all size )နှင့်ဖွဲ့စည်းခြင်း(composition) အပေါ်မှာရှိသည့်ဤပြောင်းလဲမှုများ၏အချုပ်သဘောသုံးသပ်ချက်ကို၊ မည်သို့အကျိုးသက်ရောက်မှုရှိသည်ကိုတိတိကျကျမရှင်းလင်းနိုင်ပေ။ သို့ပါလျှက်နှင့်ကာလတိုပြောင်းလဲမှုများတွင် အောက်ဖော်ပြပါမေးခွန်းများကိုစဉ်းစားရန်လိုအပ်ပါသည်။ (၁)လုပ်ခများကျဆင်းလာသောအခါနှင့်မိသားစုအတွက်လုပ်ကိုင်ရှာဖွေသူများ၊ အလုပ်လက်မဲ့ဖြစ်လာသောအခါတွင်လုပ်သားအင်အား၌မည်သို့သောပြောင်းလဲမှုများဖြစ်ပေါ်လာ

သနည်း ။ (၂)ဤအခြေအနေများသည်လူအများအပြားကိုလုပ်သားဈေးကွက်သို့ဝင်ရောက်ရန်ဆွဲဆောင်စေသလား၊ သူတို့မိသားစု၏မူလဝင်ငွေကိုပြန်၍ရရှိစေရန်မျှော်လင့်ခြင်းလား ။ (၃)ဝင်ငွေမှန်(real income)သည်မြင့်တက်လာသောအခါလုပ်သားအင်အားကိုမည်သို့ဖြစ်ပျက်စေသလဲ။ (၄)ပိုမိုဆွဲဆောင်မှုရှိသောလုပ်ခများနှင့်လုပ်ငန်းအခြေအနေများကြောင့်လူအများအပြားသည်အလုပ်အကိုင်များကိုရှာဖွေလာသလား ။ (၅)သူတို့၏လုပ်သားအင်အားတွင်ပါဝင်ဆောင်ရွက်မှုနှုန်းများသည်အလုပ်အကိုင်အခွင့်အလမ်းများပြောင်းလဲလာသကဲ့သို့၊ အချို့သောအသက်နှင့်ကျားမအုပ်စုများတွင်ပြောင်းလဲလာစေသလား (သို့မဟုတ်) (၆)ဤအခြေအနေများတွင်ယေဘူယျအားဖြင့်လုပ်အားရောင်းလိုအားကိုတုန့်ပြန်အကျိုးသက်ရောက်မှုများမရှိဘူးလားစသည့်မေးခွန်းများကိုစဉ်းစားရန်လိုအပ်ပါသည်။

``လုပ်သားဈေးကွက်သီအိုရီရှင်များအနက်ဘုပ်စုတခုကဝင်ငွေနှင့်အလုပ်အကိုင်တွင်ဆုတ်ယုတ်မှုတခုရှိလာသောအခါလူများသည်လုပ်သားဈေးကွက်သို့ဝင်ရောက်ရန်၊ အလုပ်အကိုင်များကိုတခြားနည်းအားဖြင့်ရှာဖွေလိမ့်မည်မဟုတ်ဟု၊ အဆိုပြုပါသည်။ ယင်းသီအိုရီရှင်များကလုပ်သားအင်အားအရွယ်အစားသည်ဝင်ငွေအဆင့်နှင့်ပြောင်းပြန်ဆက်စပ်မှုရှိသည်ဟုဖော်ပြခဲ့ကြပါသည်။ ဆိုလိုသည်မှာဝင်ငွေတွင်ပြောင်းလဲမှုဖြစ်ခြင်းသည်လုပ်သားအင်အားတွင်ပြောင်းပြန်ပြောင်းလဲမှုကိုဖြစ်စေပါသည်။ အခြားသီအိုရီရှင်များက၊ စီးပွားရေးကျဆင်းမှုပွင့်ကဲ့သို့အလွန့်အလွန်စီးပွားရေးတိုးတက်သောအချိန်များအတောအတွင်း၌အလုပ်အကိုင်အတွက်ရရှိနိုင်သောအပိုလုပ်သားများ(additional

workers ) ရှိပါသည်ဟုအဆိုပြုပါသည်။ ``၂ စီးပွားရေးအောင်မြင်မှုရရှိချိန်အတောအတွင်း၌အလုပ်များ၏ဆွဲဆောင်မှုသည်အသက်ကြီးသူများအားအလုပ်မှအနားယူမှုကိုနှောင့်နှေးစေရန်(သို့မဟုတ်) အလုပ်ခွင်သို့ပြန်လာရန်၊ အိမ်ရှင်မများကိုလုပ်သားဈေးကွက်သို့ဝင်လာရန်၊ ကျောင်းသားများကိုသူတို့၏ပညာရေးအားလက်လွှတ်ရန်၊ (သို့မဟုတ်)အနည်းဆုံးရပ်ဆိုင်းထားကြရန်ဆွဲဆောင်ယူပါသည်။ ပြင်းထန်သောစီးပွားရေးကျဆင်းမှုအချိန်ကာလအတောအတွင်း၊ အပိုလုပ်သားများသည်၊ မိသားစုဝင်ငွေကိုဖြည့်စွက်ရန်(သို့မဟုတ်)အလုပ်လက်မဲ့ဖြစ်သွားသည့်မိသားစုအတွက်အဓိကဝင်ငွေရရှိသူ၏ဝင်ငွေကိုအစားထိုးရန်မျှော်လင့်၍လုပ်သားဈေးကွက်သို့ဝင်ရောက်လာပါသည်။ ထိုသို့ဖြစ်လျှင် ``အပိုလုပ်သားအဆိုပြုချက်( the additional-worker hypothesis ) မှာ (၁)စီးပွားရေးကျဆင်းမှုအချိန်ကာလအတွင်း၌နေထိုင်မှုအဆင့်အတန်းအတင်းအကျပ်လျော့ဆင်းမှုသည်အလုပ်များကိုကြိုးစားရန်ရှာဖွေရန်သာမက၊ လုပ်သားဈေးကွက်အတွင်းသို့အပိုလုပ်သားများကိုတွန်းပို့ပါသည်။ (၂)စီးပွားရေးကောင်းမွန်လာသောအချိန်၌ကောင်းမွန်သောလုပ်ခများ၏ဆွဲဆောင်မှုသည်သာမန်အချိန်ထက်ပို၍လုပ်သားအင်အားတွင်လုပ်သားများပိုမိုများပြားစေရန်ဆွဲယူပါသည်။ ``၃

---

၂။ ၄င်း စာမျက်နှာ - ၇

၃။ ၄င်း စာမျက်နှာ - ၈

``အခြား သောလုပ်သား ဈေးကွက်စီးပွားရေးပညာရှင်များ သည်အလွန်အကျုံး ဖြစ်သောစီးပွားရေး အခြေအနေများ တွင် အပိုလုပ်သားများ ဖြစ်ပေါ်လာမှုကိုသံသယရှိကြပါသည်။ယင်းတို့ယုံကြည်သည်မှာစီးပွားရေး ကျဆင်းမှုအချိန်ကာလတခုအတွင်း၌၊အချို့သောလုပ်သားများကိုလုပ်သား ဈေးကွက်သို့ဝင်ရောက်ရန်တွန်းအား ပေးနိုင်သည်ဟုယုံကြည်သော်လည်း အခြား သောလုပ်သားများသည်အလုပ်အကိုင်အခွင့်အလမ်းများ မရှိခြင်း (lack of employment opportunities ) ကြောင့်လုပ်သား ဈေးကွက်မှထွက်ခွာသွား နိုင်ပေသည်။ (သို့မဟုတ်) အလုပ်အတွက်ပြင်းထန် သောပြိုင်ဆိုင်မှုများနှင့် ; တင်းကျပ်သောစည်းကမ်းများ ကြောင့် အချို့လုပ်သားများကို စိတ်အား လျော့စေပါသည်။ အရေအတွက်များ စွာထွက်သွားခြင်း သည်အရေအတွက်များ စွာဝင်လာခြင်း နှင့်ကာမိစေပါသည်။ ``၄ လုပ်သားအင်အား တွင်အမျိုးသမီးများ ပါဝင်လာ သောအစိတ်အပိုင်း သည်အဓိက အချက်ဖြစ်သည်ကို ဖော်ပြလိုပါသည်။ စီးပွား ရေး ကျဆင်း သည့်နှစ်များအတောအတွင်း တွင် မြို့ပေါ် ဒေသများ တွင် နေ သောအမျိုးသမီးများကိုလုပ်သား ဈေးကွက်သို့ဝင်ရန်ပို၍စိတ်သွက် စေပါသည်။ သို့သော် လည်း ယင်း ကိုလယ်ယာမှမြို့ပေါ်သို့ ရွှေ့ပြောင်း မှုတွင်ဆုတ်ယုတ် နေခြင်း အားဖြင့် ထေမိစေပါသည်။ အကြောင်း မှာ ကျေးလက် ဒေသများ တွင်နေသောအမျိုး သမီးများ သည်အကျိုး ရှိသောအလုပ်အကိုင်များ ကိုရှာဖွေရန်ဖြစ်တန်ရာ ချေနည်း ပါသည်။

---

၄။ ၄င်း စာမျက်နှာ – ၈

လုပ်သားအင်အား၏အဓိကအစိတ်အပိုင်းဖြစ်သည့် အသက် ၂၁ နှစ်နှင့် ၅၅ နှစ်အကြား အမျိုးသားများသည်စီးပွားရေး အခြေအနေများတွင်အလွန်အကျွံပြောင်းလဲမှုမရှိဘဲ၊ လုပ်သားဈေးကွက်တွင်ဆက်လက်ရှိနေပါသည်။ စီးပွားရေးကျဆင်းသည့်အချိန်ကာလတခုအတွင်း၌အချို့ငယ်ရွယ်သောသူများသည်ပညာရေးကိုဆက်လက်ကြိုးပမ်းရန်မဖြစ်နိုင်ခြင်းကြောင့်လုပ်သားအင်အားအဖြစ်စောစွာဝင်ရောက်လာကြပါသည်။ ဤအကျိုးသက်ရောက်မှုမှာအလုပ်များကိုရှာဖွေရန်စွမ်းရည်မရှိခြင်းကြောင့်ကျောင်းတွင်ကျန်ရှိနေသောအခြားသောငယ်ရွယ်သည့်သူများကြောင့်တပိုင်းတစအားဖြင့်လျော့နည်းစေပြန်ပါသည်။ စီးပွားရေးကျဆင်းမှုတွင်အမျိုးသမီးများနှင့်အသက်ကြီးသူများ၏တုန့်ပြန်ချက်များသည်တူညီမှုရှိပါသည်။ အချို့အမျိုးသမီးများသည်မိသားစုဝင်ငွေကိုဖြည့်စွက်ရန်လုပ်သားဈေးကွက်သို့ဝင်ရောက်ကြပါသည်။ အခြားသောအမျိုးသမီးများကမူ၊ ခေတ်စားနေသောလုပ်ငန်းအခြေအနေများနှင့်အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံးခြင်းကြောင့်စိတ်အားလျော့စေမှုများဖြစ်လာပါသည်။ ထို့ကြောင့်အလုပ်မှအနားယူလာပါသည်။ သူတို့၏အလုပ်များဆုံးရှုံးသွားသည့်အသက်ကြီးသောလုပ်သားအမြောက်အများကမူအခြားအလုပ်များရှာဖွေဖို့ရန်သူတို့၏စွမ်းရည်မရှိခြင်းကြောင့်စိတ်အားလျော့စေမှုများဖြစ်လာပါသည်။ ထို့ကြောင့်လုပ်သားဈေးကွက်မှထွက်ခွာသွားကြပါသည်။ သို့သော်လည်းမြောက်များလှစွာသောအလုပ်လုပ်နေသည့်အသက်ကြီးသည့်လုပ်သားများသည်မိသားစုဝင်ငွေကိုဖြည့်စွက်ရန်ရည်ရွယ်၍အလုပ်မှအနားယူမှုများကိုဖင့်နွှဲကြပါသည်။ သို့ဖြစ်လျှင်ဤပြောင်းလဲမှုများသည်လုပ်သားအင်အား၏စုစုပေါင်းအရွယ်အစားအသားတင်တိုးလာမှု

ကိုပြဋ္ဌာန်း စေသည်ဆိုခြင်း ကိုရှင်း လင်း စွာ မဆိုနိုင် ပေ။

ဒုတိယကမ္ဘာ စစ်အတွင်း နှင့်စစ်ပြီး နောက်အ တွေ့အကြုံများ အရအဗိုလုပ်သား အဆိုပြုချက်၏ စီး ပွား ရေး အောင်မြင်မှုကမူ နှင့်အညီဖြစ်ခဲ့ပါသည်။ လုပ်သား အတွက် ဝယ်လိုအား များ စွာတိုးတက်မှုရှိခဲ့ သော အချိန်ကာလတခုတွင်လုပ်သား အင်အား သည် ချဲ့ထွင်ခဲ့ပါသည်။ စစ်မှုထမ်း ခြင်း ( military service ) ကို မဖြစ်မ နေ ဆောင်ရွက်လာ သည့်အခါ၊ လုပ်သား အင်အား အတွင်း သို့ ငယ်ရွယ် သော သူမြောက်များ စွာ ကိုယူလာ ခဲ့ပါသည်။ ယင်း တို့သည်လက် နက်ကိုင်တပ် များ ( armed services ) တွင်ပါဝင်ပါသည်။ တိုင်း ချစ်ပြည် ချစ်စိတ် ရှိခြင်းသည်လက်နက်ကိုင်တပ် များ တွင်ပါဝင် စေသကဲ့သို့ ပေါမ္ဗား သော အလုပ်အကိုင် အခွင့်အလန်း များ နှင့်လုပ်ခ များ မြင့်ကက်ခြင်း သည်လည်း အမျိုး သ မီး နှင့်အသက်ကြီး သော သူအ မြောက်အမ္ဗား ကိုအလုပ်အကိုင်များ အား လ ရန်ဆွဲ ဆောင် ပါသည်။ ဆယ် ကျော်သက်အ ရွယ် များ ( teen-agers ) သည် အချိန် ပိုင်း အလုပ် များ ကို ပိုမို များ ပြား စွာလက်ခံလာ ခဲ့ကြ ပါသည်။ စစ်ပြီး ကာလတွင်အလုပ် များ ပေါမ္ဗား လာသည့်အခါ၊ ဤအပို လုပ်သား များ အနက်အချို့သည်လုပ်သား အင်အား တွင်ကျန်ရစ်ခဲ့ ပါသည်။ ဤအ တွေ့အ ကြုံသည်လုပ်သား အင်အား တွင်ပါဝင် ဆောင်ရွက် မှုကိုဦး တည်၍ ရှောဗော်ပြခဲ့ သော အပြုအမူ များ ကိုပြန်လည် ရှိရန်အဟန့်အတား ဖြစ် စေခြင်း တခုထက် ပိုမို၍ကိုယ်စား ပြုနိုင်မည် မဟုတ် ပေ။ လုပ်အား အတွက်မြင့်မား သော ဝယ်လိုအား ၏အနာဂတ်ကာလတခုတွင် မျှော်လင့်ဖို့ရန် မည်သို့ဖြစ်သည်ကို ရှင်း လင်း စွာ မသွန်ပြနိုင် ပေ။

လုပ်ငန်း သံသရာ နှင့်တွဲဖက် နေ သော အတက်အကျများ ၏အမျိုး အစား သည်အလုပ်လက်မဲ့နှင့်အတူ စီး ပွား ရေး ကျ ဆင်း

နေသောအချိန်အတောအတွင်း (သို့မဟုတ်) လုပ်ခများမြင့်တက်မှုနှင့် အတူ စီးပွားရေးအောင်မြင်မှုရှိနေသောအချိန်အတောအတွင်း၌ လုပ်သားအင်အား၏အရွယ်အစားအပေါ်အသင့်အတင့်သောအကျိုးသက်ရောက်မှုတခုသာလျှင်ရှိရန်ဖြစ်ပေါ်ပါသည်။ လုပ်ငန်းသံသရာနှင့် သက်ဆိုင်သောအတက်အကျများကိုညှိနှိုင်းရန်လုံလောက်သောပြောင်းလဲမှုများကိုလျှင်မြန်စွာမပြုလုပ်ပါက ဓလေ့ထုံးစံ၊ အလေ့အထများနှင့် ရှေးထုံးစဉ်လာများသည်လုပ်သားဈေးကွက်သို့လုပ်သားတဦးချင်းစီအနေဖြင့်ဝင်ဖို့၊ မဝင်ဖို့ကိုဆုံးဖြတ်ပါသည်။ စစ်ကဲ့သို့သောရုတ်တရက်ဖြစ်ပေါ်လာသောအပြောင်းအလဲကြီးတခုသာလျှင်ကုန်ထုတ်ဖြစ်စဉ် ( productive process )၏အစိတ်အပိုင်းကိုယူဆောင်ရန်ယင်းအလေ့အထပုံစံများ ( habit patterns ) နှင့်စိတ်ပါမှု ( willingness ) တွင်တိုးတက်မှုတခုကိုဆောင်ယူရန်လွှမ်းမိုးနိုင်ပါသည်။

## (၅) လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုတွင် ကာလရှည်ပြောင်းလဲမှုများ

လုပ်ငန်းသံသရာအားဖြင့်ဝိုင်းရံနေသည်ယက် ၊ ကာလရှည်တခုကိုစဉ်းစားသောအခါတွင်လုပ်သားအင်အား၌ပါဝင်ဆောင်ရွက်မှုကိုလွှမ်းမိုးနေသောအလေ့အထများနှင့်ရှေးဆုံးစဉ်လာများ တဖြည်းဖြည်းပြောင်းလဲတိုးတက်လာပုံကိုလေ့လာဆန်းစစ်ရန်ဖြစ်နိုင်ပါသည်။ ဤကာလရှည်အလားအလာများကိုရာသီအလိုက်နှင့် လုပ်ငန်းသံသရာနှင့်သက်ဆိုင်သောအတက်အကျများသည်ယာယီသဘောအားဖြင့်သာလျှင်အကျိုးထိရောက်ပါသည်။ ယင်းတို့၏ပြည့်ဝသောအကျိုး

သက်ရောက်မှုများသည်ဆယ်စုနှစ် ၂-ခု (သို့မဟုတ်) ၃-ခုအချိန်ကာလ ပြီး နောက်မှသာလျှင်ခါတိုင်းကဲ့သို့မြင်ရနိုင်ပါသည်။

(က) အမျိုးသမီးများ၏လုပ်သားအင်အားပြောင်းလဲမှု

ငယ်ရွယ်သောသူများသည်လုပ်သားဈေးကွက်သို့ပို မိုသေးငယ်သောအချိုးအစားများနှင့်ဝင်ရောက်နေကြပြီး၊ အသက်ကြီးသောသူများသည်များစွာမကြာမြင့်မီက၊ ထွက်ခွါသွားနေကြ က ပြီး ဘာလူဦးရေ၏ဆုတ်ယုတ်နေသောရာခိုင်နှုန်းတခုဖြစ်ခြင်းသည် လုပ်သားအင်အားကိုမည်သို့အဟန့်အတားဖြစ်စေသနည်း၊ အဓိက ကျသောတန်ပြန်ညှိမှုသည့်အချက် (The major counterbalancing factor) မှာအကျိုးရှိသောအလုပ်အကိုင်ကိုရှာဖွေရန်အမျိုးသမီးများ၏စိတ်ပါမှု( willingness ) တွင်တိုးတက်လာမှုရှိပြီးဖြစ်ပါသည်။ အမှန်စင်စစ် ``အမေရိကန်နိုင်ငံတွင် ၁၉၅၅ မှ ၁၉၆၅-ခု ၁၀ နှစ်ကာလ အတွက်အမျိုးသမီးများသည်လုပ်သားအင်အားတွင်တိုးတက်မှု၏တဝက်ထက်ပိုမိုကြောင်းတွေ့နိုင်ပြီး၊ ယင်းကာလအဆုံး၌စုစုပေါင်းလုပ်သားအင်အား၏ ၃ ပုံ-၁ ပုံဖြစ်လာကြောင်းတွေ့ရပါသည်။'' ၅

ပြောင်းလဲနေသောဓလေ့ထုံးစံအလေ့အထမြောက်များစွာသည်စီးပွားရေးအခြေခံမှုတခုရှိသည့်အကျိုးရှိသောအလုပ်အကိုင်တွင်အမျိုးသမီးများပိုမိုပါဝင်ဆောင်ရွက်လာရန်ဆွဲဆောင်ပါသည်။ စက်ယန္တရားတပ်ဆင်မှု( mechanization ) တိုးတက်လာခြင်းသည်အကြီးစားရုပ်ပိုင်းစွမ်းအင် (heavy physical energy ) မလိုအပ်သောတဝက်တပျက်ကျွမ်းကျင်အလုပ်များ ( semi-skilled jobs)

---

၅။ ၄င်း စာမျက်နှာ-၁၁

မြေ့ကြောက်များ စွာကိုလမ်း ဖွင့်ပေး ပါသည်။ ယင်း အချက်နှင့်အမျိုး သမီး များ အတွက်လုပ်ခများ ဆက်လက်နိမ့်ကျ နေခြင်း သည်အလုပ် မြေ့ကြောက်များ စွာအတွက်အမျိုး သမီး များ ကိုငွေ ရမ်း ရန်အလုပ်ရှင်များ ကိုဖြစ်စေ ပါသည်။ အလုပ်အကိုင်များ ကိုအမျိုး သမီး များ သည် ရှေး ထုံး စဉ်လာအား ဖြင့်စာသင်ကြား ခြင်း ( teaching )၊ စာရေး လုပ်ခြင်း ( clerking ) နှင့်အခြား သော ကော်လာဖြူအလုပ်များ ( other white-collar jobs ) ဖြင့်ဖြည့် ပါသည်။ ယင်း အလုပ်အကိုင် များတွင် အခြား သောအလုပ်အကိုင်များ ထက်ပိုမိုလျှင်မြန် စွာကြီး ထွား လာ ပါ သည်။ ငယ်ရွယ် သောလူများ ဝင် ရောက်မှုနှုန်း ကျဆင်း ခြင်း သည်ပို ၍ လွယ်ကူ သောအလုပ် ရွေး ချယ်တခုအဖြစ်ပါဝင် ဆောင်ရွက်ခြင်း ဖြစ် ကောင်း ဖြစ်နိုင် ပါသည်။ ကာလတိုဦး တည်သည့်အလား အလာသည်အမျိုး သမီး များ အတွက် ငွေဝင် ကောင်း သောအလုပ်အကိုင်ရရှိရန်( remunerative employment ) ဖြစ်နိုင်ဖို့ပြုလုပ်ပြီး ဖြစ်ပါသည်။

ပြောင်း လဲနေ သောလူမှုရေး ဆိုင်ရာအပြုအမူ များ သည်လည်း အမျိုး သမီး များ ၏အလုပ်အကိုင်နယ်ပယ်များ ကိုကျယ်ပြန့် စေပါသည်။ ဝင်ငွေရရှိ သောအလုပ်( paying job ) တခုကိုလ ၍ ဖို့ရန်အမျိုး သမီး တယောက်အတွက်နိမ့်ကျ သောလူမှုရေး ဆိုင်ရာအ ဆင့် (inferior social position ) တခု၏လက္ခဏာတခုကိုတာ ရှည်သည့်သွင် ပဝဉ်း စား တော့ပေ။ ပို၍ သေး ငယ် သောမိသား စုများ တွင်ကလေး များ အတွက်တာဝန်၊ အိမ်ထောင်နှင့်ဆိုင် သော ထွေ ထွေရာရာကိစ္စတာ ဝန်များ နည်း သဖြင့်အိမ်ရှင်မများ ၏ နေ့စဉ်အိမ်တွင်လုပ် လေ့ရှိ သော အလုပ်များ ကို လျော့နည်း ရှင်း လင် စေပါသည်။ အခြား သောအချက် အ အလက်( factor ) မြေ့ကြောက်များ စွာသည်လည်း အိမ်၌အချိန်ကုန် နေမည့်

အိမ်ရှင်မ၏အချိန်ပမာဏကို လျော့စေပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဖြည့်ယူထားသော အမျိုးသမီးများ၏ စွမ်းအား တာဝန်ချထားမှုမြောက် များစွာသည်သူတို့၏လုပ်သားအင်အားတွင်ပါဝင်ဆောင်ရွက်မှုတိုးတက် ခြင်း၏နည်းလမ်းအဖြစ်ရပ်တည်နေသောအတားအဆီးများ ( barriers ) နှင့် ရှေးထုံးစဉ်လာများ ( traditions ) ကို သားနည်းစေပါသည်။

အမျိုးသမီးများအနေဖြင့်လင်ယူသားမွေးခြင်း သည် ရှေးထုံးစဉ်လာအားဖြင့်အလုပ်များကိုလက်ခံခြင်းအတွက်အဟန့်အ တားဖြစ်နေသောအဓိကကျသည့်လူမှုရေးဆိုင်ရာအတားအဆီးများ ( social obstacles ) ဖြစ်ပါသည်။ သူတို့၏တိုးတက်လာသော လုပ် သားဈေးကွက်လုပ်ငန်းရပ်မှာအိမ်ထောင်ပြုခြင်းနှင့်ကလေးများ ရှိခြင်းအချိုးအစားမြင့်တက်လာသော်ငြားလည်း ဖြစ်ပေါ်ပြီးဖြစ် ပါသည်။ ``အမေရိကန်နိုင်ငံတွင် ၁၉၄၀ ၌အမျိုးသမီးအားလုံး ၆၀% သည်အိမ်ထောင်ပြုခဲ့ပါသည်။ ၁၉၅၀ တွင် ၆၆% ရှိခဲ့ပါသည်။ အိမ်ထောင်ပြု ခဲ့သောအမျိုးသမီးများသည်ယခုအခါလုပ်သားအင်အားတွင်အမျိုးသ မီးအချိုး၌အတိတ်ကာလ ၁၉၄၀ တွင် ၃၆% နှင့် ၁၉၅၀ တွင် ၅၀% ကျော် သက်ပိုမိုများပြားသောအစိတ်အပိုင်းတခုကိုဖြစ်ပေါ်စေခဲ့ပါသည်။''[၆]

အမျိုးသမီးများအတွက်အလုပ်လုပ်သောဘဝ (working life) တွင်ကဏ္ဍ ၂-ရပ် ( two-phase ) ဟုသောအချက် နှင့်ပြောင်းလဲခဲ့သောဓလေ့ထုံးစံအလေ့အထများ ( customs ) ကိုယခုအခါလူမှုရေးအားဖြင့်ကျေနပ်သဘောကျခဲ့ပါသည်။ သူတို့၏ပညာ

---

၆။ ၄င်း စာမျက်နှာ ၁-၁၂

အိမ်ရှင်မ၏အချိန်ပမာဏကို လျော့စေပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဖြည့်ယူသောအမျိုးသမီးများ၏စွမ်းအား တာဝန်ချထားမှုဖြောက်များ စွာသည်သူတို့၏လုပ်သားအင်အားတွင်ပါဝင်ဆောင်ရွက်မှုတိုးတက်ခြင်း၏နည်းလမ်းအဖြစ်ရပ်တည်နေသောအတားအဆီးများ ( barriers )နှင့်ရှေးထုံးစဉ်လာများ ( traditions ) ကိုသားနည်းစေပါသည်။

အမျိုးသမီးများအနေဖြင့်လင်ယူသားမွေးခြင်းသည်ရှေးထုံးစဉ်လာအားဖြင့်အလုပ်များကိုလက်ခံခြင်းအတွက်အဟန့်အတားဖြစ်နေသောအဓိကကျသည့်လူမှုရေးဆိုင်ရာအတားအဆီးများ ( social obstacles )ဖြစ်ပါသည်။ သူတို့၏တိုးတက်လာသော လုပ်သားဈေးကွက်လုပ်ငန်းရပ်မှာအိမ်ထောင်ပြုခြင်းနှင့်ကလေးများရှိခြင်းအချိုးအစားမြင့်တက်လာသော်ငြားလည်းဖြစ်ပေါ်ပြီးဖြစ်ပါသည်။ ``အမေရိကန်နိုင်ငံတွင်၁၉၄၀၌အမျိုးသမီးအားလုံး၆၀%သည်အိမ်ထောင်ပြုခဲ့ပါသည်။ ၁၉၅၀တွင်၆၆%ရှိခဲ့ပါသည်။ အိမ်ထောင်ပြုခဲ့သောအမျိုးသမီးများသည်ယခုအခါလုပ်သားအင်အားတွင်အမျိုးသမီးအချိုး၌အတိတ်ကာလ၁၉၄၀တွင်၃၆%နှင့်၁၉၅၀တွင်၅၀%ကျော်သာ်ပိုမိုများပြားသောအစိတ်အပိုင်းတခုကိုဖြစ်ပေါ်စေခဲ့ပါသည်။''[၆]

အမျိုးသမီးများအတွက်အလုပ်လုပ်သောဘဝ(working life )တွင်ကဏ္ဍ၂-ရပ်( two-phase )ဟူသောအချက်နှင့်ပြောင်းလဲခဲ့သောဓလေ့ထုံးစံအလေ့အထများ ( customs ) ကိုယခုအခါလူမှုရေးအားဖြင့်ကျေနပ်သဘောကျခဲ့ပါသည်။ သူတို့၏ပညာ

---

၆။ ၄င်းစာမျက်နှာ-၁၂

ရေးပြည့်စုံပြီးနောက်၊ ငယ်ရွယ်သောအမျိုးသမီးများ အနက်အထူးသဖြင့် မြို့ပေါ် ဒေသများတွင် နေထိုင်သောအမျိုးသမီးများသည် လုပ်သားအင်အားသို့ဝင်ရောက်ခဲ့ပါသည်။ ယင်းတို့အနက်အများစုသည် အိမ်ထောင်ပြုခြင်းနှင့်ကလေးများမွေးပြီး နောက်အလုပ်မှထွက်ခွါသွားပါသည်။ သို့သော်သူတို့၏ကလေးများကျောင်းနေသည့်အရွယ်ရောက်သောအခါ အလုပ်သို့ပြန်လာကြပါသည်။ အသက် ၃၅ နှစ်မှ ၄၄ နှစ်အထိသည်လုပ်သားအင်အားတွင် အိမ်ထောင်ပြုသောအမျိုးသမီးများ အတွက်အများဆုံးသော အမျိုးအစားဖြစ်ပါသည်။ သို့သော်လည်း အချို့သည်အချိန်ပိုင်းအလုပ်သာ လျှင်လုပ်ပါသည်။ အများစုမှာအချိန်ပြည့်အလုပ်များ လုပ်ကြပါသည်။

(ခ) ကျေးလက်၊ မြို့ပြရွှေ့ပြောင်းမှု

ကြီးမားသော မြို့ကြီးပြကြီး ဒေသများ ကြီးထွားလာခြင်းသည် လုပ်သားအင်အား အရွယ်အစားနှင့်ဖွဲ့စည်းမှုအပေါ်၊ ထူးခြားအရေးပါသောအရှိန်တခုကိုရရှိစေပါသည်။ ``အမေရိကန်နိုင်ငံ ၁၉၂၀ တွင် ကျေးလက်လယ်ယာ၌နေထိုင်သူများသည်လူဦးရေ၏ ၃၀% ရှိပါသည်။ ယင်းအချိုးအစားသည် ၁၉၅၀ တွင် ၁၅% ထက်နည်းသည်အထိ ကျသွားပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း လယ်ယာများမှအဝေးသို့ ရွှေ့ပြောင်းမှုသည်လျှင်မြန်သောနှုန်းတခုနှင့်ဆက်လက်ဖြစ်ပေါ်နေပါသည်။ လာမည့်ဆယ်စုနှစ်များအတွက်လည်း ထိုသို့ပင်ဖြစ်ကောင်းဖြစ်လိမ်မည် ဖြစ်သည်။ `` ၇

---

၇။ ၄င်း စာမျက်နှာ ၁ - ၁၂။

ကျေးလက်ဒေသများတွင်ငယ်ရွယ်သောသူများနှင့် အသက်ကြီးသောသူများသည်မြို့ပေါ်ဒေသများတွင်ထက်လုပ်သားအင်အား၌ပိုမိုပါဝင်ခြင်း၏တစိတ်တပိုင်းမှာ ရရှိနိုင်သောအလုပ်သဘာဝကြောင့်လည်းကောင်း၊ တစိတ်တပိုင်းမှာ ကျေးလက်ဒေသများတွင်လွှမ်းမိုးနေသောလူမှုရေးဓလေ့ထုံးစံအလေ့အထများကြောင့်လည်းကောင်းဖြစ်ဟန်ရှိပေသည်။ သို့သော်လည်းသန်းခေါင်စာရင်းတွက်ချက်မှုများအရ၊လုပ်သားအင်အားတွင်အမျိုးသမီးအချိုးအစားသည် ကျေးလက်ဒေသများတွင်ပိုမိုနည်းပါးသည်။ ဤနည်းအားဖြင့် ကျေးလက်များမှမြို့ပေါ်ဒေသများသို့လူဦးရေရွှေ့ပြောင်းမှုများသည်လုပ်သားဈေးကွက်တွင်ငယ်ရွယ်သူများနှင့်အသက်ကြီးသူများပို၍နည်းပါးသည်။ သို့သော်လည်းအသက် ၂၅ နှစ်မှ ၅၀ ကြားအမျိုးသမီးများပိုမိုရွှေ့ပြောင်းပါသည်။ အသားတင်အကျိုးသက်ရောက်မှုမှာ လုပ်သားအင်အားတွင်တိုးတက်ရန်ဖြစ်ပါသည်။

သို့ဖြစ်လျှင်ကာလရှည်၌လုပ်သားအင်အားကြီးထွားမှုသည်လူဦးရေကြီးထွားမှုအပေါ်မှီခိုနေပါသည်။ သို့သော်လည်းယင်း ၂ - ခု၏ကြီးထွားမှုနှုန်းများတူညီနိုင်မည်မဟုတ်ပေ။ ယင်းသည်ငယ်ရွယ်သောသူများ၊ အသက်ကြီးသောသူများနှင့်အမျိုးသမီးများ၏ပြောင်းလဲနေသောလုပ်ဆောင်မှုများအားဖြင့်ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ များစွာမပြောင်းလဲဘဲကျန်ရှိနေမည့်လုပ်သားအင်အားအတွက်အရေးကြီးသောအရှုံးထုံးစည်လာတခုမှာ ခင်ပွန်းယောက်ျားများနှင့်ဖခင်သည့်သူ၏မိသားစုစားဝတ်မှုလဝင်ငွေရှာဖွေလုပ်ကိုင်သူများ( breadwinner ) ဖြစ်လိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏လုပ်သားအင်အား၏အပြည့်အဝဖြစ်သောဗဟိုမဏ္ဍိုင်သည်အသက် ၂၅ နှစ်နှင့် ၆၅ နှစ်ကြားအမျိုးသားများ၏ပါဝင်ဆောင်ရွက်မှုသည် ပြောင်းလဲနေသောအခြားအုပ်စုများနှင့်အတူဆက်

လက်ဖြစ်ပေါ်နေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ဤပြောင်းလဲမှုများသည် အနာဂတ်ကာလတွင်တိတိကျကျကာမိစေလိမ့်မည်ဟုတ်မဟုတ်၊ လုပ်သားအင်အားသည်လူဦးရေ၏ပုံသေအချိုးတစ်ခုအဖြစ်ဆက်လက်ဖြစ်နေလိမ့်မည်ဟုတ်မဟုတ်ကိုအသေအချာကြိုတင်မပြောနိုင်ပေ။

## အခန်း ( ၅ )

## စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

ဤအခန်း၌စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုး တိုး တက်မှုကို ၁၉၁၁ ခုနှစ်နှင့် ၁၉၂၁ ခုနှစ်များ အတွက်တင်ပြမည်ဖြစ်ပါသည်။ ယင်း သို့တင်ပြရာတွင်စက်မှုကဏ္ဍသတ်မှတ်ချက်အရ ( ၁ ) တွင်း ထွက်ဓါတ်သတ္တုနှင့် ကျောက်တူး ဖော်ခြင်း လုပ်ငန်း များ ( ၂ ) ထုတ်လုပ်ရေး လုပ်ငန်း များ ( ၃ ) လျှပ်စစ်ဓါတ်အား ၊ ဓါတ်ငွေ့ ၊ ရေ နှင့် သန့်ရှင်း ရေး လုပ်ငန်း များ နှင့် ( ၄ ) အမှန်တကယ်ပို့ဆောင်ဆက်သွယ်ရေး နှင့်သိုလှောင်ရေး လုပ်ငန်း များ ဖြစ်သည့်ယင်း ကဏ္ဍ ( ၄ ) မျိုး မပါဝင်သော်လည်း ကျမ်း စာ၏ဤအခန်း တွင်စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုး တိုး တက်မှုကိုတင်ပြရာ၌ ပိုမိုပြည့်စုံမှုရှိစေ ရန် သတ္တုတွင်း များ ၊ ကျောက်မျက်ရတနာတွင်း များ ၊ လျှပ်စစ်ဓါတ်အား နှင့် လျှပ်စစ်ပစ္စည်း ပြုပြင်မှုလုပ်ငန်း များ ၊ စက်မှုကုန်ကြမ်း သီး နှံစိုက်ပျိုး ခြင်း လုပ်ငန်း များ နှင့်ဖန်နှင့် မြေထည်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း များ ကိုပါထည့်သွင်း တင်ပြထား ပါသည်။ ထို့ပြင်အဆောက်အဦး ဆောက်လုပ်ရာ တွင်အသုံး ပြုသည့်ထုံး ၊ ကျောက်နှင့်အင်္ဂတေထုတ်လုပ်ခြင်း လုပ်ငန်း များ နှင့် ဆောက်လုပ် ရေး ဆိုင်ရာအင်ဂျင်နီယာလုပ်ငန်း များ ကိုပါထည့်သွင်း ဖော်ပြထား ပါသည်။

စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုး တက်မှုကိုတင်ပြရာတွင် အောက်ပါအဆိုပြုချက်များ အတိုင်း အပိုင်းများ ခွဲခြား ၍တင်ပြမည်ဖြစ်ပါသည်။

(၁) နည်းပညာတိုးတက်မှုကြောင့် ၁၉၂၁–ခုနှစ်တွင်တည်ရှိပြီး စက်မှုလုပ်ငန်းများ တိုးတက်များပြားလာပြီး၊ လုပ်ငန်းသစ်များလည်း ပေါ်ပေါက်လာခြင်း၊

(၂) စက်မှုလုပ်ငန်းတည်နေရာများ ပြန့်နှံ့လာခြင်း သည် ဒေသဖွံ့ဖြိုးမှုအသွင်သဏ္ဍာန်ကို ဆောင်ခြင်း၊

(၃) စက်မှုလုပ်ငန်းများတွင်လုပ်သားအင်အားတိုးတက်မှုနှင့် လုပ်သားအမျိုးအစားများ၊

(၄) စက်မှုလုပ်ငန်းများ၏ပိုင်ဆိုင်မှု၊ အရွယ်အစားနှင့် စက်စွမ်းအားအသုံးပြုမှုတိုးတက်မှုများ စသည်တို့ကိုတင်ပြမည်ဖြစ်ပါသည်။

၁၉၂၁–ခုနှစ်တွင်တည်ရှိပြီး စက်မှုလုပ်ငန်းများ တိုးတက်များပြားလာပြီး၊ လုပ်ငန်းသစ်များလည်း ပေါ်ပေါက်လာခြင်းကြောင့်နည်းပညာတိုးတက်မှုရှိလာသည်ဟုဆိုနိုင်ပါသည်။ ၁၉၁၁–ခုနှစ်မြန်မာနိုင်ငံတွင်အခြေခံကျလှသောစား သောက်ကုန်စက်မှုလုပ်ငန်းဖြစ်သည့်ဆန်စက်နှင့်သစ်လုပ်ငန်း၊ ရေနံတွင်းတူးလုပ်ငန်းများကိုသာအဓိကလုပ်ကိုင်ခဲ့ကြပါသည်။ ၁၉၂၁–ခုနှစ်တွင်မူအထူးသဖြင့်၊ ဓါတုဗေဒထွက်ကုန်ပစ္စည်းများနှင့်သက်ဆိုင်သောစက်မှုလုပ်ငန်းများတွင် ရေခဲနှင့်ဘိလပ်ရည်လုပ်ငန်း၊ ရေနံချက်လုပ်ငန်း၊ ပိုက်လိုင်းသွယ်လုပ်ငန်းများ၊ များစွာတိုးတက်ခဲ့ရုံသာမက၊ ဆားချက်လုပ်ငန်း၊ ဆေးဆိုးလုပ်ငန်း၊ ဓါတုဗေဒဆေးပစ္စည်းနှင့်ဆေးဝါးလုပ်ငန်း၊ နှင့်ဟင်းသီးဟင်းရွက်ဆီစက်ရုံလုပ်ငန်းများသည်အသစ်ပေါ်ပေါက်လာသောကြောင့်၊ ယင်းကိုကြည့်ခြင်းအားဖြင့်ဓါတုဗေဒဆိုင်ရာ၊ နည်းပညာများ၊ မြန်မာနိုင်ငံသို့ရောက်ရှိတိုးတက်လာခဲ့သည်ဟု ဆိုနိုင်ပေသည်။

ထို့အတူ စားသောက်ကုန်စက်မှုလုပ်ငန်းတွင်လည်း ဆန်စက်အပြင်၊ ဂျုံစက်၊ ဘီစကွတ်မုန့်လုပ်ငန်း၊ မုန့်ဖုတ်နှင့်မုန့်တိုက်လုပ်ငန်း၊ နို့စားနွားမွေးမြူရေးခြံလုပ်ငန်း၊ သကြားချက်လုပ်ငန်း၊ ဆေးရွက်ကြီး၊ ဆေးပြင်းလိပ်နှင့်စီးကရက်စက်ရုံလုပ်ငန်းများနှင့်ပတ်သက်သောနည်းပညာများ၊ အထူးထွက်ကုန်များနှင့် ပတ်သက်၍ ရာဘာအပြင်၊ ကော်ဖီ၊ ဆင်ကိုနာ၊ ပရုပ်နှင့်ကြံစသော စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးမှုနည်းလမ်းများ၊ ပို့ဆောင်ဆက်သွယ်ရေးပစ္စည်းတည်ဆောက်ခြင်းလုပ်ငန်းဖြစ်သည့် ဓါတ်ရထားလမ်းလုပ်ငန်း၊ မြင်းရထားတွဲတည်ဆောက်ခြင်းလုပ်ငန်းနှင့် မော်တော်ကားလုပ်ငန်းများနှင့်ပတ်သက်သောနည်းပညာများ၊ သစ်စက်များ၊ ချည်ထည်နှင့်ပိုးထည်စက်မှုလုပ်ငန်းများနှင့်ပတ်သက်သောနည်းပညာများလည်း တိုးတက်မှုရှိလာကြောင်း လေ့လာနိုင်ပါသည်။

ထို့ပြင် တိရစ္ဆာန်သားရေနှင့်အရိုး စက်မှုလုပ်ငန်း အဝတ်အထည်လုပ်ငန်းများ၊ ပရိဘောဂလုပ်ငန်းများနှင့် အဆောက်အဦးသုံးပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ၊ အခြားသောစက်မှုလက်မှုလုပ်ငန်းများဖြစ်သည့် စာပုံနှိပ်စက်နှင့်စာအုပ်ချုပ်လုပ်ငန်းများ၊ ဓါတ်ပုံလုပ်ငန်းများ၊ တူရိယာပစ္စည်းလုပ်ငန်းများ၊ ယပ်တောင်လုပ်ငန်းများနှင့် စက္ကူဗူးလုပ်ငန်းများ စသည်တို့နှင့် ပတ်သက်သောစက်မှုလက်မှုနည်းပညာများလည်း တိုးတက်ခဲ့ကြောင်းကို လေ့လာနိုင်ပါသည်။

စက်မှုလုပ်ငန်းတည်နေရာများ ပြန့်နှံ့လာခြင်းသည် ဒေသဖွံ့ဖြိုးမှုအသွင်သဏ္ဌာန်ကို ဆောင်ပေသည်။ စက်မှုလုပ်ငန်းများသည် တနေရာတည်း၌ စုစည်းမနေဘဲ၊ မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသအနှံ့အပြားတွင် တည်ရှိလာခြင်းသည် ဒေသဖွံ့ဖြိုးမှုကို

ဖြစ်စေပေသည်။ စက်မှုလုပ်ငန်းတည်နေရာများ ရွေးချယ် သတ်မှတ်ရာတွင်ပထဝီဝင်အကြောင်းခြင်းရာများ အပြင်လူမှုစီးပွါးရေး အချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။ ယခုစစ်ကြို ခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင်၁၉၂၁-ခုနှစ် ခွဲပြည်နယ်နှင့်တိုင်း (၉)ခုခွဲခြားထားပေရာမြန်မာပြည်၏အချက်အချာကျသောရန်ကုန်ဒေသ၊ မန္တလေးဒေသ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့်ကမ်းရိုးတန်းဒေသများ၊ အခြားပြည်နယ်နှင့်တိုင်းဒေသများတွင်စက်မှုလုပ်ငန်းများပြန့်နှံ့တည်ရှိမှုကို လေ့လာနိုင်ပါသည်။ အထူးသဖြင့်ရန်ကုန်၊ မန္တလေးကဲ့သို့သောမြို့ကြီးများတွင်သာမက၊ အခြားပြည်နယ်နှင့်တိုင်းအသီးသီးရှိခရိုင်များ၊ မြို့နယ်များတွင်လည်း စက်မှုလုပ်ငန်းများပြန့်နှံ့မှုရှိမရှိကို လေ့လာနိုင်ပါသည်။

၁၉၁၁-ခုနှစ်မှ ၁၉၂၁-ခုနှစ်အတွင်း တည်ရှိပြီး စက်မှုလုပ်ငန်းအမျိုးအစားများ တိုးတက်များပြားလာသည့်နည်းတူ စက်မှုလုပ်ငန်းသစ်များလည်း ပေါ်ပေါက်လာခဲ့၍စက်မှုလုပ်ငန်းအရွယ်အစားများလည်းကြီးမားလာသောကြောင့်စက်မှုလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်နေသောလုပ်သားအင်အားပမာဏသည်လည်းတိုးတက်လာပါသည်။ လုပ်သားအင်အားပမာဏတိုးတက်မှုတွင်စုစုပေါင်းလူဦးရေ၌ စက်မှုလုပ်သားအရေအတွက်တိုးတက်မှု၊ လုပ်သားအင်အားစုစုပေါင်းတွင် - စက်မှုလုပ်သားအရေအတွက်တိုးတက်မှုတို့ကို လေ့လာနိုင်ပါသည်။ ယင်းလုပ်သားအင်အားပမာဏတွင်လည်း လုပ်သားအမျိုးအစားများအနေဖြင့်စီမံခန့်ခွဲသူများအပိုင်းသွမန်နေရာများ၊ ကြီးကြပ်သူများ၊တတ်ကျွမ်းသူများနှင့်စာရေးလုပ်သားများပါဝင်ပြီး၊ ကျွမ်းကျင်လုပ်သားများနှင့်မကျွမ်းကျင်လုပ်သားဟူ၍လည်း ပါဝင်ပါသည်။ ပါဝင်လုပ်ကိုင်နေသော်

လုပ်သားအမျိုးအစားများတွင်တိုင်းရင်းသားလူမျိုးများ၊အခြားအာရှတိုက်သားများ၊ ဥရောပသားများနှင့်အင်္ဂလိုအင်ဒီယန်းများပါဝင်ကြပါသည်။ ထို့ကြောင့်လုပ်သားအမျိုးအစားအလိုက်ပြောင်းလဲတိုးတက်မှု၊ လူမျိုးအလိုက်ပြောင်းလဲတိုးတက်မှုနှင့်ကျား မလုပ်သားအလိုက်ပြောင်းလဲတိုးတက်မှုများကိုလည်း လေ့လာနိုင်ပါသည်။ ထို့ပြင်ထူးခြားချက်ရှိသောစက်မှုလုပ်ငန်းတစ်ခုချင်းအလိုက်လုပ်သားအင်အားပမာဏတိုးတက်မှုကိုလည်း လေ့လာနိုင်ပါသေးသည်။

၁၉၂၁-ခုနှစ်တွင်စက်မှုလုပ်ငန်းများ၏ပိုင်ဆိုင်မှု၊ အရွယ်အစားနှင့်စက်စွမ်းအားအသုံးပြုမှုတိုးတက်ခြင်းများနှင့်ပတ်သက်၍လည်း လေ့လာနိုင်ပါသည်။ ယင်းတွင်စက်မှုလုပ်ငန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအနေအထားကိုလူမျိုးအလိုက်ပိုင်ဆိုင်မှု၊ ပုဂ္ဂလိကနှင့်အစိုးရပိုင်ဆိုင်မှုနှင့်စီမံခန့်ခွဲသူအလိုက်အနေအထားများကိုခွဲခြားလေ့လာနိုင်ပါသည်။ ထိုသို့တင်ပြရာတွင်ကာလ၂-ခုလုံး၌ ၊ စက်မှုလုပ်ငန်းအားလုံးအတွက်အချက်အလက်များမရရှိနိုင်၍ ရွေးချယ်ထားသောစက်မှုလုပ်ငန်းများအတွက်သာနှိုင်းယှဉ်လေ့လာနိုင်ပါသည်။ ထို့ပြင်၁၉၁၁နှင့်၁၉၂၁-ခုနှစ်၌စက်မှုလုပ်ငန်းအားလုံးကိုစက်ရုံအရွယ်အစားနှင့်စက်စွမ်းအားအသုံးပြုမှုတိုးတက်ခြင်းအတွက်လည်း လေ့လာနိုင်ပါသည်။ ၁၉၂၁-ခုနှစ်တွင်အရွယ်အစားကြီးမားသောစက်မှုလုပ်ငန်းများတိုးတက်လာမှုရှိမရှိကိုလေ့လာရာတွင်အရွယ်အစား (၆) မျိုးထိခွဲခြားလေ့လာနိုင်ပါသည်။ စက်ရုံအရွယ်အစားကိုလုပ်သားအင်အားပမာဏဖြင့်ဖော်ပြထားပါသည်။ ထို့အတူစက်စွမ်းအားအသုံးပြုမှုအရေအတွက်နှင့်အသုံးမပြုသောအရေအတွက်တိုးတက်လာမှုတို့ကိုလည်း ခွဲခြားလေ့လာနိုင်ပါသည်။

(၁) <u>နည်းပညာတိုးတက်မှုကြောင့် ၁၉၂၁–ခုနှစ်တွင်တည်ရှိပြီးစက်မှုလုပ်ငန်းများ တိုးတက်များပြားလာပြီး လုပ်ငန်းသစ်များလည်း ပေါ်ပေါက်လာခြင်း</u>

၁၉၁၁ နှင့် ၁၉၂၁–ခုနှစ် ရှိစက်မှုလုပ်ငန်း အမျိုးအစား၊ အရေအတွက်နှင့်တိုးတက်မှုရာနှုန်းများကို ဇယား (၅–၁) တွင် ဖော်ပြထားပါသည်။ ယင်းတွင် ဖော်ပြချက်များအရ စက်မှုလုပ်ငန်း အမျိုးအစားပေါင်း (၁၆) ခုရှိပါသည်။ ယင်း (၁၆) ခုကို အသေးစိတ်လေ့လာရာတွင် (၁) အထူးထွက်ကုန်များ စိုက်ပျိုးခြင်းတွင် စက်မှုကုန်ကြမ်းများအတွက် ရာဘာ၊ ကော်ဖီ၊ ကြံ၊ ဆင်ကိုနာနှင့် ပရုပ် စိုက်ပျိုးခြင်းများ ပါဝင်ပါသည်။ (၂) သတ္တုတွင်းများ၌ ရေနံတွင်းများ၊ သံဖြူနှင့်ခဲမဖြူအဖြိုက်နက်တွင်းများ၊ ခဲသတ္တုတွင်းများ၊ ခဲပုပ်နှင့်အခြား သတ္တုတွင်းများ ပါဝင်ပါသည်။ (၃) ကျောက်မျက်ရတနာတွင်းများတွင်လည်း ပတ္တမြား၊ ကျောက်စိမ်းနှင့်အခြား ကျောက်မျက်ရတနာတွင်းများ ပါဝင်ပါသည်။

(၄) ချည်ထည်စက်မှုလုပ်ငန်းများတွင်၊ ဝါဖန်၊ ဝါသန့်နှင့် ဝါကြိတ်စက်များ၊ ချည်ထည်နှင့်ပိုးထည်ယက်လုပ်ခြင်းများနှင့် ကြိုးစက်ရုံများ ပါဝင်ပါသည်။ (၅) သစ်နှင့်သစ်ထွက်ပစ္စည်း စက်မှုလုပ်ငန်းများတွင် လွှစက်နှင့်သစ်စက်များ၊ လက်သမားလုပ်ငန်းများ ဖြစ်ပါသည်။ (၆) တိရစ္ဆာန်သားရေနှင့်အရိုး စက်မှုလုပ်ငန်းတွင် သားရေနယ်ခြင်း၊ သားရေပစ္စည်းလုပ်ငန်းနှင့်အရိုး စက်ရုံများ ဖြစ်ပါသည်။ (၇) သတ္တုစက်မှုလုပ်ငန်းများတွင်သံသွန်းစက်ရုံ၊ လက်နက်ခဲယမ်းကရိယာထုတ်လုပ်ခြင်း၊ စက်မှုနှင့်အင်ဂျင်နီယာအလုပ်ရုံ၊ မြူနီစပါယ်အလုပ်ရုံ၊ ခဲသန့်စင်ကြိုချက်အလုပ်ရုံ၊ သံနှင့်သံမဏိလုပ်ငန်းများ

ပါဝင်ပေသည်။ (၈) ဖန်နှင့်မြေထည်ပစ္စည်း လုပ်ငန်း များ တွင် ၊ အုတ်နှင့်အုတ်ကြွပ်စက်ရုံ နှင့်အိုး လုပ်ငန်း များ တို့ဖြစ်ပါသည်။

(၉) ဓါတုဗေဒထွက်ကုန်ပစ္စည်း များ နှင့်သက်ဆိုင်သောစက်မှုလုပ်ငန်း များ တွင် ရေခဲနှင့်ဘိလပ်ရည်စက်ရုံ၊ ရေနံနှင့်ချိတ်ကြိုချက်စက်ရုံ၊ ဆား ချက်လုပ်ငန်း ၊ ဆေး ဆိုး လုပ်ငန်း ၊ ဓါတုဗေဒ ဆေး ပစ္စည်း နှင့်ဆေး ဝါး လုပ်ငန်း များ ၊ ဟင်း သီး ဟင်း ရွက်ဆီစက်ရုံများ ဖြစ်ပါသည်။ (၁၀) စား သောက်ကုန်စက်မှုလုပ်ငန်း များ တွင်ဆန်စက်များ ၊ ဂျုံစက်များ ၊ ရေပေး လုပ်ငန်း များ၊ အရက်ချက်စက်ရုံ၊ ဘီစကွတ်မုန့်လုပ်ငန်း ၊ မုန့်ဖုတ်လုပ်ငန်း နှင့်မုန့်တိုက်များ ၊ နို့စား နွား မွေး မြူရေး ခြံလုပ်ငန်း ၊ အမဲသတ်လုပ်ငန်း၊ သကြား ချက်လုပ်ငန်း များ နှင့် ဆေး ရွက်ကြီး ၊ ဆေး ပြင်း လိပ် နှင့် စီး ကရက်စက်ရုံလုပ်ငန်း များ ဖြစ်ပါသည်။

(၁၁) ပို့ဆောင်ဆက်သွယ်ရေး ပစ္စည်း များ တည်ဆောက်ခြင်း လုပ်ငန်း တွင်မီး ရထား အလုပ်ရုံ၊ မီး ရထား စက်ခေါင်း ပြင်ရုံ၊ မီး ရထား ဆက်သွယ်ရေး အလုပ်ရုံ၊ သင်္ဘောကျင်း နှင့်အုပ်ချုပ်မှုလုပ်ငန်း များ ၊ ရေကြောင်း အလုပ်ရုံ၊ ကြေး နန်း နှင့်တယ်လီဖုန်း လုပ်ငန်း ၊ စာတိုက်လုပ်ငန်း ၊ ဓါတ်ရထား လမ်း လုပ်ငန်း ၊ ဘီတား ဆောက်လုပ်ခြင်း လုပ်ငန်း ၊ မြင်း ရထား တွဲတည်ဆောက်ခြင်းလုပ်ငန်း မော်တော်ကား လုပ်ငန်း များ နှင့်လမ်း ခင်း ကျောက်ထုတ်လုပ်ခြင်း လုပ်ငန်း တို့ဖြစ်ပါသည်။

ဇယား ( ၅-၁)

၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်ရှိစက်မှုလုပ်ငန်း အမျိုး အစား၊ အရေ
အတွက်နှင့်တိုး တက်မှုနှုန်း ကို ဖော်ပြသောဇယား

| | လုပ်ငန်း အမျိုး အစား | လုပ်ငန်းအရေ အတွက် | | ၁၉၁၁ ခုနှစ် မှ ၁၉၂၁ခုနှစ် အတွင်းတိုးတက် မှုရာ နှုန်း |
|---|---|---|---|---|
| | | ၁၉၁၁ | ၁၉၂၁ | |
| | လုပ်ငန်း စုစု ပေါင်း | ၃၅၀ | ၁၁၉၀ | ၂၄၂ |
| ၁ | အထူး ထွက်ကုန်များစိုက်ပျိုးခြင်း [၁] | ၁၀ | ၄၄ | ၃၄၀ |
| ၂ | သတ္တုတွင်း များ [၂] | ၃၀ | ၆၉ | ၀၂ |
| ၃ | ကျောက်မျက်ရတနာတွင်းများ [၃] | ၁၄ | ၁၆ | ၁၄ |
| ၄ | ချည်ထည်စက်မှုလုပ်ငန်း များ [၄] | ၆ | ၃၉ | ၅၅၀ |
| ၅ | သစ်နှင့်သစ်ထွက်ပစ္စည်း စက်မှု လုပ်ငန်း များ [၅] | ၀၂ | ၁၅၀ | ၀၃ |
| ၆ | တိရစ္ဆာန်သား ရေနှင့်အရိုး စက်မှုလုပ်ငန်း များ [၆] | | ၁၅ | |
| ၇ | သတ္တုစက်မှုလုပ်ငန်း များ [၇] | ၁၁ | ၃၂ | ၁၉၁ |
| ၈ | ဖန်နှင့် မြေထည်ပစ္စည်း စက်မှု လုပ်ငန်း များ [၈] | ၂ | ၀၃ | ၄၀၅၀ |
| ၉ | ဓါတုဗေဒထွက်ကုန်ပစ္စည်းများနှင့် သက်ဆိုင်သောစက်မှုလုပ်ငန်းများ [၉] | ၁၂ | ၀၃ | ၅၉၂ |

၁။ Growing of special products.
၂။ Mines.
၃။ Quarries of Hard Rocks.
၄။ Textile Industries.
၅။ Wood and Allied Industries.
၆။ Leather and Bone.
၇။ Metal Industries.
၈။ Glass and Earthen Ware Industries.
၉။ Industries Connected with chemical products.

ဇယား ( ၅-၁ ) အဆက်

| | လုပ်ငန်းအမျိုးအစား | လုပ်ငန်း အရေအတွက် | | ၁၉၁၁ ခုနှစ်မှ ၁၉၂၁ ခုနှစ် အတွင်းတိုးတက်မှု ရာနှုန်း |
|---|---|---|---|---|
| | | ၁၉၁၁ | ၁၉၂၁ | |
| ၁၀ | စား သောက်ကုန်စက်မှု လုပ်ငန်း များ [၁၀] | ၁၅၅ | ၄၈၂ | ၂၁၁ |
| ၁၁ | ပို့ဆောင်ဆက်သွယ်ရေးပစ္စည်း များတည်ဆောက်ခြင်း [၁၁] | ၁၀ | ၄၁ | ၃၁၀ |
| ၁၂ | လျှပ်စစ်ဓါတ်အား နှင့်လျှပ်စစ် ပစ္စည်း ပြင်အလုပ်ရုံ [၁၂] | ၂ | ၅ | ၁၅၀ |
| ၁၃ | အဝတ်အထည်လုပ်ငန်းများ [၁၃] | | ၄၈ | |
| ၁၄ | ပရိဘောဂလုပ်ငန်းများ [၁၄] | | ၁၂ | |
| ၁၅ | အဆောက်အဦး သုံး ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း [၁၅] | | ၁၇ | |
| ၁၆ | အခြားစက်မှုလုပ်ငန်းများ [၁၆] | ၈ | ၆၂ | ၆၇၅ |

၁၀။ Food Industries.

၁၁။ Construction of means of Transport or Communication.

၁၂။ Electricity and Electric Work-Shop.

၁၃။ Clothing.

၁၄။ Furniture.

၁၅။ Building.

၁၆။ Other Industries.

(၁၂) လျှပ်စစ်ဓါတ်အား နှင့်လျှပ်စစ်စက်ပစ္စည်း ပြင်လုပ်ငန်း များ တွင်လျှပ်စစ်ဓါတ်အား ပေး ရုံနှင့်လျှပ်စစ် စက် ပစ္စည်း ပြင်အလုပ် ရုံတို့ဖြစ်ပါသည်။ (၁၃) အဝတ်အထည်လုပ်ငန်းများ တွင်အင်္ကျီချုပ်လုပ်ငန်း ၊ ဝတ်စုံနှင့်ဦး ထုတ်လုပ်ငန်း ၊ ဘိနပ်နှင့် ထီး လုပ်ငန်း များ ဖြစ်ပါသည်။ (၁၄) ပရိဘောဂလုပ်ငန်း များနှင့် (၁၅) အဆောက်အဦး သုံး ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်း များ တွင် စကျင်ကျောက်၊ အင်္ဂတေနှင့်ထုံး ထုတ်လုပ်ခြင်း လုပ်ငန်း များ ၊ မြွန် တပ်ဆင်ခြင်း နှင့်သန့်ရှင်း ရေး လုပ်ငန်း ၊ ဆောက်လုပ်ရေး ဆိုင် ရာအင်ဂျင်နီယာလုပ်ငန်း များ ဖြစ်ပါသည်။ (၁၆) အခြားစက်မှု လုပ်ငန်း များ တွင်စာပုံနှိပ်စက်များ ၊ ရွှေပန်း တိမ်၊ ငွေပန်းတိမ် နှင့် ကျောက်မျက်ရတနာ ရောင်း ဝယ် ရေး လုပ်ငန်း များ ၊ စာအုပ် ချုပ်လုပ်ငန်း များ ၊ ဓါတ်ပုံလုပ်ငန်း ၊ တူရိယာပစ္စည်း အလုပ်ရုံ၊ယပ် တောင်လုပ်ငန်း ၊ သစ်နှင့်ငင်စွယ်ပန်း ပုလုပ်ငန်း နှင့်စက္ကူဗူးလုပ် ငန်း တို့ဖြစ်ပါသည်။

ဇယား(၅-၁) တွင် ဖော်ပြချက်များ အရ၊ ၁၉၁၁ ခုမှ ၁၉၂၁ ခုနှစ်အတွင်း စက်မှုလုပ်ငန်း တိုး တက်မှုများ ကိုကြည့်လျှင် ၁၉၁၁-ခုတွင်စုစု ပေါင်း စက်မှုလုပ်ငန်း အရေအတွက် ၃၅၀ ရှိ၍ ၊ ၁၉၂၁-ခုတွင်၊ ၁၁၉၀-ခုထိတိုး တက်လာပြီး ၊ တိုး တက်မှုရာနှုန်း မှာ ၂၄၂ % ရှိကြောင်း တွေ့ရပါသည်။ စက်မှုလုပ်ငန်း များ အ နက်တိုး တက်မှုရာနှုန်း အများ ဆုံး လုပ်ငန်း မှာဖန်နှင့် မြေထည် - ပစ္စည်း စက်မှုလုပ်ငန်း ဖြစ်ပါသည်။ ၁၉၁၁-ခုတွင် ၂*ခုသာရှိ ပြီး

---

*အုတ်နှင့်အုတ်ကြွပ်လုပ်ငန်း များ သာစာရင်း ကောက်ယူခဲ့ပြီး ၊ အိုး လုပ်ငန်း များ ကိုထည့်သွင်း ခဲ့ဟန်မတူပေ။

၁၉၂၁-ခုတွင်မူအိုး လုပ်ငန်း ၁၁-ခုအပါအဝင်၊ ၈၃-ခုထိရှိလါ၍ တိုး တက်မှုရာ ခိုင်နှုန်း မှာ ၄၀၅၀ % ထိရှိပါသည်။ သို့ဖြစ်၍ ဘုတ် နှင့် ဘုတ်ဆြိပ်စက်မှုလုပ်ငန်း များ အများ အပြား တိုး တက်လာ၍ ၁၉၂၁ တွင်အ ကောက်အဦး တည် ဆောက်ခြင်း လုပ်ငန်း များ ပိုမိုများ ပြား လာခဲ့ဟန် ရှိပါသည်။

ဒုတိယတိုး တက်မှုနှုန်း အများ ဆုံး လုပ်ငန်း မှာ ဓါတုဗေဒထွက်ကုန်ပစ္စည်း များ နှင့်သက်ဆိုင် သော စက်မှုလုပ်ငန်းများ ဖြစ်ပါသည်။ ၁၉၁၁-ခုတွင် ၁၂-ခုရှိပြီး ၁၉၂၁-ခုနှစ်တွင်၈၃- ခုထိရှိလာ၍တိုး တက်မှုရာ ခိုင်နှုန်း မှာ၅၉၂ % ဖြစ်ပါသည်။ ယင်း တွင် ရေခဲနှင့်ဘီလပ်ရည်လုပ်ငန်း များ ၊ ရေနံချက်လုပ်ငန်းနှင့်ပိုက် လိုင်း သွယ်လုပ်ငန်း များ အရေအတွက်မှာများ စွာတိုး တက်ခဲ့ ပြီး ၊ အား ချက်လုပ်ငန်း ၃-ခု၊ ဆေး ဆိုး လုပ်ငန်း ၄-ခု၊ ဓါတုဗေဒ ဆေး ပစ္စည်း နှင့် ဆေး ဝါး လုပ်ငန်း ၄-ခုနှင့်ဟင်း သီး ဟင်း ရွက်ဆီ စက်ရုံ၃၇-ခုတို့မှာ ၁၉၂၁-ခုနှစ်တွင်မှသာအသစ် ပေါ် ပေါက်လာ ခဲ့ခြင်း ဖြစ်ပါသည်။

တတိယတိုး တက်မှုနှုန်း အများ ဆုံး လုပ်ငန်း မှာ၊ ချည်ထည်စက်မှုလုပ်ငန်း ဖြစ်ပါသည်။ ၁၉၁၁-ခုတွင် ၆-ခုမှ ၁၉၂၁- ခုတွင်၃၉-ခုထိရှိလာပါသည်။ တိုး တက်မှုရာ ခိုင်နှုန်း အား ဖြင့်၅၅၀ % ရှိပါသည်။ ဝါဖန်၊ ဝါသန့်နှင့်ဝါကြိတ်စက်များ မှာ၊ ၁၉၁၁-ခု နှစ် တွင်၅-ခုမှ ၁၉၂၁-ခုနှစ်တွင်၂၄-ခုထိသို့လည်း ကောင်း ၊ချည်ထည် ယက်လုပ်ခြင်း လုပ်ငန်း ၆-ခုနှင့်ပိုး တည်ယက်လုပ်ခြင်း လုပ်ငန်း ၅ ခုမှာ၊ ၁၉၁၁-ခုနှစ်၌မတွေ့ရှိရဘဲ၊ ၁၉၂၁-ခုနှစ်တွင်မှသာတွေ့ ရပါသည်။ ကြိုး စက်ရုံများ မှာမူ၁၉၁၁-ခုတွင်၁-ခုမှ ၁၉၂၁-ခု တွင်၄-ခုထိရှိလာပါသည်။

တိုးတက်မှုနှုန်း အနည်းဆုံး လုပ်ငန်း များ မှာ၊ ပတ္တမြား၊ ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာတွင်း များ ဖြစ်၍ ၁၄ % သာတိုးတက်မှုရှိပါသည်။ ဒုတိယတိုးတက်မှုအနည်းဆုံး လုပ်ငန်း မှာသတ္တုတွင်း များ ဖြစ်၍၊ ရာခိုင်နှုန်း အား ဖြင့် ၈၂ % သာ တိုးတက်မှုရှိပါသည်။ ယင်း တွင် ရေနံတွင်း အနည်း ငယ်နှင့်သံဖြူ၊ ခဲမဖြူနှင့်အဖြိုက်နက်သတ္တုတွင်း များ သာ များ စွာတိုး တက်ခဲ့ပါသည်။ ထို့ပြင် ကြေး နီနှင့် ကျောက်မီး သွေး တွင်း ၁ - ခု စီလည်း ပေါ် ပေါက်လာခဲ့ပါသည်။ တတိယအနည်း ဆုံး လုပ်ငန်း မှာသစ်နှင့်သစ်ထွက်ပစ္စည်း စက်မှုလုပ်ငန်း များ ဖြစ်၍ ၈၃ % သာတိုး တက်မှုရှိပါသည်။

၁၉၁၁ နှင့် ၁၉၂၁ - ခုကာလ ၂ - ခုလုံး တွင် စက်မှုလုပ်ငန်း အရေအတွက်အများ ဆုံး လုပ်ငန်း မှာစား သောက် ကုန် စက်မှုလုပ်ငန်း များ ဖြစ်ပါသည်။ ၁၉၁၁ ခုတွင် ၁၅၅ - ခုမှ ၁၉၂၁ ခုတွင် ၄၈၂ - ခုထိ ရှိလာပါသည်။ တိုး တက်မှုနှုန်း မှာ ၂၁၁ % ဖြစ်ပါသည်။ ယင်း တွင်ဆန်စက်များ မှာ ၁၉၁၁ တွင် ၁၅၂ - စက် နှင့် ၁၉၂၁ တွင် ၃၈၈ - စက်ထိဖြစ်လာပါသည်။ ဂျုံစက်ရုံ - ၃ - ခု၊ ဘီစကွတ် ပုန့်လုပ်ငန်း ၁ - ခု၊ မုန့်ဖုတ်နှင့်မုန့်တိုက်လုပ်ငန်း ၁၁ - ခု၊ နို့စား နွား မွေး မြူရေး ခြံလုပ်ငန်း ၁ - ခု၊ သကြား ချက်လုပ်ငန်း ၅၄ - ခုနှင့် ဆေး ရွက်ကြီး၊ ဆေး ပြင်း လိပ်နှင့်ဇီး ကရက်စက်ရုံလုပ်ငန်း ၁၇ - ခုတို့မှာ ၁၉၂၁ - ခုနှစ်မှသာအသစ် ပေါ် ပေါက်ခဲ့ခြင်း ဖြစ် ပါသည်။

ဒုတိယအ ရေအတွက်အများ ဆုံး စက်မှုလုပ်ငန်းမှာ သစ်နှင့်သစ်ထွက်ပစ္စည်း စက်မှုလုပ်ငန်း ဖြစ်၍ ၁၉၁၁ တွင် ၈၂ - ခုနှင့် ၁၉၂၁ တွင် ၁၅၀ - ခုထိရှိလာပါသည်။ ၁၉၁၁ - ခုတွင်လွှစက်များသာ ရှိ၍ ၁၉၂၁ - ခုနှစ်တွင်မူသစ်စက်အများ အပြား ပေါ် ပေါက်လာပြီး

လက်သမားလုပ်ငန်းများ ပါတိုးတက်လာခဲ့ပါသည်။ တတိယအရေအတွက်အများဆုံး စက်မှုလုပ်ငန်းမှာ၊ ၁၉၁၁-ခုတွင်သတ္တုတွင်းများဖြစ်ပြီး ၃၈-ခုထိရှိပါသည်။ ၁၉၂၁တွင်မူဖန်နှင့်မြေထည်ပစ္စည်းစက်မှုလုပ်ငန်းများ နှင့်ဓါတုဗေဒထွက်ကုန်ပစ္စည်းများ နှင့်သက်ဆိုင်သောစက်မှုလုပ်ငန်းများ ဖြစ်၍ ၈၃-ခုစီရှိပါသည်။ သတ္တုတွင်းများမှာလည်း ၁၉၂၁တွင် ၆၉-ခုထိရှိခဲ့ပါသည်။ ထို့ပြင်အထက်တွင် ဖော်ပြပြီးခဲ့သည့်အတိုင်း ချည်ထည်စက်မှုလုပ်ငန်းများ မှာလည်း တတိယတိုးတက်မှုရာနှုန်း အများဆုံး ဖြစ်ခဲ့ပါသည်။

သို့ဖြစ်၍မြန်မာနိုင်ငံတွင် ၁၉၁၁-ခုနှစ်၌ဆန်စက်၊ သစ်စက် နှင့်ရေနံသတ္တုတွင်းများ သာများ စွာလုပ်ကိုင်ခဲ့ရာမှ ၁၉၂၁-ခုနှစ်တွင်ဖန်နှင့်မြေထည်ပစ္စည်း စက်မှုလုပ်ငန်း များ၊ ဓါတုဗေဒထွက်ကုန်ပစ္စည်း များ နှင့်သက်ဆိုင် သောစက်မှုလုပ်ငန်းများ ချည်ထည်စက်မှုလုပ်ငန်း များ နှင့်အခြား စား သောက်ကုန်ဆိုင် ရာ စက်မှုလုပ်ငန်း အမျိုး အစား များ ကိုပါပိုမိုတိုး တက်လုပ်ကိုင်လာကြောင်း တွေ့ရပါသည်။

ထို့ပြင်အထူး ထွက်ကုန်များ စိုက်ပျိုး ခြင်း တွင်လည်း ၁၉၁၁-ခုနှစ်၌စက်မှုကုန်ကြမ်း အတွက် ရာဘာတစ်မျိုး သာစိုက်ပျိုးခဲ့ရာမှ ၁၉၂၁-ခုတွင် ကော်ဖီ၊ ဆင်ကိုနာ၊ ပရုပ်နှင့်ကြံတို့ကိုပါထပ်မံ စိုက်ပျိုး လာခဲ့ကြောင်း တွေ့ရပါသည်။ သတ္တုစက်မှုလုပ်ငန်း များ တွင်လည်း ၁၉၁၁-ခုတွင်သံသွန်း စက်ရုံ၅-ခုမှ ၁၉၂၁တွင် ၁၀-ခု သို့လည်း ကောင်း ၊ စက်မှုနှင့်အင်ဂျင်နီယာအလုပ်ရုံများ သည်လည်း ၃-ခုမှ ၁၁-ခုထိသို့လည်း ကောင်း တိုး တက်လာခဲ့ပါသည်။ ပို့ဆောင် ဆက်သွယ်ရေး ပစ္စည်း များ တည်ဆောက်ခြင်း လုပ်ငန်း တွင်လည်းမီး ရထား

အလုပ်ရုံများ ၊ သင်္ဘောကျင်းများ ပို့မိုများပြားတိုး တက်လာခဲ့ပြီး ၁၉၂၁-ခုနှစ်တွင်မှ ဓါတ်ရထား လမ်းလုပ်ငန်းများ ၊ မြင်း ရထား တွဲတည် ဆောက်ခြင်းလုပ်ငန်းများ နှင့် မော်တော်ကားလုပ်ငန်း များ တိုးတက်လာခဲ့ကြပါသည်။

လျှပ်စစ်ဓါတ်အား ပေးရုံများ မှာလည်း ၁၉၁၁-ခုတွင်တစ်ခုသာရှိရာမှ ၁၉၂၁-ခုတွင် ၂-ခုထိရှိလာပါသည်။ လျှပ်စစ်စက်ပစ္စည်း ပြင်အလုပ်ရုံမှာလည်း ၁၉၁၁တွင်တစ်ခုမှ ၁၉၂၁တွင် ၃-ခုထိတိုး တက်လာခဲ့ပါသည်။ ထို့ပြင်တိရစ္ဆာန်သား ရေနှင့်အရိုး စက်မှုလုပ်ငန်းများ ၁၅-ခု၊ အဝတ်အထည်လုပ်ငန်း ၄၈-ခု၊ ပရိဘောဂလုပ်ငန်း ၁၂-ခု၊ အဆောက်အဦးသုံးပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်း ၁၇-ခုတို့မှာ ၁၉၂၁-ခုနှစ်တွင်မှသာအသစ်ပေါ် ပေါက်လာသောလုပ်ငန်းများ ဖြစ်ပါသည်။

အခြားစက်မှုလုပ်ငန်းများ တွင်လည်း ၁၉၁၁ ခုနှစ်၌စာပုံနှိပ်စက်၈-ခုသာရှိခဲ့ပါသည်။ ၁၉၂၁-ခုနှစ်တွင် မူ စာပုံနှိပ်စက်၄၈-ခုနှင့် ရွှေပန်းတိမ်၊ ငွေပန်းတိမ်နှင့် ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ၆-ခု၊ စာအုပ်ချုပ်လုပ်ငန်း ၂-ခု၊ ဓါတ်ပုံလုပ်ငန်း ၁-ခု၊ တူရိယာပစ္စည်း အလုပ်ရုံ၁-ခု၊ ယပ်တောင်လုပ်ငန်း ၂-ခု၊ သစ်နှင့်ဆင်စွယ်ပန်းပုလုပ်ငန်း ၁-ခုနှင့် စက္ကူမှူးလုပ်ငန်း ၁-ခုတို့ထပ်မံတိုး တက်လုပ်ကိုင်လာကြောင်း တွေ့ရ ပါသည်။

သို့ဖြစ်၍မြန်မာနိုင်ငံ၌ ၁၉၁၁-ခုတွင်အခြေခံစား သောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ သာလုပ်ကိုင်ခဲ့ရာမှ - ၁၉၂၁-ခုတွင်စား သောက်ကုန်လုပ်ငန်း အပြင်အဝတ်အထည်၊ အသုံး

အဆောင်ပစ္စည်းများ နှင့် နေထိုင်သွားလာမှုပို့ဆောင်ဆက်သွယ်မှု ၊ လုပ်ငန်းများ ပါပိုမိုလုပ်ကိုင်လာပါသည်။ ထို့ကြောင့် ၁၉၂၁ – ခုနှစ်တွင်တည်ရှိပြီး စက်မှုလုပ်ငန်းများ တိုးတက်များပြားလာပြီး ၊ စက်မှုလုပ်ငန်းအသစ်များလည်း ပေါ်ပေါက်လာခဲ့ပေရာ နည်းပညာ တိုးတက်မှုကြောင့်ဟုဆိုနိုင်ပြီး ၊ စက်မှုဖွံ့ဖြိုးတိုးတက်မှု၏အခြေခံကို တွေ့နိုင်ပေသည်။ စက်မှုဖွံ့ဖြိုးတိုးတက်မှုအခြေခံရှိခြင်းသည်နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူဖြစ်စေပေသည်။

အထက်ပါအခြေအနေများကိုသုံးသပ်ကြည့်ခြင်းအားဖြင့်စက်မှုဖွံ့ဖြိုးတိုးတက်မှုအခြေခံနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူရစေရန်ကြိုးပမ်းရာ၌ဗြိတိသျှအစိုးရသည်မြန်မာနိုင်ငံ၏တည်ရှိပြီး အခြေအနေများ ပေါ်တွင်မူတည်၍ စက်မှုလက်မှု ဖွံ့ဖြိုးမှုကိုလုပ်ဆောင်သွားကြောင်း တွေ့ရပေသည်။ မြန်မာနိုင်ငံသည်လယ်ယာစိုက်ပျိုးရေး နိုင်ငံဖြစ်သောကြောင့်စပါးကိုအခြေခံသော ဆန်စက်များ အများအပြား တိုးတက်လာအောင်ပြုလုပ်ခြင်း ၊ ထို့မှ ဂွမ်းများကိုလည်း စိုက်ပျိုးလာပြီး ဂွမ်းစက်များနှင့်တကွ ၊ ဘီစကွတ်စက်ရုံနှင့် မုန့်လုပ်ငန်းများ လုပ်ကိုင်လာခြင်း ၊ နို့စားနွားမွေးမြူရေးလုပ်ငန်းကိုအစပျိုးခြင်းနှင့်အတူစက်မှုကုန်ကြမ်းတွင်ကြံကိုစိုက်ပျိုးပြီးသကြားချက်လုပ်ငန်းများကိုပူးတွဲလုပ်ကိုင်လာခြင်းနှင့်အတူ ကော်ဖီစိုက်ပျိုးခြင်းကိုပါယှဉ်တွဲလုပ်ကိုင်လာခြင်း ၊ ပရုပ်နှင့်ဆင်ကိုနာကိုလည်း စိုက်ပျိုး၍ ဓါတုဗေဒဆေးဝါးနှင့်ဆေးပစ္စည်းလုပ်ငန်းများကိုလည်းလုပ်ကိုင်လာခြင်း ၊ ဆေးရွက်ကြီးကိုအခြေခံ၍ ဆေးပြင်းလိပ်နှင့်စီးကရက်လုပ်ငန်းတို့ကိုပါလုပ်ကိုင်လာပါသည်။

သစ်လုပ်ငန်းတွင်လည်း ရှေးရိုးစဉ်လာလွှစ်ဆွဲစက်များမှသစ်စက်များကိုတည်ဆောက်ခြင်း ၊ သစ်စက်များတိုးတက်လာမှုနှင့်အတူလက်သမားလုပ်ငန်းများ ၊ ပရိဘောဂလုပ်ငန်းများတိုးတက်လာခြင်း ၊ ချည်ထည်၊ ပိုးထည်လုပ်ငန်းများနှင့်အတူအဝတ်အထည်လုပ်ငန်းများကိုလုပ်ကိုင်လာခြင်း ၊ အုတ်နှင့်အုတ်ကြွပ်စက်လုပ်ငန်းများတိုးတက်လာသည့်နည်းတူအဆောက်အဦးသုံးပစ္စည်းများထုတ်လုပ်လာခြင်းနှင့် ဆောက်လုပ်ရေးဆိုင်ရာအင်ဂျင်နီယာလုပ်ငန်းများ တိုးတက်လာခြင်း ၊ ရေနံတွင်းများကိုအခြေခံ၍ ရေနံချက်လုပ်ငန်းနှင့် ပိုက်လိုင်းသွယ်လုပ်ငန်းများတိုးချဲ့ခြင်း ၊ သတ္တုတွင်းများတွင်လည်း သံ၊ ခဲမဖြူနှင့်အဖြိုက်နက်များထွက်ရှိခဲ့၍သံသွန်းစက်ရုံ၊ ခဲသန့်စင်ကြိုချက်စက်ရုံနှင့်သံမဏိလုပ်ငန်းများကိုပါလုပ်ကိုင်လာပါသည်။ ပို့ဆောင်ဆက်သွယ်ရေးပစ္စည်းများတည်ဆောက်ခြင်းလုပ်ငန်းတွင်လည်း – သင်္ဘောကျင်းနှင့်မီးရထားအလုပ်ရုံများတိုးတက်လာသည့်နည်းတူ ဓါတ်ရထားလမ်းလုပ်ငန်း ၊ မြင်းရထားတွဲတည်ဆောက်ခြင်း နှင့် မော်တော်ကားလုပ်ငန်းများကိုပါလုပ်ကိုင်လာခဲ့ကြောင်း တွေ့ရပေသည်။

ထို့ကြောင့်လယ်ယာကိုအခြေခံသောမြန်မာနိုင်ငံအတွက်စိုက်ပျိုးရေးကုန်ကြမ်းသီးနှံများကိုအခြေခံသောအသေးစားစက်မှုလုပ်ငန်းများနှင့်တည်ရှိပြီး စက်မှုကုန်ကြမ်းများကိုအခြေခံသောအသေးစားစက်မှုလုပ်ငန်းများကိုတည်ထောင်လုပ်ကိုင်သွားကြကြောင်း တွေ့ရှိရ၍မြန်မာနိုင်ငံအဖို့အထူးသင့်တော်သောဆောင်ရွက်မှုတစ်ရပ်ပင်ဖြစ်ပေသည်။

ဇယား ( ၅ - ၂ )

၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်တွင်တိုင်း နှင့်ပြည်နယ်အသီးသီး ရှိစက်မှု လုပ်ငန်း အရေအတွက်နှင့်တိုး တက်မှုရာခိုင်နှုန်း ကို ဖော်ပြသော ဇယား

| | ပြည်နယ်၊ တိုင်း | လုပ်ငန်းအရေအတွက် | | ၁၉၁၁ မှ ၁၉၂၁ ခုနှစ်အတွင်းတိုး တက်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| | | ၁၉၁၁ | ၁၉၂၁ | |
| | စုစုပေါင်း | ၃၅၀ | ၁၁၉၀ | ၂၄၂ |
| ၁ | ရခိုင်တိုင်း | ၉ | ၁၆ | ၇၀ |
| ၂ | ပဲခူး တိုင်း | ၁၄၃ | ၅၆၉ | ၂၉၀ |
| ၃ | ဧရာဝတီတိုင်း | ၃၂ | ၁၂၀ | ၂၇၅ |
| ၄ | တနင်္သာရီတိုင်း | ၀၄ | ၁၉၂ | ၁၂၉ |
| ၅ | မကွေး တိုင်း | ၁၆ | ၆၁ | ၂၀၁ |
| ၆ | မန္တလေး တိုင်း | ၄၂ | ၀၉ | ၁၁၂ |
| ၇ | စစ်ကိုင်း တိုင်း | ၄ | ၃၅ | ၇၇၅ |
| ၈ | မိတ္ထီလာတိုင်း | ၁၇ | ၆၉ | ၄၀၂ |
| ၉ | ရှမ်း ပြည်နယ် | ၃ | ၁၇ | ၄၆၇ |

## (၂) စက်မှုလုပ်ငန်း တည်နေရာများ ပြန့်နှံ့လာခြင်း သည် ဒေသဖွံ့ဖြိုး မှုအသွင်သဏ္ဍာန်ကို ဆောင်ခြင်း

ဤအပိုင်း တွင် စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံ ၏ စက်မှုလုပ်ငန်း တည်နေရာများ ဒေသအလိုက်ပြန့်နှံ့မှုကိုတင်ပြမည်ဖြစ်ပါသည်။ ၁၉၁၁ နှင့် ၁၉၂၁ - ခုနှစ်တွင်ပြည်နယ်နှင့်တိုင်း အသီး သီး ရှိစက်မှုလုပ်ငန်း အရေအတွက်နှင့်တိုး တက်မှုရာခိုင်နှုန်း ကိုဇယား (၅-၂) တွင် ဖော်ပြထား ပါသည်။ ယင်း တွင် ဖော်ပြထား သည့်အတိုင်း ၁၉၁၁ ခုနှင့် ၁၉၂၁ - ခုနှစ်များ ၌မြန်မာနိုင်ငံတွင်ပြည်နယ်နှင့်တိုင်း ၉ ခု ပိုင်း ခြား ဖွဲ့စည်း ထား ပါသည်။ သို့ဖြစ်၍ယင်း ပြည်နယ်နှင့် တိုင်း များ အလိုက် ၁၉၁၁ - ခုမှ ၁၉၂၁ - ခုနှစ်အတွင်း စက်မှုလုပ်ငန်းအရေအတွက်တိုး တက်မှုနှုန်း များ ကို လေ့လာ သော်တိုး တက်မှုရာခိုင်နှုန်း အများ ဆုံး သည်စစ်ကိုင်း တိုင်း ဖြစ်ပါသည်။ ၁၉၁၁ - ခုတွင်စက်မှုလုပ်ငန်း ၄ - ခုသာရှိရာမှ ၁၉၂၁ - ခုတွင် ၃၅ - ခုထိရှိလာခဲ့ပြီး တိုး တက် မှု ရာခိုင်နှုန်း မှာ ၇၇၅ % ဖြစ်ပါသည်။

ဒုတိယတိုး တက်မှုနှုန်း အများ ဆုံး သည်မိတ္ထီလာတိုင်း ဖြစ်ပါသည်။ ၁၉၁၁ - ခုတွင်စက်မှုလုပ်ငန်း ၁၇ - ခုရှိရာမှ ၁၉၂၁ - ခုတွင် ၉၉ - ခုထိရှိလာ၍ ၄၈၂ % တိုး တက်မှုရှိကြောင်း တွေ့ရပါသည်။ တတိယတိုး တက်မှုနှုန်း အများ ဆုံး မှာ ရှမ်း ပြည်နယ်ဖြစ်ပါသည်။ ၁၉၁၁ ခုတွင်စက်မှုလုပ်ငန်း ၃ - ခုမှ ၁၉၂၁ - ခုတွင် ၁၇ - ခုထိရှိလာပါသည်။ ထို့ကြောင့်တိုး တက်မှုနှုန်း မှာ ၄၆၇ % ရှိပါသည်။ ထိုအချိန်တွင်ရန်ကုန် ခရိုင်သည်ပဲခူး တိုင်း ၌ပါဝင်ပြီး ၄င်း ဒေသများ ထက်စစ်ကိုင်း တိုင်း၊ မိတ္ထီလာတိုင်း နှင့်ရှမ်း ပြည်နယ်ကဲ့သို့ သောအထက်ပိုင်း ဒေသများ တွင် စက်မှုလုပ်ငန်း အရေအတွက်တိုး တက်မှုရာခိုင်နှုန်း မှာအများ ဆုံး ဖြစ်ခဲ့ ပေရာ ဒေသဖွံ့ဖြိုး မှုရှိသည်ဟုဆိုနိုင်ပေသည်။

ရန်ကုန်ခရိုင်ပါဝင်သောပဲခူးတိုင်းမှာစက်မှုလုပ်ငန်းအရေအတွက်အများဆုံးဖြစ်သော်လည်းတိုးတက်မှုနှုန်းမှာ ၂၉၀ % သာရှိခဲ့၍စတုတ္ထအဆင့်၌ရှိပါသည်။ မကွေးတိုင်းသည်တိုးတက်မှုနှုန်း ၂၀၁ % ဖြစ်၍ပဉ္စမနေရာနှင့်ဧရာဝတီတိုင်းသည် ၂၇၅ % နှင့်ဆဋ္ဌမနေရာ၌ရှိပါသည်။ သို့ဖြစ်၍စက်မှုလုပ်ငန်းများတည်ရှိမှုသည်မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်း၊ ရန်ကုန်ဒေသနှင့်ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့တွင်ပြန့်နှံ့တည်ရှိ၍ဒေသဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေပေသည်။

မြန်မာပြည်တောင်ဖျားတနင်္သာရီတိုင်းဒေသတွင်လည်းတိုးတက်မှုနှုန်းမှာ ၁၂၉ % ရှိပြီး၊ အထက်ပိုင်းအချက်အချာဒေသမန္တလေးတိုင်းတွင်လည်းတိုးတက်မှုနှုန်းမှာ ၁၁၂ % ရှိနေ၍ ၁၀၀ % ပြည့်ထက်ကျော်လွန်၍တိုးတက်မှုနှုန်းကောင်းသည်ဟုဆိုနိုင်ပါသည်။ ရခိုင်တိုင်းတစ်ခုတွင်သာရာနှုန်းပြည့်မဟုတ်သော်လည်း ၇၀ %တိုးတက်မှုရှိခဲ့ပေသည်။ ထို့ကြောင့်အကြမ်းအားဖြင့်၊ ၁၉၁၁-ခုမှ ၁၉၂၁-ခုနှစ်အတွင်းမြန်မာနိုင်ငံ၏စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုသည်တိုင်းနှင့်ပြည်နယ်အလိုက်ပြန့်နှံ့မှုရှိ၍၊ ဒေသဖွံ့ဖြိုးမှုအသွင်သဏ္ဍာန်ကိုဆောင်ပေသည်။

၁၉၁၁ ခုနှင့် ၁၉၂၁ ခုတွင်ပြည်နယ်နှင့်တိုင်းအသီးသီး၌တည်ရှိနေသောစက်မှုလုပ်ငန်းအရေအတွက်ကိုဆုံးသပ်ကြည့်လျှင် -

စက်မှုလုပ်ငန်းအရေအတွက်အများဆုံးတည်ရှိသောပြည်နယ်နှင့်တိုင်းမှာရန်ကုန်ခရိုင်ပါဝင်သောပဲခူးတိုင်းဖြစ်ပါသည်။ ၁၉၁၁-ခုတွင် ၁၄၃-ခုနှင့် ၁၉၂၁-ခုတွင် ၅၆၉-ခုထိတိုးတက်လာခဲ့ပါသည်။ ဒုတိယအရေအတွက်အများဆုံးတည်ရှိသောဒေသမှာတနင်္သာရီတိုင်းဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်း ၉-ခုအနက်တနင်္သာရီတိုင်းသည်တိုးတက်မှု

နှုန်း အားဖြင့် သတ္တမ နေရာတွင်ရှိသော်လည်း စက်မှုလုပ်ငန်း အရေအတွက်အားဖြင့် ဒုတိယအများဆုံး ဖြစ်၍ ၁၉၁၁-ခုတွင် ၇၄-ခုမှ - ၁၉၂၁-ခုတွင် ၁၉၂-ခုထိ ရှိပါသည်။ ယင်း အရေအတွက်များမှာ ၁၉၁၁-ခု၌ မြန်မာနိုင်ငံတစ်ခုလုံး ရှိစက်မှုလုပ်ငန်း စုစုပေါင်း၏ ၂၄ % ထိရှိနေ၍ ၁၉၂၁ တွင်မူ ၁၇ % ဖြစ်ပါသည်။

တတိယ စက်မှုလုပ်ငန်း အရေအတွက်အများဆုံး မှာ ၁၉၁၁-ခုတွင် မန္တလေး တိုင်း ဖြစ်၍ စက်မှုလုပ်ငန်း ပေါင်း ၄၂-ခု ရှိပါသည်။ ၁၉၂၁-ခုတွင်မူ ဧရာဝတီတိုင်း ဖြစ်လာပြီး စက်မှု လုပ်ငန်း အရေအတွက်မှာ ၁၁၂၀ ထိရှိပါသည်။ (ယင်း တွင်အဓိကကျ သော ဆန်စက်လုပ်ငန်း များ တိုး တက်လာခြင်း ကြောင့်ဖြစ် ပေသည်။) ထို့ကြောင့် စက်မှုလုပ်ငန်း များ သည်မြန်မာပြည်၏အချက်အချာကျ သော ရန်ကုန် ဒေသ၊ မန္တလေး ဒေသနှင့်ဧရာဝတီမြစ်ဝကျွန်း ပေါ် ဒေသများနှင့် တနင်္သာရီတိုင်း ဒေသတို့တွင်များ စွာတည်ရှိနေကြောင်း တွေ့ ရပေသည်။ ယင်း သို့အချက်အချာကျ သော ဒေသများ တွင်စက်မှုလုပ်ငန်းများ တည်ရှိနေမှုသည်စက်မှုဖွံ့ဖြိုး တိုး တက်မှုနှင့်စီး ပွား ရေး ဖွံ့ဖြိုး တိုး တက်မှုကိုအထောက်အကူဖြစ် စေ ပေသည်။

၁၉၁၁ နှင့် ၁၉၂၁-ခုနှစ်ရှိ မြန်မာနိုင်ငံစက်မှုလုပ်ငန်း များ ၏လုပ်ငန်း အမျိုး အစား နှင့်ခရိုင်အလိုက်ပြန့်နှံ့ မှု အသေး စိတ် ကိုဇယား(၁-၃) တွင် ဖော်ပြထား ပါသည်။ တစ်နိုင်ငံလုံး ရှိ စုစု ပေါင်း စက်မှုလုပ်ငန်း အရေအတွက်ကို ဒေသအလိုက်ကြည့်ပါက ၁၉၁၁ ခုတွင်ပဲခူး တိုင်း ၊ တနင်္သာရီတိုင်း ၊ မန္တလေး တိုင်း နှင့်ဧရာဝတီ တိုင်း တို့တွင်အများ ဆုံး တွေ့ရပြီး ၊ ၁၉၂၁-ခုတွင်ပဲခူး တိုင်း၊ တနင်္သာရီတိုင်း ၊ ဧရာဝတီတိုင်း ၊ မိတ္ထီလာတိုင်း ၊ မန္တလေး တိုင်း နှင့်မကွေး တိုင်း တို့တွင်အများ ဆုံး ဖြစ် ကြောင်း တွေ့နိုင် ပေသည်။

စက်မှုလုပ်ငန်း အမျိုးအစား အလိုက် လေ့လာကြည့်ပါက၊ စား သောက်ကုန်စက်မှုလုပ်ငန်း များ ၊ သစ်နှင့်သစ်ထွက်ပစ္စည်း စက်မှုလုပ်ငန်း များ ၊ ဓါတု ဗေဒထွက်ကုန်ပစ္စည်း များ နှင့်သက်ဆိုင်သော စက်မှုလုပ်ငန်း များ နှင့်ဖန်နှင့် မြေထည်ပစ္စည်း စက်မှုလုပ်ငန်း များ မှာအများ ဆုံး ဖြစ် ကြောင်း တွေ့ရပြီး ၊ သတ္တုတွင်း များ နှင့်သတ္တု စက်မှုလုပ်ငန်း များ လည်း အနည်း ငယ်ရှိ ကြောင်း တွေ့နိုင် ပေသည်။

ပဲခူးတိုင်းတွင် ၁၉၁၁ ခုနှစ်က ရန်ကုန်၊ဟံသာဝတီ၊သာယာဝတီ၊ ပဲခူး နှင့်ပြည်ခရိုင်များ ဖွဲ့စည်းခဲ့သော်လည်း ၁၉၂၁ ခုတွင်အင်းစိန်ခရိုင်ကို ထပ်မံ စိတ်ပိုင်း ဖွဲ့စည်း ခဲ့ ပေသည်။ ထို့ဖြစ်၍ ၁၉၂၁ – ခုတွင်အင်း စိန်ခရိုင်၌တည်ရှိသော စက်မှုလုပ်ငန်း အရေ အတွက် ပေါင်း မှာ ၅၉ – ခုထိရှိပါသည်။ ယင်း တို့တွင်အထူး ထွက်ကုန်များ စိုက်ပျိုး ခြင်း ၅ – ခု ( ရာဘာ စိုက်ပျိုး ခြင်း ) ၊ ချည်ထည်စက်မှုလုပ်ငန်း ၂ – ခု ( ကြိုး စက်ရုံ ) ၊ သစ်နှင့်သစ်ထွက်ပစ္စည်း စက်မှုလုပ်ငန်း –၂– ခု ( သစ်စက်များ ) ၊ တိရစ္ဆာန်သား ရေနှင့်အရိုး စက်မှုလုပ်ငန်း ၅–ခု ( သား ရေနယ်ခြင်း လုပ်ငန်း ) ၊ ဖန်နှင့် မြေထည်ပစ္စည်း စက်မှုလုပ်ငန်း ၂၄ – ခု ( အုတ်နှင့်အုတ်ကြွပ်စက်ရုံ ) ၊ ဓါတု ဗေဒထွက်ကုန်ပစ္စည်းများ နှင့်သက်ဆိုင် သော စက်မှုလုပ်ငန်း ၈ – ခု ( ရေခဲစက် – ၁၊ ရေနံချက်စက်ရုံ – ၁၊ ဆေး ဆိုး လုပ်ငန်း – ၁၊ ဆေး ဝါး လုပ်ငန်း – ၁၊ နှင့်ဟင်းသီးဟင်း ရွက်ဆီစက် – ၄ – ခု ) ၊ စား သောက်ကုန်စက်မှုလုပ်ငန်း ၁၀ – ခု ( ဆန်စက် ၈ – ခု၊ ရေလုပ်ငန်း ၂ – ခု ) ၊ ပို့ဆောင်ဆက်သွယ် ရေးပစ္စည်း များ တည်ဆောက်ခြင်း ၂ – ခု ( မီး ရထား အလုပ်ရုံ – ၁၊ တံတား ဆောက် လုပ်ခြင်း လုပ်ငန်း – ၁ ) နှင့်အဝတ်အထည်လုပ်ငန်း ၁ – ခု ( အင်း စိန် ယိုး စက်ရုံ ) တို့ဖြစ်ပါသည်။

ဧရာဝတီတိုင်း တွင်လည်း ၁၉၂၁ – ခုနှစ်မှသာ ၊ မြောင်း မြခရိုင်၌ဆန်စက် ၂၅ – ခု၊ မအူပင်ခရိုင်၌ဆန်စက် ၁၁ – ခု၊

တည်ရှိလာပါသည်။ မကွေးတိုင်းတွင်လည်း သရက်မြို့ခရိုင်၌၊ ၁၉၂၁ ခုနှစ်တွင်စက်မှုလုပ်ငန်း ၁၁-ခု ပေါ် ပေါက်လာပါသည်။ ယင်းတွင် သစ္စာတွင်းများ ၃-ခု ( ရေနံတွင်းများ )၊ ချည်ထည်စက်မှုလုပ်ငန်း ၄-ခု ( ဝါဖန်၊ ဝါသန့်နှင့်ဝါကြိတ်စက်များ )၊ ဓါတုဗေဒထွက်ကုန်ပစ္စည်းများ နှင့်သက်ဆိုင်သောစက်မှုလုပ်ငန်း ၃-ခု ( ရေနံ-၂၊ ဟင်းသီးဟင်း ရွက်ဗီစက်ရုံ ၁-ခု ) နှင့်အဝတ်အထည်လုပ်ငန်း ၁-ခု ( ဘိနပ်လုပ်ငန်း ) စသည်တို့ဖြစ်ပါသည်။

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်တွင်လည်း ၁၉၂၁ - ခုတွင်စက်မှုလုပ်ငန်း အရေအတွက် ပေါင်း ၁၈-ခု ပေါ် ပေါက်ခဲ့ပါသည်။ ယင်းတို့မှာသစ်နှင့်သစ်ထွက်ပစ္စည်း စက်မှုလုပ်ငန်း ၂-ခု ( သစ်စက်များ )၊ သစ္စာစက်မှုလုပ်ငန်း ၁-ခု ( စက်မှုနှင့်အင်ဂျင်နီယာအလုပ်ရုံ) နှင့်စား သောက်ကုန်စက်မှုလုပ်ငန်း ၁၅-ခု ( ဆန်စက်များ ) တို့ဖြစ်ပါသည်။ မိတ္ထီလာတိုင်း ၊ ကျောက်ဆည်ခရိုင်တွင်လည်း ၁၉၂၁-ခုနှစ်၌စက်မှုလုပ်ငန်း ၆-ခုတည်ရှိလာပါသည်။ ကျောက်မျက်ရတနာတွင်း ၁-ခု၊ စား သောက်ကုန်စက်မှုလုပ်ငန်း ၅-ခု ( ဆန်စက်-၂၊သကြားချက်လုပ်ငန်း ၃-ခု ) တို့ပါဝင်ပါသည်။ မိတ္ထီလာခရိုင်တွင်လည်း စက်မှုလုပ်ငန်း ၁၀-ခုဖြစ် ပေါ်ခဲ့ပါသည်။ ယင်းတို့မှာ ချည်ထည်စက်မှုလုပ်ငန်း ၉-ခု ( ဝါဖန်၊ ဝါသန့်နှင့်ဝါကြိတ်စက် ၅-ခု၊ ချည်ထည်ယက်လုပ်ငန်း ၄-ခု ) နှင့်သစ်နှင့်သစ်ထွက်ပစ္စည်း လုပ်ငန်း ၁-ခု ( သစ်စက် ) တို့ဖြစ်ပါသည်။

၁၉၁၁မှ ၁၉၂၁-ခုနှစ်အတွင်း စက်မှုလုပ်ငန်း အရေအတွက်အများအပြား တိုးတက်လာသောခရိုင်များမှာ ရန်ကုန်ခရိုင်တွင် ၉၉-ခုမှ ၃၁၂-ခုသို့လည်းကောင်း ၊ ဟံသာဝတီ ခရိုင်

တွင်၁၃-ခုမှ၈၁-ခုသို့လည်း ကောင်း၊ သာယာဝတီခရိုင်တွင်၅-ခုမှ ၅၁-ခုသို့လည်း ကောင်း၊ သထုံခရိုင်တွင်၃-ခုမှအခု၄၀သို့လည်း ကောင်း၊ မြိတ်ခရိုင်တွင်၁၀-ခုမှ၄၄-ခုထိ(သတ္တုတွင်း များ အများ ဆုံး ဖြစ်ပါသည်။ )လည်း ကောင်း၊ မန္တလေး ခရိုင်တွင်၂၉-ခုမှ၈၂ ခုသို့လည်း ကောင်း (ပိုး ထည်ယက်လုပ်ခြင်း လုပ်ငန်း ၅-ခုလုံးမန္တလေး ခရိုင်တွင်ရှိပါသည်။ )၊ ရမည်းသင်း ခရိုင်တွင်၁၀-ခုမှ၇၁-ခု သို့ လည်း ကောင်း ၊ တောင်ပိုင်း ရှမ်း ပြည်တွင်၁-ခုမှ၁၆-ခုထိ လည်း ကောင်း (ထုံး လုပ်ငန်း ၇-ခုပါဝင်ပါသည်။ )တိုး တက်လာကြောင်း တွေ့ရပါသည်။

( ၃ ) စက်မှုလုပ်ငန်း များ တွင်လုပ်သား အင်အား တိုး တက်မှုနှင့်လုပ်သား အမျိုး အစား များ

၁၉၁၁-ခုနှစ်မှ၁၉၂၁-ခုနှစ်အတွင်း တည် ရှိပြီး စက်မှုလုပ်ငန်း အမျိုး အစားများ ပိုမိုများ ပြား လာသည့်နည်းတူ စက်မှုလုပ်ငန်း သစ်များ လည်း ပေါ် ပေါက်ခဲ့ပေသည်။ ထို့အတူစက်မှု လုပ်ငန်း အရွယ်အစား များ မှာလည်း ကြီး မား လာ၍ စက်မှုလုပ်ငန်း များ တွင်ပါဝင်လုပ်ကိုင်သည့်လုပ်သား အင်အား ပမာဏသည်လည်း တိုး တက်လာခဲ့ပေသည်။ ၁၉၁၁-နှင့်၁၉၂၁-ခုနှစ်၌စက်မှုလုပ် ငန်း အား လုံး ရှိလုပ်သား အင်အား အမျိုး အစား ၊ လူမျိုး နှင့်ကျား မ အ လိုက်ခွဲခြား ဖော်ပြထား ခြင်း ကိုဇယား(၅-၄) တွင် တွေ့နိုင်ပါသည် ။ ယင်း တွင် ဖော်ပြချက်များ အရ၊ ၁၉၁၁-ခုနှစ်ရှိစက်မှုလုပ် ငန်း ပေါင်း ၃၅၀တွင်၊ ကျား လုပ်သား အင်အား ၇၅၃၃၇- ယောက်နှင့် မလုပ်သား အင်အား ၃၃၄၀- ယောက်၊ စုစု ပေါင်း ၇၈၆၇၇ယောက် ပါဝင်လုပ်ကိုင် နေပါသည်။ ၁၉၂၁တွင်မူစက်မှုလုပ်ငန်း ပေါင်း -

## ဇယား ( ၅-၄ )

### ၁၉၁၁ နှင့် ၁၉၂၁ တွင် စက်မှုလုပ်ငန်းအားလုံး၌ ရှိလုပ်သားအင်အားကို လုပ်သားအမျိုးအစားနှင့်လူမျိုးနှင့်ကျား-မအလိုက်ဖော်ပြသောဇယား

| အကြောင်း အရာ ဖော်ပြချက် | | လုပ်ငန်း အား လုံး အတွက် | | | |
|---|---|---|---|---|---|
| သန်းခေါင်စာရင်းနှစ် | | ၁၉၁၁ | % | ၁၉၂၁ | % |
| လုပ်ငန်းအရေအတွက် ပေါင်း | | ၃၅၀ | | ၁၁၉၀ | |
| စုစုပေါင်းလုပ်သားအရေအတွက် | | ၇၀၆၇၇ | ၁၀၀ | ၁၁၀၄၄၃ | ၁၀၀ |
| | (က) ကျား | ၇၅၃၃၇ | ၉၆ | ၁၁၂၉၄၅ | ၉ |
| | (ခ) မ | ၃၃၄၀ | ၄ | ၅၄၉၀ | |
| <u>လုပ်သား အမျိုး အစား</u> | | | | | |
| (က) <u>မန်နေဂျာ၊ ကြီးကြပ်သူ၊ တတ်ကျွမ်းသူများနှင့်စာရေးလုပ်သား များ</u> | | <u>၄၀၅၉</u> | ၆ | <u>၁၀၆၀၀</u> | ၉ |
| (၁) ဥရောပသားများနှင့် အင်္ဂလိုအင်ဒီးယန်းများ | | <u>၁၀၂၁</u> | ၁.၂ | <u>၁၀၀၉</u> | ၁. |
| | (က) ကျား | ၉၉၃ | | ၁၇၆၂ | |
| | (ခ) မ | ၂၀ | | ၄၇ | |
| (၂) တိုင်းရင်းသားနှင့်အခြား အာရှတိုက်သားများ | | <u>၃၀၃၀</u> | ၄.၀ | <u>၀၇၉၁</u> | ၇. |
| | (က) ကျား | ၃၇၅၆ | | ၀၆၆၄ | |
| | (ခ) မ | ၀၂ | | ၁၂၇ | |

( တစ်ရွက်သို့ )

## ဇယား (၅-၄)

### ၁၉၁၁ နှင့် ၁၉၂၁ တွင် စက်မှုလုပ်ငန်းအားလုံး၌ရှိလုပ်သားအင်အားကိုလုပ်သား အမျိုးအစားနှင့်လူမျိုးနှင့်ကျား-မအလိုက်ဖော်ပြသောဇယား

| စဉ် | အကြောင်းအရာဖော်ပြချက် | | လုပ်ငန်းအားလုံးအတွက် | | | |
|---|---|---|---|---|---|---|
| ၁ | သန်းခေါင်စာရင်းနှစ် | | ၁၉၁၁ | % | ၁၉၂၁ | % |
| ၂ | လုပ်ငန်းအရေအတွက်ပေါင်း | | ၃၅၀ | | ၁၁၉၈ | |
| ၃ | စုစုပေါင်းလုပ်သားအရေအတွက် | | ၇၈၆၇၇ | ၁၀၀ | ၁၁၈၄၄၃ | ၁၀၀ |
| | | (က) ကျား | ၇၅၃၃၇ | ၉၆ | ၁၁၂၉၄၅ | ၉[illegible] |
| | | (ခ) မ | ၃၃၄၀ | ၄ | ၅၄၉၈ | [illegible] |
| ၄ | လုပ်သားအမျိုးအစား | | | | | |
| | (က) မန်နေဂျာ၊ ကြီးကြပ်သူ၊ တတ်ကျွမ်းသူများနှင့်စာရေးလုပ်သားများ | | ၄၈၅၉ | ၆ | ၁၀၆၀၀ | ၉[illegible] |
| | (၁) ဥရောပသားများနှင့် အင်္ဂလိုအင်ဒီးယန်းများ | | ၁၀၂၁ | ၁.၂ | ၁၈၀၉ | ၁.[illegible] |
| | | (က) ကျား | ၉၉၃ | | ၁၇၆၂ | |
| | | (ခ) မ | ၂၈ | | ၄၇ | |
| | (၂) တိုင်းရင်းသားနှင့်အခြား အာရှတိုက်သားများ | | ၃၈၃၈ | ၄.၈ | ၈၇၉၁ | ၇.[illegible] |
| | | (က) ကျား | ၃၇၅၆ | | ၈၆၆၄ | |
| | | (ခ) မ | ၈၂ | | ၁၂၇ | |

(တစ်ရွက်သို့)

ဇယား (၅-၄) အဆက်

| အကြောင်းအရာဖော်ပြချက် | လုပ်ငန်းအားလုံးအတွက် | | | |
|---|---|---|---|---|
| (ခ) <u>ကျွမ်းကျင်လုပ်သားများ</u> | ၁၇၂၆၃ | ၂၂ | ၂၂၅၄၇ | ၁၉ |
| (၁) ဥရောပသားများနှင့် အင်္ဂလိုအင်ဒီးယန်းများ | ၆၈၉ | ၀.၉ | ၄၂၁ | ၀.၃ |
| (က) ကျား | ၆၇၅ | | ၃၆၃ | |
| (ခ) မ | ၁၄ | | ၅၈ | |
| (၂) တိုင်းရင်းသားနှင့်အခြား အာရှတိုက်သားများ | ၁၆၅၇၄ | ၂၁.၁ | ၂၂၁၂၆ | ၁၈.၇ |
| (က) ကျား | ၁၆၄၀၈ | | ၂၁၅၁၈ | |
| (ခ) မ | ၁၆၆ | | ၆၀၈ | |
| (ဂ) <u>မကျွမ်းကျင်လုပ်သားများ</u> | ၅၆၅၅၅ | ၇၂ | ၈၅၂၉၆ | ၇၂ |
| (၁) အသက် ၁၄ နှစ်နှင့်အထက် | ၅၄၆၅၃ | ၆၉.၅ | ၈၃၇၈၇ | ၇၀.၇ |
| (က) ကျား | ၅၂၀၅၆ | | ၇၉၄၅၀ | |
| (ခ) မ | ၂၅၉၇ | | ၄၃၃၇ | |
| (၂) အသက် ၁၄ နှစ် အောက် | ၁၉၀၂ | ၂.၅ | ၁၅၀၉ | ၁.၃ |
| (က) ကျား | ၁၄၄၉ | | ၁၁၈၈ | |
| (ခ) မ | ၄၅၃ | | ၃၂၁ | |

၁၁၉၈–ခု၌ ကျားလုပ်သား အင်အား ၁၁၂၉၄၅– ယောက်နှင့် မလုပ်သား အင်အား ၅၄၉၈ ယောက်၊ စုစုပေါင်း ၁၁၈၄၄၃ ယောက် ပါဝင်လုပ်ကိုင်နေကြောင်း တွေ့ရပါသည်။ ယင်း အခြေအနေအရ – ၁၉၂၁–ခုနှစ်တွင်ကျားလုပ်သား အင်အား ၃၇၆၀၈ ယောက် နှင့် မလုပ်သား အင်အား ၂၁၅၈ ယောက်၊ စုစုပေါင်း တွင် ၂၉၇၆၆ – ယောက်ပိုမိုတိုး တက်လာ၍ စက်မှုလုပ်ငန်း များ တွင်ပိုမိုပါဝင်လာအောင် ဆွဲဆောင်နိုင်မှုရှိကြောင်း တွေ့ရပါသည်။

စုစုပေါင်း လုပ်သား အင်အား ကိုလုပ်သား အမျိုး အစား အား ဖြင့်ခွဲခြား ကြည့်ပါက၊ ၁၉၁၁–ခုနှစ်၌ မန်နေဂျာများ၊ ကြီးကြပ်သူများ၊ တတ်ကျွမ်း သူများ နှင့်စာရေး လုပ်သား စုစုပေါင်း မှာ၊ ၄၈၅၉ ဦး၊ ကျွမ်းကျင်လုပ်သား များ မှာ၊ ၁၇၂၆၃–ဦးနှင့် မကျွမ်းကျင်သောလုပ်သား များ မှာ၊ ၅၆၅၅၅–ဦး ရှိပါသည်။ ၁၉၂၁–ခုနှစ်တွင်မူမန်နေဂျာများ၊ ကြီးကြပ်သူများ၊ တတ်ကျွမ်းသူ များ၊ စာရေး လုပ်သား များ မှာ၊ ၁၀၆၀၀ဦး၊ ကျွမ်းကျင်လုပ်သား များ မှာ၊ ၂၂၅၄၇–ဦး နှင့်မကျွမ်းကျင်သောလုပ်သားများ မှာ၊ ၈၅၂၉၆–ဦး ဖြစ်ပါသည်။

အထက်ပါအတိုင်း လုပ်သား အမျိုး အစား ကို( ၃ ) မျိုး ခွဲခြား ထား ပေရာယင်း လုပ်သား အမျိုး အစား အသီး သီး တွင်လူမျိုး အလိုက်ပါဝင်မှုကို လေ့လာကြည့်လျှင်မန်နေဂျာများ၊ ကြီးကြပ်သူများ၊ တတ်ကျွမ်း သူများ နှင့်စာရေး လုပ်သား များ တွင်ဥရောပသား များ နှင့်အင်္ဂလိုအင်ဒီယန်း များ မှာ ၁၉၁၁–ခုတွင် ၁၀၂၁– ယောက်၊ ၁၉၂၁–ခုတွင် ၁၈၀၉– ယောက်ဖြစ်ပါသည်။ တိုင်း ရင်း သား နှင့် အခြား အာရှတိုက်သား များ မှာ ၁၉၁၁–ခုတွင် ၃၈၃၈ ယောက်နှင့် ၁၉၂၁–ခုတွင် ၈၇၉၁ ယောက်အသီး သီး ဖြစ်ပါသည်။

ကျွမ်းကျင်လုပ်သားများတွင်လည်း ဥရောပသားများနှင့်အင်္ဂလိုအင်ဒီယန်းများမှာ ၁၉၁၁-ခုတွင် ၆၈၉ ယောက်နှင့် ၁၉၂၁-ခုတွင် ၄၂၁ ယောက်ဖြစ်ပါသည်။ တိုင်းရင်းသားနှင့်အခြားအာရှတိုက်သားများမှာ ၁၉၁၁-ခုတွင် ၁၆၅၇၄ ယောက်နှင့် ၁၉၂၁-ခုတွင် ၂၂၁၂၆ ယောက်ဖြစ်ပါသည်။ ၁၉၂၁-ခုနှစ်တွင်ကျွမ်းကျင်လုပ်သားများ၌ ဥရောပသားများနှင့်အင်္ဂလိုအင်ဒီယန်းများ ပါဝင်လုပ်ကိုင်မှုလျော့နည်းလာကြောင်း တွေ့ရပါသည်။ မကျွမ်းကျင်သောလုပ်သားများတွင်မူအသက် ၁၄ နှစ်နှင့်အထက် လုပ်သားများမှာ၊ ၁၉၁၁-ခုတွင် ၅၄၆၅၃-ဦး နှင့် ၁၉၂၁-ခုတွင် ၈၃၇၈၇-ဦး ဖြစ်ပါသည်။ အသက် ၁၄ နှစ်အောက်လုပ်သားများမှာ ၁၉၁၁-ခုတွင် ၁၉၀၂-ဦး နှင့် ၁၉၂၁-ခုတွင် ၁၅၀၉- ဦးဖြစ်ပါသည်။ ၁၉၂၁-ခုတွင်အသက် ၁၄ နှစ်အောက်လုပ်သားများ လျော့နည်းသွားကြောင်း တွေ့ရပါသည်။

၁၉၁၁-ခုမှ ၁၉၂၁-ခုနှစ်အတွင်း စက်မှုလုပ်ငန်းများတွင်ပါဝင်လုပ်ကိုင်နေသောလုပ်သားအင်အားတိုးတက်မှုကို အောက်ပါအတိုင်း ခွဲခြား လေ့လာနိုင်ပါသည်။

(၁) စုစုပေါင်း လူဦးရေတွင်စက်မှုလုပ်သားအရေအတွက်တိုးတက်မှု၊
(၂) လုပ်သားအင်အားစုစုပေါင်းတွင်စက်မှုလုပ်သားအရေအတွက် တိုးတက်မှု၊
(၃) လုပ်သားအမျိုးအစားအလိုက် ပြောင်းလဲတိုးတက်မှု၊
(၄) ကျား ၊ မလုပ်သားအလိုက် ပြောင်းလဲတိုးတက်မှုနှင့်
(၅) လူမျိုးအလိုက် ပြောင်းလဲတိုးတက်မှုတို့ဖြစ်ပါသည်။

ဇယား (၅-၅)

၁၉၁၁နှင့်၁၉၂၁ခုနှစ်တွင်စက်မှုလုပ်ငန်း အား လုံး ရှိ စုစု ပေါင်း လုပ်သား အင်အား ပါဝင်မှုရာခိုင်နှုန်း ကို ဖော်ပြသော ဇယား

| သန်းခေါင်စာရင်း နှစ် | ၁၉၁၁ | | | ၁၉၂၁ | | |
|---|---|---|---|---|---|---|
| အချိုး | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| စက်မှုလုပ်ငန်းအားလုံးရှိ စုစုပေါင်း လုပ်သားအင်အား[1] / စုစုပေါင်း လူဦးရေ[2] | ၇၈၆၇၇ / ၁၂၁၁၅၂၁၇ = ၀.၆၅% | ၇၅၃၃၇ / ၆၁၈၃၄၉၄ = ၁.၂၂% | ၃၃၄၀ / ၅၉၃၁၇၂၃ = ၀.၀၆% | ၁၁၈၄၄၃ / ၁၃၂၁၂၁၉၂ = ၀.၉၀% | ၁၁၂၉၄၅ / ၆၇၅၆၉၆၉ = ၁.၆၇% | ၅၄၉၈ / ၆၄၅၅၂၂၃ = ၀.၀၉% |
| စက်မှုလုပ်ငန်းအားလုံးရှိ စုစုပေါင်းလုပ်သားအင်အား / လုပ်သားအင်အားစုစုပေါင်း[3] | ၇၈၆၇၇ / ၆၇၂၇၄၀၉ = ၁.၁၇% | ၇၅၃၃၇ / ၃၈၁၃၆၆၆ = ၁.၉၈% | ၃၃၄၀ / ၂၉၁၃၇၄၃ = ၀.၁၂% | ၁၁၈၄၄၃ / ၆၇၉၅၄၃၀ = ၁.၇၄% | ၁၁၂၉၄၅ / ၄၀၆၀၉၂၁ = ၂.၇၈% | ၅၄၉ / ၂၇၃၄၅၀ = ၀.၂၀% |

၁။ Total Persons Employed in All Establishments.

၂။ Total Population.

၃။ Total Labour Force.

စုစုပေါင်း လူဦးရေနှင့်လုပ်သားအင်အား စုစုပေါင်းတို့တွင် စက်မှုလုပ်သားအရေအတွက်တိုးတက်မှုကို ဇယား (၅-၅) ၁၉၁၁ နှင့် ၁၉၂၁-ခုနှစ်တွင် စက်မှုလုပ်ငန်းအားလုံး၌ စုစုပေါင်း လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်းဇယားတွင် ဖော်ပြထားပါသည်။

ယင်းတွင်အချိုး (၂) ခုအားဖြင့် ဖော်ပြထားပါသည်။ ပထမအချိုးမှာ စက်မှုလုပ်ငန်းအားလုံးတွင် ပါဝင်လုပ်ကိုင်နေသော စုစုပေါင်းလုပ်သားအင်အားနှင့် စုစုပေါင်းလူဦးရေတို့၏ အချိုးပင်ဖြစ်ပါသည်။ ယင်းအချိုးအရ ၁၉၁၁ နှင့် ၁၉၂၁-ခုနှစ်များတွင် စုစုပေါင်းလူဦးရေအနက် စက်မှုလုပ်ငန်းအားလုံး၌၊ ယောကျ်ားများပါဝင်လုပ်ကိုင်မှုနှုန်းသည် ၁.၂၂ % နှင့် ၁.၆၇ %၊ မိန်းမများပါဝင်လုပ်ကိုင်မှုနှုန်းသည် ၀.၀၆ % နှင့် ၀.၀၉ % ဖြစ်၍ ကျား၊ မ စုစုပေါင်းရာခိုင်နှုန်းမှာ ၀.၆၅ % နှင့် ၀.၉၀ % အသီးသီးဖြစ်ပါသည်။ သို့ဖြစ်၍ ၁၉၂၁-ခုနှစ်တွင် စုစုပေါင်းလူဦးရေအနက် စက်မှုလုပ်ငန်းများတွင် လုပ်သားများပါဝင်လုပ်ကိုင်မှုသည် အမျိုးသား ရော၊ အမျိုးသမီးအရေအတွက်ပါ တိုးတက်လာကြောင်း တွေ့ရပေသည်။

ဒုတိယအချိုးမှာ စက်မှုလုပ်ငန်းအားလုံးတွင် ပါဝင်လုပ်ကိုင်နေသော စုစုပေါင်းလုပ်သားအင်အားနှင့် လုပ်သားအင်အား စုစုပေါင်းတို့၏ အချိုးဖြစ်ပါသည်။ ယင်းအချိုးအရ၊ ၁၉၁၁ နှင့် ၁၉၂၁-ခုနှစ်များတွင် လုပ်သားအင်အားစုစုပေါင်း၌ စက်မှုလုပ်ငန်းအားလုံးတွင် ယောကျ်ားများပါဝင်လုပ်ကိုင်မှုနှုန်းသည် ၁.၉၈ % နှင့် ၂.၇၈ %၊ မိန်းမများပါဝင်လုပ်ကိုင်မှုသည် ၀.၁၂ % နှင့် ၀.၂၀ % ဖြစ်၍ ကျား၊ မ စုစုပေါင်းရာခိုင်နှုန်းမှာ ၁.၁၇ % နှင့် ၁.၇၄ % အသီးသီးဖြစ်ပါသည်။ ထို့ကြောင့် ၁၉၂၁-ခုနှစ်တွင် လုပ်သား

အင်အား စုစုပေါင်း ၌စက်မှုလုပ်သား အရေအတွက်တိုး တက်လာခဲ့ ပါသည်။ ယင်း အချိုး ၂မျိုး လုံး အရစက်မှုလုပ်ငန်း များ တွင်လုပ်သား အရေအတွက်တိုး တက်လာသည်နှင့်အမျှ ပါဝင် ဆောင်ရွက်မှုရာနှုန်းမှာ လည်း တိုး တက်လျက် ရှိကြောင်း တွေ့ရ၍ စက်မှုလုပ်ငန်း များ ဖွံ့ဖြိုး တိုးတက်မှုကိုအထောက်အကူပြု စေလိမ့်မည်ဖြစ်ပါသည်။

အထက်တွင် ဖော်ပြချက်များ အရ၊ ၁၉၁၁-ခုနှစ်တွင်ဆွဲ ဆောင်နိုင်သည့်အခြေခံရှိပြီး သောလုပ်သား အင်အား ကို၁၉၂၁ ခုနှစ်၌စက်မှုလုပ်ငန်း အရေအတွက်နှင့်လုပ်ငန်း အမျိုး အစား သစ်များ တိုး တက်လာသည့်နည်း တူလုပ်သား ဈေး ကွက်သစ်များ ဖန်တီး၍ တိုး တက်မှုရှိ အောင်သိမ်း သွင်း နိုင်ခဲ့သည်ဟုဆိုနိုင်ပါသည်။

လုပ်သား အမျိုး အစား အလိုက်နှင့်ကျား မလုပ်သား အလိုက် ပြောင်း လဲတိုး တက်မှုကိုဇယား(၃-၆) ၁၉၁၁နှင့်၁၉၂၁- ခုနှစ်တွင်စက်မှုလုပ်ငန်း အား လုံး ရှိလုပ်သား အင်အား ကိုလုပ်သား အမျိုး အစား နှင့်ကျား မအလိုက် ရာနှုန်း ဖြင့် ဖော်ပြထား သောဇယား တွင် တွေ့နိုင်ပါသည်။

ဇယား(၃-၆) တွင် ဖော်ပြချက်အရလုပ်သား အမျိုး အစား အလိုက် ပြောင်း လဲတိုး တက်မှုကိုကြည့်လျှင်၊ ၁၉၁၁-ခုနှင့်၁၉၂၁ ခုနှစ်တွင်စုစုပေါင်း လုပ်သား အင်အား ၌မန်နေဂျာများ ကြီးကြပ်သူများ ၊ တတ်ကျွမ်း သူများ နှင့်စာရေး လုပ်သား များ တွင်၆.၁၈% နှင့်၈.၉၃ %၊ ကျွမ်း ကျင်သူများ တွင်၂၁.၉၄ %နှင့်၁၉.၀၄ % မကျွမ်း ကျင်လုပ်သား များ တွင်၇၁.၈၈ %နှင့်၇၂.၀၁%အသီးသီး ဖြစ်ပါသည်။ ယင်း အခြေအနေအရစုစုပေါင်း လုပ်သား များ တွင်

ဇယား (၅-၆)

၁၉၁၁ နှင့် ၁၉၂၁ တွင် စက်မှုလုပ်ငန်းအားလုံး ရှိ လုပ်သားအင်အားကို လုပ်သားအမျိုးအစားနှင့် ကျား-မ အလိုက် ရာခိုင်နှုန်းဖြင့် ဖော်ပြသော ဇယား

| သန်းခေါင်စာရင်း နှစ် | ကျား (သို့) မ | စုစုပေါင်း လုပ်သား ပမာဏ | ရာခိုင်နှုန်း | ရာခိုင်နှုန်း | လုပ်သား အမျိုး အစား | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | မန်နေဂျာများ၊ ကြီးကြပ်သူများ၊ တတ်ကျွမ်းသူများ၊ စာရေးများ၊ လုပ်သါးများ | ရာခိုင်နှုန်း | | ကျွမ်းကျင် လုပ်သား များ | ရာခိုင်နှုန်း | | မကျွမ်းကျင် လုပ်သား များ | ရာခိုင်နှုန်း | |
| ၁၉၁၁ | စုစုပေါင်း | ၇၈၆၇၇ | ၁၀၀ | ၁၀၀ | ၄၈၅၉ | ၆.၁၈ | ၁၀၀ | ၁၇၂၆၃ | ၂၁.၉၄ | ၁၀၀ | ၅၆၅၅၅ | ၇၁.၈၈ | ၁၀၀ |
| | ကျား | ၇၅၃၃၇ | ၁၀၀ | ၉၅.၇၅ | ၄၇၄၉ | ၆.၃၀ | ၉၇.၇၄ | ၁၇၀၈၃ | ၂၂.၆၈ | ၉၈.၉၆ | ၅၃၅၀၅ | ၇၁.၀၂ | ၉၄.၆၁ |
| | မ | ၃၃၄၀ | ၁၀၀ | ၄.၂၅ | ၁၁၀ | ၃.၂၉ | ၂.၂၆ | ၁၈၀ | ၅.၃၉ | ၁.၀၄ | ၃၀၅၀ | ၉၁.၃၂ | ၅.၃၉ |
| ၁၉၂၁ | စုစုပေါင်း | ၁၁၈၄၄၃ | ၁၀၀ | ၁၀၀ | ၁၀၆၀၀ | ၈.၉၅ | ၁၀၀ | ၂၂၅၄၇ | ၁၉.၀၄ | ၁၀၀ | ၈၅၂၉၆ | ၇၂.၀၁ | ၁၀၀ |
| | ကျား | ၁၁၂၉၄၅ | ၁၀၀ | ၉၅.၃၆ | ၁၀၄၂၆ | ၉.၂၃ | ၉၈.၃၆ | ၂၁၈၈၁ | ၁၉.၃၇ | ၉၇.၀၅ | ၈၀၆၃၈ | ၇၁.၄၀ | ၉၄.၅၄ |
| | မ | ၅၄၉၈ | ၁၀၀ | ၄.၆၄ | ၁၇၄ | ၃.၁၇ | ၁.၆၄ | ၆၆၆ | ၁၂.၁၁ | ၂.၉၅ | ၄၆၅၈ | ၈၄.၇၂ | ၅.၄၆ |

၁၉၂၁-ခုနှစ်၌စီမံခန့်ခွဲသည့်လုပ်သားများ ပိုမိုများပြားလာပြီး ကျွမ်းကျင်လုပ်သားများ လျော့နည်းသွားကြောင်း တွေ့ရပါသည်။ ထို့ကြောင့်၁၉၂၁-ခုနှစ်တွင်ကျွမ်းကျင်မှုကိုင်ရာနှင့်အလုပ်အကိုင်ဆိုင်ရာ ရွှေ့ပြောင်းမှုများ ရှိကောင်း ရှိနိုင်ပါသည်။

ကျားလုပ်သားအင်အား၌၁၉၁၁နှင့်၁၉၂၁-ခုနှစ်တွင်မန်နေဂျာများ၊ကြီးကြပ်သူများ၊တတ်ကျွမ်းသူများ နှင့် စာရေးလုပ်သားများမှာ၊ ၆.၃ %နှင့်၉.၂၃ % ၊ကျွမ်းကျင် လုပ်သားများမှာ၂၂.၆၀ %နှင့်၁၉.၃၇ %၊ မကျွမ်းကျင်လုပ်သား များမှာ၊ ၇၁.၀၂ %နှင့်၇၁.၄ %အသီးသီးဖြစ်ပါသည်။ သို့ဖြစ်၍ အမျိုးသားလုပ်သားတွင်လည်း ၁၉၂၁-ခုနှစ်၌စီမံခန့်ခွဲသည့်လုပ်သား များ ပိုမိုများပြားလာပြီး၊ကျွမ်းကျင်လုပ်သားများ လျော့နည်း လာကြောင်း တွေ့ရပေသည်။

မိန်းမလုပ်သားအင်အားတွင်၁၉၁၁နှင့်၁၉၂၁ ခုနှစ်တွင်မန်နေဂျာများ၊ကြီးကြပ်သူများ၊တတ်ကျွမ်းသူများ နှင့် စာရေးလုပ်သားများတွင်၊ ၃.၂၉ %နှင့်၃.၁၇ %၊ကျွမ်းကျင် လုပ်သားများမှာ၁၅.၃၉ %နှင့်၁၂.၁၁ %၊ မကျွမ်းကျင်လုပ်သား များမှာ၊ ၉၁.၃၂ %နှင့်၈၄.၇၂ %အသီးသီးဖြစ်ပါသည်။ထို့ကြောင့် အမျိုးသမီးလုပ်သားတွင်၁၉၂၁-ခုနှစ်၌ကျွမ်းကျင်လုပ်သားများပို မိုများပြားလာပြီး မကျွမ်းကျင်သောလုပ်သားများ လျော့နည်းလာ ခဲ့ပါသည်။ အချုပ်အားဖြင့်လုပ်သားအမျိုးအစားအရကြည့်လျှင်၊ကာလ ၂-ခုလုံး၌အမျိုးသားရော၊အမျိုးသမီးပါ၊ စီမံခန့်ခွဲသည့်အပိုင်း၌ လုပ်သားများမှာအနည်းဆုံးနှင့်ကျွမ်းကျင်လုပ်သားများမှာဒုတိယ ဖြစ်၍၊ မကျွမ်းကျင်လုပ်သားများမှာအများဆုံးဖြစ်ကြောင်း တွေ့ရ

ပေသည်။ ယင်း မှာ စက်မှုလုပ်ငန်း များ ၏သဘာဝဖြစ်ပြီး ၊ ကာလ ၂ – ခုအတွင်း ပြောင်း လဲမှုများ အသင့်အတင့်ရှိ၍ ၊ စက်မှုလုပ်ငန်း အနေအထား ကိုခိုင်မာမှုရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟုဆိုနိုင်ပါသည်။

ဆက်လက်၍ဇယား(၅–၆) အရ၊ ကျား မအလိုက်ပြောင်း လဲတိုး တက်မှုကိုကြည့်ပါက၊ ၁၉၁၁နှင့်၁၉၂၁–ခုနှစ်များ တွင်စုစုပေါင်း လုပ်သား အင်အား ၌၊ ကျားလုပ်သား အင်အား မှာ၊ ၉၅.၇၅ % နှင့်၉၅.၃၆ %၊ မလုပ်သား အင်အား မှာ၊၄.၂၅ %နှင့်၄.၆၄% အသီး သီး ဖြစ်ပါသည်။ ယင်း အချက်အရ ယောကျ်ား များ သည်စက် မှု လုပ်ငန်း များ ၌မိန်း မများ ထက်ပိုမိုဝင်ရောက်လုပ်ကိုင်ပါသည်။

မန်နေဂျာများ ၊ ကြီး ကြပ်သူများ ၊ တတ်ကျွမ်းသူ များ နှင့်စာရေး လုပ်သား များ တွင်၁၉၁၁နှင့်၁၉၂၁–ခု နှစ် များ ၌ကျား လုပ်သား အင်အား မှာ၊ ၉၇.၇၄ %နှင့်၉၈.၃၆ % မလုပ်သား အင်အား မှာ၊ ၂.၂၆ %နှင့်၁.၆၄ %အသီး သီးဖြစ်၍ ၁၉၂၁–ခုနှစ်တွင်စီမံခန့်ခွဲမှုအပိုင်း ၌ ယောကျ်ား များ ပိုမို ဝင် ရောက်လုပ်ကိုင်လာ ကြောင်း တွေ့ရပါသည်။ ကျွမ်း ကျင်လုပ်သားများ တွင်လည်း ၁၉၁၁နှင့်၁၉၂၁–ခုနှစ်များ ၌၊ ကျား လုပ်သား အင် အား မှာ၊ ၉၈.၉၆ %နှင့်၉၇.၀၅ %၊ မလုပ်သား အင်အားမှာ ၁.၀၄ %နှင့်၂.၉၅ %အသီး သီး ဖြစ်ပါသည်။ ယင်း တွင်၁၉၂၁– ခုနှစ်၌ကျွမ်း ကျင်လုပ်သား များတွင်မိန်း မများ ပိုမိုများ ပြား လာ ပါသည်။ မကျွမ်း ကျင် သောလုပ်သား များ တွင်၁၉၁၁နှင့်၁၉၂၁– ခုနှစ်များ ၌ကျား လုပ်သား အင်အား မှာ၉၄.၆၁ %နှင့်၉၄.၁၄% မလုပ်သား အင်အား မှာ၅.၃၉ %နှင့်၅.၈၆ %အသီး သီး ဖြစ် ၍ မကျွမ်း ကျင်လုပ်သား များ တွင် ပြောင်း လဲမှုသိပ်မရှိလှပါ။

ထို့ကြောင့် ကျား မ အချိုး အရ၊ ကာလ ၂ – ခုလုံး တွင် ယောကျ်ား များ သည် စက်မှုလုပ်ငန်း များ ၌ အများ အပြား ဝင်ရောက် လုပ်ကိုင်ပြီး ၊ မိန်း မများ ဝင်ရောက်လုပ်ကိုင်မှုအလွန်နည်း ကြောင်း တွေ့ရပါသည်။ ထို့ပြင် အမျိုး သမီး များ သည် စီမံခန့်ခွဲမှုအပိုင်း ထက် ၊ မကျွမ်း ကျင်လုပ်သား အဖြစ် အောက် ခြေအလုပ်များ ၌ သာ၍ ပိုမိုဝင်ရောက် လုပ်ကိုင် ကြောင်း တွေ့ရပါသည်။

လူမျိုး အလိုက် ပြောင်း လဲတိုး တက်မှုကို လေ့လာကြည့် မည်ဆိုပါက၊ ဇယား(၅–၇)တွင် ၁၉၁၁ နှင့် ၁၉၂၁ – ခုနှစ်တွင် စက်မှု လုပ်ငန်း အား လုံး ရှိ မန်နေဂျာများ ၊ ကြီး ကြပ်သူများ ၊ တတ်ကျွမ်း သူ များ ၊ စာရေး လုပ်သား များ နှင့် ကျွမ်း ကျင်လုပ်သား များ အတွက် လူမျိုး အလိုက် ရာနှုန်း ဖြင့် ဖော်ပြထား ပါသည်။ မကျွမ်း ကျင်လုပ်သား များ အတွက်မူ လူမျိုး အလိုက်အချက်အလက်များ မရရှိခဲ့ပါ။ ယင်း တွင်ဖော် ပြချက်အရ၊ ၁၉၁၁ နှင့် ၁၉၂၁ – ခုနှစ်များ တွင် မန်နေဂျာများ ၊ ကြီး ကြပ်သူများ ၊ တတ်ကျွမ်း သူများ နှင့် စာရေး လုပ်သား များ ၌ ဥရောပသား များ နှင့် အင်္ဂလိုအင်ဒီယန်း များ မှာ၊ ၂၁.၀၁ % နှင့် ၁၇.၀၇ %၊ တိုင်း ရင်း သား နှင့် အခြား အာရှတိုက်သား များ မှာ၊ ၇၈.၉၉ % နှင့် ၈၂.၉၃ % အသီး သီး ဖြစ်ပါသည်။

ကျွမ်း ကျင်လုပ်သား များ တွင်လည်း ၁၉၁၁ နှင့် ၁၉၂၁ – ခုနှစ်များ ၌၊ ဥရောပသား များ နှင့် အင်္ဂလိုအင်ဒီယန်း များ မှာ၊ ၃.၉၉ % နှင့် ၁.၈၇ %၊ တိုင်း ရင်း သား လူမျိုး များ နှင့် အခြား အာရှတိုက်သား များ မှာ၊ ၉၆.၀၁ % နှင့် ၉၈.၁၃ % အသီး သီး ဖြစ်ပါသည်။ ယင်း အခြေအနေများ အရ၊ ၁၉၂၁ – ခုနှစ် တွင်တိုင်း ရင်း သား နှင့်အခြား အာရှတိုက်သား များ သည်၊ စက် မှု

ဇယား (၅-၇)

၁၉၁၁ နှင့် ၁၉၂၁ တွင် စက်မှုလုပ်ငန်းအားလုံး၌ မန်နေဂျာများ၊ ကြီးကြပ်သူများ တတ်ကျွမ်းသူများ၊ စာရေးများနှင့် ကျွမ်းကျင်လုပ်သားများကို လူမျိုးအလိုက် ရာခိုင်နှုန်းဖြင့် ဖော်ပြသောဇယား

| ...ယန်း ...ငိစာ ...နှစ် | လူမျိုး | လုပ်သား အမျိုး အစား | | | |
|---|---|---|---|---|---|
| | | မန်နေဂျာများ ကြီးကြပ်သူများ တတ်ကျွမ်းသူများ နှင့်စာရေးလုပ်သားများ | ရာခိုင်နှုန်း | ကျွမ်း ကျင် လုပ်သားများ | ရာခိုင်နှုန်း |
| ၉၁၁ | (၁) ဥရောပသားများနှင့် အင်္ဂလိုအင်ဒီးယန်း | ၁၀၂၁ | ၂၁.၀၁ | ၆၀၉ | ၃.၉၉ |
| | (၂) တိုင်းရင်းသားနှင့်အခြား အါရှတိုက်သားများ | ၃၀၃၀ | ၇၀.၉၉ | ၁၆၅၇၄ | ၉၆.၀၁ |
| | စုစုပေါင်း | ၄၀၅၉ | ၁၀၀ | ၁၇၂၆၃ | ၁၀၀ |
| ၉၂၁ | (၁) ဥရောပသားများနှင့် အင်္ဂလိုအင်ဒီးယန်း | ၁၀၀၉ | ၁၇.၀၇ | ၄၂၁ | ၁.၈၇ |
| | (၂) တိုင်းရင်းသားနှင့်အခြား အါရှတိုက်သားများ | ၈၇၉၁ | ၈၂.၉၃ | ၂၂၁၂၆ | ၉၈.၁၃ |
| | စုစုပေါင်း | ၁၀၆၀၀ | ၁၀၀ | ၂၂၅၄၇ | ၁၀၀ |

လုပ်ငန်း များ ၌ပိုမိုပါဝင်လုပ်ကိုင်လာပြီး ၊ ဥရောပသား များနှင့် အင်္ဂလိုအင်ဒီယန်း များ လျော့နည်း လာကြောင်း တွေ့ရပါသည်။သို့ဖြစ် ၍တိုင်း ရင်း သား လူမျိုး များ အနေဖြင့်စက်မှုလုပ်ငန်း များ ကိုပို မို စိတ်ဝင်စား လာသည်ဟုဆိုနိုင် ပေသည်။

ထို့ကြောင့်၁၉၂၁–ခုနှစ်တွင်တည်ရှိပြီး စက်မှု လုပ်ငန်း များ ဟိုး တက် များ ပြား လာပြီး စက်မှုလုပ်ငန်း သစ်များ လည်း ထပ်မံ ပေါ် ပေါက်လာမှုသည်၊ ဒေသဖွံ့ဖြိုး မှုအသွင်သဏ္ဍာန်ကို ဆောင် သကဲ့သို့လိုအပ် သော စက်မှုလုပ်သား အင်အား ကိုလည်း လုံ လောက်စွာတိုး ချဲ့ ဖြည့်တင်း နိုင်ခဲ့ပါသည်။ စက်မှုလုပ်ငန်း များ တွင် ယောကျ်ား များပို မိုပါဝင်လုပ်ကိုင်လာ အောင်ဖွဲ့စည်း နိုင်ခဲ့ပြီး စီမံခန့်ခွဲသူများနှင့်တတ် ကျွမ်း သူများ အပိုင်း ၌လည်း ယောကျ်ား များ ကို လေ့ကျင့် ပေး နိုင် ခဲ့ ပါသည်။ ကျွမ်း ကျင်လုပ်သား များ တွင်လည်း မိန်း မများ ကိုပိုမို လေ့ ကျင့် ပေး နိုင်ခဲ့ပါသည်။ ၁၉၁၁နှင့်၁၉၂၁–ခုနှစ်များ ၏စက်မှုလုပ် ငန်း အား လုံး တွင်ပါဝင်လုပ်ကိုင် နေ သောလုပ်သား အမျိုး အစားများ တွင်လည်း မန် နေဂျာများ ၊ကြီး ကြပ်သူများ ၊တတ်ကျွမ်း သူများ နှင့် စာရေး လုပ်သား များ မှာ၆ %နှင့်၉ %အသီး သီး ဖြစ်ပါ သည်။ ကျွမ်း ကျင်လုပ်သား များ မှာ၂၂ %နှင့်၁၉ %၊ မကျွမ်း ကျင်လုပ် သား များ မှာ၇၂ %ဖြစ်ပါသည်။ ထို့ကြောင့်မကျွမ်း ကျင်လုပ်သား များ မှာရာခိုင်နှုန်း အား ဖြင့်ထူး ခြား မှုမရှိ သော်လည်း ကျွမ်းကျင် လုပ်သား များ ကိုတတ်ကျွမ်း သူများ ဖြစ် အောင်၃ %နီး ပါး လေ့ ကျင့် ဖွဲ့စည်း ၍အရည်အသွေး မြှင့်တင် ပေး နိုင်ခဲ့ သော ကြောင့်စက်မှုလုပ်သား အင်အား ကိုခိုင်မာမှုရှိ အောင်ဖွဲ့စည်း နိုင်ခဲ့သည်ဟုဆို နိုင်ပါသည်။

၁၉၁၁ နှင့် ၁၉၂၁ – ခုနှစ်အတွင်း စက်မှုလုပ်ငန်းများ တွင်ပါဝင်လုပ်ကိုင်နေသော လုပ်သားအင်အားတိုး တက်မှုကို ၊ အပိုင်း များ ခွဲ၍တင်ပြပြီး နောက်လုပ်သား အမျိုး အစား အလိုက်အသေးစိတ်အ ရေအတွက်ကိုဇယား(၅–၀ )၌၊ စက်မှုလုပ်ငန်း တစ်ခုချင်း အလိုက် ဖော်ပြထား ပါသည်။ ယင်း တွင်လုပ်သား အမျိုး အစား ၊ လူမျိုး နှင့် ကျား မအလိုက်အ ရေအတွက်ကိုအ သေး စိတ် ဖော်ပြထား ပါသည်။

ထူး ခြား ချက်ရှိ သော စက်မှုလုပ်ငန်း တစ်ခုချင်းအလိုက်လုပ်သား အင်အား ကို လေ့လာလျှင် ကျောက်မျက်ရတနာတွင်းများသည် ၁၉၁၁ – ခုတွင် ၁၄ – ခုမှ ၁၉၂၁ – ခုနှင်တွင် ၁၆ – ခုသို့တိုး တက်လာခဲ့ပြီး လုပ်သား အင်အား တွင်မူ ၄၁၂၅ ယောက်မှ ၂၃၇၆ ယောက် သို့ တစ်ဝက်နီး ပါး ကျဆင်း သွား ခဲ့သည်။ ထိုသို့ဖြစ်ရခြင်း မှာ စက်စွမ်းအားကိုပိုမိုအသုံး ပြုလာခြင်း ကြောင့် ဖြစ်နိုင်သည်ဟုခန့်မှန်း ရပေ သည်။ သို့မဟုတ်လုပ်ကိုင်သည့်လုပ်သား များ လျော့နည်း လာခြင်း လည်းဖြစ်နိုင်သည်။

သတ္တုစက်မှုလုပ်ငန်းများတွင်လည်း ၁၉၁၁ – ခုမှ ၁၉၂၁ တွင် ၃၂ – ခုသို့တိုး တက်လာ သော်လည်း လုပ်သား အင်အား မှာ ၊ ၂၄၀၆ ယောက်မှ ၂၄၄၀ ယောက်သို့အနည်း ငယ် လျော့နည်း ခဲ့သည်။ ၁၉၁၁ တွင်ရှိ သော လုပ်ငန်း ၁၁ – ခုမှာ ၊ စက်စွမ်း အား ကိုအသုံး ပြုခဲ့ကြပြီး ၊ ၁၉၂၁ – တွင် ၃၂ – ခုအနက် ၁၀ – ခုမှာ စက်စွမ်း အား ကိုအသုံး ပြုပြီး ၊ ၁၄ – ခုမှာစက်စွမ်း အား ကိုအသုံး မပြုခဲ့ပေ။ ထိုပြင်အငှယ်အစား သေးငယ် သော လုပ်ငန်း မှာ ၂၁ – ခုပါဝင် နေပြီး ၊ လုပ်သား ၁၀ ယောက် မှ ၂၀ ထိရှိစက်ရုံမှာ ၊ ၇ – ခုနှင့်လုပ်သား ၂၀ မှ ၅၀ ထိရှိ သော စက်ရုံမှာ ၁၄ – ခုဖြစ် ပေသည်။

ဇယား (၅-၈) ၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်တွင် စက်မှုလုပ်ငန်းအသီးသီးရှိ လုပ်သားအင်အားကို လုပ်သားအမျိုးအစား လူမျိုးနှင့် ကျားမအလိုက် အသေးစိတ်ဖော်ပြသောဇယား

| | လုပ်ငန်း အမျိုးအစား | သန်းခေါင်စာရင်းကောက်ယူသည့်နှစ် | လုပ်ငန်း အရေအတွက် | စုစုပေါင်း လုပ်သား အင်အား | | | လုပ်သား အမျိုးအစား | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | မန်နေဂျာများ၊ ကြီးကြပ်သူများ၊ ကျွမ်းကျင်သူများ နှင့် စာရေး လုပ်သားများ | | | | ကျွမ်းကျင် လုပ်သားများ | | | | မကျွမ်းကျင် လုပ်သားများ | | | |
| | | | | | | | ဥရောပသား နှင့် အင်ဂလို အင်ဒီယန်းများ | | တိုင်းရင်းသား နှင့် အခြားအာရှတိုက်သားများ | | ဥရောပသား နှင့် အင်ဂလို အင်ဒီယန်းများ | | တိုင်းရင်းသား နှင့် အခြားအာရှတိုက်သားများ | | အသက် ၁၄ နှစ် နှင့် အထက် | | အသက် ၁၄ နှစ် နှင့် အောက် | |
| | | | | စုစုပေါင်း | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ |
| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ |
| | စက်မှုလုပ်ငန်း အားလုံးပေါင်း အတွက် | ၁၉၁၁ | ၃၅၀ | ၇၈၆၇၇ | ၇၅၃၃၇ | ၃၃၄၀ | ၉၉၃ | ၂၈ | ၃၇၅၆ | ၈၂ | ၆၄၅ | ၁၄ | ၁၆၄၀၈ | ၁၆၆ | ၅၂၀၅၆ | ၂၅၉၇ | ၁၄၇၉ | ၄၅၃ |
| | | ၁၉၂၁ | ၁၁၉၈ | ၁၁၈၄၄၃ | ၁၁၂၉၄၅ | ၅၄၉၈ | ၁၇၆၂ | ၄၇ | ၈၆၆၄ | ၁၂၇ | ၃၆၃ | ၅၈ | ၂၁၅၁၈ | ၆၀၈ | ၇၉၄၅၀ | ၄၃၃၇ | ၁၁၈၈ | ၃၂၁ |
| ၁ | အထူး ထွက်ကုန်များ ခိုက်သိုးခြင်း | ၁၉၁၁ | ၁၀ | ၄၀၄၇ | ၃၈၉၆ | ၁၅၁ | ၃၃ | — | ၃၆ | — | — | — | ၅၄၀ | — | ၃၂၃၉ | ၁၃၃ | ၄၈ | ၁၈ |
| | | ၁၉၂၁ | ၄၄ | ၅၈၈၁ | ၄၉၇၆ | ၉၀၅ | ၈၆ | — | ၁၄၇ | — | ၁ | — | ၇၃ | — | ၄၄၄၇ | ၈၃၁ | ၂၂၂ | ၇၄ |
| ၂ | သတ္တုတွင်းများ | ၁၉၁၁ | ၃၈ | ၉၀၀၆ | ၈၇၅၅ | ၂၅၁ | ၁၁၉ | — | ၂၃၀ | ၁ | ၃၀၈ | — | ၁၅၆၆ | ၁၉ | ၆၄၈၁ | ၂၂၂ | ၂၁ | ၉ |
| | | ၁၉၂၁ | ၆၉ | ၉၆၁၉ | ၉၂၆၈ | ၃၅၁ | ၂၁၇ | ၃ | ၄၇၇ | ၄ | ၂၃ | — | ၈၄၂ | — | ၇၆၀၈ | ၂၉၆ | ၁၀၁ | ၄၈ |
| ၃ | ကျောက်မျက် ရတနာ တွင်းများ | ၁၉၁၁ | ၁၄ | ၄၁၂၅ | ၃၉၆၃ | ၁၆၂ | ၄၈ | — | ၂၂ | — | — | — | ၄၈၃ | — | ၂၉၂၃ | ၄၉ | ၄၈၇ | ၁၁၃ |
| | | ၁၉၂၁ | ၁၆ | ၂၃၇၆ | ၂၂၆၀ | ၁၁၆ | ၃၃ | — | ၅၅ | — | ၂ | — | ၁၀၃ | — | ၂၁၄၂ | ၁၁၃ | ၂၅ | ၃ |
| ၄ | ချည်ထည် စက်မှုလုပ်ငန်းများ | ၁၉၁၁ | ၆ | ၈၈၉ | ၇၁၃ | ၁၇၆ | — | — | ၈၉ | — | — | — | ၁၅၆ | ၂၃ | ၄၄၅ | ၁၂၀ | ၂၃ | ၃၃ |
| | | ၁၉၂၁ | ၃၉ | ၂၄၃၇ | ၁၅၇၅ | ၈၆၂ | ၁၃ | — | ၂၂၃ | ၃၁ | — | — | ၃၀၁ | ၁၆၂ | ၉၈၈ | ၆၂၆ | ၅၀ | ၄၃ |
| ၅ | သစ်နှင့် သစ်ထွက် ပစ္စည်း စက်မှုလုပ်ငန်းများ | ၁၉၁၁ | ၈၂ | ၉၈၃၃ | ၉၅၂၃ | ၃၁၀ | ၈၅ | ၆ | ၁၃၀၅ | ၄၆ | ၇ | — | ၂၁၆၅ | ၅၃ | ၅၈၁၃ | ၁၇၃ | ၁၄၈ | ၃၂ |
| | | ၁၉၂၁ | ၁၅၀ | ၁၃၉၃၁ | ၁၃၆၄၂ | ၂၈၉ | ၁၀၅ | ၁ | ၁၂၆၈ | ၁၂ | ၂ | — | ၂၇၁၈ | — | ၉၄၄၆ | ၂၆၅ | ၁၀၃ | ၁၁ |
| ၆ | တိရစ္ဆာန် သားရေ နှင့် အရိုး စက်မှုလုပ်ငန်းများ | ၁၉၁၁ | — | — | — | — | — | — | — | — | — | — | — | — | — | — | — | — |
| | | ၁၉၂၁ | ၁၅ | ၄၅၁ | ၄၄၀ | ၁၁ | ၁၁ | — | ၆၃ | — | — | — | ၇၂ | — | ၂၉၁ | ၉ | ၃ | ၂ |
| ၇ | သတ္တု စက်မှုလုပ်ငန်းများ | ၁၉၁၁ | ၁၁ | ၂၄၈၆ | ၂၄၂၇ | ၅၉ | ၉၀ | — | ၈၉ | — | ၃၉ | — | ၁၁၀၇ | — | ၁၀၈၄ | ၅၉ | ၁၈ | — |
| | | ၁၉၂၁ | ၃၂ | ၂၄၄၈ | ၂၄၄၈ | — | ၆၄ | — | ၁၅၁ | — | ၃၅ | — | ၁၁၀၄ | — | ၁၀၄၇ | — | ၄၇ | — |
| ၈ | ယာဉ် နှင့် စက်ကိရိယာ ပစ္စည်း စက်မှုလုပ်ငန်းများ | ၁၉၁၁ | ၂ | ၁၅၃ | ၁၅၃ | — | ၁ | — | ၃၃ | — | — | — | ၁၁ | — | ၁၀၈ | — | — | — |
| | | ၁၉၂၁ | ၈၃ | ၄၁၀၆ | ၃၇၀၉ | ၃၉၇ | — | — | ၁၆၅ | — | — | — | ၈၃၁ | ၂၃ | ၂၆၈၂ | ၃၄၅ | ၃၁ | ၂၉ |
| ၉ | ဓါတုဗေဒ ထွက်ကုန် ပစ္စည်းများ နှင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများ | ၁၉၁၁ | ၁၂ | ၁၁၁၇၀ | ၁၁၁၀၁ | ၄၉ | ၂၁၈ | — | ၂၇၃ | — | ၁၄ | — | ၂၉၄၉ | — | ၇၄၉၁ | ၄၆ | ၁၉၈ | ၃ |
| | | ၁၉၂၁ | ၈၃ | ၃၅၁၂၈ | ၃၄၅၇၉ | ၅၄၉ | ၆၃၄ | ၉ | ၂၁၄၂ | ၁၈ | ၅၀ | — | ၄၈၅၅ | — | ၂၆၅၄၅ | ၅၀၅ | ၃၅၃ | ၁၇ |
| ၁၀ | စားသောက်ကုန် စက်မှုလုပ်ငန်းများ | ၁၉၁၁ | ၁၅၅ | ၃၀၁၅၉ | ၂၇၉၉၄ | ၂၀၆၅ | ၁၅၄ | — | ၁၂၇၄ | ၃၅ | ၂၀၈ | ၁၃ | ၃၄၆၄ | ၇၁ | ၂၂၄၀၇ | ၁၇၀၁ | ၄၈၇ | ၂၄၅ |
| | | ၁၉၂၁ | ၄၈၂ | ၂၄၀၈၀ | ၂၂၂၅၁ | ၁၈၂၉ | ၂၃၃ | ၄ | ၂၇၁၅ | ၅၃ | ၁၈ | — | ၁၉၁၃ | ၃၉၂ | ၁၇၂၄၂ | ၁၂၉၆ | ၁၃၀ | ၈၄ |
| ၁၁ | ပို့ဆောင်ဆက်သွယ်ရေး ပစ္စည်းများ တည်ဆောက်ခြင်း | ၁၉၁၁ | ၁၀ | ၄၉၀၇ | ၄၇၉၉ | ၁၀၈ | ၁၁၉ | ၁၄ | ၂၄၈ | — | ၉၂ | — | ၂၆၄၃ | — | ၁၆၉၇ | ၉၄ | — | — |
| | | ၁၉၂၁ | ၄၁ | ၁၁၁၉၁ | ၁၁၁၂၁ | ၇၀ | ၂၀၄ | ၁၅ | ၄၉၃ | ၃ | ၁၉၀ | ၅၁ | ၁၇၂၁ | — | ၄၄၄၀ | ၁ | ၈၂ | — |
| ၁၂ | လျှပ်စစ်ဓါတ်အား နှင့် လျှပ်စစ် ပစ္စည်း ပြင် အလုပ်ရုံ | ၁၉၁၁ | ၂ | ၂၆၇ | ၂၆၇ | — | ၅၃ | — | ၃ | — | ၂ | — | ၁၁၀ | — | ၉၉ | — | — | — |
| | | ၁၉၂၁ | ၅ | ၈၂၅ | ၈၂၁ | ၄ | ၂၆ | ၄ | ၃၉ | — | ၃ | — | ၈၂ | — | ၃၇၃ | — | ၄ | — |
| ၁၃ | အဝတ် အထည် လုပ်ငန်းများ | ၁၉၁၁ | — | — | — | — | — | — | — | — | — | — | — | — | — | — | — | — |
| | | ၁၉၂၁ | ၄၈ | ၁၀၃၃ | ၈၇၉ | ၅၄ | ၁၄ | ၃ | ၁၄၁ | — | ၁ | ၂ | ၆၈၁ | ၂၄ | ၁၅၅ | ၂၀ | ၇ | ၅ |
| ၁၄ | ပရိဘောဂ လုပ်ငန်းများ | ၁၉၁၁ | — | — | — | — | — | — | — | — | — | — | — | — | — | — | — | — |
| | | ၁၉၂၁ | ၁၂ | ၅၉၈ | ၅၉၇ | ၁ | ၁၆ | — | ၈၇ | ၁ | — | — | ၂၂၅ | — | ၂၆၁ | — | ၈ | — |
| ၁၅ | အဆောက်အဦး သုံး ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်း | ၁၉၁၁ | — | — | — | — | — | — | — | — | — | — | — | — | — | — | — | — |
| | | ၁၉၂၁ | ၁၇ | ၁၂၇၀ | ၁၂၅၉ | ၁၁ | ၁၇ | ၂ | ၈၈ | — | ၁၂ | — | ၃၃၃ | — | ၈၀၅ | ၈ | ၄ | ၁ |
| ၁၆ | အခြား စက်မှု လုပ်ငန်းများ | ၁၉၁၁ | ၈ | ၁၇၅၅ | ၁၇၄၆ | ၉ | ၇၃ | ၈ | ၃၄၄ | — | ၅ | ၁ | ၁၁၈၇ | — | ၂၉၆ | — | ၅၈ | — |
| | | ၁၉၂၁ | ၈၂ | ၃၃၆၉ | ၃၃၂၀ | ၄၉ | ၈၉ | ၆ | ၅၄၄ | ၅ | ၂၆ | ၅ | ၁၆၅၃ | ၇ | ၉၉၀ | ၂၃ | ၁၈ | ၃ |

စားသောက်ကုန်စက်မှုလုပ်ငန်းများတွင်လည်း ၁၉၁၁၌၊ ၁၅၅-ခုမှ ၁၉၂၀တွင ၄၇၂-ခုထိရှိလာခဲ့သော်လည်း စုစုပေါင်းလုပ်သားအင်အားမှာ၊ ၃၀၀၅၉-ဦးမှ ၂၄၀၇၀ ထိကျဆင်းခဲ့ပေသည်။ ယင်းတွင်ဆန်စက်များမှာအများဆုံးဖြစ်၍ ၁၅၂စက်မှ ၃၇၇စက်ထိဖြစ်လာပြီး ၊ကြံသကာနှင့်သကြားချက်လုပ်ငန်းမှာ ၁၉၂၁-ခုနှစ်တွင်မှ ၅၄-ခုရှိလာပါသည်။ ယင်းတွင်လုပ်သားအင်အားကျဆင်းရခြင်းမှာဆန်စက်များအားလုံးသည်ကာလ၂-ခုလုံး၌စက်စွမ်းအားကိုအသုံးပြုခဲ့သော်လည်း ၊ ၁၉၂၀တွင်ဆန်စက်များသည် အရွယ်အစားသေးငယ်လာခဲ့ပြီး စက်အသစ်များမှာလည်းအသေးစားများသာဖြစ်ပါသည်။ ၁၉၁၁နှင့်၁၉၂၀-ခုနှစ်များတွင်လုပ်သား ၄၀၀အထက်ရှိသောဆန်စက်များမှာ ၁၇-ခုမှ၆-ခုသို့လည်းကောင်း လုပ်သား ၂၀၀နှင့်၃၀၀ကြားရှိစက်များမှာ၂၂-ခုမှ၂၀သို့လည်းကောင်း၊ လုပ်သား ၁၀၀နှင့်၂၀၀ကြားရှိစက်များမှာ၊ ၂၄-ခုမှ၁၉-ခုထိလည်းကောင်း၊ လုပ်သား ၅၀နှင့်၁၀၀ကြားရှိစက်များမှာ ၄၀မှ၃၆သို့လည်းကောင်းအသီးသီးကျဆင်းခဲ့ပါသည်။ အရွယ်အစားသေးငယ်သောလုပ်သား ၂၀မှ၅၀ကြားရှိစက်များမှာ၄၇-ခုမှ ၂၀၄ခုထိလည်းကောင်း၊ လုပ်သား ၁၀ ယောက်မှ၂၀ကြားစက်အသေးလေးများမှာ၊ ၁၀၃-ခုထပ်မံ၍ပေါ်ပေါက်ခဲ့ပေသည်။ ယင်းကိုကြည့်ခြင်းဖြင့်စက်အသေးစားများသာပိုမိုများပြားလာကြောင်းတွေ့နိုင်ပေသည်။ထို့ကြောင့်လုပ်သားအင်အားမှာလျော့နည်းသွားရခြင်းဖြစ်နိုင်ပေသည်။

ထို့အတူသတ္တုတွင်းများသည်လည်း ၁၉၁၁-တွင်၃၇ ခုမှ၁၉၂၀-ခုတွင်၆၉-ခုထိဘစ်ဝက်နီးပါးတိုးတက်လာသော်လည်း

လုပ်သားအင်အားမှာ၊ ၉၀၀၆ ယောက်မှ ၉၆၁၉ ယောက်ထိ ၆၀၀ ကျော် လောက်သာတိုးတက်ခဲ့ပါသည်။ လုပ်သား ၁၀ ယောက်မှ ၂၀ ထိ ရှိလုပ်ငန်း ငယ် ၁၈ – ခုနှင့်လုပ်သား ၂၀ နှင့် ၅၀ ကြား ရှိလုပ်ငန်းငယ် ၁၇ – ခုတို့သာတိုး တက်ခဲ့ခြင်း ဖြစ်ပေသည်။ လုပ်သား ၅၀ နှင့် ၁၀၀ ကြား ရှိလုပ်ငန်း ၇ – ခုမှာ လျော့နည်း သွားခဲ့ပေသည်။

အထူး ထွက်ကုန်များ စိုက်ပျိုးခြင်း တွင်လည်း ၁၉၁၁ တွင်လုပ်ငန်း ၁၀ – ခုမှ ၁၉၂၁ – တွင် ၄၄ – ခုထိရှိခဲ့သော်လည်း လုပ်သား အင်အားမှာ၊ ၄၀၄၇ မှ ၅၈၈၁ ထိ ၁၈၀၀ ကျော်ခန့်သာတိုး တက်လ ပါသည်။ ထို့ကြောင့်လုပ်ငန်း အသေး စား များ တိုး တက်ခဲ့ခြင်း ဖြစ် နိုင် ပေသည်။ ၁၉၁၁ တွင်လုပ်ငန်း ၁၀ – ခုမှာ၊ စက်များ ကိုအသုံး မပြုခဲ့ဘဲ၊ ၁၉၂၁ တွင် ၁၄ – ခုမှာ၊ စက်အင်အား ကိုအသုံး ပြုခဲ့ပါသည်။

ဓါတုဗေဒထွက်ကုန်ပစ္စည်း များ နှင့်သက်ဆိုင် သော စက်မှုလုပ်ငန်း များ တွင်လည်း ၁၉၁၁ – ခုတွင်လုပ်ငန်း ၁၂ – ခု မှ ၁၉၂၁ တွင် ၈၃ – ခုထိ (၇) ဆခန့်တိုး တက်ခဲ့သော်လည်း လုပ်သား အင် အား မှာ၊ ၁၁၁၅၀ ယောက်မှ ၃၅၁၂၈ ယောက်ထိ (၃) ဆခန့် တိုး တက်ခဲ့ပါသည်။ ၁၉၁၁ – ခုတွင်လုပ်ငန်း ၁၂ – ခုမှာ၊ စက်စွမ်းအား ကိုအသုံး ပြုခဲ့ပြီး ၊ ၁၉၂၁ တွင် ၈၃ – ခုအနက် ၁၈ – ခုမှာ စက်စွမ်းအား ကိုအသုံး မပြုခဲ့ဘဲ၊ ၆၅ – ခုသာ စက်စွမ်း အား ကိုအသုံး ပြုခဲ့ပါသည်။

အထက်ပါတွေ့ရှိချက်များ အရ၊ ၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်ကိုနှိုင်း ယှဉ်ကြည့်ပါက၊ ၁၉၂၁ – ခုနှစ်သန်း ခေါင်စာရင်း နှစ် တွင်စက်မှုလုပ်ငန်း များ နှင့်ပတ်သက်၍ သတ်မှတ်ချက်များ သည်ပိုမိုကျယ် ပြန့်မှုရှိပြီး ၊ လုပ်ငန်း အရွယ်အစား အသေး များ ကိုပါစက်မှုဆိုင်ရာ

အချက်အလက်များ တွင်ထည့်သွင်း ခဲ့ခြင်း ဖြစ်နိုင်ပေသည်။ သို့ဖြစ်၍ ၁၉၂၁–ခုနှစ်တွင်စက်မှုလုပ်ငန်း အရေအတွက်များ ၊ လုပ်ငန်း သစ်များ တိုး တက်ခဲ့သော်လည်း လုပ်သား အင်အား မှာလုပ်ငန်း အရေအတွက်ထက်၊ အရွယ်အစား နှင့်စက်စွမ်း အား အသုံး ပြုမှု၊ မပြုမှုအပေါ်တွင်သာမူတည်၍တိုး တက်ခဲ့ကြောင်း တွေ့ရ ပေသည်။

ထို့ကြောင့်၁၉၁၁နှင့်၁၉၂၁ခုနှစ်အတွင်း စက်မှုလုပ်ငန်း ပိုင်ဆိုင်မှု၊ အရွယ်အစား နှင့်စက်စွမ်း အား အသုံး ပြုမှုများ ကိုဆက်လက်တင်ပြမည်ဖြစ်ပါသည်။

(၄) <u>စက်မှုလုပ်ငန်း များ၏ပိုင်ဆိုင်မှု၊ အရွယ်အစား နှင့်စက်စွမ်း အား အသုံး ပြုမှုတိုး တက်မှုများ</u>

၁၉၁၁၊ ၁၉၂၁–ခုနှစ်များ၏စက်မှုလုပ်ငန်း များ တွင်လုပ်သား အင်အား ဆိုင်ရာအကြောင်း အရာများ ကို တင်ပြပြီး နောက်ဤအပိုင်း ၌ ပထမဦး စွာစက်မှုလုပ်ငန်း များ ၏ ပိုင်ဆိုင်မှုအနေအထား ကိုတင်ပြလိုပါသည်။ ပိုင်ဆိုင်မှုအနေအထား ကိုတင်ပြရာတွင်–

(၁) စက်မှုလုပ်ငန်း များ တွင်လူမျိုး အလိုက်ပိုင်ဆိုင်မှု
(၂) စက်မှုလုပ်ငန်း များ တွင်ပုဂ္ဂလိကနှင့်အစုစပ်ပိုင်ဆိုင်မှု
(၃) စက်မှုလုပ်ငန်း များ တွင်စီမံခန့်ခွဲသူအလိုက်အနေအထား များ ကိုတင်ပြမည်ဖြစ်ပါသည်။ ထိုသို့တင်ပြရာတွင်ကာလ၂–ခုလုံး ၌စက်မှုလုပ်ငန်း အား လုံး အတွက်အချက်အလက်များ မရရှိနိုင်ပါ။ ရွေး ချယ်ထား သောစက်မှုလုပ်ငန်း များ အတွက်သာတင်ပြနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်ဇယား(၅-၉)တွင်၊ ၁၉၁၁နှင့်၁၉၂၁ ခုနှစ်များ အတွက် ရွေးချယ်ထားသော စက်မှုလုပ်ငန်း ၅-ခု၏လူမျိုး အလိုက်ပိုင်ဆိုင်မှုကို ဖော်ပြထားပါသည်။ ယင်းရွေးချယ်ထားသော စက်မှုလုပ်ငန်း ၅-ခုမှာ ရေနံတွင်းများ၊ သံဖြူနှင့်ခဲမဖြူ၊ အဖြိုက်နက်သတ္တုတွင်းများ၊ လွှစက်နှင့်သစ်စက်များ၊ ရေနံချက်စက်ရုံများ နှင့်ဆန်စက်များ ဖြစ်ပါသည်။ ဇယားတွင်ဖော်ပြချက်များအရ၊ယင်း စက်မှုလုပ်ငန်း ၅-ခုပေါင်းတွင်၊ ၁၉၁၁-ခုနှစ်၌တိုင်းရင်းသား လူမျိုးများ ပိုင်ဆိုင်သောလုပ်ငန်းမှာ ၇၉-ခု(၂၈.၅၂ %)၊ အင်ဒီယန်းလူမျိုးများ ပိုင်ဆိုင်သောလုပ်ငန်းမှာ ၆၅-ခု (၂၃.၄၇ %)နှင့်အခြားသောလူမျိုးများ ပိုင်ဆိုင်မှုမှာ ၁၃၃-ခု (၄၈.၀၁ %)ရှိ၍ စုစုပေါင်း ၂၇၇-ခု(၁၀၀ %)ဖြစ်ပါသည်။

၁၉၂၁-ခုနှစ်တွင်တိုင်းရင်းသားလူမျိုးများ ပိုင်ဆိုင်သောလုပ်ငန်းမှာ၊ ၂၉၄-ခု(၄၇.၈၈ %)သို့တက်လာပြီး အင်ဒီယန်းလူမျိုးများ ပိုင်ဆိုင်သောလုပ်ငန်းမှာ ၁၀၉-ခု (၁၇.၇၅ %)နှင့်အခြားသောလူမျိုးများ ပိုင်ဆိုင်မှုမှာ ၂၁၁-ခု (၃၄.၃၇ %)သို့အသီးသီးကျဆင်းသွားပါသည်။ စုစုပေါင်းမှာ လုပ်ငန်း ၆၁၄-ခု(၁၀၀ %)ဖြစ်ပါသည်။ ထို့ကြောင့်၁၉၂၁-ခု နှစ်တွင်စက်မှုလုပ်ငန်းများ၌တိုင်းရင်းသားလူမျိုးများ ပိုင်ဆိုင် မှုအနေအထားမှာအများဆုံးဖြစ်လာပြီး၊ ပိုမိုပိုင်ဆိုင်လာကြောင်း တွေ့ရပါသည်။ တိုင်းရင်းသားလူမျိုးများအနေဖြင့်စက်မှုလုပ်ငန်း များကိုပိုမိုစိတ်ဝင်စားလုပ်ကိုင်လာသည့်သဘောဖြစ်ပါသည်။

ယင်းစက်မှုလုပ်ငန်း ၅-ခုတွင်ပုဂ္ဂလိကနှင့် အစု စပ်ပိုင်ဆိုင်မှုကိုဇယား(၅-၁၀)တွင်ဖော်ပြထားပါသည်။ ယင်းတွင်

ဇယား (၅-၉)

၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်အတွက် ရွေးချယ်ထားသော စက်မှုလုပ်ငန်း (၅) ခုတွင် လူမျိုးအလိုက် ပိုင်ဆိုင်မှုရာခိုင်နှုန်းကို ဖော်ပြသော ဇယား

| ပိုင်ဆိုင်သူအမျိုးအစား / သန်းခေါင်စာရင်းနှစ် | တိုင်းရင်းသားလူမျိုးများ | ရာခိုင်နှုန်း | အင်ဒီးယန်းလူမျိုးများ | ရာခိုင်နှုန်း | အခြားသောလူမျိုးများ | ရာခိုင်နှုန်း | စုစုပေါင်းလုပ်ငန်းအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ၁၉၁၁ | ၇၉ | ၂၈.၅၂ | ၆၅ | ၂၃.၄၇ | ၁၃၃ | ၄၈.၀၁ | ၂၇၇ | ၁၀၀ |
| ၁၉၂၁ | ၂၉၄ | ၄၇.၈၈ | ၁၀၉ | ၁၇.၇၅ | ၂၀၀ | ၃၄.၃၇ | ၆၁၄ | ၁၀၀ |

ဇယား (၅-၁၀)

၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်အတွက် ရွေးချယ်ထားသော စက်မှုလုပ်ငန်း (၅) ခုတွင် ပိုင်ဆိုင်မှုအမျိုးအစား ရာခိုင်နှုန်းကို ဖော်ပြသော ဇယား

| ပိုင်ဆိုင်မှုအမျိုးအစား / သန်းခေါင်စာရင်းနှစ် | ပုဂ္ဂလိကပိုင်ဆိုင်မှု | ရာခိုင်နှုန်း | အစုစပ်ပိုင်ဆိုင်မှု | ရာခိုင်နှုန်း | စုစုပေါင်းလုပ်ငန်းအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁၉၁၁ | ၁၆၂ | ၅၈.၄၈ | ၁၁၅ | ၄၁.၅၂ | ၂၇၇ | ၁၀၀ |
| ၁၉၂၁ | ၄၄၀ | ၇၁.၆၆ | ၁၇၄ | ၂၈.၃၄ | ၆၁၄ | ၁၀၀ |

၁၉၁၁-ခုနှစ်၌ပုဂ္ဂလိကပိုင်ဆိုင် သောလုပ်ငန်း မှာ၁၆၂-ခု ၊ (၅၈.၄၈ %) နှင့်အစုစပ်ပိုင်ဆိုင်မှုမှာလုပ်ငန်း ၁၁၅-ခု ၊ (၄၁.၅၂ %) ရှိပါသည်။ ၁၉၂၁-ခုနှစ်တွင်ပုဂ္ဂလိကပိုင်ဆိုင်မှုမှာ လုပ်ငန်း ၄၄၀-ခု (၇၁.၆၆ %) နှင့်အစုစပ်ပိုင်ဆိုင်မှု မှာ၁၇၄ ခု (၂၈.၃၄ %) ဖြစ်ပါသည်။ ထို့ကြောင့်၁၉၂၁-ခုနှစ်တွင်ပုဂ္ဂလိက ပိုင်ဆိုင်မှုမှာများ ပွားတိုး တက်လာကြောင်း တွေ့ရပါသည်။

ယင်း စက်မှုလုပ်ငန်း ၅-ခုတွင်လူမျိုး အလိုက် စီမံ ခန့်ခွဲသူမန်နေဂျာများ ကို လေ့လာကြည့်လျှင်ဇယား(၅-၁၁) တွင် ဖော်ပြချက်အရ၊ ၁၉၁၁-ခုနှစ်၌တိုင်းရင်း သား လူမျိုး မန်နေဂျာများ သည်လုပ်ငန်း ၈၅-ခု (၃၀.၆၉ %) တွင်လည်း ကောင်း ၊ အင်ဒီယန်း လူမျိုးမန်နေဂျာများ သည်လုပ်ငန်း ၆၂-ခု (၂၂.၃၈ %) တွင်လည်း ကောင်း ၊ ဥရောပနှင့်အင်ဂလိုအင်ဒီယန်း များ သည်လုပ်ငန်း ၈၉ ခု (၃၂.၁၃ %) တွင်လည်း ကောင်း ၊ တရုတ်နှင့်အခြား လူမျိုးမန်နေ ဂျာများ မှာလုပ်ငန်း ၄၁-ခု (၁၄.၈ %) တွင်လည်း ကောင်း အသီး သီး လုပ်ကိုင် နေကြပါသည်။

၁၉၂၁-တွင်မူတိုင်း ရင်း သား လူမျိုး မန်နေဂျာ များ သည်လုပ်ငန်း ၃၀၅-ခု (၄၉.၆၈ %) ၌လည်း ကောင်း၊ အင် ဒီယန်း လူမျိုး မန်နေဂျာများ သည်လုပ်ငန်း ၁၀၆-ခု (၁၇.၂၆ %) ၌လည်း ကောင်း ၊ ဥရောပသား နှင့်အင်ဂလိုအင်ဒီယန်း လူမျိုး မန် နေဂျာများ သည်လုပ်ငန်း ၁၁၂-ခု (၁၈.၂၄ %) တွင်လည်း ကောင်း တရုတ်နှင့်အခြား လူမျိုး မန်နေဂျာများ သည်လုပ်ငန်း ၉၁-ခု (၁၄.၈၂ %) တွင်လည်း ကောင်း ပါဝင်လုပ်ကိုင်နေကြောင်း တွေ့ရ

ဇယား (၅-၁၁)

၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်အတွက် ရွေးချယ်ထားသော စက်မှုလုပ်ငန်း (၅) ခုတွင်မန်နေဂျာများကိုလူမျိုး အလိုက်ရာခိုင်နှုန်း ဖြင့် ဖော်ပြသောဇယား

| လူမျိုးအလိုက် မန်နေဂျာများ / သန်းခေါင်စာရင်းနှစ် | တိုင်းရင်းသားလူမျိုးများ | ရာခိုင်နှုန်း | အင်ဒိယန်းလူမျိုးများ | ရာခိုင်နှုန်း | ဥရောပသားနှင့်အင်္ဂလိုအင်ဒိယန်းလူမျိုးများ | ရာခိုင်နှုန်း | တရုတ်နှင့်အခြားလူမျိုးများ | ရာခိုင်နှုန်း | စုစုပေါင်းလုပ်ငန်းအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| ၁၉၁၁ | ၈၅ | ၃၀.၆၉ | ၆၂ | ၂၂.၃၈ | ၈၉ | ၃၂.၁၃ | ၄၁ | ၁၄.၈၀ | ၂၇၇ | ၁၀၀ |
| ၁၉၂၁ | ၃၀၅ | ၄၉.၆၈ | ၁၀၆ | ၁၇.၂၆ | ၁၁၂ | ၁၈.၂၄ | ၉၁ | ၁၄.၈၂ | ၆၁၄ | ၁၀၀ |

ဇယား (၅-၁၂)

၁၉၂၁ ခုနှစ်အတွက် ရွေးချယ်ထားသော စက်မှုလုပ်ငန်း (၆) ခု တွင်ပိုင်ဆိုင်မှုကိုလူမျိုးနှင့်အမျိုးအစား အလိုက်ရာခိုင်နှုန်းဖြင့် ဖော်ပြထားခြင်းနှင့်လူမျိုးအလိုက်မန်နေဂျာများကိုရာခိုင်နှုန်းဖြင့်ဖော်ပြသောဇယား

| ပိုင်ဆိုင်သူအမျိုးအစား | ၁၉၂၁ | ရာခိုင်နှုန်း | ပိုင်ဆိုင်မှုအမျိုးအစား | ၁၉၂၁ | ရာခိုင်နှုန်း | လူမျိုးအလိုက်မန်နေဂျာများ | ၁၉၂၁ | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| ၁။ တိုင်းရင်းသားလူမျိုးများ | ၁၅ | ၁၂.၆၁ | ၁။ ပုဂ္ဂလိကပိုင် | ၆၃ | ၅၂.၉၄ | ၁။ တိုင်းရင်းသားလူမျိုးများ | ၂၁ | ၁၇.၆၅ |
| ၂။ အင်ဒီးယန်းလူမျိုးများ | ၂၀ | ၁၆.၈၁ | ၂။ အစုစပ်ပိုင် | ၅၆ | ၄၇.၀၆ | ၂။ အင်ဒီးယန်းလူမျိုးများ | ၁၉ | ၁၅.၉၇ |
| ၃။ အခြားလူမျိုးများ | ၈၄ | ၇၀.၅၈ | | | | ၃။ ဥရောပသားနှင့် အင်္ဂလိုအင်ဒီးယန်း | ၆၃ | ၅၂.၉၄ |
| | | | | | | ၄။ တရုတ်နှင့်အခြားလူမျိုးများ | ၁၆ | ၁၃.၄၄ |
| စုစုပေါင်း | ၁၁၉ | ၁၀၀ | စုစုပေါင်း | ၁၁၉ | ၁၀၀ | စုစုပေါင်း | ၁၁၉ | ၁၀၀ |

ပါသည်။ သို့ဖြစ်၍ ၁၉၂၁-ခုနှစ်တွင်တိုင်းရင်းသား လူမျိုး မန်နေဂျာများ သည်လုပ်ငန်းများ၌ပိုမိုဦးစီး လုပ်ကိုင်လာပြီး ၊ အင်ဒီယန်းနှင့်ဥရောပသားများ ၊ အင်္ဂလိုအင်ဒီယန်းများ သည်လုပ်ငန်းများ၌ဦးစီး လုပ်ကိုင်မှု **အချိုးလျော့နည်းလာပါသည်။** တရုတ်နှင့်အခြား လူမျိုးများ၏လုပ်ငန်းများ တွင်ဦးစီး လုပ်ကိုင်မှုမှာကွာခြားမှုမရှိလှပါ။

ထို့ကြောင့် ၁၉၂၁-ခုနှစ်တွင်တိုင်းရင်းသား လူမျိုးများ ပိုင်ဆိုင်သောစက်မှုလုပ်ငန်းများ ပိုမိုများပြားလာသည့်နည်းတူစီမံခန့်ခွဲဦးစီး လုပ်ကိုင်သောလုပ်ငန်း အရေအတွက်မှာလည်း ပိုမို များပြားလာခဲ့ပါသည်။

ယင်း စက်မှုလုပ်ငန်း ၅-ခု အပြင်ဇယား(၅-၁၂) ၌ ၁၉၂၁-ခုနှစ်တစ်ခုတည်း အတွက်အခြား ရွေးချယ်ထားသော - စက်မှုလုပ်ငန်း ၆-ခု၏လူမျိုး အလိုက်ပိုင်ဆိုင်မှု၊ ပုဂ္ဂလိကနှင့်အစုစပ်ပိုင်ဆိုင်မှု၊ လူမျိုး အလိုက်စီမံခန့်ခွဲသည့်လုပ်ငန်း အရေအတွက်တို့ကို ဖော်ပြထားပါသည်။ ယင်း ရွေးချယ်ထားသောစက်မှုလုပ်ငန်း ၆-ခုမှာ၊ ရာဘာစိုက်ပျိုးခြင်း ၊ ခဲသတ္တုတွင်းများ ၊ အခြား သတ္တုတွင်းများ ၊ ပတ္တမြားကျောက်တွင်းများ ၊ သတ္တုစက်မှုလုပ်ငန်းများ နှင့်ပို့ဆောင်ဆက်သွယ်ရေး ပစ္စည်းများ တည်ဆောက်ခြင်း လုပ်ငန်းတို့ဖြစ်ပါသည်။ ယင်း လုပ်ငန်း ၆-ခုတွင် ၁၉၁၁-ခုနှစ်အတွက်အချက်အလက်များမရရှိခဲ့ပါ။

ယင်း ဇယားတွင် ဖော်ပြချက်အရ၊ အထက်ပါစက်မှုလုပ်ငန်း (၆) ခု ပေါင်းတွင်လူမျိုး အလိုက်ပိုင်ဆိုင်မှုကိုကြည့်ပါက၊ တိုင်းရင်းသား လူမျိုးများ ပိုင်လုပ်ငန်း မှာ ၁၅-ခု(၁၂.၆၁%)၊

အင်ဒီယန်းလူမျိုးများ ပိုင်လုပ်ငန်း မှာ ၂၀-ခု (၁၆.၈၁ %) နှင့် အခြားလူမျိုးများ ပိုင်လုပ်ငန်း မှာ ၁၈၄-ခု (၇၀.၅၈ %) အသီးသီး ဖြစ်ပါသည်။ ပုဂ္ဂလိက နှင့် အစုစပ်ပိုင်ဆိုင်မှုကို ကြည့်လျှင် စုစုပေါင်း လုပ်ငန်း ၁၁၉-ခုတွင် ပုဂ္ဂလိကပိုင်ဆိုင်မှုမှာ ၆၃-ခု (၅၂.၉၄ %) နှင့် အစုစပ်ပိုင်ဆိုင်မှုမှာ ၁၅၆-ခု (၄၇.၀၆ %) ဖြစ်ပါသည်။ လူမျိုး အလိုက် စီမံခန့်ခွဲသူ မန်နေဂျာများ အချိုးအစား မှာ တိုင်းရင်းသား လူမျိုး မန်နေဂျာများ သည် လုပ်ငန်း ၂၁-ခု (၁၇.၆၅ %) တွင်လည်းကောင်း အင်ဒီယန်းလူမျိုး မန်နေဂျာများ သည် လုပ်ငန်း ၁၉-ခု (၁၅.၉၇ %) တွင်လည်းကောင်း၊ ဥရောပသား နှင့် အင်္ဂလိုအင်ဒီယန်း မန်နေဂျာ များ မှာ လုပ်ငန်း ၆၃-ခု (၅၂.၉၄ %) နှင့် တရုတ်နှင့် အခြားလူမျိုး မန်နေဂျာများ မှာ လုပ်ငန်း ၁၆-ခု (၁၃.၄၄ %) တွင်လည်းကောင်း အသီးသီး ဦးစီး လုပ်ကိုင်နေကြပါသည်။

ရွေးချယ်ထားသော စက်မှုလုပ်ငန်း များ၏ ပိုင်ဆိုင်မှု အနေအထား ကို တင်ပြပြီးနောက်၊ စက်မှုလုပ်ငန်း အရွယ်အစား နှင့် ပတ်သက်၍ တင်ပြမည် ဖြစ်ပါသည်။ ၁၉၁၁-ခုမှ ၁၉၂၁-ခုနှစ် အတွင်း အရွယ်အစား ကြီးမားသော စက်မှုလုပ်ငန်း များ၊ များပြားလာမှု ရှိ မရှိ လေ့လာရန် လိုအပ်ပေသည်။

ယင်းသို့ လေ့လာရန် စက်မှုလုပ်ငန်း အရွယ်အစား နှင့် ပတ်သက်၍ ဇယား (၅-၁၃) တွင် ဖော်ပြထားပါသည်။ ယင်းဇယားတွင် ဖော်ပြချက် အရ စက်ရုံအရွယ်အစား ကို (၆) မျိုး ခွဲခြားထားပါသည်။ ထူးခြားချက်မှာ ၁၉၁၁-ခုနှစ်တွင် လုပ်သား ၁၀ ယောက်မှ ၂၀ ယောက်ကြား ရှိ စက်ရုံအရွယ်အစား များကို မတွေ့ရှိရပေ။ ထို့ကြောင့် ၁၉၁၁ ခုနှစ် သန်းခေါင်စာရင်း တွင် ယင်း စက်ရုံအရွယ်အစား များ အား စက်မှု

ဇယား (၅-၁၃)

၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်၌ စက်မှုလုပ်ငန်း အရေအတွက်ကို စက်ရုံအရွယ်အစားအလိုက်ဖော်ပြသောဇယား

| အမှတ်စဉ် | စက်ရုံအရွယ်အစား (လုပ်သားအရေအတွက်အားဖြင့်) / လုပ်ငန်းအမျိုးအစား | ၁၀-၁၉ | | ၂၀-၄၉ | | ၅၀-၉၉ | | ၁၀၀-၁၉၉ | | ၂၀၀-၃၉၉ | | ၄၀၀နှင့်အထက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၉၁၁ | ၁၉၂၁ | ၁၉၁၁ | ၁၉၂၁ | ၁၉၁၁ | ၁၉၂၁ | ၁၉၁၁ | ၁၉၂၁ | ၁၉၁၁ | ၁၉၂၁ | ၁၉၁၁ | ၁၉၂၁ |
| ၁ | အထူး ထွက်ကုန်များ စိုက်ပျိုးခြင်း | - | ၃ | ၂ | ၁၂ | ၁ | ၉ | - | ၁၀ | ၃ | ၈ | ၄ | ၂ |
| ၂ | သတ္တုတွင်းများ | - | ၁၀ | ၁၂ | ၂၉ | ၁၀ | ၇ | ၆ | ၉ | ၅ | ၄ | ၅ | ၂ |
| ၃ | ကျောက်မျက်ရတနာတွင်းများ | - | ၂ | ၅ | ၁၀ | ၅ | - | - | ၁ | ၂ | - | ၂ | ၃ |
| ၄ | ချည်ထည်စက်မှုလုပ်ငန်းများ | - | ၇ | - | ၂၀ | ၂ | ၅ | ၃ | ၄ | ၁ | ၃ | - | - |
| ၅ | သစ်နှင့်သစ်ထွက်ပစ္စည်းစက်မှုလုပ်ငန်းများ | - | ၁၉ | ၂၆ | ၇၁ | ၃၁ | ၂၆ | ၁၂ | ၁၉ | ၈ | ၉ | ၅ | ၆ |
| ၆ | တိရစ္ဆာန်သါးရေနှင့်အရိုးစက်မှုလုပ်ငန်းများ | - | ၆ | - | ၈ | - | - | - | ၁ | - | - | - | - |
| ၇ | သတ္တုစက်မှုလုပ်ငန်းများ | - | ၇ | ၁ | ၁၄ | ၃ | ၃ | ၁ | ၅ | ၄ | ၂ | ၂ | ၁ |
| ၈ | ဖန်နှင့်မြေထည်ပစ္စည်းစက်မှုလုပ်ငန်းများ | - | ၂၀ | - | ၃၉ | ၂ | ၁၅ | - | ၇ | - | ၁ | - | ၁ |
| ၉ | ဓါတုဗေဒ ထွက်ကုန်ပစ္စည်းများနှင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများ | - | ၂၃ | ၃ | ၂၈ | ၄ | ၁၅ | ၁ | ၆ | - | ၁ | ၄ | ၁၀ |
| ၁၀ | စားသောက်ကုန်စက်မှုလုပ်ငန်းများ | - | ၁၅၂ | ၅၀ | ၂၄၄ | ၄၀ | ၃၈ | ၂၅ | ၂၀ | ၂၂ | ၂၀ | ၁၀ | ၆ |
| ၁၁ | ပို့ဆောင်ဆက်သွယ်ရေးပစ္စည်းများ တည်ဆောက်ခြင်း | - | ၆ | - | ၈ | ၃ | ၇ | ၄ | ၈ | ၁ | ၅ | ၂ | ၇ |
| ၁၂ | လျှပ်စစ်ဓါတ်အားနှင့်လျှပ်စစ်ပစ္စည်းပြင်အလုပ်ရုံ | - | - | - | ၁ | ၁ | ၂ | ၁ | ၁ | - | ၁ | - | - |
| ၁၃ | အဝတ်အထည်လုပ်ငန်းများ | - | ၃၂ | - | ၁၄ | - | ၂ | - | - | - | - | - | - |
| ၁၄ | ပရိဘောဂလုပ်ငန်းများ | - | ၅ | - | ၄ | - | ၁ | - | ၁ | - | ၁ | - | - |
| ၁၅ | အဆောက်အဦးသုံးပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း | - | ၆ | - | ၅ | - | ၄ | - | ၁ | - | - | - | ၁ |
| ၁၆ | အခြားစက်မှုလုပ်ငန်းများ | - | ၂၅ | ၂ | ၂၆ | ၁ | ၅ | ၂ | ၂ | ၂ | ၂ | ၁ | ၂ |
| | စုစုပေါင်း | - | ၃၃၁ | ၁၀၁ | ၅၃၃ | ၁၀၃ | ၁၃၉ | ၅၅ | ၉၆ | ၄၈ | ၅၈ | ၄၃ | ၄၁ |

ဇယား (၅-၁၃)

၁၉၁၁နှင့်၁၉၂၁ခုနှစ်၌ရှိစက်မှုလုပ်ငန်း အရေအတွက်တို့စက်ရုံအရွယ်အစားအလိုက်ဖော်ပြသောဇယား

| အမှတ်စဉ် | စက်ရုံအရွယ်အစား (လုပ်သားအရေအတွက်အားဖြင့်) / လုပ်ငန်းအမျိုးအစား | ၁၀-၁၉ | | ၂၀-၄၉ | | ၅၀-၉၉ | | ၁၀၀-၁၉၉ | | ၂၀၀-၃၉၉ | | ၄၀၀နှင့်အထက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၉၁၁ | ၁၉၂၁ | ၁၉၁၁ | ၁၉၂၁ | ၁၉၁၁ | ၁၉၂၁ | ၁၉၁၁ | ၁၉၂၁ | ၁၉၁၁ | ၁၉၂၁ | ၁၉၁၁ | ၁၉၂၁ |
| ၁ | အထူးထွက်ကုန်များ စိုက်ပျိုးခြင်း | - | ၃ | ၂ | ၁၂ | ၁ | ၉ | - | ၁၀ | ၃ | ၈ | ၄ | ၂ |
| ၂ | သတ္တုတွင်းများ | - | ၁၈ | ၁၂ | ၂၉ | ၁၀ | ၇ | ၆ | ၉ | ၅ | ၄ | ၅ | ၂ |
| ၃ | ကျောက်မျက်ရတနာတွင်းများ | - | ၂ | ၅ | ၁၀ | ၅ | - | - | ၁ | ၂ | - | ၂ | ၃ |
| ၄ | ချည်ထည်စက်မှုလုပ်ငန်းများ | - | ၇ | - | ၂၀ | ၂ | ၅ | ၃ | ၄ | ၁ | ၃ | - | - |
| ၅ | သစ်နှင့်သစ်ထွက်ပစ္စည်းစက်မှုလုပ်ငန်းများ | - | ၁၉ | ၂၆ | ၇၁ | ၃၁ | ၂၆ | ၁၂ | ၁၉ | ၈ | ၉ | ၅ | ၆ |
| ၆ | တိရစ္ဆာန်သားရေနှင့်အရိုးစက်မှုလုပ်ငန်းများ | - | ၆ | - | ၈ | - | - | - | ၁ | - | - | - | - |
| ၇ | သတ္တုစက်မှုလုပ်ငန်းများ | - | ၇ | ၁ | ၁၄ | ၃ | ၃ | ၁ | ၅ | ၄ | ၂ | ၂ | ၁ |
| ၈ | ဖန်နှင့်မြေထည်ပစ္စည်းစက်မှုလုပ်ငန်းများ | - | ၂၀ | - | ၃၉ | ၂ | ၁၅ | - | ၇ | - | ၁ | - | ၁ |
| ၉ | ဓါတုဗေဒ တွက်ကုန်ပစ္စည်းများနှင့် သက်ဆိုင်သောစက်မှုလုပ်ငန်းများ | - | ၂၃ | ၃ | ၂၈ | ၄ | ၁၅ | ၁ | ၆ | - | ၁ | ၄ | ၁၀ |
| ၁၀ | စားသောက်ကုန်စက်မှုလုပ်ငန်းများ | - | ၁၅၂ | ၅၀ | ၂၄၄ | ၄၀ | ၃၈ | ၂၅ | ၂၀ | ၂၂ | ၂၁ | ၁၈ | ၆ |
| ၁၁ | ပို့ဆောင်ဆက်သွယ်ရေးပစ္စည်းများ တည်ဆောက်ခြင်း | - | ၆ | - | ၈ | ၃ | ၇ | ၄ | ၈ | ၁ | ၅ | ၂ | ၇ |
| ၁၂ | လျှပ်စစ်ဓါတ်အားနှင့်လျှပ်စစ်ပစ္စည်းပြင်အလုပ်ရုံ | - | - | - | ၁ | ၁ | ၂ | ၁ | ၁ | - | ၁ | - | - |
| ၁၃ | အဝတ်အထည်လုပ်ငန်းများ | - | ၃၂ | - | ၁၄ | - | ၂ | - | - | - | - | - | - |
| ၁၄ | ပရိဘောဂလုပ်ငန်းများ | - | ၅ | - | ၄ | - | ၁ | - | ၁ | - | ၁ | - | ၁ |
| ၁၅ | အဆောက်အဦးသုံးပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း | - | ၆ | - | ၅ | - | ၄ | - | ၁ | - | - | - | ၂ |
| ၁၆ | အခြားစက်မှုလုပ်ငန်းများ | - | ၂၅ | ၂ | ၂၆ | ၁ | ၅ | ၂ | ၂ | ၂ | ၂ | ၁ | ၂ |
| | စုစုပေါင်း | - | ၃၃၁ | ၁၀၁ | ၅၃၃ | ၁၀၃ | ၁၃၉ | ၅၅ | ၉၆ | ၄၈ | ၅၈ | ၄၃ | ၄၁ |

ဆိုင်ရာအချက်အလက်များ တွင်ထည့်သွင်း တွက်ချက်ခဲ့ခြင်း ရှိဟန်မတူပေ။ ၁၉၂၁-ခုနှစ်တွင်မှထည့်သွင်း တွက်ချက်လာ၍ယင်း သန်း ခေါင်စာရင်း နှစ်တွင်စက်မှုဆိုင်ရာသတ်မှတ်ချက်များ ကို လျော့၍၊ ပိုမိုကျယ်ပြန့်လာခြင်း ဖြစ်နိုင်ပါသည်။

၁၉၁၁နှင့်၁၉၂၁-ခုနှစ်ရှိစက်မှုလုပ်ငန်း စုစုပေါင်း တွင်စက်ရုံအရွယ်အစား အချိုး ကိုကြည့်ပါက၊ လုပ်သား အင် အား ၄၀၀အထက်ရှိ သောစက်ရုံမှာ ၁၉၁၁-ခုတွင် ၄၃-ရုံမှ ၁၉၂၁-ခုနှစ်တွင် ၄၁ရုံသာရှိ၍ ၂-ခု လျော့သွား ပါသည်။ သို့သော်လုပ်သား အ ရေ အတွက် ၂၀၀မှ ၃၉၉ ယောက်ထိရှိ သောစက်ရုံအ ရေအတွက်မှာ၊ ၁၉၁၁ ခုတွင် ၄၈-ခုမှ ၁၉၂၁-ခုတွင် ၅၈-ခုထိရှိလာ၍ ၁၀-ခုတိတိတိုး တက်လာပါသည်။ ထိုအတူလုပ်သား ၁၀၀နှင့်၁၉၉ ယောက်ကြား ရှိစက်ရုံ အရွယ်အစား တွငလည်း ၁၉၁၁-ခု၌ ၅၅-ခုမှ ၁၉၂၁-ခုတွင်၉၆- ခု ထိဖြစ်၍ ၄၁-ခုတိတိုး တက်လာခဲ့ပါသည်။

လုပ်သား အင်အား ၅၀မှ ၉၉ ယောက်ထိရှိ သော ၊ စက်ရုံအရွယ်အစား မှာ ၁၉၁၁-ခုတွင် ၁၀၃-ရုံမှ ၁၉၂၁-ခု တွင် ၁၃၉-ရုံထိလည်း ကောင်း ၊ လုပ်သား ၂၀မှ ၄၉ ယောက်ရှိစက်ရုံ မှာ ၁၉၁၁တွင် ( ၁၀၁ ) မှ ၁၉၂၁တွင် ( ၅၃၃ ) ထိတိုး တက်လာ၍ယင်းအရွယ်အစား မှာအများ ဆုံး တိုး တက်လာခြင်း ဖြစ်ပါသည်။ လုပ်သား ၁၀ ယောက်မှ ၁၉ ယောက်ကြား ရှိစက်ရုံအ သေး များ မှာ ၁၉၂၁-ခုနှစ် တွင် ၃၃၁-ရုံထိရှိလာပါသည်။

ထို့ကြောင့်အချုပ်အား ဖြင့်ကြည့်လျှင် ၁၉၂၁-ခု တွင် လုပ်သား ၄၀၀နှင့်အထက်ရှိ သောစက်ရုံ ၂-ခု လျော့သွား သည်မှအပ ၊

ကျန်စက်ရုံအရွယ်အစား ပမာဏကြီး သောစက်မှုလုပ်ငန်း များ တိုးတက်လာခဲ့ပါသည်။ လုပ်သား ၅၀ အောက်ရှိစက်ရုံအရွယ်အစား မြောက်များစွာမှာလည်း တိုး ပွား လာ ကြောင်း တွေ့နိုင် ပေသည်။

၁၉၁၁-ခုနှင့်၁၉၂၁-ခုနှစ်ရှိစက်မှုလုပ်ငန်းအရွယ်အစား များ ကိုတင်ပြပြီး နောက်စက်စွမ်း အား အသုံး ပြုမှုများ ကို တင်ပြမည်ဖြစ်ပါသည်။ ၁၉၁၁နှင့်၁၉၂၁ခုနှစ်ရှိစက်မှုလုပ်ငန်းများ၏ စက်စွမ်း အား အသုံး ပြုမှုနှင့်တိုး တက်မှုနှုန်း များ ကိုဇယား(၅-၁၄) တွင် ဖော်ပြထား ပါသည်။

၁၉၁၁-ခုတွင်စက်မှုလုပ်ငန်း ပေါင်း ၃၅၀ ရှိသည့်အနက်စက်စွမ်း အား အသုံး ပြုသောလုပ်ငန်း များ မှာ ၃၀၈-ခု (၈၈ %) နှင့်စက်စွမ်း အား အသုံး မပြုသောလုပ်ငန်း များ မှာ ၄၂-ခု (၁၂ %) ဖြစ်ပါသည်။ ၁၉၂၁-ခုတွင်စုစု ပေါင်း စက် မှုလုပ်ငန်း ၁၁၉၈-ခုအနက်စက်စွမ်း အား အသုံး ပြုသောလုပ်ငန်းမှာ ၇၃၁-ခု (၆၁.၀၂ %) ဖြစ်၍ စက်စွမ်း အား အသုံး မပြုသော လုပ်ငန်း မှာ ၄၆၇-ခု (၃၈.၉၈ %) ဖြစ်ပါသည်။ သို့ဖြစ်၍ စက်စွမ်းအားအသုံး ပြုမှုမှာအချိုး အစား အား ဖြင့်ရာခိုင်နှုန်း ကျဆင်း ခဲ့ပြီး စက်စွမ်းအား အသုံး မပြုမှုမှာအချိုး အစား တက် ခဲ့ပြီး ၂၇ %နီး ပါး ခန့်များလာ ခဲ့ပါသည်။ ထို့ကြောင့်အချိုး အစား အား ဖြင့်ကျဆင်း သော်လည်း ၁၉၁၁-ခုမှ ၁၉၂၁-ခုနှစ်အတွင်း စက်စွမ်း အား အသုံး ပြုသောလုပ်ငန်း အ ရေအတွက်တိုး တက်မှုမှာ၊ ၃၀၈-ခုမှ ၇၃၁-ခုထိ ၂ဆ ကျော်များ ပြား လာပြီး တိုး တက်မှုရာခိုင်နှုန်း အား ဖြင့်၁၃၇ %ရှိ ကြောင်း တွေ့နိုင် ပါသည်။

ဇယား (၅-၁၄) ၁၉၁၁ နှင့် ၁၉၂၁ ခုနှစ်ရှိစက်မှုလုပ်ငန်း များ ၏ စက်စွမ်း အား အသုံး ပြုမှုနှင့် တိုး တက်မှုရာခိုင်နှုန်း ကို ဖော်ပြသောဇယား

| စက်စွမ်းအား / သန်း ခေါင် စာရင်း နှစ် | စက်စွမ်း အားအသုံးပြု လုပ်ငန်းများ | ရာခိုင် နှုန်း | စက်စွမ်းအားအသုံး မပြုလုပ်ငန်းများ | ရာခိုင် နှုန်း | စုစုပေါင်း | ရာခိုင် နှုန်း |
|---|---|---|---|---|---|---|
| ၁၉၁၁ | ၃၀၈ | ၈၈ | ၄၂ | ၁၂ | ၃၅၀ | ၁၀၀ |
| ၁၉၂၁ | ၇၃၁ | ၆၁.၀၂ | ၄၆၇ | ၃၈.၉၈ | ၁၁၉၈ | ၁၀၀ |
| ၁၉၁၁မှ၁၉၂၁ ခုနှစ်အတွင်း တိုး တက်မှုနှုန်း | ၄၂၃ | ၁၃၇ | ၄၂၅ | ၁၀၁၂ | ၈၄၈ | ၂၄၂ |

အထက်တွင် ဖော်ပြပြီးခဲ့သည်များအရ၊ စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို လေ့လာရာတွင်တည်ရှိပြီး စက်မှုလုပ်ငန်းအမျိုးအစားများ ပိုမိုများပြားတိုးတက်ခဲ့ပြီး ၊ စက်မှုလုပ်ငန်းအသစ်များလည်း ပေါ်ပေါက်ခဲ့ပေသည်။ ထို့အတူစက်ရုံတည်နေရာများမှာလည်း ဒေသအလိုက်ပြန့်နှံ့မှုရှိ၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေခဲ့ပါသည်။ စက်မှုလုပ်ငန်းများ ပိုမိုများပြားတိုးတက်လာသည့်နည်းတူစက်ရုံအရွယ်အစားများမှာလည်း ပိုမိုကြီးမားလာခဲ့ပြီး ၊ စက်မှုလုပ်ငန်းများတွင်ပါဝင်လုပ်ကိုင်သောလုပ်သားအင်အားပမာဏမှာလည်း တိုးတက်များပြားခဲ့ပေသည်။ ထို့ပြင်စက်မှုလုပ်ငန်းများ ပိုင်ဆိုင်မှုတွင်လည်း တိုင်းရင်းသားလူမျိုးများ ပိုင်ဆိုင်မှုမှာတိုးတက်လာခဲ့ပြီး ၊ ပိုမိုဦးစီး ၊ စီမံခန့်ခွဲလုပ်ကိုင်လာနိုင်၍တိုင်းရင်းသားလူမျိုးများသည်စက်မှုလုပ်ငန်းများတွင်စိတ်ဝင်စားမှုရှိလာကာ ၊ တိုင်းရင်းသားလုပ်သားများသည်လည်းအများအပြားဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင်စစ်ကြိုခေတ်ကာလ ၁၉၁၁၊ ၁၉၂၁ – ခုနှစ်များတွင်မြန်မာနိုင်ငံ၏စက်မှုကဏ္ဍသည်ဖွံ့ဖြိုးတိုးတက်မှုရှိသည်ဟုဆိုနိုင်ပါသည်။

အခန်း ( ၆ )

## စစ်ကြိုခေတ်နှင့်စစ်ပြီး ခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍ လုပ်သားအင်အားကိုနှိုင်းယှဉ်စိစစ်ခြင်း

ဤအခန်းတွင်စစ်ကြိုခေတ်နှင့်စစ်ပြီး ခေတ်ကာလ မြန်မာနိုင်ငံ၏စက်မှုကဏ္ဍလုပ်သားအင်အားကိုနှိုင်းယှဉ်စိစစ်တင်ပြမည်ဖြစ်ပါသည်။ ဤတွင်ပထမဦးစွာဖော်ပြလိုသည်မှာ ဤစာတမ်း၌ အသုံးပြုထားသော သန်းခေါင်စာရင်းနှစ်အသီးသီး၏လုပ်သားအင်အား ပမာဏနှင့်ပတ်သက်၍၊ ယင်းသန်းခေါင်စာရင်းနှစ်များတွင်ဖော်ပြထားသော လုပ်သားအင်အားစု*အကြောင်းအရာများကိုဦးစွာ ဖော်ပြလိုပါသည်။

၁၉၀၁-ခုနှစ်တွင်လုပ်သားအင်အားကို အလုပ်အကိုင်အားဖြင့်ဖော်ပြထားပါသည်။ အလုပ်အကိုင်များကိုအမျိုးအစား ခွဲခြားထားပြီး၊ ယင်းအလုပ်အကိုင်အမျိုးအစားများ အောက်တွင် ပါဝင်လုပ်ကိုင်သူများကို၊ လုပ်သားအင်အားအဖြစ် ဖော်ပြထားပါသည်။ လုပ်သားအင်အားစုကိုသီးခြားအဓိပ္ပါယ်ဖွင့်ဆို မထားပါ ။ ထို့ကြောင့် ၁၉၀၁ ခုနှစ်သန်းခေါင်စာရင်းတွင်အလုပ်အကိုင်များကို သတ်မှတ်ထားပုံမှာ အောက်ပါအတိုင်း (၈) မျိုး ရှိပါသည်။

(၁) အစိုးရ၏ဆောင်ရွက်မှုအလုပ်လုပ်သူများ[၁]

(၂) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းလုပ်သူများ[၂]

(၃) ကိုယ်ပိုင်ဆောင်ရွက်မှုလုပ်ငန်းလုပ်သူများ[၃]

---

၁။ Government Services  ၂။ Agriculture and Pasture

၃။ Personal Service

* Labour Force

(၄) ဒြပ်ပစ္စည်း ထုတ်လုပ်မှု၊ ထောက်ပံ့မှုနှင့်ပြင်ဆင်ခြင်း အလုပ်လုပ်သူများ[၄]

(၅) ကုန်သွယ်လုပ်ငန်း လုပ်သူများ[၅]

(၆) အသက်မွေး မှုအတတ်ပညာနှင့်ကျွမ်း ကျင်မှုအလုပ်လုပ်သူများ[၆]

(၇) စိုက်ပျိုး ရေး လုပ်ငန်း မဟုတ်သော၊ မကျွမ်း ကျင်သည့် လုပ်သားများ[၇]

(၈) အလုပ်အကိုင်လုပ် နေ သောမှီခိုလုပ်သား မဟုတ်သူများ[၈] ဟူ၍ဖြစ်ပါသည်။

အထက်ပါအလုပ်အကိုင်အမျိုး အစား (၈)မျိုးကို(၂၄) မျိုး ထိ ထပ်မံခွဲခြား ထား ပြီး ၊ ယင်း ကို (၇၈) မျိုး ထိအ သေးစိတ်ထပ်မံ ခွဲခြား ဖော်ပြထား ကြောင်း တွေ့ရပါသည်။ ဤစာတမ်းတွင် ၁၉၀၁ ခုသန်း ခေါင်စာရင်း နှစ်အတွင်း လုပ်သား အင်အား စုကိုယင်း အလုပ်အကိုင်အမျိုး အစား (၈) မျိုး တွင်ပါဝင်သည့်လုပ်သားအင်အားစုအားလုံး ကိုအသုံး ပြုပါသည်။

၁၉၀၁၊ ၁၉၂၁ နှင့် ၁၉၃၁၊ ခုနှစ်များ တွင် လည်း လုပ်သား အင်အား ကိုအလုပ်အကိုင်အား ဖြင့် ဖော်ပြထား ပါသည်။

---

၄။ Preparation and Supply of Material Substances

၅။ Commerce, Transport and Storage

၆။ Professions

၇။ Unskilled Labour, Not Agricultural

၈။ Means of Subsistence Independent of Occupation

အလုပ်အကိုင်အမျိုးအစားများကို အောက်ပါအတိုင်းခေါင်းစဉ်ကြီး(၄)ခု မှ ခေါင်းစဉ်ငယ်(၁၂)မျိုး ထိခွဲခြားထားကြောင်း တွေ့ရပါသည်။

(၁) ကုန်ကြမ်းပစ္စည်းထုတ်လုပ်ခြင်း အလုပ်လုပ်သူများ[၉]

(က) မြေပေါ်သယံဇာတပစ္စည်းထုတ်လုပ်ခြင်း[၁၀](သို့)တိရစ္ဆာန် မွေးမြူခြင်း၊ သီးနှံ၊ သစ်ဝါးနှင့်အသားထုတ်လုပ်ခြင်း[၁၁]

(ခ) တွင်းထွက်ဓါတ်သတ္တုတူးဖော်ခြင်း[၁၂]

(၂) ဒြပ်ပစ္စည်းထုတ်လုပ်မှု၊ ထောက်ပံ့မှုနှင့်ပြင်ဆင်ခြင်း အလုပ်လုပ်သူများ[၁၃]

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်းလုပ်သူများ[၁၄]

(ခ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်သူများ[၁၅]

(ဂ) ကုန်သွယ်လုပ်ငန်းလုပ်သူများ[၁၆]

(၃) ဝန်ဆောင်မှုနှင့်ကျွမ်းကျင်မှုအလုပ်လုပ်သူများ[၁၇]

(က) ကာကွယ်ရေး[၁၈]

(ခ) အုပ်ချုပ်ရေး[၁၉]

(ဂ) အသက်မွေးမှုအတတ်ပညာနှင့်ကျွမ်းကျင်မှုအလုပ်လုပ်သူများ[၂၀]

---

၉။ Production of Raw Material

၁၀။ Exploitation of Surface of the Earth

၁၁။ Exploitation of Animals and Vegetation

၁၂။ Exploitation of Minerals

၁၃။ Preparation and Supply of material Substances

၁၄။ Industry ၁၅။ Transport ၁၆။ Trade

၁၇။ Public Services and the profession and liberal Arts

၁၈။ Public Force ၁၉။ Public Administration

၂၀။ The Profession and liberal Arts.

(၄) အထွေထွေအလုပ်လုပ်သူများ[၂၀]

(က) အလုပ်မလုပ်သော်လည်း ငင်းတို့၏ဝင်ငွေဖြင့်နေထိုင်နိုင်သူများ[၂၂]

(ခ) အိမ်တွင်း အလုပ်လုပ်သူများ[၂၃]

(ဂ) အလုပ်အကိုင်ကွဲပြား စွာမဖော်ပြသူများ[၂၄]

(ဃ) အလုပ်မလုပ်ပဲအထောက်အပံ့နှင့်နေသူများ[၂၅] ဟူ၍ဖြစ်ပါသည်။ (ယင်းတွင် ထောင်ကျနေသူများ ၊ ရိပ်သာ၊ အလှူဇရပ်များတွင်နေသူများ ၊ တောင်း စား သူများ၊စိတ်လေလွင့်၍ ရူး နေသူများ ၊ပြည့်တန်ဆာများ စသည် တို့ ပါဝင်ပါသည်။ )

၁၉၁၁၊ ၁၉၂၁ နှင့် ၁၉၃၁ ခုနှစ်သန်းခေါင်စာရင်း များ တွင်အထက်ပါအလုပ်အကိုင်အမျိုး အစား များ ကို( ၅၅) မျိုး ထိအ သေး စိတ်ထပ်မံခွဲခြား တင်ပြထား ကြောင်း တွေ့ရပါသည်။

၁၉၁၁ ခုသန်း ခေါင်စာရင်း နှစ်တွင် အလုပ်အကိုင်နှင့်ပတ်သက်၍ ဖော်ပြထား သည်မှာဝင်ငွေရရှိစေ သောအသက်မွေး ဝမ်း ကြောင်း မှုတစ်ခုကိုပြုလုပ် သောသူများ အား လုံး ကိုအမှန်တ ကယ်လုပ်သား[၂၆]များ ဟု ခေါ်ဆိုပါသည်။ အမှန်တကယ်လုပ်သား၏အလုပ်အကိုင်ကိုအ ဓိကအလုပ်အကိုင်[၂၇]နှင့်တွဲဖက်အလုပ်အကိုင်[၂၈]ဟုခွဲခြား ထား ပါသည်။

---

၂၁။ Micellaneous

၂၂။ Persons without an Occupation but receiving an Income

၂၃။ Domestic service

၂၄။ Insufficiently described occupations

၂၅။ Unproduction

၂၆။ Actual Workers

၂၇။ Principal Occupation

၂၈။ Subsidiary Occupation

အဓိကအလုပ်အကိုင်ဆိုသည်မှာလူတစ်ယောက်သည်သူ၏ ကိုယ်ပိုင်စွမ်းအားဖြင့်ဝင်ငွေရရှိအောင်အမှန်တကယ်လုပ်ကိုင်နေသောအသက်မွေးဝမ်းကျောင်းမှုပင်ဖြစ်သည်။ ဆိုလိုသည်မှာ လူတစ်ယောက်သည်အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်သည့်လုပ်ငန်းစသည့်တစ်ခုခုကို ကိုယ်တိုင်သော်လည်းကောင်း၊ ဆောင်ရွက်မှုဖြင့်လည်းကောင်း အမှန်တကယ်လုပ်ကိုင်ခြင်းမျိုးကိုဆိုလိုပါသည်။ ထို့ပြင် မြေငှားခ၊ အိမ်ငှားခရငွေ၊ ပင်စင်ရငွေ၊ မြှုပ်နှံမှုမှအတိုးရငွေ စသည်တို့ဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများကိုလည်းထည့်သွင်းသတ်မှတ်ပါသည်။ မိန်းမ (သို့မဟုတ်) ကလေးများသည်လည်း မိသားစုဝင်ငွေတိုးပွားအောင်လုပ်ကိုင်သော၊ မည်သည့်အလုပ်အကိုင်ကိုမဆို၊ အဓိကအလုပ်အကိုင်ဟုသတ်မှတ်ပါသည်။

တွဲဖက်အလုပ်အကိုင်ဆိုသည်မှာအမှန်တကယ် လုပ်သားများသည်၎င်းတို့၏အဓိကအလုပ်အကိုင်အပြင်၊ နှစ်အတွင်းမည်သည့်အချိန်၌ဖြစ်စေ၊ လုပ်ကိုင်သည့်မည်သို့သောအလုပ်မျိုးမဆိုတွဲဖက်အလုပ်အကိုင်အဖြစ်သတ်မှတ်ပါသည်။ (ဥပမာအားဖြင့်-လူတစ်ယောက်သည် လှေလုပ်သားအဖြစ်ရရှိသည့်ဝင်ငွေဖြင့်အဓိကအသက်မွေးနေထိုင်ပြီးအားလပ်သည့်အချိန်တွင်ငါးဖမ်းခြင်းအလုပ်ကိုလုပ်ပါက၊ ငါးဖမ်းခြင်းအလုပ်မှရရှိသောဝင်ငွေသည်တွဲဖက်အလုပ်အကိုင်မှဖြစ်၍၊ လှေလုပ်သားမှရရှိသောဝင်ငွေသည်အဓိကအလုပ်အကိုင်မှဖြစ်ပေသည်။)

ကိုယ်တိုင်အားဖြင့်သော်လည်းကောင်း၊ ဆောင်ရွက်မှုဖြင့်သော်လည်းကောင်း အမှန်တကယ်မလုပ်သည့်ကလေးများ၊ မိန်းမများ၊ အိုမင်းမစွမ်းသူများနှင့်အဓိကအလုပ်အကိုင်ရှိသော အခြားလူတစ်ယောက်၏ထောက်ပံ့မှုဖြင့်နေထိုင်သူများသည်မှီခိုသူများ[၂၉]ဖြစ်ပါသည်။

---

၂၉။ Dependents

၁၉၁၁ ခုနှစ်သန်း ခေါင်စာရင်း တွင်နိုင်ငံ၏ စုစုပေါင်း လူဦး ရေကိုအမှန်တကယ်လုပ်သား များ နှင့်မှီခိုသူများ ဟူ၍ ခွဲခြား ထား ပါသည်။

အထက် ဖော်ပြပါအချက်များ အရလုပ်သားသားအင်အား စု၏အဓိပ္ပါယ်ကို ဖွင့်ဆိုနိုင် ပေသည်။ မိမိ၏အသက် မွေး ဝမ်းကျောင်း မှုအတွက်ဝင် ငွေ ရရှိ စေမည့်၊ မည်သို့ သော အဓိကအလုပ်အကိုင်ကိုမဆိုအမှန်တကယ်လုပ်ကိုင်သူများ သည်လုပ်သား အင်အား စုတွင်ပါဝင်ပါသည်။ ဆိုလိုသည်မှာအမှန်တကယ်လုပ်သား များ အား လုပ်သား အင်အား စုအဖြစ်သတ်မှတ်အသုံး ပြုပါသည်။

၁၉၂၁ ခုသန်း ခေါင်စာရင်း နှစ်တွင်စုစုပေါင်း လူဦး ရေကိုအမှန်တကယ်လုပ်သား များ နှင့်မှီခိုသူများ ဟူ၍ ခွဲခြား ထား ပါသည်။ အမှန်တကယ်လုပ်သား ဆိုသည်မှာ - (၁) လုပ်အား (သို့မဟုတ်) အခြား သော ဆောင်ရွက်မှုဖြင့်လုပ်ခအဖြစ်ဝင် ငွေရရှိ သော သူများ၊ (၂) ကူး သန်း ရောင်း ဝယ်မှုမှအမြတ်ရရှိခြင်း သော်လည်းကောင်း၊ ငှား ခမှ သော်လည်း ကောင်း ၊ ပင်စင်လစာ ငွေမှသော်လည်းကောင်း၊ သူတစ်ပါး ထံ တောင်း ရမ်း ခြင်း မှ သော်လည်း ကောင်း (သူတောင်းစား ကိုဆိုလိုပါသည်။ ) တိုက်ရိုက်ဝင် ငွေရရှိသူများ ၊ (၃) ဝင် ငွေမရရှိ သော်လည်း ဘာသာ ရေး ၊ သာသနာ ရေး ဆောင်ရွက် သော သူများ ဘုန်း ကြီး များ နှင့် (၄) ထောင်ကျနေသူများ ၊ ရိုလုံ့ရာ နေရာများ တွင် နေ ရသူများ ၊ လုပ်သား တစ် ယောက်ကဲ့သို့အသွင် ဆောင် သော အခြား အမျိုး အစား များ စသည်တို့ကိုဆိုလိုပါသည်။

မှီခိုသူများ တွင်ကိုယ်ပိုင်အား ဖြင့် ဝင် ငွေမရှိပဲ အဓိကအလုပ်အကိုင် ရှိ သော အခြား လူတစ် ယောက်၏ ထောက်ပံ့မှုဖြင့် နေရသူများ ၊ လုပ်သား မဟုတ်သူများ ပါဝင်ပါသည်။

အထက်ဖော်ပြချက်များအရ အမှန်တကယ် လုပ်သားများသည် လုပ်သားအင်အားစုများ ဖြစ်ကြောင်း သိရှိနိုင်ပေသည်။ သို့ဖြစ်၍ ၁၉၂၁ ခုနှစ်တွင်လည်း အမှန်တကယ်လုပ်သားများအားလုပ်သားအင်အားစုအဖြစ်သတ်မှတ်အသုံးပြုပါသည်။

၁၉၃၁ ခု သန်းခေါင်စာရင်းနှစ်တွင် စုစုပေါင်းလူဦးရေကို ဝင်ငွေရှိသူများ[၃၀]၊ အလုပ်လုပ်သည့်မှီခိုသူများ[၃၁] နှင့် အလုပ်မလုပ်သည့်မှီခိုသူများ[၃၂] ဟူ၍သုံးမျိုးခွဲခြားထားပါသည်။

ဝင်ငွေရှိသူများဆိုသည်မှာ ငယ်ရွယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ လူတိုင်းလူတိုင်းသည် မိမိ၏ ရပ်တည်မှုအတွက်လုံအပ်သော ပမာဏရှိသည့်သင့်တော်သောအချိုးအစား ဝင်ငွေရရှိသူများကိုဆိုလိုပါသည်။ ယင်းဝင်ငွေကိုအလုပ်အကိုင်တစ်ခုခုထွင်ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့်ဖြစ်စေ၊ ကုန်သွယ်မှုဖြင့်ဖြစ်စေ၊ အိမ်မြေငှားခရငွေ၊ ရင်းနှီးမြှုပ်နှံမှုမှအတိုးရငွေ၊ ပင်စင်ဝင်ငွေတို့မှဖြစ်စေရရှိနိုင်ပါသည်။

မှီခိုသူများဆိုသည်မှာ ဝင်ငွေမရှိသောမိန်းမများ ကလေးများနှင့်အခြားသောပုဂ္ဂိုလ်များကိုဆိုလိုပါသည်။ အများအားဖြင့်ယင်းတို့သည်အိမ်အလုပ်လုပ်သူများဖြစ်ကြပါသည်။ တစ်ခါတစ်ရံအလုပ်တစ်ခုခုထွက်လုပ်ခြင်းဖြင့်သာလျှင်ဝင်ငွေရရှိတတ်ပါသည်။ သို့သော်ယင်းတို့ကိုမှီခိုသူများဟုသတ်မှတ်ပါသည်။

---

၃၀။ Earners

၃၁။ Working Dependents

၃၂။ Non-Working Dependents

ဝင်ငွေရှိသူများ၏အလုပ်အကိုင်ကိုအဓိကအလုပ် အကိုင်နှင့်တွဲဖက်အလုပ်အကိုင်ဟူ၍ထပ်မံခွဲခြားထားပါသည်။ လူတစ်ယောက်သည်ဝင်ငွေရရှိမှုနည်းလမ်း (၂) ခုရှိလျှင်တစ်နှစ်ပတ်လုံး ဝင်ငွေအများဆုံး ရရှိသည့်အလုပ်ကိုအဓိကအလုပ်အကိုင်ဟုသတ်မှတ်၍၊ ဝင်ငွေဒုတိယအများဆုံး ရရှိသည့်အလုပ်ကိုတွဲဖက်အလုပ်အကိုင်ဟုသတ်မှတ်ပါသည်။ (ဥပမာအားဖြင့်- ရှေ့တွင်ဖော်ပြခဲ့ပြီး သောလှေလုပ်သားအလုပ်နှင့်ငါး ဖမ်းခြင်းအလုပ်ကဲ့သို့ဖြစ်ပါသည်။)

အလုပ်လုပ်သောမှီခိုသူများတွင်မူအဓိက အလုပ်အကိုင်တစ်ခုတည်း သာရှိတတ်ပါသည်။

အထက်ပါအကြောင်းအချက်များအရ၊ ၁၉၃၁ ခုနှစ်အတွက်လုပ်သားအင်အားစုကိုဝင်ငွေရှိသူများနှင့်အလုပ်လုပ်သောမှီခိုသူများကိုသတ်မှတ်အသုံးပြုပါသည်။

သို့ဖြစ်၍ ၁၉၁၁ ခု၊ ၁၉၂၁ ခု၊ ၁၉၃၁ ခုသန်းခေါင်စာရင်း နှစ်များတွင်အလုပ်အကိုင်အမျိုးအစားခွဲခြားထားပုံမှာတူညီမှုရှိပြီး ၊ လုပ်သားအင်အားအကြောင်းအရာကိုအမျိုးမျိုးဖွင့်ဆိုဖော်ပြသော်လည်း လုပ်သားအင်အားစုသတ်မှတ်ရန်အဓိပ္ပါယ် အားဖြင့်အခြေခံမှာတူညီမှုရှိကြောင်း တွေ့နိုင်ပေသည်။

၁၉၅၃-၅၄ ခုသန်းခေါင်စာရင်းနှစ်အတွက် လုပ်သားအင်အားစုကိုသတ်မှတ်ရန်မှာ ၁၉၅၃ ခုနှစ်သန်းခေါင်စာရင်းအပိုင်းကြီး (၂)၊ အပိုင်းငယ် (၂) စာမျက်နှာ(၁၀)၊ အခန်း (၁)၊ အပိုဒ် (၃၇) "Working During Specified Seven Days" ခေါင်းစဉ်အောက်တွင်ဖော်ပြထားချက်အရ၊ အသက် (၁၁) နှစ်နှင့်ယင်းအထက်အိမ်ထောင်စုရှိလူဦးရေမှလုပ်သားအင်အားစုတွင်ပါဝင်သူများမှာသတ်မှတ်ထားသော (၇) ရက်တွင် လုပ်ငန်းခွင်၌ရှိသူများ

ဟုဆိုနိုင်ပါသည်။ ယင်း နှစ်တွင်လုပ်သား အင်အား ကိုလုပ်ငန်း ကဏ္ဍ[၃၃] အလိုက်ရရှိခဲ့ပါသည်။ ယင်း သို့လုပ်သား အင်အား ကိုလုပ်ငန်း ကဏ္ဍအလိုက် ဖော်ပြရာတွင်အိမ်ထောင်စု (၁၀၀) တွင် (၂၀) ရာနှုန်း နမူနာ ကောက်ယူချက် ပေါ်တွင်အခြေခံ၍ ဖော်ပြထား ခြင်း ဖြစ်ပါသည်။

၁၉၇၃ ခုသန်း ခေါင်စာရင်း တွင်မူအခန်း(၃) စာမျက်နှာ (၂၃) တွင်လုပ်သား အင်အား စုနှင့်ပတ်သက်၍ ဖော်ပြချက်မှာ "အသက် (၁၀) နှစ်နှင့်အထက်အိမ်ထောင်စုရှိလူဦး ရေမှလုပ် သား အင်အား စုတွင်ပါဝင်သူများ မှာသတ်မှတ်ထား သော (၁၄) ရက် အတွင်း (၁) လုပ်ငန်း ခွင်တွင်ရှိသူများ ၊ (၂) ခွင့်ယူထား သူများ နှင့် (၃) အလုပ်ရှာနေသူများ ဖြစ်ကြပါသည်။" ဟု ဖော်ပြထား ပါသည် ။ ၁၉၇၃ ခုနှင့် ၁၉၈၃ ခုနှစ်တွင်လုပ်သား အင်အား ကိုစိစစ်ရာ တွင် လုပ်ငန်း ခွင်ရှိလူဦး ရေကိုသုံး သပ်မည်ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထား သော လုပ်သား အင်အားစု အကြောင်း အရာများ အရသန်း ခေါင်စာရင်း နှစ် (၇) ကြိမ်၏လုပ် သား အင်အား ဆိုင်ရာတူညီသည့်အချက်များ ခြား နား ချက်များ ကိုသိရှိနိုင် ပေသည်။ ဤစာတမ်း တွင်အသုံး ပြုမည့်လုပ်သား အင်အား စုတွင် ပါဝင်သူများ အတွက်သတ်မှတ်ချက်များ ၊ ယူဆချက်များ ကိုလည်း တင်ပြပြီး ဖြစ်ပါသည်။

သို့ဖြစ်၍လွတ်လပ်ရေး မရမှီစစ်ကြိုခေတ် ကာလ ၊ ၁၉၀၁ မှ ၁၉၃၁ ခုနှစ်ထိ (၁၀) နှစ်တကြိမ်သန်း ခေါင်စာရင်းနှစ် (၄) ကြိမ်၏အခြေခံများ အရယင်း အပိုင်း ၏စီး ပွား ရေး လုပ်ငန်း ကဏ္ဍများ တွင်လုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုအခြေအနေများ ကိုပထမအပိုင်း အနေဖြင့်စိစစ်တင်ပြမည်ဖြစ်ပါသည်။

---

၃၃။ Industry Division

စစ်ပြီး ခေတ်ကာလလွတ်လပ်ရေး ရရှိပြီး ပါလီမန်ဒီမိုကရေစီ ခေတ် ၁၉၅၃-၅၄ ခုသန်း ခေါင်စာရင်း နှစ်ကိုဒုတိယပိုင်း အနေဖြင့်စိစစ်တင်ပြမည်ဖြစ်ပါသည်။ ယင်း အပိုင်း ကိုသီး ခြား တင်ပြရခြင်း မှာ၊ ယင်း နှစ်တွင်တစ်နိုင်ငံလုံး ၌သန်း ခေါင်စာရင်း ကောက်ယူခြင်း မပြုနိုင်ခဲ့ပေ။ ၁၉၅၃ ခုမတ်လတွင်ပထမအဆင့်အနေဖြင့်မြို့ပေါင်း (၂၅၂) မြို့၏မြို့ပေါ်ဧရိယာနှင့် ၁၉၅၄ ခုတွင်ဒုတိယအဆင့်၌ယင်း မြို့များ ပတ်ဝန်း ကျင်ရှိ ကျေး ရွာအုပ်စုပေါင်း (၂၁၃၁) တွင်သာ ကောက်ယူနိုင်ခဲ့ပါသည်။ ထို့ပြင်အထက်တွင် ဖော်ပြခဲ့ပြီး သည့် အတိုင်း လုပ်သား အင်အား ကိုလုပ်ငန်း ကဏ္ဍလိုက် ဖော်ပြရာတွင်လည်းအိမ်ထောင်စု (၁၀၀) တွင် (၂၀) ရာနှုန်း နမူနာ ကောက်ယူချက် ပေါ်၌အ ခြေခံ၍ ဖော်ပြထား ခြင်း ကြောင့်ဖြစ်ပါသည်။

ထို့နောက်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန် မာနိုင်ငံတော်လက်ထက် ၁၉၇၃ ခုနှင့် ၁၉၈၃ ခုနှစ်သန်း ခေါင်စာရင်း နှစ်စီး ပွား ရေး လုပ်ငန်း ကဏ္ဍများ တွင်လုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုအ ခြေအ နေများ ကိုတတိယပိုင်း အနေဖြင့်စိစစ် တင်ပြမည်ဖြစ်ပါသည်။

ဇယား(၆-၁) အမှန်တကယ်လုပ်သား ဦးရေကိုလုပ်ငန်း နှင့်ကျား၊မအလိုက်ရာခိုင်နှုန်း ဖြင့်ဖော်ပြသောဇယား



| လုပ်ငန်း | ၁၉၈၃ | သန်းခေါင်စာရင်းနှစ်များ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၉၉၁ | | | ၁၉၉၂ | | | ၁၉၉၃ | | |
| | စုစုပေါင်း | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၁။ တိရစ္ဆာန်မွေးမြူခြင်း၊သီးနှံ၊သစ်ဝါးနှင့် အသားထုတ်လုပ်ခြင်းလုပ်ငန်းများ | ၆၂.၆၈ | ၇၀.၈၆ | ၆၈.၁၉ | ၇၃.၈၂ | ၇၁.၀၇ | ၆၉.၃၅ | ၇၃.၆၄ | ၆၉.၁၇ | ၇၂.၃၈ | ၆၃.၄၈ |
| ၂။ တွင်းထွက်ဓါတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများ | ၀.၀၉ | ၀.၁၃ | ၀.၁၇ | ၀.၀၈ | ၀.၄၄ | ၀.၆၆ | ၀.၁၁ | ၀.၆၄ | ၀.၈၆ | ၀.၁၆ |
| ၃။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ | ၁၂.၈၂ | ၇.၀၆ | ၆.၁၄ | ၇.၇၃ | ၇.၁၂ | ၆.၉၁ | ၇.၄၄ | ၁၀.၇၀ | ၇.၂၈ | ၁၈.၁၂ |
| ၄။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ | ၂.၉၂ | ၃.၃၅ | ၄.၇၇ | ၁.၅၁ | ၂.၈၅ | ၄.၃၇ | ၀.၅၈ | ၃.၅၈ | ၄.၉၂ | ၀.၆၅ |
| ၅။ ကုန်သွယ်လုပ်ငန်းများ | ၁၀.၇၅ | ၁၀.၀၉ | ၈.၂၈ | ၁၂.၄၇ | ၈.၅၅ | ၆.၆၃ | ၁၁.၃၉ | ၈.၉၇ | ၆.၂၆ | ၁၄.၈၆ |
| ၆။ တာဝန်ယူရေးနှင့်အုပ်ချုပ်ရေးဝန်ဆောင်မှုလုပ်ငန်းများ | ၁.၅၈ | ၁.၂၃ | ၂.၀၀ | ၀.၂၁ | ၁.၀၆ | ၁.၇၄ | ၀.၀၅ | ၁.၂၂ | ၁.၇၇ | ၀.၀၂ |
| ၇။ အသက်မွေးမှုအတတ်ပညာနှင့်ကျွမ်းကျင်မှုလုပ်ငန်းများ | ၂.၇၀ | ၂.၁၅ | ၃.၁၈ | ၀.၈၈ | ၂.၃၆ | ၃.၁၅ | ၀.၆၀ | ၃.၂၈ | ၄.၁၃ | ၁.၁၈ |
| ၈။ အထွေထွေလုပ်ငန်းများ | ၆.၄၆ | ၅.၁၃ | ၆.၄၇ | ၃.၃၈ | ၆.၁၅ | ၆.၇၉ | ၆.၁၉ | ၂.၁၂ | ၂.၄၀ | ၁.၅၃ |
| ရာခိုင်နှုန်း | ၁၀၀. | ၁၀၀. | ၁၀၀. | ၁၀၀. | ၁၀၀. | ၁၀၀. | ၁၀၀. | ၁၀၀. | ၁၀၀. | ၁၀၀. |
| လုပ်သားအင်အားစုစုပေါင်း | ၄၈၅၂၉၆၄ | ၆၇၂၇၄၀၉ | ၃၈၁၃၆၆၆ | ၂၉၁၃၇၄၃ | ၆၇၉၅၄၃၈ | ၄၀၆၀၉၂၁ | ၂၇၃၄၅၁၇ | ၆၂၁၁၀၃၇ | ၄၂၅၁၇၇၁ | ၁၉၅၉၂၆၆ |
| စုစုပေါင်းလူဦးရေ | ၁၀၄၉၀၆၂၄ | ၁၂၁၁၅၂၁၇ | ၆၁၈၃၄၉၄ | ၅၉၃၁၇၂၃ | ၁၃၂၁၂၁၉၉ | ၆၇၅၆၉၆၉ | ၆၄၅၅၂၂၃ | ၁၄၆၆၇၂၂၆ | ၇၄၉၀၆၈၁ | ၇၁၇၆၅၄၅ |
| လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်း (L.F.P.R)* | ၄၆.၂၆ | ၅၅.၅၃ | ၆၁.၆၇ | ၄၉.၁၂ | ၅၁.၄၃ | ၆၀.၁၀ | ၄၂.၃၆ | ၄၂.၃၅ | ၅၆.၇၆ | ၂၇.၃၀ |

*L.F.P.R : Labour Force Participation Rate

လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်း = $\frac{\text{လုပ်သားအင်အားစုစုပေါင်း}}{\text{စုစုပေါင်းလူဦးရေ}} \times ၁၀၀$

(၁)၁၉၀၁ မှ ၁၉၃၁ ခုနှစ်ထိသန်း ခေါင်စာရင်း နှစ်များ၏လုပ်သား အင်အား ကိုနှိုင်း ယှဉ်စိစစ်ခြင်း

၁၉၀၁ မှ ၁၉၃၁ ခုနှစ်ထိသန်း ခေါင် စာရင်း နှစ်များ ၏လုပ်သား အင်အား ကိုစိစစ်တင်ပြရာတွင် ၁၉၁၁၊၁၉၂၁၊ ၁၉၃၁ ခုနှစ်များ နှင့်တူညီမှုရှိစေရန်၊ ၁၉၀၁ ခုနှစ် ၏ လုပ်သား အင်အား ကိုညှိနှိုင်း ခဲ့ပါသည်။ သို့ညှိနှိုင်း ရာတွင်ယင်းသန်းခေါင်စာရင်း နှစ်များ ၏လုပ်သား အင်အား ကိုဇယား (၆-၁)တွင် ဖော်ပြ သည့် လုပ်ငန်း ကဏ္ဍများ အတိုင်း ညီညွတ်မှုရှိ အောင်ညှိနှိုင်း ခဲ့ပါသည်။ ဇယား (၆-၁)တွင်ယင်း သန်း ခေါင်စာရင်း နှစ်များ ၏လုပ်ငန်း နှင့် ကျား မအလိုက်အမှန်တကယ်လုပ်သား ဦး ရေ၏ရာနှုန်း ကိုဖော်ပြထား ပါသည်။ ၁၉၀၁ ခုနှစ်တွင်မူ ကျား မအလိုက်ခွဲခြား မရရှိနိုင်ပဲ၊ စုစု ပေါင်း လုပ်သား အင်အား ကိုသာရရှိခဲ့ပါသည်။

ဇယား (၆-၁)တွင်ဖော်ပြချက်များအရ ၁၉၀၁ ခုနှစ်တွင်စုစု ပေါင်း လုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုရာနှုန်း ( L. F. P. R ) မှာ(၄၆.၂၆%)ရှိပါသည်။ ၁၉၁၁ ခု တွင် -(၅၅.၅၃%)ထိတိုး တက်လာပါသည်။ သို့ရာတွင် ၁၉၂၁ ခုနှ(၅၁.၄၃) ရာနှုန်း သို့ပြန်လည်ကျဆင်း ခဲ့ပြီး ၊ ၁၉၃၁ ခုတွင်(၄၂.၃၅)ရာနှုန်း ဆက်လက်ကျဆင်း ကြောင်း တွေ့ရပါသည်။ ယင်း သန်း ခေါင်စာရင်း(၄) နှစ်၏စုစု ပေါင်း လုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုရာနှုန်း တိုး တက်ကျဆင်း မှုကိုပုံချပ် (၆-၁)တွင်ဖော်ပြထား ပါသည်။ ယင်း ပုံချပ်၌ ၁၉၁၁ ခုနှစ်သည် ၁၉၀၁ ခုနှစ်ထက်တိုး တက်လာပြီး လုပ်သား အင် အား ပါဝင်ဆောင်ရွက်မှုရာနှုန်း မှာ(၉.၂၇%) ပိုမို မြင့်မား လာကြောင်း တွေ့ရပါသည်။ ၁၉၂၁ ခုနှင့် ၁၉၃၁ ခုနှစ်တွင် ၁၉၁၁ ခုနှစ်ကထက်တဖြည်း ဖြည်း ကျဆင်း လာပြီး ၊ ၁၉၂၁ ခုတွင် ၁၉၁၁ခု

ပုံချပ်(၆-၁)

၁၉၀၁ ခုနှစ်မှ ၁၉၈၃ ခုနှစ်ထိသန်းခေါင်စာရင်းနှစ်များတွင်မြန်မာနိုင်ငံ၏
စုစုပေါင်းလုပ်သားဦးရေကိုဘားဂရပ်နည်းဖြင့်ဖော်ပြသောပုံ

ဒေါင်လိုက်စကေး ၁လက်မ = ၂၀ ရာခိုင်နှုန်း
အလျားလိုက်စကေး ၀.၅လက်မ = သန်းခေါင်စာရင်းနှစ်တစ်နှစ်
၀.၅လက်မ = ဘားလိုက်တစ်ခုနှင့်တစ်ခုအကွာ



နှစ်ထက် (၄.၁၀) ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၊ ၁၉၃၁ ခုတွင်မူ ၁၉၁၁ ခုနှစ်ကထက် (၁၃.၁၈%) ထိကျဆင်းခဲ့ကြောင်း တွေ့ရပါသည်။

အမျိုးသားများ၏လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းကိုစိစစ်ကြည့်ပါက၊ ၁၉၁၁ ခုနှစ်တွင်(၆၁.၆၇ %) ၊ ၁၉၂၁ခုတွင်(၆၀.၁၀%)နှင့် ၁၉၃၁ ခုတွင်(၅၆.၇၆%)အသီးသီးဖြစ်ပါသည်။ အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းမှာ ၁၉၁၁ ခုတွင်(၄၉.၁၂%)၊ ၁၉၂၁ ခုတွင်(၄၂.၃၆%) နှင့် ၁၉၃၁ ခုတွင်(၂၇.၃၀%)အသီးသီးဖြစ်ပါသည်။ သို့ဖြစ်၍ ကျား မလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းနှစ်မျိုးလုံးသည် စုစုပေါင်းလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းကဲ့သို့ပင် ၁၉၂၁ ခုနှင့် ၁၉၃၁ ခု၌ ၁၉၁၁ ခုနှစ်ကထက်ကျဆင်းလာကြောင်း တွေ့ရပါသည်။

ကျား ၊ မလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းအခြေအနေပြပုံများကိုပုံချပ်(၆-၂)တွင်ယှဉ်တွဲဖော်ပြထားပါသည်။ ယင်းပုံချပ်တွင်တွေ့မြင်ရသည့်အတိုင်း အမျိုးသားလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းသည် ၁၉၂၁ ခုတွင် ၁၉၁၁ခုနှစ်ထက်(၁.၅၇%)နှင့် ၁၉၃၁ ခုတွင် ၁၉၁၁ ခုနှစ်ထက်(၄.၉၁%) ကျဆင်းခဲ့ပါသည်။ အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းတွင် ၁၉၁၁ ခုနှစ်ထက် ၁၉၂၁ ခုတွင်(၆.၇၆%) နှင့် ၁၉၃၁ ခုတွင်(၂၁.၈၂%)ထိကျဆင်းခဲ့ပါသည်။ အမျိုးသားများထက်အမျိုးသမီးလုပ်သားအင်အားပိုမိုကျဆင်းကြောင်း တွေ့ရပါသည်။ အထူးသဖြင့်အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းသည် ၁၉၃၁ ခုတွင်တစ်ဝက်နီးပါးခန့်ကျဆင်းနေကြောင်း တွေ့ရပါသည်။

ပုံချပ် (၆-၂)

၁၉၁၁ခုနှစ်မှ ၁၉၈၃ခုနှစ်ထိသန်းခေါင်စာရင်းနှစ်များတွင်မြန်မာနိုင်ငံ၏ကျား-မလုပ်သား ဦးရေကိုဘလောက်နည်းဖြင့်နှိုင်းယှဉ်ဖော်ပြသောပုံ



သို့ဖြစ်၍ယင်း သန်း ခေါင်စာရင်း နှစ်များ ကို လေ့လာကြည့် သောအခါ၊ ၎င်းသို့ကွာခြား ရခြင်း၏အဓိကအကြောင်း ရင်းမှာသန်း ခေါင်စာရင်း ကောက်ယူရာတွင်စာရင်း ပြုစုသူများ အသုံး ပြုလိုက်နာရသည့်ညွှန်ကြား ချက်များ မှာ ပြောင်း လဲမှုများ ရှိနေ၍ ဖြစ် ကြောင်း ဖော်ပြထား ပါသည်။ ယင်း ကွာခြား ချက်များသည်ကား လေး ငယ်များ နှင့်အမျိုး သမီး များ တွင်ပိုမိုများ ပြား ပါသည်။ ယင်းသို့ဖြစ် ရခြင်း မှာက လေး ငယ်များ နှင့်အမျိုး သမီး များ တွင်ယင်း တို့၏မိဘ များ ကိုကူညီနေ သောအရွယ် ရောက်ပြီး က လေး များ နှင့်ယင်း တို့ ၏ ခင်ပွန်း များ ကိုကူညီ နေ သောအိမ် ထောင်ရှင်အမျိုး သမီး များ တွင် ယင်း တို့အား မှီခိုသူများ (သို့မဟုတ်)အမှန်တကယ်လုပ်သား များ ဟူ၍ သတ်မှတ်ရာတွင်အခက်အခဲများ ရှိနေ သော ကြောင့်ဖြစ် ကြောင်းဖော် ပြထား ပါသည်။

အထက်တွင် ဖော်ပြသည့်အတိုင်း လုပ်သား အင် အား ပါဝင် ဆောင်ရွက်မှုရာနှုန်း များ မှာကျဆင်း နေ သော်လည်းလုပ်သား အင်အား ပမာဏသည်လူဦး ရေတိုး တက်လာသဖြင့်အနည်း ငယ်လိုက်၍တိုး တက်လာ ကြောင်း တွေ့နိုင်ပါသည်။ ယင်း ကိုပုံချပ် (၆-၃) တွင်ယင်းသန်း ခေါင်စာရင်း နှစ်များ ၏စုစု ပေါင်း လူဦး ရေတိုး တက်မှုနှင့်လုပ်သား အင်အား ပမာဏတိုး တက်မှုကို ဖော်ပြထား ပါသည်။ ဇယား (၆-၁) တွင် ဖော်ပြထား သည့်အတိုင်း စုစု ပေါင်း လုပ်သား အင်အား ပမာဏ မှာ ၁၉၀၁ ခုတွင် (၄၀၅၂၉၆၄)၊ ၁၉၁၁ ခုတွင် (၆၇၂၇၄၁၉) နှင့် ၁၉၂၁ ခုတွင် (၆၇၉၅၄၃၀) ထိအနည်း ငယ်တိုး တက်လာသည်ကို (၁၉၃၁ ခုတွင်မူ ၆၂၁၁၀၃၇ သို့ကျဆင်း သည်။) ပုံချပ် (၆-၃) တွင် တွေ့မြင်ရ သော်လည်း ယင်း လုပ်သား အင်အား ပမာဏတိုး တက်မှု သည်စုစု ပေါင်း လူဦး ရေတိုး တက်မှုနှုန်း နှင့်အချိုး ညီစွာလိုက်၍တိုးတက်

ပုံချပ်(၆-၃)

၁၉၀၁ ခုနှစ်မှ ၁၉၈၃ ခုနှစ်ထိ သန်းခေါင်စာရင်းနှစ်များတွင် မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေနှင့် လုပ်သားဦးရေကို ဘလောက်နည်းဖြင့် နှိုင်းယှဉ် ဖော်ပြသောပုံ



မှုမရှိသောကြောင့်လုပ်သားအင်အားပါဝင်ဆောင်ရွက်မှု ရာနှုန်းမှာကျဆင်းရခြင်းဖြစ်ပါသည်။ ထို့ကြောင့်လုပ်သားအင်အားပမာဏတိုးတက်များပြားလာမှုထက်လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းတိုးတက်မြင့်မားလာစေရန်မှာအရေးပါသဖြင့်လူဦးရေနှင့်အချိုးညီစွာလုပ်သားအင်အားပမာဏတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ယင်းသန်း ခေါင်စာရင်းနှစ်များ၏စီးပွားရေးလုပ်ငန်းကဏ္ဍအသီးသီးတွင်ပါဝင်ဆောင်ရွက်နေသောကျား၊ မနှင့်စုစုပေါင်းလုပ်သားအင်အားပြန့်နှံ့မှုရာနှုန်းနှင့်ပုံများကိုဇယား (၆-၁) နှင့်ပုံချပ် (၆-၄)၊ (၆-၅) နှင့် (၆-၆) တို့တွင်အသီးသီးဖော်ပြထားပါသည်။ ယင်းတို့တွင်ဖော်ပြချက်များအရလုပ်ငန်းကဏ္ဍအသီးသီးတွင်စုစုပေါင်းလုပ်သားအင်အားပြန့်နှံ့မှုကိုကြည့်ပါက ၊ တိရစ္ဆာန်မွေးမြူခြင်း၊ သီးနှံ၊ သစ်ဝါးနှင့်အသားထုတ်လုပ်ခြင်း ၊ လုပ်ငန်းများတွင်အများဆုံးဖြစ်ပြီး ၁၉၀၁ ခုတွင် (၆၂.၆၈%) ၁၉၁၁ ခုတွင် (၇၀.၈၆%)၊ ၁၉၂၁ ခုတွင် (၇၁.၀၇%) ထိတဖြည်းဖြည်းတိုးတက်လာပြီး ၊ ၁၉၃၁ ခုတွင်မူ (၆၉.၅၇%) သို့အနည်းငယ်ကျဆင်းခဲ့ပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုကြည့်လျှင် ၁၉၀၁ ၌ (၁၂.၈၂%) ဖြစ်ခဲ့ပြီး ၊ ၁၉၁၁ ခုတွင် (၇.၀၆%) နှင့် ၁၉၂၁ ခုတွင် (၇.၁၂%) ထိအနည်းငယ်တိုးတက်လာပြီး ၊ ၁၉၃၁ ခုတွင် (၁၀.၇၀%) ထိပိုမိုတိုးတက်လာသောကြောင့်၊ ၁၉၃၁ ခုတွင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌လုပ်သားအင်အားပမာဏကျဆင်းခဲ့ပြီး ၊ ကုန်ထုတ်လုပ်ငန်းများတွင်တိုးတက်လာပေရာ၊ ၁၉၃၁ ခုနှစ်တွင်စက်မှုလက်မှုဖွံ့ဖြိုးမှုအနည်းငယ်တိုးတက်လာသည်ဟုဆိုနိုင်ပါသည်။

ပုံချပ် (၆-၄) ၁၈၁၁၊ ၁၉၂၁နှင့် ၁၉၃၁ ခုနှစ်သန်းခေါင်စာရင်းနှစ်များတွင်
မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကဏ္ဍများတွင်အမျိုးသားလုပ်သားအင်အား
ပြန့်နှံ့မှုကို နှိုင်းယှဉ်စက်ဝိုင်း စိတ်ပိုင်း နည်းဖြင့်ဖော်ပြသောပုံ



စကေး

အချင်းဝက် =၁.၅လက်မ
စက်ဝိုင်းတခု၏ ဒီဂရီ =၃၆၀ (သို့) ၁
စက်ဝိုင်းတခုနှင့်တခုအကွာအဝေး =၀.၅လက်မ




တိရစ္ဆာန် မွေးမြူခြင်း၊သီးနှံ၊သစ်ဝါးနှင့် အသားထုတ်လုပ်ခြင်းလုပ်ငန်းများ

တွင်းထွက်ဓါတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများ

ကုန်ထုတ်လုပ်ငန်းများ

သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ

ကုန်သွယ်လုပ်ငန်းများ

ကာကွယ်ရေးနှင့်အုပ်ချုပ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ

အသက်မွေးမှုအတတ်ပညာနှင့် ကျွမ်းကျင်မှုလုပ်ငန်းများ

အထွေထွေလုပ်ငန်းများ

ပုံချပ်(၆-၅) ၁၉၁၁၊ ၁၉၂၁နှင့်၁၉၃၁ခုနှစ်သန်းခေါင်စာရင်းနှစ်များတွင်
မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်းကဏ္ဍများတွင်အမျိုးသမီးလုပ်သားအင်အား
ပြန့်နှံ့မှုကိုနှိုင်းယှဉ်စက်ဝိုင်းစိတ်ပိုင်းနည်းဖြင့်ဖော်ပြသောပုံ

စကေး

အချင်းဝက် = ၁.၅လက်မ

စက်ဝိုင်းတခု၏ဒီဂရီ = ၃၆၀ (သို့) ၁၀၀%

စက်ဝိုင်းတခုနှင့်တခုအကွာအဝေး = ၀.၅လက်မ



ပုံချပ် (၆–၆) တွင် ဖော်ပြချက်အရ ကုန်ထုတ်လုပ်မှု လုပ်ငန်းများသည် ၁၉၀၁ ခုနှစ်တွင်လုပ်သားအင်အားဒုတိယ အများဆုံးဖြစ်၍၊ ၁၉၁၁ နှင့် ၁၉၂၁ ခုတွင်တတိယနေရာ၌ ရှိပြီး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ပါဝင်ဆောင်ရွက်သောလုပ်သား အချိုးအစားပိုမိုများပြားလာပါသည်။ သို့သော် ၁၉၃၁ ခုတွင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအချိုးအစားများပြန်လည်လျော့နည်းလာပြီး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဒုတိယအများဆုံးနေရာသို့ပြန်လည်ရောက်ရှိလာသဖြင့်စက်မှုလက်မှုအနည်းငယ်ဖွံ့ဖြိုးတိုးတက်လာသည်ဟုဆိုနိုင်ပါသည်။ ၁၉၁၁ ခုနှင့် ၁၉၂၁ ခုတွင်လုပ်သားအင်အားဒုတိယအများဆုံးမှာကုန်ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများဖြစ်ပြီး၊ (၁၀.၀၉%) နှင့် (၈.၅၅%) အသီးသီးဖြစ်ပါသည်။ ယင်းလုပ်ငန်းသည် ၁၉၀၁ ခုနှင့် ၁၉၃၁ ခုတွင်တတိယနေရာ၌ရှိနေပြီး (၁၀.၇၅%) နှင့် (၈.၉၇%) ဖြစ်ပါသည်။ သို့ဖြစ်၍ ၁၉၀၁ ခုနှစ်ကထက် ၁၉၁၁ ခုနှင့် ၁၉၂၁ ခုနှစ်တွင်တဖြည်းဖြည်းကျဆင်းလာပြီး ၁၉၃၁ ခုတွင် မှုအနည်းငယ်ပြန်လည်တိုးတက်လာပါသည်။

စီးပွားရေးလုပ်ငန်းကဏ္ဍများအနက်လုပ်သားအင်အားအနည်းဆုံးမှာတွင်းထွက်ပစ္စည်းတူးဖော်ခြင်း၊ လုပ်ငန်းများဖြစ်ပါသည်။ ၁၉၀၁ ခုတွင် (၀.၀၉%)၊ ၁၉၁၁ ခုတွင် (၀.၁၃%) ၁၉၂၁ ခုတွင် (၀.၄၄%) နှင့် ၁၉၃၁ ခုတွင် (၀.၆၄%) ထိ တဖြည်းဖြည်းတိုးတက်လာသောကြောင့်တွင်းထွက်သယံဇာတကုန်ကြမ်းပစ္စည်းများထုတ်လုပ်မှုတိုးတက်လာသည့်လက္ခဏာဖြစ်ပြီး၊ စက်မှုဖွံ့ဖြိုးတိုးတက်မှုကိုလည်းထောက်ပံ့နိုင်၍၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိသည်ဟုဆိုနိုင်ပါသည်။

စီးပွားရေးလုပ်ငန်းကဏ္ဍအသီးသီးတွင်ပါဝင်ဆောင်ရွက်နေသောအမျိုးသားလုပ်သားအင်အားဖြန့်နှံမှုကိုကြည့်ပါကလည်း တိရစ္ဆာန်မွေးမြူခြင်း၊ သီးနှံ၊ သစ်ဝါးနှင့်အသားထုတ်လုပ်ခြင်း၊ လုပ်ငန်းများတွင်အများဆုံးဖြစ်ပြီး၊ ၁၉၇၁ ခုနှစ်တွင် (၆၈.၅၉%)၊ ၁၉၂၁ခုတွင် (၆၉.၃၅%) နှင့်၁၉၃၁ ခု တွင်- (၇၂.၃၀%) ထိတဖြည်းဖြည်းတိုးတက်လာသောကြောင့်အမျိုးသားများသည်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ပိုမိုလုပ်ကိုင်လာကြောင်း တွေ့ရပါသည်။ ကုန်ထုတ်လုပ်ငန်းများကိုကြည့်ပါက၊ ၁၉၁၁ခုတွင်(၆.၅၄%) ၁၉၂၁ခုတွင် (၆.၉၁%) နှင့် ၁၉၃၁ ခုတွင် (၇.၂၈%) ထိတိုးတက်လာ၍ကုန်ထုတ်လုပ်ငန်းများတွင်လည်းအမျိုးသားများအနည်းငယ်ပိုမိုလုပ်ကိုင်လာသည်ကိုတွေ့ရပါသည်။

ပုံချပ် (၆-၄) တွင်ဖော်ပြချက်အရ ၁၉၁၁ တွင် လုပ်သားအင်အားဒုတိယအများဆုံးလုပ်ငန်းမှာကုန်သွယ်လုပ်ငန်းများဖြစ်ပြီး၊ (၈.၂၈%) ရှိပါသည်။ ၁၉၂၁ ခုနှင့် ၁၉၃၁ ခုတွင် ကုန်ထုတ်လုပ်ငန်းများမှာဒုတိယအများဆုံးဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းများမှာ ၁၉၂၁ ခုနှင့် ၁၉၃၁ ခုတွင်တတိယနေရာ၌ရှိ၍ (၆.၆၃%) နှင့် (၆.၂၆%) ဖြစ်ပါသည်။ သို့ဖြစ်၍အမျိုးသားများသည် ကုန်သွယ်မှုလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်မှုလျော့နည်းလာကြောင်းတွေ့ရပါသည်။

အမျိုးသားလုပ်သားအင်အားဖြန့်နှံမှုအနည်းဆုံးမှာတွင်းထွက်ဓါတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများဖြစ်ပြီး၊ ၁၉၁၁ ခုတွင် (၀.၁၇%)၊ ၁၉၂၁ခုတွင် (၀.၆၆%) နှင့် ၁၉၃၁ ခုတွင် (၀.၈၆%) အသီးသီးဖြစ်ပါသည်။ ယင်းလုပ်ငန်းတွင်လည်းယောကျ်ားများပါဝင်လုပ်ကိုင်မှုတိုးတက်လာသည်ကိုတွေ့ရပေသည်။ ထို့ ကြောင့်

ယောကျ်ားများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများနှင့် ထွင်းထွက်ခါတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများတွင် ပိုမိုလုပ်ကိုင်လာပြီး ကုန်သွယ်လုပ်ငန်းများတွင် လျော့နည်းလာကြောင်း တွေ့ရပါသည်။

အမျိုးသမီးလုပ်သားအင်အားဖြန့်နှံမှုရာခိုင်နှုန်းကိုကြည့်လျှင် တိရစ္ဆာန်မွေးမြူခြင်း၊ သီးနှံ၊ သစ်ဝါးနှင့်အသားထုတ်လုပ်ခြင်းလုပ်ငန်းများတွင်အများဆုံးဖြစ်ပြီး၊ ၁၉၁၁ ခုတွင် (၇၃.၈၂%)၊ ၁၉၂၁ခုတွင် (၇၃.၆၄%)၊ ၁၉၃၁ခုတွင်(၆၃.၄၈%) ထိတဖြည်းဖြည်းကျဆင်းလာ၍၊ မိန်းမများစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်ပါဝင်လုပ်ကိုင်မှုလျော့နည်းလာကြောင်း တွေ့ရပါသည်။ ကုန်ထုတ်လုပ်ငန်းများကိုကြည့်ပါက၊ ၁၉၁၁ခုတွင် (၇.၇၃%) နှင့် ၁၉၂၁ခုတွင် (၇.၄၄%) သို့အနည်းငယ်ကျဆင်းသော်လည်း ၁၉၃၁ ခုတွင်မူ (၁၈.၁၂%) ထိများစွာတိုးတက်လာသောကြောင့် ကုန်ထုတ်လုပ်ငန်းများတွင်မိန်းမများပိုမိုလုပ်ကိုင်လာကြောင်း တွေ့ရပါသည်။

ပုံချပ် (၆-၅) တွင်ဖော်ပြချက်အရ ၁၉၁၁ခုနှင့် ၁၉၂၁ ခုတွင်လုပ်သားအင်အားဒုတိယအများဆုံးမှာ ကုန်သွယ်လုပ်ငန်းဖြစ်၍၊ (၁၂.၄၇%) နှင့် (၁၁.၃၉%) အသီးသီးရှိပြီး အနည်းငယ်ကျဆင်းလာပါသည်။ ကုန်သွယ်လုပ်ငန်းမှာ ၁၉၃၁ ခုတွင် တတိယအများဆုံးလုပ်ငန်းဖြစ်သော်လည်း (၁၄.၈၆%) ထိရှိသောကြောင့် ၁၉၁၁ ခုနှင့် ၁၉၂၁ ခုထက်နှိုင်းစာလျှင် ၁၉၃၁ခုတွင်ကုန်သွယ်လုပ်ငန်းတွင်မိန်းမများပိုမိုလုပ်ကိုင်လာကြောင်း တွေ့ရပါသည်။ ၁၉၃၁ တွင်လုပ်သားအင်အားဒုတိယအများဆုံးမှာကုန်ထုတ်လုပ်ငန်းဖြစ်၍ (၁၈.၁၂%) ထိရှိပါသည်။ ကုန်သွယ်လုပ်ငန်းများတွင်ကျားမလုပ်သား

အင်အားပြန့်နှံ့မှုဇယားကိုကြည့်လျှင်ဇယား (၆-၁) တွင် ဖော်ပြချက်အရ ၁၉၁၁ ခုတွင် (၈.၂၈%) နှင့် (၁၂.၄၇%)၊ ၁၉၂၁ ခုတွင် (၆.၆၃%) နှင့် (၁၁.၃၉%)၊ ၁၉၃၁ ခုတွင် (၆.၂၆%) နှင့် (၁၄.၀၆%) အသီးသီးဖြစ်ပါသည်။ သို့ဖြစ်၍ ကုန်သွယ်လုပ်ငန်းတွင်မိန်းမများသည် ယောကျ်ားများထက်ပိုမိုပါဝင်လုပ်ကိုင်ကြောင်း တွေ့ရပါသည်။

အမျိုးသမီးလုပ်သားအင်အားပြန့်နှံ့မှုအနည်းဆုံးလုပ်ငန်းမှာ ၁၉၁၁ ခုတွင်တွင်းထွက်ဓါတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းဖြစ်၍၊ (၀.၀၈%) ရှိပါသည်။ ဒုတိယအနည်းဆုံးလုပ်ငန်းမှာ ကာကွယ်ရေး၊ အုပ်ချုပ်ရေး ဝန်ဆောင်မှုလုပ်ငန်းများဖြစ်၍၊ (၀.၂၁%) ရှိပါသည်။ ၁၉၂၁ ခုနှင့် ၁၉၃၁ ခုတွင်လုပ်သားအင်အားအနည်းဆုံးလုပ်ငန်းမှာ ကာကွယ်ရေး၊ အုပ်ချုပ်ရေး ဝန်ဆောင်မှုလုပ်ငန်းများဖြစ်၍၊ (၀.၀၅%) ရှိပါသည်။ ဒုတိယအနည်းဆုံးလုပ်ငန်းမှာ တွင်းထွက်ဓါတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းဖြစ်ပြီး၊ (၀.၁၁%)၊ နှင့် (၀.၁၆%) ရှိပါသည်။ ကာကွယ်ရေးနှင့်အုပ်ချုပ်ရေးလုပ်ငန်းများမှာ ၁၉၁၁ ခုမှ ၁၉၃၁ ခုထိတဖြည်းဖြည်းလျော့နည်းလာ၍မိန်းမများ ယင်းလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်မှုလျော့နည်းလာကြောင်း တွေ့ရပါသည်။ တွင်းထွက်ဓါတ်သတ္တုလုပ်ငန်းမှာမူ ၁၉၁၁ မှ ၁၉၃၁ ခုထိအနည်းငယ်စီတိုးတက်လာ၍ယင်းကဏ္ဍတွင်မိန်းမများပါဝင်ဆောင်ရွက်မှုများပြားလာကြောင်း တွေ့ရပါသည်။

ထို့ကြောင့်မိန်းမများသည်ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၊ ကုန်သွယ်လုပ်ငန်းနှင့်တွင်းထွက်ဓါတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများတွင်ပိုမိုလုပ်ကိုင်လာပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့်ကာကွယ်ရေး၊ အုပ်ချုပ်ရေး ဝန်ဆောင်မှုလုပ်ငန်းများတွင်လျော့နည်းလာကြောင်း တွေ့ရပါသည်။

(ဇယား ၆-၂)လုပ်ငန်း ခွင်၌လူဦး ရေကိုလုပ်ငန်း နှင့်ကျား မအလိုက်ရာခိုင်နှုန်း ဖြင့်ဖော်ပြသောဇယား 

| လုပ်ငန်း | သန်း ခေါင်စာရင်း နှစ်များ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ၁၉၅၃-၅၄ | | | ၁၉၇၃ | | | ၁၉၈၃ | | |
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၁။ စိုက်ပျိုးရေး၊သစ်တော၊အမဲလိုက်နှင့် မွေးမြူရေး လုပ်ငန်း များ | ၃၅.၂၃ | ၃၆.၈၃ | ၃၁.၃၀ | ၆၃.၈၀ | ၆၆.၆၀ | ၅၈.၂၀ | ၆၄.၆၀ | ၆၆.၁၀ | ၆၂.၁၀ |
| ၂။ ရေနံ၊သတ္တုနှင့်ကျောက်တူးဖော်ခြင်း လုပ်ငန်း များ | ၀.၅၅ | ၀.၆၄ | ၀.၃၂ | ၀.၈၀ | ၁.၀၀ | ၀.၄၀ | ၀.၆၀ | ၀.၇၀ | ၀.၄၀ |
| ၃။ ကုန်ထုတ်လုပ်ငန်း များ | ၁၃.၄၃ | ၁၁.၇၆ | ၁၇.၅၁ | ၁၀.၄၀ | ၇.၅၀ | ၁၆.၃၀ | ၉.၂၀ | ၇.၃၀ | ၁၂.၅၀ |
| ၄။ ဆောက်လုပ်ရေး လုပ်ငန်း များ | ၂.၀၁ | ၂.၇၅ | ၀.၂၁ | ၁.၆၀ | ၂.၂၀ | ၀.၄၀ | ၁.၃၀ | ၁.၉၀ | ၀.၃၀ |
| ၅။ လျှပ်စစ်ဓါတ်အား၊ဓါတ်ငွေ့၊ရေနှင့် သန့်ရှင်း ရေးလုပ်ငန်းများ | ၀.၂၃ | ၀.၃၁ | ၀.၀၄ | ၀.၂၀ | ၀.၂၀ | * | ၀.၂၀ | ၀.၂၀ | * |
| ၆။ ကုန်သွယ်နှင့်တည်းခိုခန်းလုပ်ငန်း များ | ၂၁.၃၁ | ၁၆.၁၃ | ၃၄.၀၀ | ၁၁.၁၀ | ၇.၄၀ | ၁၈.၅၀ | ၁၁.၄၀ | ၇.၉၀ | ၁၇.၅၀ |
| ၇။ ပို့ဆောင်ဆက်သွယ်ရေးနှင့်သိုလှောင် ရေး လုပ်ငန်း များ | ၅.၁၂ | ၇.၀၅ | ၀.၃၈ | ၃.၀၀ | ၄.၄၀ | ၀.၂၀ | ၂.၉၀ | ၄.၄၀ | ၀.၂၀ |
| ၈။ ဝန်ဆောင်မှုလုပ်ငန်း များ | ၁၀.၀၆ | ၁၁.၉၆ | ၅.၄၀ | ၅.၇၀ | ၇.၀၀ | ၃.၁၀ | ၆.၇၀ | ၈.၂၀ | ၄.၂၀ |
| ၉။ ပြည့်စုံစွာဖော်ပြမထားသောလုပ်ငန်းများ | ၁၂.၀၆ | ၁၂.၅၇ | ၁၀.၈၄ | ၃.၄၀ | ၃.၇၀ | ၂.၉၀ | ၃.၁၀ | ၃.၃၀ | ၂.၈၀ |
| ရာနှုန်း | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |
| လုပ်သားအင်အားစုစုပေါင်း | ၁၉၃၀၅၁၁ | ၁၃၇၁၁၄၇ | ၅၅၉၃၆၄ | ၉၁၉၉၃၉၅ | ၆၁၂၈၆၁၇ | ၃၀၇၀၇၇၈ | ၁၂၀၀၀၅၇၁ | ၇၆၅၄၇၈၁ | ၄၃၄၅၇၉၀ |
| စုစုပေါင်း လူဦး ရေ | ၅၆၂၀၄၂၃ | ၂၈၁၁၂၂၈ | ၂၀၀၉၃၉၅ | ၂၈၉၂၁၂၂၆ | ၁၄၃၈၀၆၄၀ | ၁၄၅၄၀၅၈၆ | ၃၅၃၀၇၉၁၃ | ၁၇၅၁၈၂၅၅ | ၁၇၇၈၉၆၅၈ |
| လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်း ( L.F.P.R ) | ၃၄.၃၅ | ၆၈.၇၇ | ၁၉.၉၁ | ၃၁.၈၁ | ၄၂.၆၂ | ၂၁.၁၂ | ၃၃.၉၉ | ၄၃.၇၀ | ၂၄.၄၃ |

1990 - 32.0%

* ဒသမ ၁ ရာနှုန်း ထက်နည်း ပါသည်။

## (၂)၁၉၅၃-၅၄ ခုသန်း ခေါင်စာရင်း နှစ်၏လုပ်သား အင်အား ကို စိစစ်ခြင်း

၁၉၅၃-၅၄ခုသန်း ခေါင်စာရင်း နှစ် ၏လုပ်ငန်း နှင့်ကျား မအလိုက်လုပ်ငန်း ခွင်ရှိလူဦး ရေရာခိုင်နှုန်း ကို ဇယား (၆-၂) တွင်ဖော်ပြထား ပါသည်။ ယင်း ဖော်ပြချက်အရလုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်း ကိုကြည့်လျှင်အမျိုး သား များ သည် (၄၇.၇၇%)၊ အမျိုး သမီး များ သည် (၁၉.၉၀%) နှင့်ကျား မစုစု ပေါင်း မှာ (၃၄.၃၅%) ဖြစ်ပါသည်။ ပုံချပ် (၆-၁) နှင့် (၆-၂) တွင်ဖော်ပြချက်အရ၊ ၁၉၅၃-၅၄ ခုနှစ်တွင်စုစု ပေါင်း နှင့်ကျား မ လုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်း အား လုံး တို့ သည် ၁၉၃၁ ခုနှစ်ကထက်ကျဆင်း နေကြောင်း တွေ့ရပါသည်။ ရှေ့တွင်ဖော် ပြပြီး ခဲ့သည့်အတိုင်း ယင်း နှစ်တွင်တစ်နိုင်ငံလုံး ၌သန်း ခေါင် စာရင်း ကောက်ယူနိုင်ခဲ့ခြင်း မရှိ၍၊ နှိုင်း ယှဉ် လေ့လာရန်ခဲယဉ်း ပေသည်။ တစ်နိုင်ငံလုံး တွင်သန်း ခေါင်စာရင်း မကောက်ယူနိုင်ခဲ့သောကြောင့် တစ်နိုင်ငံလုံး ၏လူဦး ရေနှင့်လုပ်သား အင်အား ကိုခန့်မှန်း ရန်မှာ ခက်ခဲပေသည်။ ထို့ကြောင့်ယင်း နှစ်တွင်စုစု ပေါင်း လူဦး ရေနှင့်လုပ် သား အင်အား ပမာဏမှာအခြား သောနှစ်များ နှင့်ကွာခြား မှုများ စွာရှိနေ ကြောင်း ပုံချပ် (၆-၃) တွင် တွေ့နိုင်ပေသည်။

၁၉၅၃-၅၄ခုနှစ်၏စီး ပွား ရေးလုပ်ငန်းကဏ္ဍ အသီး သီး တွင်လုပ်သား အင်အား ပြန့်နှံ့မှုကိုစိစစ်ကြည့်လျှင်ကျား မစုစု ပေါင်း နှင့်အမျိုး သား များ တွင်စိုက်ပျိုး ရေး ၊ သစ်တော၊ အမဲလိုက် နှင့်မွေး မြူရေး လုပ်ငန်း များ သည်အများ ဆုံး ဖြစ်၍အမျိုးသား များ တွင် (၃၆.၇၃%)၊ စုစု ပေါင်း တွင် (၃၅.၂၃%) ဖြစ်ပါသည်။ ယင်း အခြေအနေအရလုပ်သား အင်အား စုစု ပေါင်း ၏ ၃ပုံ ၁ပုံ ပတ်ဝန်း

ကျင်းရှိသောကြောင့်ယင်းနှစ်တွင်လယ်ယာ၊ သားငါးကဏ္ဍတွင်လုပ်ကိုင်မှုများနည်းလာကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ ၁၉၀၁ မှ ၁၉၃၁ ခုထိသန်းခေါင်စာရင်းနှစ်များနှင့်နှိုင်းစာလျှင်တစ်ဝက်ခန့်သာရှိပါသည်။ သို့ဖြစ်ရခြင်းမှာယင်းနှစ်တွင်တစ်နိုင်ငံလုံးရှိသန်းခေါင်စာရင်းမကောက်ယူနိုင်ခြင်းနှင့်လုပ်သားအင်အားကို(၂၀%) နမူနာကောက်ယူချက်များပေါ်တွင်အခြေခံ၍လုပ်ငန်းကဏ္ဍအလိုက်ခွဲခြားခဲ့ခြင်းကြောင့်ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ၁၉၅၃-၅၄ ခုနှစ်ကိုအခြားသောနှစ်များနှင့်နှိုင်းယှဉ်ကြည့်ရှုရန်မဖြစ်နိုင်ပါ။

အမျိုးသမီးများတွင်လုပ်သားအင်အားဖြန့်နှံ့မှုမှာကုန်သွယ်တည်းခိုခန်းလုပ်ငန်းများတွင်အများဆုံးဖြစ်၍(၃၄%) ရှိပါသည်။ စိုက်ပျိုးရေး၊ သစ်တော၊ အမဲလိုက်နှင့်ငါးမွေးမြူရေးလုပ်ငန်းများမှာဒုတိယအများဆုံးဖြစ်ပြီး (၃၁.၃%) ဖြစ်ပါသည်။ အမျိုးသားများနှင့်ကျားမစုစုပေါင်းသည်ကုန်သွယ်တည်းခိုလုပ်ငန်းများတွင်ဒုတိယအများဆုံးဖြစ်ပြီး၊ (၁၆.၁၃%) နှင့်(၂၁.၃၁%) အသီးသီးရှိပါသည်။ ယင်းအခြေအနေများကို ၁၉၅၃-၅၄ ခုနှစ်၏လုပ်ငန်းကဏ္ဍအလိုက်ကျားမနှင့်စုစုပေါင်းလုပ်သားအင်အားဖြန့်နှံ့မှုအားဖော်ပြသောပုံချပ် (၆-၇)၊ (၆-၈) နှင့် (၆-၉) တို့တွင်အသီးသီးတွေ့နိုင်ပါသည်။ ယင်းပုံချပ်များတွင်ဖော်ပြချက်များအရ၊ ၁၉၅၃-၅၄ တွင်ကုန်ထုတ်လုပ်ငန်းများရှိအမျိုးသားလုပ်သားအင်အားမှာ - (၁၁.၇၆%)၊ အမျိုးသမီးများမှာ (၁၇.၅၁%) နှင့်ကျားမစုစုပေါင်းတွင် (၁၃.၄၃%) ပါဝင်လုပ်ကိုင်ခဲ့ကြောင်းတွေ့ရပါသည်။ သို့ဖြစ်၍၊ ယင်းနှစ်တွင်မိန်းမများသည်ယောကျ်ားများထက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင်ပိုမိုလုပ်ကိုင်နေကြောင်းတွေ့ရပါသည်။ ထို့ကြောင့်ကုန်ထုတ်လုပ်ငန်းများသည် ၁၉၃၁ နှင့်၄င်းရှေ့ပိုင်းနှစ်

ပုံချပ (ဗ-၇) ၁၉၅၃-၅၄၊ ၁၉၇၃နှင့်၁၉၈၃ခုနှစ်သန်းခေါင်စာရင်းနှစ်များတွင
မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကဏ္ဍများတွင်အမျိုးသားလုပ်သားအင်အား
ပြန့်နှံ့မှုကိုနှိုင်းယှဉ်စက်ဝိုင်းစိတ်ပိုင်းနည်းဖြင့်ဖော်ပြသောပုံ

စကေး

| | |
|---|---|
| အချင်းဝက် | = ၁.၅လက်မ |
| စက်ဝိုင်းတခု၏ဒီဂရီ | = ၃၆၀ံ(သို့)၁၀၀% |
| စက်ဝိုင်းတခုနှင့်တခုအကွာအဝေး | = ၀.၅လက်မ |




- စိုက်ပျိုးရေး၊ သစ်တော၊ အမဲလိုက်နှင့် မွေးမြူရေးလုပ်ငန်းများ
- ရေနံသတ္တုနှင့်ကျောက်တူးဖော်ခြင်းလုပ်ငန်းများ
- ကုန်ထုတ်လုပ်ငန်းများ
- ဆောက်လုပ်ရေးလုပ်ငန်းများ
- လျှပ်စစ်ဓါတ်အား၊ ဓါတ်ငွေ့၊ ရေနှင့် သန့်ရှင်းရေးလုပ်ငန်းများ
- ကုန်သွယ်နှင့်ဘဏ်ဆိုင်ရာ လုပ်ငန်းများ
- ပို့ဆောင်ဆက်သွယ်ရေးနှင့်သိုလှောင်ရေး လုပ်ငန်းများ
- ဝန်ဆောင်မှုလုပ်ငန်းများ
- ပြည့်စုံစွာဖော်ပြမထားသောလုပ်ငန်း

ပုံချပ်(၆-၈) ၁၉၅၃-၅၄၊ ၁၉၇၃-၈၃ ခုနှစ်သန်းခေါင်စာရင်းနှစ်များတွင်
မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကဏ္ဍများတွင် ကျိုးသမီးလုပ်သားအင်အား
ပြန့်နှံ့မှုကို နှိုင်းယှဉ်စက်ဝိုင်းစိတ်ပိုင်းပေသနည်းဖြင့် ဖော်ပြသောပုံ

စကေး

| | |
|---|---|
| အချင်းဝက် | = ၁.၅လက်မ |
| စက်ဝိုင်းတခု၏ ဧရိယာ | = ၃၆၀ံ (သို့) ၁၀၀% |
| စက်ဝိုင်းတခုနှင့်တခုအကွာအဝေး | = ၀.၅လက်မ |




| | |
|---|---|
| (လိမ္မော်) | စိုက်ပျိုးရေး၊ သစ်တော၊ အမဲလိုက်နှင့် မွေးမြူရေးလုပ်ငန်းများ |
| (နက်ပြာ) | ရေနံသတ္တုနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်းများ |
| (အစိမ်း) | ကုန်ထုတ်လုပ်ငန်းများ |
| (အဖြူ) | ဆောက်လုပ်ရေးလုပ်ငန်းများ |
| (အနက်) | လျှပ်စစ်ဓါတ်အား၊ ဓါတ်ငွေ့၊ ရေနှင့် သန့်ရှင်းရေးလုပ်ငန်းများ |
| (ခရမ်းရင့်) | ကုန်သွယ်မှုနှင့်ကညှီးခိုခန်းလုပ်ငန်းများ |
| (နို့နှစ်) | ပို့ဆောင်ဆက်သွယ်ရေးနှင့်သိုလှောင်ရေး လုပ်ငန်းများ |
| (ပန်းရောင်) | ဝန်ဆောင်မှုလုပ်ငန်းများ |
| (အနီ) | ပြည့်စုံစွာဖော်ပြမထားသောလုပ်ငန်းများ |

ပုံချပ် (၆-၉) ၁၉၅၃-၅၄၊ ၁၉၇၃ နှင့် ၁၉၈၃ ခုနှစ်သန်းခေါင်စာရင်းနှစ်များတွင်
မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကဏ္ဍများတွင် စုစုပေါင်းလုပ်သားအင်အား
ပြန့်နှံ့မှုကို ရာခိုင်နှုန်း စက်ဝိုင်းထိုးကွက်ပိုင်းနည်းဖြင့် ဖော်ပြသောပုံ

စကေး

| | |
|---|---|
| အချင်းဝက် | = ၁.၅ လက်မ |
| စက်ဝိုင်းတခု၏ဒီဂရီ | = ၃၆၀ (သို့) ၁၀၀% |
| စက်ဝိုင်းတခုနှင့်တခုအကွာအဝေး | = ၀.၅ လက်မ |




- စိုက်ပျိုးရေး၊ သစ်တော၊ အမဲလိုက်နှင့် မွေးမြူရေးလုပ်ငန်းများ
- ရေနံ သတ္တုနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်းများ
- ကုန်ထုတ်လုပ်ငန်းများ
- ဆောက်လုပ်ရေးလုပ်ငန်းများ
- လျှပ်စစ်ဓါတ်အား၊ ဓါတ်ငွေ့၊ ရေနှင့် သန့်ရှင်းရေးလုပ်ငန်းများ
- ကုန်သွယ်နှင့်ကည်းခိုခန်းလုပ်ငန်းများ
- ပို့ဆောင်ဆက်သွယ်ရေးနှင့်သိုလှောင်ရေး လုပ်ငန်းများ
- ဝန်ဆောင်မှုလုပ်ငန်းများ
- ပြက်စုံစွာဖော်ပြမထားသောလုပ်ငန်းများ

များ နှင့်နှိုင်း စာလျှင်၊ ၁၉၅၃-၅၄ ခုနှစ်အချိုး အစား ပိုမိုများပြား လာပြီး ၊ ကုန်သွယ်လုပ်ငန်း များ မှာလည်း သိသိသာသာတိုး တက်လာ၍ စက်မှုလက်မှုနှင့်စီး ပွား ရေး တိုး တက် ဖွံ့ဖြိုး လာသည်ဟုဆိုနိုင်ပါသည်။

ဝန် ဆောင်မှုလုပ်ငန်း များ တွင်အမျိုးသား များ သည်(၁၁.၉၆%)၊ အမျိုး သမီး များ သည်(၅.၄%)နှင့်ကျား မစုစု ပေါင်း သည်(၁၀.၀၆%)ရှိပါသည်။ ဝန် ဆောင်မှုလုပ်ငန်းများ တွင် ယောကျ်ား များ သည်မိန်း မများ ထက်ပိုမိုလုပ်ကိုင် ကြောင်း တွေ့ရပါ သည်။ ၁၉၅၃-၅၄ ခုတွင်လုပ်သား အင်အား အနည်း ဆုံး လုပ်ငန်းမှာ လျှပ်စစ်ဓါတ်အား ၊ ဓါတ်ငွေ့ ၊ ရေနှင့်သန့်ရှင်း ရေး လုပ်ငန်းများဖြစ် ၍အမျိုး သား များ သည်(၀.၃၁%)၊ အမျိုး သမီး များသည်(၀.၀၄%) နှင့်စုစု ပေါင်း မှာ(၀.၂၃%)ဖြစ်ပါသည်။ ဒုတိယအနည်း ဆုံးလုပ်ငန်း မှာ ရေနံသတ္တုနှင့် ကျောက်တူး ဖော်ခြင်း လုပ်ငန်း များဖြစ်ပြီး အမျိုး သား တွင်(၀.၆၄%)၊ အမျိုး သမီး တွင်(၀.၃၂%)နှင့်စုစုပေါင်းတွင် (၀.၅၅%)အသီး သီး ဖြစ်ပါသည်။

(၃)၁၉၇၃ခုနှင့် ၁၉၈၃ ခုသန်း ခေါင်စာရင်း နှစ်များ ၏ လုပ်သား အင်အား ကိုနှိုင်း ယှဉ်စိစစ်ခြင်း ။

၁၉၇၃ခုနှင့် ၁၉၈၃ ခုသန်း ခေါင်စာရင်း နှစ်များ ၏လုပ်သား အင်အား ကိုနှိုင်း ယှဉ်စိစစ်နိုင်ရန်၊ ယင်းသန်းခေါင် စာရင်း နှစ်များ ၏လုပ်ငန်း နှင့်ကျား မအလိုက်လုပ်ငန်း ခွင်ရှိလူဦး ရေရာခိုင်နှုန်း ကိုဇယား (၆-၂)တွင် ဖော်ပြထား ပါသည်။

ယင်း ဇယား (၆-၂)တွင် ဖော်ပြချက်အရ၊ လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာခိုင်နှုန်း ကိုစိစစ်ကြည့်လျှင် ၁၉၇၃ ခုနှင့် ၁၉၈၃ ခုတွင်အမျိုး သား များ ၌(၄၂.၆၂%)နှင့်(၄၃.၇%)

အမျိုးသမီးများတွင် (၂၁.၁၂%) နှင့် (၂၄.၄၃%)၊ ကျားမရောစုပေါင်းတွင် (၃၁.၈၁%) နှင့် (၃၃.၉၉%) အသီးသီးဖြစ်ပါသည်။ ယင်း ၁၉၇၃-၈၃ သန်းခေါင်စာရင်းနှစ်များတွင်စုစုပေါင်းနှင့်ကျားမလုပ်သားအင်အားတိုးတက်မှုများကိုပုံချပ် (၆-၁) နှင့် (၆-၂) တွင်ဖော်ပြထားပါသည်။ ယင်းပုံချပ်များတွင်ဖော်ပြချက်အရလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းများသည်၁၉၈၃ ခုနှစ်တွင် ၁၉၇၃ ခုနှစ်ကထက်အမျိုးသားများ၌ (၁.၀၈%)၊ အမျိုးသမီးများ၌ (၃.၃၁%) နှင့်စုစုပေါင်းတွင် (၂.၁၈%) အသီးသီးတိုးတက်လာပါသည်။ ယင်းတွင်အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းမှာပိုမိုတိုးတက်လာကြောင်းတွေ့ရပါသည်။

လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းများတိုးတက်လာသကဲ့သို့စုစုပေါင်းလူဦးရေနှင့်လုပ်သားအင်အားပမာဏတိုးတက်မှုများကိုလည်းပုံချပ် (၆-၃) တွင်ဖော်ပြထားပါသည်။ ၁၉၇၃ခုတွင်လုပ်သားအင်အားစုစုပေါင်းမှာ(၉၁၉၉၃၉၅) ဖြစ်၍၊ ၁၉၈၃ခုတွင် (၁၂၀၀၀၅၇၁) ဖြစ်ပါသည်။ ထို့ကြောင့်၁၉၈၃ ခုတွင်လုပ်သားအင်အားပမာဏ (၂၈၀၁၁၇၆) တိုးလာပါသည်။

၁၉၇၃-၁၉၈၃ခုသန်းခေါင်စာရင်းနှစ်များ၌စီးပွားရေးလုပ်ငန်းကဏ္ဍအသီးသီးတွင်ပါဝင်ဆောင်ရွက်နေသောကျားမနှင့်စုစုပေါင်းလုပ်သားအင်အားပြန့်နှံ့မှုများကိုပုံချပ် (၆-၇)၊ (၆-၈) နှင့် (၆-၉) တို့တွင်ဖော်ပြထားပါသည်။ ယင်းပုံချပ်များတွင်ဖော်ပြချက်အရလုပ်ငန်းကဏ္ဍအသီးသီးတွင်လုပ်သားအင်အားပြန့်နှံ့မှုကိုကြည့်ပါကစိုက်ပျိုးရေး၊ သစ်တော၊ အမဲလိုက်နှင့်မွေးမြူရေးလုပ်ငန်းများတွင်အများဆုံးဖြစ်ပါသည်။ ၁၉၇၃နှင့် ၁၉၈၃ ခုနှစ်များတွင်အမျိုးသားများ၌ (၆၆.၆%) နှင့် (၆၆.၁%)

ဖြစ်၍ (၀.၅%) လျော့နည်းလာပါသည်။ အမျိုးသမီးများတွင်(၅၈.၂%) နှင့်(၆၂.၁%)ဖြစ်ပြီး၊ (၃.၉%)ထိတိုးတက်များပြားလာပါသည်။ ကျားမစုစုပေါင်းတွင်(၆၃.၈%)နှင့်(၆၄.၆%)ဖြစ်၍(၀.၈%) တိုးတက်လာကြောင်းတွေ့ရပါသည်။ ထို့ကြောင့်စိုက်ပျိုးရေး၊သစ်တော အမဲလိုက်နှင့်ငါးမွေးမြူရေးလုပ်ငန်းများတွင်ယောကျ်ားများပါဝင် လုပ်ကိုင်မှုလျော့နည်းလာပြီး မိန်းမများပိုမိုပါဝင်လုပ်ကိုင်လာကြောင်း တွေ့ရပါသည်။

ကုန်ထုတ်လုပ်ငန်းများတွင် ၁၉၇၃ နှင့်၁၉၈၃ ခုနှစ်များ၌အမျိုးသားများသည်(၇.၅%)နှင့်(၇.၃%)၊ အမျိုးသမီးများသည်(၁၆.၃%)နှင့်(၁၂.၅%)၊ ကျားမစုစုပေါင်းတွင် (၁၀.၄%)နှင့်(၉.၂%)အသီးသီးဖြစ်ပါသည်။ သို့ဖြစ်၍ကုန်ထုတ်လုပ် ငန်းများတွင်မိန်းမများပါဝင်လုပ်ကိုင်မှုအချိုးအစားများပြား ကြောင်းတွေ့ရပါသည်။

ကုန်သွယ်မှုလုပ်ငန်းများတွင် ၁၉၇၃ ခု နှင့် ၁၉၈၃ခုနှစ်များ၌အမျိုးသားများသည်(၇.၄%)နှင့်(၇.၉%) အမျိုးသမီးများသည်(၁၈.၅%)နှင့်(၁၇.၅%)၊ ကျားမစုစုပေါင်း တွင်(၁၁.၁%)နှင့်(၁၁.၄%)အသီးသီးဖြစ်ပါသည်။ ကုန်သွယ်မှုနှင့် တည်းခိုခန်းလုပ်ငန်းများတွင်လည်းမိန်းမများပါဝင်လုပ်ကိုင်မှု အချိုးအစားများပြားကြောင်းတွေ့ရပြီး၊ ၁၉၈၃ခုတွင်မှု အမျိုး သားများအနည်းငယ်ပိုမိုတိုး၍လုပ်ကိုင်လာကြောင်းတွေ့ရပါသည်။

ဝန်ဆောင်မှုလုပ်ငန်းများကိုကြည့်လျှင် ၁၉၇၃ နှင့် ၁၉၈၃ ခုနှစ်များတွင်အမျိုးသားများသည်(၇%)နှင့်(၈.၂%) အမျိုးသမီးများသည်(၃.၁%)နှင့်(၄.၂%)၊ ကျားမစုစုပေါင်း တွင်(၅.၇%)နှင့်(၆.၇%)အသီးသီးဖြစ်၍အနည်းငယ်စီတိုးတက်လာ ခဲ့သည်ဟုဆိုနိုင်ပါသည်။

အမျိုးသားလုပ်သားအင်အားပြန့်နှံ့မှုသည် ၁၉၇၃ ခုနှစ်၌ ကုန်ထုတ်လုပ်ငန်းများ၌ ဒုတိယအများဆုံးဖြစ်ပြီး၊ ကုန်သွယ်နှင့်တည်းခိုခန်းလုပ်ငန်းများသည် တတိယနေရာ၌ ရှိပါသည်။ ၁၉၈၃ ခုနှစ်တွင်မူ ဝန်ဆောင်မှုလုပ်ငန်းများသည် ဒုတိယအများဆုံးဖြစ်၍ ကုန်သွယ်နှင့်တည်းခိုခန်းလုပ်ငန်းများမှာ တတိယအများဆုံးဖြစ်ပါသည်။ သို့ဖြစ်၍ အမျိုးသားများသည် ၁၉၈၃ ခုနှစ်တွင် ကုန်ထုတ်လုပ်ငန်းများထက် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပိုမိုတိုးတက်လုပ်ကိုင်လာကြောင်း တွေ့ရပါသည်။ အမျိုးသမီးများနှင့် စုစုပေါင်းလုပ်သားအင်အားပြန့်နှံ့မှုတွင်မူ ယင်းသန်းခေါင်စာရင်းကာလနှစ်ခုလုံး၌ ကုန်သွယ်နှင့်တည်းခိုခန်းလုပ်ငန်းများမှာ ဒုတိယအများဆုံးဖြစ်၍ ကုန်ထုတ်လုပ်ငန်းများမှာ တတိယအများဆုံးဖြစ်ပါသည်။

ယင်းသန်းခေါင်စာရင်းနှစ်များတွင် လုပ်သားအင်အားပြန့်နှံ့မှု အနည်းဆုံးလုပ်ငန်းမှာ အမျိုးသား၊ အမျိုးသမီးနှင့် ကျား မ စုစုပေါင်း (၃) မျိုးလုံး၌ လျှပ်စစ်ဓါတ်အား၊ ဓါတ်ငွေ့၊ ရေနှင့်သန့်ရှင်းရေးလုပ်ငန်းများဖြစ်ပါသည်။ ဒုတိယအနည်းဆုံးလုပ်ငန်းမှာ အမျိုးသားများနှင့် စုစုပေါင်းလုပ်သားအင်အား၌ တွင်းရန်၊ သတ္တုနှင့်ကျောက်တူးဖော်ခြင်းလုပ်ငန်းများဖြစ်၍ အမျိုးသမီးတွင်မူ ပို့ဆောင်ဆက်သွယ်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းများဖြစ်ပါသည်။ ယင်း (၃) မျိုးလုံး၌ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍများမှာ လုပ်သားအင်အား တတိယအနည်းဆုံးလုပ်ငန်းများဖြစ်ပါသည်။

အထက်တွင်ဖော်ပြချက်များကို ခြုံ၍ကြည့်လျှင် အမျိုးသားလုပ်သားအင်အားပြန့်နှံ့မှုသည် ၁၉၈၃ ခုနှစ်၌ ၁၉၇၃ ခုနှစ်ကထက် စိုက်ပျိုးရေး၊ သစ်တော၊ အမဲလိုက်နှင့် ငါးမွေးမြူရေးလုပ်ငန်းများတွင် အနည်းငယ်ကျဆင်းပြီး၊ ကျန်စီးပွားရေးလုပ်ငန်းကဏ္ဍများတွင် အနည်းငယ်စီတိုးတက်လာကြောင်း တွေ့ရပါသည်။ အမျိုးသမီးများနှင့်

စုစုပေါင်း လုပ်သားအင်အား ပြန့်နှံ့မှုတွင်မူ စိုက်ပျိုးရေး၊ သစ်တော အမဲလိုက်နှင့် မွေးမြူရေး လုပ်ငန်းများ၌ တိုးတက်လာမှုရှိပြီး၊ ကျန်စီးပွားရေး လုပ်ငန်းကဏ္ဍများတွင် အနည်းငယ်စီ လျော့နည်းခဲ့ပါသည်။ ၁၉၈၃ ခုနှစ်တွင် လူဦးရေ တိုးတက်လာ၍ လုပ်သားအင်အားပမာဏလည်း တိုးတက်လာမှုရှိပါသည်။ အမျိုးသားများနှင့် အမျိုးသမီးများ လုပ်သားအင်အား ပမာဏတိုးတက်မှုမှာ ၁၉၇၃ ခုနှစ်တွင် ၆၁၂၈၆၁၇ နှင့် ၃၀၇၀၇၇၈ မှ ၁၉၈၃ ခုနှစ်တွင် ၇၆၅၄၇၈၁ နှင့် ၄၃၄၅၇၉၀ အထိ အသီးသီး တိုးတက်ခဲ့ပါသည်။ လုပ်သားအင်အား စုစုပေါင်း တွင် ၂ သန်း ၈ သောင်း ကျော်ထိ တိုးတက်လာပါသည်။ ထို့ကြောင့် လုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုရာနှုန်း အသီးသီးသည် ၁၉၈၃ ခုနှစ်တွင် ၁၉၇၃ ခုနှစ်ကထက် အသီးသီး တိုးတက်လာခဲ့ပါသည်။

အခန်း (၇)

## လုပ်သားအင်အားဆိုင်ရာအဆိုပြုချက်များကိုစစ်ဆေးခြင်း

အခန်း (၆) တွင်သန်းခေါင်စာရင်းနှစ်အသီးသီးအလိုက်လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုနှုန်းများနှင့်စီးပွါးရေးလုပ်ငန်းကဏ္ဍများအလိုက်လုပ်သားအင်အားပြန့်နှံ့မှုများကိုတင်ပြပြီး နောက်ယခုအခန်းတွင်လုပ်သားအင်အားဆိုင်ရာအဆိုပြုချက် (၃) ရပ်ကို၊ ဆန်းစစ်တင်ပြမည်ဖြစ်ပါသည်။ လုပ်သားအင်အားဆိုင်ရာအဆိုပြုချက် (၃) ရပ်မှာ -

(၁) လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းမျဉ်းကွေးသည် ( U ) ယူပုံသဏ္ဍာန်ဖြစ်ပေါ်သည်။

(၂) 'ကျား' လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းနှင့် 'မ' လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းတို့သည်ပြောင်းပြန်ဆက်စပ်မှုရှိသည်။

(၃) အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းသည်ကျား၊ မလူဦးရေအချိုးနှင့်ပြောင်းပြန်ဆက်စပ်မှုရှိသည်တို့ဖြစ်ပါသည်။

အဆိုပြုချက် (၁) လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းမျဉ်းကွေးသည် ( U ) ယူပုံသဏ္ဍာန်ဖြစ်ပေါ်သည်ဆိုရာတွင် လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းသည်မူလစောစောပိုင်းတွင်မြင့်မားလျက်ရှိပြီး တဖြည်းဖြည်းကျဆင်းလာကါနောက်ပိုင်းအချိန်တွင်ပြန်လည်တိုးတက်လာမည်ဖြစ်ပါသည်။ ဤတွင်မူလစောစောပိုင်းရှိလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းမြင့်မါး

ရခြင်း တွင်လုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုနှင့်ပတ်သက်၍သတ်မှတ်ချက်များ ပြုရာ၌ မူလကလုပ်သား အင်အား စု (labour force ) ၏အဓိပ္ပါယ်ကိုစနစ်တစ်ကျတိကျစွာသတ်မှတ်နိုင်ခဲ့ခြင်း မရှိသေး ပေ ။ နောက်ပိုင်း အချိန်မှသာစနစ်တကျအသေး စိတ်ဖွင့်ဆိုနိုင်ခဲ့ခြင်းဖြစ်ပေသည်။

မူလကလုပ်သား အင်အား စု၏အဓိပ္ပါယ်ကိုစနစ်တစ်ကျတိကျစွာမသတ်မှတ်နိုင်ခြင်း သည်လုပ်သား အင်အား စုသတ်မှတ်ချက်ဘောင်ကိုကျယ်ဝန်း စေပေရာလူအများ သည်လုပ်သား အင်အား စုဝင်များ အဖြစ်အကြီး ဝင်လျက်လုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုရာနှုန်း ကိုမြင့်မား စေ ပေသည်။ ထို့ပြင်ခေတ်သစ်စီး ပွါး ရေး စနစ်သို့ရောက်ရှိလာ သောအခါစီး ပွါး ရေး ဖွံ့ဖြိုး တိုး တက်ရန်ကြိုး စား ကြရာ၌၊ နိုင်ငံအတွင်း တွင်သယံဇာတပစ္စည်း များ ပေါကြွယ်ဝ၍၊ စီး ပွါး ရေး လုပ်ငန်း ရပ်အမျိုး မျိုး ကိုလုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်နိုင် ခြေများ အများ အပြား ရှိခြင်း ကြောင့်လုပ်ငန်း များ တည်ထောင်တိုး ချဲ့လာသည်နှင့်အမျှအလုပ်အကိုင်များ ပေါများ ကာလုပ်သား အင်အား ပမာဏသည်လည်း တိုး တက်နေ ပေသည်။

ထိုသို့စီး ပွါး ရေး ဖွံ့ဖြိုး တိုး တက်မှုရရှိရန်ကြိုး ပမ်းစဉ်တွင်၊ ယင်း ကာလအတွင်း ၌အခက်အခဲအမျိုး မျိုး နှင့်ရင်ဆိုင်ရ နိုင်သော ကြောင့်စီး ပွါး ရေး ဖွံ့ဖြိုး တိုး တက်မှုနှင့်လုပ်သား အင်အား တိုးတက်မှုကိုအတား အဆီး ဖြစ် စေ ပေသည်။ ထို့ပြင်စီး ပွါး ရေး ကပ်များဆိုက် ရောက်ခြင်း နှင့်စီး ပွါး ရေး ဖွံ့ဖြိုး မှုနှေး ကွေး လာ သောအခါ (သို့မဟုတ်) ကျဆင်း လာ သောအခါများ တွင်လည်း အလုပ်လက်မဲ့များ ပိုမို

များ ပြား လာပြီး လုပ်သား အင်အား စုပမာဏကို လျော့နည်း စေနိုင်ပေသည်။ ဤတွင်လုပ်သား အင်အား စုနှင့်ပတ်သက်၍လည်း ၊ သတ် မှတ်ချက်များ ကိုစနစ်တကျနှင့်အသေး စိတ်ပိုမိုတိကျစွာဖွင့်ဆိုလာနိုင် ပေသည်။ မိမိတို့၏အ တွေ့အကြုံများ နှင့်အ ခြေအနေများ အရပိုမို၍ ကောင်းမွန်သည်ထက် ကောင်း မွန် အောင်လုပ်သား အင်အား စု၏အဓိပ္ပါယ် ကိုသတ်မှတ်လာနိုင် သောအခါလုပ်သား အင်အား စု၏အဓိပ္ပါယ်သတ်မှတ် ချက်ဘောင်မှာပိုမိုတိကျ၍ကျဉ်း မြောင်း လာ ပေသည်။ ထို့ကြောင့် ယင်းသတ်မှတ် ချက်များ နှင့်မကိုက်ညီသူများ ကိုလုပ်သား အင်အား စုတွင် ထည့်သွင်း မတွက်ချက်နိုင် ပေ။ ထိုအခါလုပ်သား အင်အား စု၏ပမာဏ ကိုလျော့နည်း စေနိုင် ပေသည်။

ထိုမှတစ်ဖန်စီး ပွါး ရေး ဖွံ့ဖြိုး တိုး တက်မှုအရှိန် ရှိလာပြီး စီး ပွါး ရေး ပြန်လည်တိုး တက်မှုရှိလာ သောအခါများ တွင်လုပ်ငန်း ကိုင်ငန်း သစ်များ ပေါ်ထွန်း လာပြီး အလုပ်လက်မဲ့များ ကိုလျော့နည်း ပ ပျောက် စေ ပေသည်။ လူအများ စုမှာလည်း အလုပ်အကိုင်သစ်များ သို့ဝင် ရောက်လာခြင်း ဖြင့်လုပ်သား အင်အား စုကိုတိုး တက်ပါစေ ပေသည်။ ထိုအခါလုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုနှုန်းများ ပြန်လည်မြင့်မား လာနိုင် ပေသည်။ သို့ဖြစ်၍ဤအဆိုပြုချက်ဖြင့်စီး ပွား ရေး ဖွံ့ဖြိုး တိုး တက်မှုကိုမြန်မာနိုင်ငံအတွက်သုံး သပ်ကြည့်နိုင် ပေသည်။

အဆိုပြုချက် (၂) ကျား လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာနှုန်း နှင့်မလုပ်သား အင်အား ပါဝင် ဆောင်ရွက် မှုရာနှုန်း တို့သည် ပြောင်း ပြန်ဆက်စပ်မှုရှိသည်ဟုရာတွင်အကြမ်း ဖျင်းအားဖြင့်စီး ပွါး ရေး ဖွံ့ဖြိုး တိုး တက်မှုကိုလုပ်သား အင်အား ဖြင့်သုံး သပ်ရာ၌လယ်ယာမိုက်ပျိုး ရေး ကဏ္ဍတွင်ပါဝင် ဆောင်ရွက် နေ သောလုပ်သားအင်

အသားအချိုးအစား ထက်လယ်ယာစိုက်ပျိုးရေး မဟုတ်သောကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေသော လုပ်သားအင်အား အချိုးအစားကပိုမိုမြင့်မား ပါကစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိသည်ဟုဆိုနိုင်ပေသည်။ တစ်ဖန် လုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုနှုန်းများကိုမြို့ပြ၊ ကျေးလက်နှင့်ကျား ၊ မအခြေအနေအရသုံးသပ်ကြည့်လျှင်မြို့ပေါ်ရှိအမျိုးသမီးများ သည် ကျေးလက်ရှိအမျိုးသမီးများ ထက်လုပ်သားအင်အားစုသို့ပိုမိုဝင်ရောက်သည်ဟုဆိုနိုင်သော်လည်း အိမ်ထောင်ပြုပြီး သောအခါအမျိုးသမီးအများစုမှာမိမိတို့၏အလုပ်များကိုစွန့်လွှတ်တတ်ကြပေသည်။ ဝင်ငွေနည်း၍၊ စားဝတ်နေမှုမဖူလုံသောအခါတွင်မှသာတတ်စွမ်းသလောက်ကြိုးစားလုပ်ကိုင်နေကြခြင်းဖြစ်ပေသည်။ ကျေးလက်ဒေသတွင်မူမိမိတို့၏အိမ်ထောင်ဦးစီး ၊ ဖခင်ယောက်ျားသည်လယ်ယာအလုပ်ကိုလုပ်ကိုင်ပါက၊ ယင်း၏ ဇနီး ၊ သား ၊ သမီးများသည်လည်း လယ်ယာလုပ်ငန်းကိုလိုက်၍လုပ်ကိုင်ကြပေသည်။ ယင်းမှာအစဉ်အလာတစ်ခုကဲ့သို့ဖြစ်နေပြီး မိသားစုတစ်စုလုံး လယ်ယာလုပ်ငန်းကိုလုပ်၍လုပ်သားအင်အားစုဝင်များအဖြစ်ရပ်တည်နေကြပေသည်။ ထို့ကြောင့်ကျေးလက်တွင်အိမ်ထောင်ဦးစီးဖခင်ယောက်ျားများ၏လုပ်သားအင်အားစုနှင့်အတူအမျိုးသမီးလုပ်သားအင်အားသည်လည်းလိုက်၍တိုးတက်နေပေသည်။ သို့ဖြစ်၍ ကျေးလက်တွင် `ကျား`လုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုနှင့်`မ`လုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုတို့မှာတိုက်ရိုက်ဆက်စပ်မှုရှိနေသည်ကို တွေ့နိုင်ပေလိမ့်မည်။

မြို့ပြတွင်မူအမျိုးသားလုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုတိုးတက်၍အမျိုးသမီးလုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုသည်လည်း လိုက်၍တိုးတက်မှုရှိနေမည်ဟုတ်ကျွဒသမန် ပေ။ အိမ်ထောင်ပြုပြီး သောအခါအမျိုးသားများသည်လုပ်ငန်းခွင်များသို့ ၊

ဝင်ရောက်ကြ၍အမျိုးသမီးများမှာမူမိမိတို့၏အလုပ်များကိုစွန့်လွှတ်ကြပေသည်။ သို့ဖြစ်၍၎င်းတွင်`ကျား`လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုနှင့်`မ`လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုတို့သည်ပြောင်းပြန်ဆက်စပ်မှုရှိနေပေသည်။ ယင်းသို့ပြောင်းပြန်ဆက်စပ်မှုရှိနေမည်ဆိုလျှင်မြို့ပြတွင်အလုပ်လုပ်ကိုင်သူပိုမိုများပြားခြင်း၊ တစ်နည်းအားဖြင့်လယ်ယာစိုက်ပျိုးရေးမဟုတ်သောကဏ္ဍများတွင်လုပ်သားအင်အားအချိုးအစားပိုမိုများပြားခြင်းဖြစ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုရှိစေသည်ဟုဆိုနိုင်ပေသည်။ ကျေးလက်တွင်အလုပ်လုပ်ကိုင်သူပိုမိုများပြားပါကအထက်တွင်ဖော်ပြခဲ့သည့်အတိုင်း`ကျား`လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုနှင့်`မ`လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုတို့သည်တိုက်ရိုက်ဆက်စပ်မှုရှိ၍လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လုပ်သားအင်အားအချိုးအစားပိုမိုများပြားပြီးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်း (သို့မဟုတ်) ဆုတ်ယုတ်ခြင်းဖြစ်နိုင်ပေသည်။ သို့ဖြစ်၍၎င်းအဆိုပြုချက်ဖြင့်တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိမရှိကိုသုံးသပ်ကြည့်နိုင်ပေသည်။

အဆိုပြုချက် (၃) တွင်အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းသည်ကျားမလူဦးရေအချိုး (မိန်းမ၁၀၀လျှင်ရှိမည့်ယောကျ်ားအရေအတွက်) နှင့်ပြောင်းပြန်ဆက်စပ်မှုရှိသည်ဆိုရာ၌၊ ယခုအခါတွင်ကမ္ဘာ့လူဦးရေ၌အမျိုးသမီးလူဦးရေအချိုးသည်မြင့်မားလာပေသည်။ ထိုနည်းတူမြန်မာနိုင်ငံတွင်လည်းအမျိုးသမီးလူဦးရေသည်အမျိုးသားများထက်တဖြည်းဖြည်းများပြားလာပေသည်။ ထို့ကြောင့်အမျိုးသမီးလုပ်သားအင်အားသည်အရေးပါလှပေသည်။ ရေရှည်တွင်အမျိုးသမီးလုပ်သားအင်အားစုမှာအများစုဖြစ်

လာပေမည်။ သို့ဖြစ်၍တိုင်းပြည်၏စီးပွါးရေးလုပ်ငန်းကဏ္ဍများတွင်အမျိုးသမီးများ ပိုမိုတိုးတက်လုပ်ကိုင်လာရန်ဖြစ်လာပေရာ ၊ အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုနှုန်းသည်တိုးတက်လာရန်အရေးကြီးပေသည်။ အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုနှုန်းတိုးတက်ရန်မှာအမျိုးသမီးလူဦးရေတိုးနှုန်းထက်အမျိုးသမီးအလုပ်လုပ်နိုင်သူ(လုပ်သားအင်အားစု)ဦးရေပိုမိုတိုးတက်လာရန်အရေးကြီးပေသည်။

ထို့ကြောင့်အမျိုးသမီးလုပ်သားအင်အားစုတိုးတက်လာရန်မှာအမျိုးသမီးလူဦးရေသည်စုစုပေါင်းလူဦးရေ၌ယောကျ်ားဦးရေထက်ပိုမိုများပြားရပေမည်။ စုစုပေါင်းလူဦးရေတွင် ၊ မိန်းမဦးရေတိုးတက်လာပြီးယောကျ်ားဦးရေကျဆင်းလာပါကမိန်းမ၁၀၀တွင်ရှိမည့်ယောကျ်ားဦးရေ(ကျားမလူဦးရေအချိုး)မှာလျော့နည်းလာပေမည်။ သို့ဖြစ်၍အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းတိုးတက်လာပါကကျားမလူဦးရေအချိုးသည်ကျဆင်းလာပြီးပြောင်းပြန်ဆက်စပ်မှုရှိ၍စီးပွါးရေးလုပ်ငန်းရပ်များတွင်အမျိုးသမီးများပိုမိုပါဝင်လုပ်ကိုင်လာသည်ဟုဆိုနိုင်ပေသည်။ သို့ဖြစ်၍ဤအဆိုပြုချက်ဖြင့်တိုင်းပြည်စီးပွါးရေးလုပ်ငန်းများတွင်အမျိုးသမီးများပါဝင်လုပ်ကိုင်မှုကိုသုံးသပ်ကြည့်နိုင်ပေသည်။

(၁) လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းမျဉ်းကွေးသည် ( U ) ယူပုံသဏ္ဍာန်ဖြစ်ပေါ်သည်။

သန်းခေါင်စာရင်းနှစ်အလိုက်လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းမျဉ်းကွေးကိုပုံချပ်(၇-၁)တွင်ဖော်ပြထားပါသည်။ ယင်းတွင်တွေ့ရှိရသည်မှာကျား ၊ မနှင့်စုစုပေါင်း

ပုံချပ်(၇-၁) ၁၉၁၁ခုနှစ်မှ ၁၉၈၃ခုနှစ်ထိသန်းခေါင်စာရင်း နှစ်များတွင်မြန်မာနိုင်ငံ၏ ကျား မနှင့်စုစုပေါင်း လုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းကိုမျဉ်းကွေး ဂရပ်ဖြင့်ဖော်ပြသောပုံ



ပုံချပ်(၇-၁) ၁၉၁၁ခုနှစ်မှ ၁၉၈၃ခုနှစ်ထိသန်းခေါင်စာရင်းနှစ်များတွင်မြန်မာနိုင်ငံ၏ ကျား မနှင့်စုစုပေါင်း လုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းကိုမျဉ်းကွေး ဂရပ်ဖြင့်ဖော်ပြသောပုံ



လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းများသည်မူလအစ၊ စောစောပိုင်းတွင်မြင့်မားနေပြီး၊ တဖြည်းဖြည်းကျဆင်းလာကာ နောက်ပိုင်းအချိန်တွင်ပြန်လည်၍တိုးတက်လာသည်ကိုတွေ့ရပါသည်။

စုစုပေါင်းလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းမျဉ်းကွေးသည် ၁၉၁၁-ခုနှစ်တွင် ၅၅.၅၃ % ရှိနေရာမှ ၁၉၂၁-ခုနှစ်တွင်ကျဆင်းခဲ့ပြီး၊ ၁၉၃၁တွင်သိသာစွာကျဆင်းခဲ့ပြီး ၁၉၅၃-၅၄ခုနှစ်တွင် ၃၄.၃၅ % ထိဆက်လက်ကျဆင်းခဲ့ပါသည်။ ၁၉၂၁မှ ၁၉၃၁နှင့် ၁၉၃၁မှ ၁၉၅၃-၅၄ကာလအတွင်းကျဆင်းမှုနှုန်းမှာမြင့်မားကြောင်းတွေ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ၁၉၃၀မှ ၁၉၅၃-၅၄ကာလအတွင်းတွင်စီးပွားရေးကပ်ဆိုက်ရောက်ခြင်းနှင့်ကမ္ဘာစစ်ကြောင့်ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ၁၉၇၃-ခုနှစ်တွင် ၃၁.၈၁ % ထိဆက်လက်ကျဆင်းနေသော်လည်းကျဆင်းမှုနှုန်းမှာနည်းလာသည်ကိုတွေ့ရပါသည်။ သို့ဖြစ်၍လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းကျဆင်းမှုကိုအနည်းငယ်ကြိုးစားလာနိုင်သည့်လက္ခဏာရှိ၍၊ ၁၉၈၃-ခုနှစ်တွင် ၃၃.၉၉ % သို့ပြန်လည်တိုးတက်အောင်ကြိုးစားနိုင်ခဲ့ကြောင်းတွေ့ရပါသည်။

ထို့အတူအမျိုးသားလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းမျဉ်းကွေးသည် ၁၉၁၁-ခုနှစ်တွင် ၆၁.၆၇ % ရှိ၍၊ ၁၉၂၁-ခုတွင်အနည်းငယ်သာကျဆင်းခဲ့ပြီး၊ ၁၉၃၁-တွင်ထပ်မံကျဆင်းလာကာ၊ ၁၉၅၃-၅၄ခုတွင်၊ ၄၈.၇၇ % သိကျဆင်းခဲ့ပါသည်။ သို့ဖြစ်၍ ၁၉၃၁မှ ၁၉၅၃-၅၄ကာလကြားတွင်ကျဆင်းမှုနှုန်းမြင့်မားကြောင်းတွေ့ရပါသည်။ တစ်ဖန် ၁၉၇၃-ခုတွင် ၄၂.၆၂ % ထိကျဆင်း၍ ၁၉၈၃-ခုနှစ်တွင် ၄၃.၇၀ % သို့ပြန်လည်တိုးတက်အောင်ကြိုးစားနိုင်ခဲ့ပါသည်။

အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းများကွာ၊ ၁၉၁၁-ခုနှစ်တွင်၄၉.၁၂ % မှ ၁၉၂၁တွင်အနည်းငယ်ကျဆင်းခဲ့ပြီး၊ ၁၉၃၁တွင်များစွာကျဆင်းခဲ့ပါသည်။ ၁၉၅၃-၅၄တွင်လည်း ၁၉.၉၁ % ထိအနိမ့်ဆုံးသို့ရောက်အောင်သိသာစွာကျဆင်းခဲ့ပါသည်။ ထို့ကြောင့်အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းသည်၁၉၅၃-၅၄အထိတလျှောက်လုံးကျဆင်းမှုနှုန်းမြင့်မားခဲ့ကြောင်းတွေ့ရပါသည်။ သို့သော်ငြားလည်းအမျိုးသားလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းကဲ့သို့ ၁၉၇၃-ထိဆက်လက်မကျဆင်းခဲ့ဘဲ၊ ၁၉၇၃တွင်ပြန်လည်ဦးမော့လာခဲ့ပြီး ၂၁.၁၂ %ထိပြန်လည်တိုးတက်လာခဲ့ပါသည်။ သို့ဖြစ်၍ ၁၉၈၃-ခုနှစ်တွင်၂၄.၄၃ % ထိတိုးတက်အောင်ကြိုးစားနိုင်ခဲ့ပါသည်။

ထို့ကြောင့်ပုံချပ်(၇-၁)တွင်ဖော်ပြချက်အရအမျိုးသမီးများ၏လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းများကွာသည်ပိုမိုလျင်မြန်စွာပြန်လည်တိုးတက်ခဲ့ကြောင်းတွေ့ရပါသည်။ ထို့ပြင်တိုးတက်မှုနှုန်းမှာလည်း ၁၉၈၃တွင်သိသာခဲ့၍မြင့်မားကြောင်းတွေ့နိုင်ပေရာ၊ ယခုအခြေအနေတွင်အမျိုးသားများလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းပိုမိုများပြားသော်လည်းနောင်ကာလများတွင်အမျိုးသမီးများပါဝင်ဆောင်ရွက်မှုပိုမိုများပြားလာနိုင်ပေသည်။

သို့ဖြစ်၍ပုံချပ်(၇-၁)တွင်ဖော်ပြထားသည့်အတိုင်းများကွာသည်ပြန်လည်ဦးမော့လာခဲ့ပြီးလာမည့်၁၀-စုနှစ်ကာလတွင်ပိုမိုသိသာစွာတိုးတက်လာနိုင်ပေရာမြန်မာနိုင်ငံ၏လုပ်သား

အင်အား ပါဝင်ဆောင်ရွက်မှုရာနှုန်း မျဉ်းကွေး သည်ယူပုံသဏ္ဍာန်ဖြစ်ပေါ်လာမည်ဖြစ်ပေသည်။ ထို့ကြောင့်ယင်း အဆိုပြုချက်အရမြန်မာနိုင်ငံသည် ၁၉၇၃ နှင့် ၁၉၈၃ - ခုနှစ်များတွင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်အရှိန်အဟုန်ရယူနိုင်ခဲ့သည်ဟုဆိုနိုင်ပါသည်။

(၂) <u>ကျား လုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုရာနှုန်း နှင့်မလုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုရာနှုန်း တို့သည် ပြောင်းပြန်ဆက်စပ်မှုရှိသည်။</u>

ယင်း အဆိုကိုစစ်ဆေးရန်အတွက်ဒီဂရက်ရှင်းစိစစ်မှုအနည်းဆုံး ၂ ထပ်ကိန်းနည်းကိုအသုံးပြုမည်ဖြစ်ပါသည်။ ထို့ကြောင့် အောက်ပါအတိုင်း တွက်ချက်စစ်ဆေးနိုင်ပါသည်။

(၁) အမျိုးသား လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာနှုန်း = $x$ ဖြစ်ပါစေ

(၂) အမျိုးသမီး လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာနှုန်း = $y$ ဖြစ်ပါစေ

ကိန်းရှင် ၂ - ခုတွက် နော်မယ်ညီမျှခြင်း မှာ

$$\sum y = na + b\sum x$$

$$\sum yx = a\sum x + b\sum x^2$$

| သန်း ခေါင်စာရင်း နှစ် | x | y | yx | $x^2$ | $Y_i = a+bx_i$ |
|---|---|---|---|---|---|
| ၁၉၁၁ | ၆၁.၆၇ | ၄၉.၁၂ | ၃၀၂၉.၂၃ | ၃၈၀၃.၁၉ | ၄၂.၃၆ |
| ၁၉၂၁ | ၆၀.၁၀ | ၄၂.၃၆ | ၂၅၄၅.၈၄ | ၃၆၁၂.၀၁ | ၄၀.၄၁ |
| ၁၉၃၁ | ၅၆.၇၆ | ၂၇.၃၀ | ၁၅၄၉.၅၅ | ၃၂၂၁.၇၀ | ၃၆.၂၇ |
| ၁၉၅၃-၅၄ | ၄၈.၇၇ | ၁၉.၉၁ | ၉၇၁.၀၁ | ၂၃၇၈.၅၁ | ၂၆.၃၆ |
| ၁၉၇၃ | ၄၂.၆၂ | ၂၁.၁၂ | ၉၀၀.၁၃ | ၁၈၁၆.၄၆ | ၁၈.၇၄ |
| ၁၉၈၃ | ၄၃.၇၀ | ၂၄.၄၃ | ၁၀၆၇.၅၉ | ၁၉၀၉.၆၉ | ၂၀.၀၈ |
| | ၃၁၃.၆၂ | ၁၈၄.၂၄ | ၁၀၀၆၃.၃၅ | ၁၆၇၄၁.၅၆ | |

နော်မယ်ညီမျှခြင်းများတွင်အစားသွင်းသော်

$$184.24 = 6a + 313.62b \text{ --------- } (1)$$

$$10063.35 = 313.62a + 16741.56b \text{ --------- } (2)$$

$$(1) \times 313.62 \Rightarrow 57781.35 = 1881.72a + 98357.50b \text{ --- } (3)$$

$$(2) \times 6 \Rightarrow 60380.10 = 1881.72a + 100449.36b \text{ --- } (4)$$

$$(4) - (3) \Rightarrow 2598.75 = 2091.86b$$

$$\therefore b = 1.24$$

ညီမျှခြင်း (၁) မှ

$$6a + 313.62(1.24) = 184.24$$

$$6a = 184.24 - 388.88$$

$$= -204.64$$

$$a = -34.11$$

ထို့ကြောင့်

x ပေါ်တွင်မှီသော y ၏ ရီဂရက်ရှင်းမျဉ်းမှာ

$Y_i = -34.11 + 1.24(x)$ ဖြစ်ပါသည်။

ကိန်းရှင် ၂-ခု၏ဆက်စပ်မှုပြကိန်းကိုဆက်လက်စိစစ်ရန်အထက်တွင်ဖော်ပြခဲ့သောဇယားကိုအသုံးပြု၍ အောက်ပါအတိုင်းတွက်ချက်နိုင်ပါသည်။

| $x_i - \bar{x}$ | $y_i - \bar{y}$ | $(x_i - \bar{x})^2$ | $(y_i - \bar{y})^2$ | $(x_i - \bar{x})(y_i - \bar{y})$ |
|---|---|---|---|---|
| ၉.၄၀ | ၁၈.၄၂ | ၈၈.၃၆ | ၃၃၉.၃၀ | ၁၇၃.၁၅ |
| ၇.၈၃ | ၁၁.၆၆ | ၆၁.၃၀ | ၁၃၅.၉၆ | ၉၁.၃၀ |
| ၄.၄၉ | - ၃.၄၀ | ၂၀.၁၆ | ၁၁.၅၆ | - ၁၅.၂၇ |
| -၃.၅၀ | -၁၀.၇၉ | ၁၂.၂၅ | ၁၁၆.၄၂ | ၃၇.၇၇ |
| -၉.၆၅ | - ၉.၅၈ | ၉၃.၁၂ | ၉၁.၇၈ | ၉၂.၄၅ |
| -၈.၅၇ | - ၆.၂၇ | ၇၃.၄၄ | ၃၉.၃၁ | ၅၃.၇၃ |
| ၀ | ၀.၀၄ | ၃၄၈.၆၃ | ၇၃၄.၃၃ | ၄၃၃.၁၃ |

$$\bar{x} = \frac{\sum_{i=1}^{N} x_i}{N} = \frac{313.62}{6} = 52.27$$

$$\bar{y} = \frac{\sum_{i=1}^{N} y_i}{N} = \frac{184.24}{6} = 30.70$$

ကိန်းရှင် ၂-ခု၏ဆက်စပ်မှုဒီဂရီမှာ $r = \frac{\sigma_{xy}}{\sigma_x \cdot \sigma_y}$ ဖြစ်ပါသည်။

$$\sigma_{xy} = \frac{\sum_{i=1}^{n}(x_i-\bar{x})(y_i-\bar{y})}{n-1} = \frac{433.13}{6-1} = 86.63$$

$$\sigma_x^2 = \frac{\sum_{i=1}^{n}(x_i-\bar{x})^2}{n-1} = \frac{348.63}{6-1} = 69.73$$

$$\sigma_x = \sqrt{69.73} = 8.35$$

$$\sigma_y^2 = \frac{\sum_{i=1}^{n}(y_i-\bar{y})^2}{n-1} = \frac{734.33}{6-1} = 146.87$$

$$\sigma_y = \sqrt{146.87} = 12.12$$

ထို့ကြောင့် $r = \frac{\sigma_{xy}}{\sigma_x \cdot \sigma_y} = \frac{86.63}{(8.35)(12.12)} = \frac{86.63}{101.20} = 0.86$

သို့ဖြစ်၍ကိန်းရှင် ၂-ခုတိုက်ရိုက်ဆက်စပ်မှုရှိ၍ဆက်စပ်မှုအားကောင်းပါသည်။ အထက်ပါအဆိုကိုလက်ခံမှုမရှိပါ။

အထက်ပါတွက်ချက်မှုများအရ၊ အမျိုးသားလုပ်သား အင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်း နှင့်အမျိုးသမီးလုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းတို့သည် ပြောင်းပြန်ဆက်စပ်မှုမရှိဘဲ၊တိုက် ရိုက်ဆက်စပ်မှုရှိ၍ဆက်စပ်မှုအားကောင်းကြောင်း တွေ့ရပါသည်။ ဆို လိုသည်မှာ ယောကျ်ားလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်း တိုးတက်လျှင်မိန်းမလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်း သည်လည်း လိုက်၍တိုးတက်မည်ဖြစ်ပါသည်။ ယောကျ်ားလုပ်သားအင်အား ပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းကျဆင်းပါကမိန်းမလုပ်သားအင်အားပါ ဝင်ဆောင်ရွက်မှုရာခိုင်နှုန်းလည်း ကျဆင်းမည်ဖြစ်ပါသည်။ ယင်းသို့တိုက် ရိုက်ဆက်စပ်မှုအားကောင်းကြောင်းကိုပုံနှိပ် (၇-၂)တွင် တွေ့မြင် နိုင်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာအမျိုးသားနှင့်အမျိုးသမီးလုပ်သား အင်အား၂မျိုးလုံးသည်လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင်ပါဝင်လုပ် ကိုင်မှုအချိုးအစားပိုမိုမြင့်မားခြင်းနှင့်ဆက်စပ်နေခြင်းဖြစ်နိုင် ပါသည်။ ထို့ကြောင့်ယင်းအဆိုပြုချက်အရလယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်လုပ်ကိုင်နေသောလုပ်သားအင်အားအချိုးအစားသည်လယ်ယာ စိုက်ပျိုးရေးမဟုတ်သောကဏ္ဍများတွင်ပါဝင်ဆောင်ရွက်နေသောလုပ် သားအင်အားအချိုးအစားထက်များပြားသောကြောင့်မြန်မာနိုင်ငံ သည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေသည်ဟုဆိုနိုင်ပါသည်။

(၃) <u>အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းသည် ကျားမလူဦးရေအချိုးနှင့်ပြောင်းပြန်ဆက်စပ်မှုရှိသည်။</u>

ကျားမလူဦးရေအချိုးဆိုသည်မှာမိန်းမ ၁၀၀ လျှင်ရှိမည့်ယောကျ်ားအရေအတွက်ကိုဆိုလိုပါသည်။ ထို့ကြောင့်

ပုံချပ် ( ၇ - ၂ ) အမျိုးသားလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းနှင့် အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းတို့၏ ဆက်စပ်မှုကို ဖော်ပြသော ရီဂရက်ရှင်းမျဉ်းပုံ

စကေး

၁လက်မ = ၂၀ ရာခိုင်နှုန်း



ကျွား မလူဦး ရေအချိုး = $\frac{\text{စုစုပေါင်း ယောကျာ်းဦးရေ}}{\text{စုစုပေါင်း မိန်းမဦး ရေ}}$ × ၁၀၀

ဖြစ်ပါသည်။

အထက်ပါအဆိုပြုချက်ကိုလက်ခံမှုရှိမရှိ စစ်ဆေးမည်ဖြစ်ပါသည်။ စာရင်း အချက်အလက်များ မှာသန်း ခေါင်စာရင်း နှစ်အလိုက် အောက်ပါအတိုင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

| အချိုးများ | သန်းခေါင်စာရင်း နှစ် | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | ၁၉၁၁ | ၁၉၂၁ | ၁၉၃၁ | ၁၉၅၃-၅၄ | ၁၉၇၃ | ၁၉၈၃ | |
| ကျွားမလူဦး = x ရေအချိုး ( ရာနှုန်း ) | ၁၀၄.၂၄ | ၁၀၄.၆၇ | ၁၀၄.၃၈ | ၁၀၀.၀၇ | ၉၇.၉၀ | ၉၇.၅၅ | ၆၁၀.၇၃ |
| မိန်းမလုပ်သား အင်အား ပါဝင် ဆောင်ရွက်မှု ( ရာနှုန်း ) = y | ၉၉.၁၂ | ၄၂.၃၆ | ၂၈.၃၀ | ၁၉.၉၁ | ၂၁.၁၂ | ၂၄.၄၂ | ၁၀၄.၂၄ |

အထက်ပါဇယား ကိုအသုံး ပြု၍ အောက်ပါအတိုင်း တွက်ချက်နိုင်ပါသည်။

( ၁ ) ကျွား မလူဦး ရေအချိုး သည် = x ဖြစ်ပါစေ

( ၂ ) အမျိုး သမီး လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာနှုန်းသည် = y ဖြစ်ပါစေ။

| $x_i - \bar{x}$ | $y_i - \bar{y}$ | $(x_i - \bar{x})^2$ | $(y_i - \bar{y})^2$ | $(x_i - \bar{x})(y_i - \bar{y})$ |
|---|---|---|---|---|
| ၂.၄၅ | ၁၈.၄၂ | ၆.၀၀ | ၃၃၉.၃၀ | ၄၅.၁၃ |
| ၂.၈၈ | ၁၁.၆၆ | ၈.၂၉ | ၁၃၅.၉၆ | ၃၃.၅၈ |
| ၂.၅၉ | -၃.၄၀ | ၆.၇၁ | ၁၁.၅၆ | -၈.၈၁ |
| -၁.၇၂ | -၁၀.၇၉ | ၂.၉၆ | ၁၁၆.၄၂ | ၁၈.၅၆ |
| -၂.၈၉ | -၉.၅၈ | ၈.၃၅ | ၉၁.၇၈ | ၂၇.၆၉ |
| -၃.၃၂ | -၆.၂၇ | ၁၁.၀၂ | ၃၉.၃၁ | ၂၀.၈၂ |
| -၀.၀၁ | ၀.၀၄ | ၄၃.၃၃ | ၇၃၄.၃၃ | ၁၃၆.၉၇ |

$$\bar{x} = \frac{\sum_{i=1}^{N} x_i}{N} = \frac{၆၁၀.၇၅}{၆} = ၁၀၁.၇၉$$

$$\bar{y} = \frac{\sum_{i=1}^{N} y_i}{N} = \frac{၁၈၄.၂၄}{၆} = ၃၀.၇၀$$

ကိန်းရှင်(၂)ခု၏ဆက်စပ်မှုပြကိန်း ကို အောက်ပါအတိုင်း ရှာနိုင်ပါသည်။

ကိန်းရှင်(၂)ခု၏ဆက်စပ်မှုဒီဂရီမှာ $r = \frac{s_{xy}}{s_x . s_y}$ ဖြစ်ပါသည်။

$$s_{xy} = \frac{\sum_{i=1}^{n} (x_i - \bar{x})(y_i - \bar{y})}{n-1} = \frac{၁၃၆.၉၇}{၆ - ၁} = ၂၇.၄$$

$$s_x^2 = \frac{\sum_{i=1}^{n} (x_i - \bar{x})^2}{n-1} = \frac{၄၃.၃၃}{၆ - ၁} = ၈.၈၇$$

$$s_x = \sqrt{၈.၈၇} = ၂.၉၈$$

$$\sigma y^2 = \frac{\sum_{i=1}^{n} ( y_i - \bar{y} )^2}{n-1} = \frac{၇၃၄.၃၃}{၆ - ၁} = ၁၄၆.၈၇$$

$$\sigma y = \sqrt{၁၄၆.၈၇} = ၁၂.၁၂$$

သို့ဖြစ်၍ $r = \frac{\sigma xy}{\sigma x . \sigma y} = \frac{၂၇.၄}{(၂.၉၈)(၁၂.၁၂)} = \frac{၂၇.၄}{၃၆.၁၂} = ၀.၇၆$

ထို့ကြောင့်ကိန်း ရှင်(၂)ခုသည်တိုက်ရိုက်ဆက်စပ်မှုရှိ၍ဆက်စပ်မှုအား ကောင်း ပါသည်။ အထက်ပါအဆိုကိုလက်ခံမှုမရှိပါ။

အထက်ပါတွင်တွက်ချက်မှုများ အရအမျိုး သမီး လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာခိုင်နှုန်း သည်ကျွဲ မလူဦး ရေအချိုး နှင့် တိုက်ရိုက်ဆက်စပ်မှုရှိပြီး ဆက်စပ်မှုအား ကောင်း ကြောင်း တွေ့ရပါသည်။ ဆိုလိုသည်မှာကျွဲ မလူဦး ရေအချိုးတက်လျှင်အမျိုး သမီး လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာခိုင်နှုန်း မှာလည်း တိုး တက်လာမည်ဖြစ်ပါသည်။ ထို့အတူ ကျွဲ မလူဦး ရေအချိုး ကျဆင်း လျှင်အမျိုး သမီး လုပ်သား အင်အားပါဝင် ဆောင်ရွက်မှုရာခိုင်နှုန်း မှာလည်း ကျဆင်း မည်ဖြစ်ပါသည်။ ထိုသို့ဖြစ်ရခြင်း မှာတိုင်း ပြည်၏စီး ပွား ရေး လုပ်ငန်း ကဏ္ဍများ တွင်အမျိုး သမီး များ ပါဝင်လုပ်ကိုင် ဆောင်ရွက်မှုနည်း နေခြင်း ကြောင့်ဖြစ်နိုင်ပါသည်။ ထို့ ကြောင့်ယင်း အဆိုပြုချက်အရမြန်မာနိုင်ငံ၏စီး ပွား ရေး လုပ်ငန်းကဏ္ဍ များ တွင်အမျိုး သမီး များ ပါဝင်လုပ်ကိုင် ဆောင်ရွက်မှုလျော့နည်း နေသေး ကြောင်း တွေ့နိုင် ပေသည်။

( ၄ ) <u>လယ်ယာနှင့်စိုက်ပျိုး ရေး ကဏ္ဍများ တွင်ပါဝင် ဆောင်ရွက် နေသော လုပ်သားအင်အားအချိုးအစားကိုစိစစ်ခြင်း</u>

လယ်ယာစိုက်ပျိုး မွေး မြူရေး ကဏ္ဍများ တွင်လုပ်ကိုင် နေသောလုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာခိုင်နှုန်း ကိုစိစစ်ရန် အောက်ပါအတိုင်း ဆက်စပ်မှုပြကိန်း များကိုတွက် ချက်ခဲ့ပါသည်။

ဆက်စပ်မှုပြကိန်းများကို ဖော်ပြသောဇယား

| | လယ်ယာနှင့်စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင်အမျိုးသားလုပ်သားအချိုးအစား | လယ်ယာနှင့်စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင်အမျိုးသမီးလုပ်သားအချိုးအစား |
|---|---|---|
| အမျိုးသားလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်း | ၀.၃၄ | ၀.၁၄ |
| အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်း | ၀.၄၈ | ၀.၇၆ |

အထက်ပါဇယားတွင်ဖော်ပြချက်အရဆက်စပ်မှုပြကိန်းများအားလုံးသည်တိုက်ရိုက်ဆက်စပ်မှုရှိကြောင်းကို ဖော်ပြနေပါသည်။ အမျိုးသားလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းနှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍရှိအမျိုးသားလုပ်သားအင်အားအချိုးအစား၏ဆက်စပ်မှုကိုကြည့်ပါက ၀.၃၄ ဖြစ်၍ဆက်စပ်မှုအသင့်အတင့်ရှိပြီး အမျိုးသမီးလုပ်သားအချိုးအစားနှင့်ဆက်စပ်မှုမှာ ၀.၁၄ ဖြစ်၍ဆက်စပ်မှုအားကောင်းပါသည်။ ဆိုလိုသည်မှာအမျိုးသားလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းတိုးတက်လိုပါက၊ လယ်ယာကဏ္ဍတွင်လုပ်ကိုင်သောအမျိုးသားလုပ်သားအချိုးအစားလည်းအသင့်အတင့်လိုက်၍တိုးတက်မည်ဖြစ်ပြီး ၊ အမျိုးသမီးလုပ်သားအင်အားအချိုးအစားမှာပိုမိုတိုးတက်မည်ဖြစ်ပါသည်။

အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာခိုင်နှုန်းနှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍရှိအမျိုးသားလုပ်သားအချိုးအစား၏ဆက်စပ်မှုမှာ ၀.၄၈ ရှိ၍ဆက်စပ်မှုအားကောင်းပါသည်။ အမျိုးသမီးလုပ်သားအချိုးအစားနှင့်ဆက်စပ်မှုမှာ ၀.၇၆ ဖြစ်၍ဆက်စပ်မှုအလွန်အားကောင်းပါသည်။ ဆိုလိုသည်မှာအမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်

ရှက်မှုရာနှုန်း တိုးတက်လာပါက လယ်ယာကဏ္ဍတွင်လုပ်ကိုင်နေသော အမျိုးသမီး လုပ်သား အချိုး အစား မှာ အများ အပြား လိုက်၍ တိုး တက်လာမည်ဖြစ်ပြီး အမျိုး သား လုပ်သား အင်အား အချိုး အစား မှာ အသင့်အတင့် လိုက်၍ တိုး တက်မည်ဖြစ်ပါသည်။

ထို့ကြောင့် အမျိုး သမီး ၊ အမျိုး သား လုပ်သား အင်အား နှစ်မျိုး လုံး သည် ၊ လယ်ယာ စိုက်ပျိုး ရေး လုပ်ငန်း များ တွင် ပိုမိုလုပ် ကိုင် လျက်ရှိ ကြောင်း တွေ့ရ ပေသည်။

# အခန်း (၈)

## နိဂုံး

ဤကျမ်းစာ၏နိဂုံးချုပ်အပိုင်းအနေဖြင့်တင်ပြရသော်၊ စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို တင်ပြရာတွင် ရှေ့၌ဖော်ပြပြီးခဲ့သည့်အတိုင်း၊ လွတ်လပ်ရေးမရမီ၊ ကိုလိုနီခေတ်တွင်၊ မြန်မာနိုင်ငံ၏စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုသိရှိရန်ရည်ရွယ်၍၊ စက်မှုကဏ္ဍနှင့်ပတ်သက်သောအဆိုပြုချက်များနှင့်လေ့လာတင်ပြခဲ့ပါသည်။

ဤတွင် (၁) နည်းပညာတိုးတက်မှုကြောင့် ၁၉၂၁ ခုနှစ်တွင်တည်ရှိပြီးစက်မှုလုပ်ငန်းများတိုးတက်လာမှုနှင့်လုပ်ငန်းအသစ်များပေါ်ပေါက်လာမှုကိုတင်ပြရာ၌၊ ၁၉၁၁ နှင့် ၁၉၂၁ - ခုနှစ်ရှိစက်မှုလုပ်ငန်းအမျိုးအစားများနှင့်အရေအတွက်တို့ကို ဇယား (၅-၁) တွင်နှိုင်းယှဉ်တင်ပြခဲ့ပြီး တိုးတက်မှုရာနှုန်းများကိုလည်း တွက်ချက်ခဲ့ပေရာ၊ ယင်းတွင်တွေ့ရှိချက်များကို၊ ပြန်လည်အကျဉ်းချုပ်သုံးသပ်ရသော်၊ ၁၉၁၁-ခုနှစ်တွင်၊ စက်မှုလုပ်ငန်းအမျိုးအစားပေါင်း ၁၂-ခုရှိ၍၊ ၁၉၂၁-ခုတွင် ၁၆-ခုထိတိုးတက်လာပါသည်။ အသစ်ပေါ်ပေါက်လာသောစက်မှုလက်မှုလုပ်ငန်းအမျိုးအစား (၄) ခုမှာ (၁) တိရစ္ဆာန်သားရေနှင့်အရိုးစက်မှုလုပ်ငန်းများ၊ (၂) အဝတ်အထည်လုပ်ငန်းများ (၃) ပရိဘောဂလုပ်ငန်းများနှင့် (၄) အဆောက်အဦးသုံးပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများဖြစ်ပါသည်။ ၁၉၁၁-ခုနှစ်တွင်စုစုပေါင်းစက်မှုလုပ်ငန်းအရေအတွက်မှာ ၃၅၀ သာရှိ၍ ၁၉၂၁-ခုနှစ်တွင်မူ ၁၁၉၈-ခုထိတိုးတက်လာသဖြင့်တိုးတက်မှုရာနှုန်းမှာ ၂၄၂ % ထိရှိပါသည်။

တိုးတက်မှုရာခိုင်နှုန်း အများဆုံး လုပ်ငန်းများမှာ ပထမ မဖန်နှင့် ကျောက်ထည်ပစ္စည်း စက်မှုလုပ်ငန်း များ (၄၀၅၀%)၊ သို့မဟုတ် (၄၁.၅-ဆ)၊ ဒုတိယ ဓါတုဗေဒထွက်ကုန်ပစ္စည်း များ နှင့် သက်ဆိုင်သော စက်မှုလုပ်ငန်း များ (၅၉၂%) သို့မဟုတ် (၇-ဆ) နှင့် တတိယ ချည်ထည် စက်မှုလုပ်ငန်း များ (၅၅၀%) သို့မဟုတ် (၆.၅-ဆ) ဖြစ်ပါသည်။ ၁၉၁၁ နှင့် ၁၉၂၁-ခုနှစ်ကာလနှစ်မျိုး လုံးတွင်စက်မှုလုပ်ငန်း အရေအတွက်အများဆုံး မှာ၊ စား သောက်ကုန်စက်မှု လုပ်ငန်း ဖြစ်၍ဆန်စက်များ မှာ ၁၅၂-ခုမှ ၃၀၀-ခုထိတိုး တက်ခဲ့ ပါသည်။ ဒုတိယအရေအတွက်အများဆုံး မှာ၊ သစ်နှင့်သစ် တောထွက်ပစ္စည်း စက်မှုလုပ်ငန်း ဖြစ်၍ ၈၂-ခုမှ ၁၅၀-ခုထိ ရှိလာ ပါသည်။ တတိယမှာ ၁၉၁၁-ခုတွင်သတ္တုတွင်း များ ဖြစ်၍ ၃၀-ခုသာ ရှိပြီး ၁၉၂၁-ခုနှစ်တွင်ယင်း သည်စတုတ္ထအများဆုံး သာဖြစ်၍ ၆၉-ခုထိ ရှိနေခဲ့ ပါသည်။

ထို့ပြင်အထူး ထွက်ကုန်ပစ္စည်း စိုက်ပျိုး ခြင်းတွင်လည်း ၁၉၁၁ တွင်စက်မှုကုန်ကြမ်း အတွက်၊ ရာဘာတမျိုး သာစိုက်ပျိုး ရာမှ ၁၉၂၁-ခုတွင် ကော်ဖီ၊ ဆင်ကိုနာ၊ ပရုပ်နှင့်ကြံတို့ကိုပါထပ်ပံစိုက်ပျိုး လာခဲ့ပါသည်။ သတ္တုစက်မှုလုပ်ငန်း တွင်လည်း သံသွန်း စက်ရုံနှင့် စက်မှု အင်ဂျင်နီယာအလုပ်ရုံများ၊ ပိုမိုများ ပြား လာခဲ့ပါသည်။ ပို့ ဆောင် ဆက်သွယ်ရေး ပစ္စည်း တည်ဆောက်ခြင်း လုပ်ငန်း တွင်လည်း ဓါးရထား အလုပ်ရုံများ၊ သင်္ဘောကျင်း များ ပိုမိုများ ပြား လာခဲ့ပြီး၊ ဓါတ်ရထား လုပ်ငန်း၊ မြင်း ရထား တွဲတည်ဆောက်ခြင်း လုပ်ငန်း များနှင့် မော်တော်ကား လုပ်ငန်း များ သည် ၁၉၂၁-ခုနှစ်တွင်မှသာတိုးတက် လာခဲ့ခြင်း ဖြစ်ပါသည်။ လျှပ်စစ်ဓါတ်အား ပေး ရုံနှင့်လျှပ်စစ်စက်ပစ္စည်း ပြင်အလုပ်ရုံများ လည်း၊ တိုး တက်ခဲ့၍အခြား သောအထွေထွေ စက်မှု လုပ်ငန်း မြောက်များ စွာလည်း တိုး တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍မြန်မာနိုင်ငံတွင် ၁၉၁၁-ခုနှစ်၌ ၊ ဆန်စက်၊ သစ်စက်နှင့် ရေနံသတ္တုတွင်း များ စသည့်တည်ရှိပြီး အခြေခံကုန်ထုတ်လုပ်ငန်း များ ကိုသာ များ ဖွာလုပ်ကိုင်ခဲ့ရာမှ ၁၉၂၁-ခုနှစ်တွင်အခြေခံပစ္စည်း များ အပြင်၊ နေထိုင်သွား လာမှုနှင့်အသုံးအဆောင်ပစ္စည်း များ ပါထုတ်လုပ်လာခဲ့ပေသည်။ ထို့ကြောင့်တည်ရှိပြီး စက်မှုလုပ်ငန်း များ အပြင်လုပ်ငန်း အသစ်များ ပါပေါ်ပေါက်လာခဲ့ရပေရာ ၊ ကိုလိုနီခေတ်တွင်စက်မှုဖွံ့ဖြိုး တိုး တက်မှုအခြေခံကိုရရှိခဲ့သည်ဟုဆိုနိုင် ပေသည်။ စက်မှုဖွံ့ဖြိုး တိုး တက်မှုအခြေခံရရှိခြင်း သည်နိုင်ငံ၏စီး ပွားရေးဖွံ့ဖြိုး တိုး တက်မှုကိုအထောက်အကူဖြစ်စေပေသည်။

(၂) စက်မှုလုပ်ငန်း တည်နေရာများ ပြန့်နှံ့လာခြင်း သည်ဒေသဖွံ့ဖြိုး မှုကိုဖြစ်ပေါ်စေခြင်း အား တင်ပြရာ တွင် ၊ ၁၉၁၁ နှင့် ၁၉၂၁-ခုနှစ်ရှိ၊ စက်မှုလုပ်ငန်း အရေအတွက်ကိုဇယား (၅-၂) ၌၊ တိုင်း နှင့်ပြည်နယ်အလိုက်နှိုင်း ယှဉ်တင်ပြခဲ့ပြီး ၊ တိုး တက်မှုရာနှုန်း များ ကိုလည်း တွက်ချက်ခဲ့ပါသည်။ ယင်း ကိုသုံး သပ်တင် ပြ ရသော်၊ ယွင်ကပြည်နယ်တိုင်း ၉-ခုပိုင်း ခြား ထား ပါသည်။ တိုးတက် မှုရာနှုန်း အများ ဆုံး တိုင်း မှာ၊ ပထပစစ်ကိုင်း တိုင်း (၇၇၅%) ၊ သို့မဟုတ် (၈.၈-ဆ)၊ ဒုတိယမိတ္ထီလာတိုင်း (၄၈၂%) သို့မဟုတ် -. (၅.၈-ဆ) နှင့်တတိယ ရှမ်း ပြည်နယ် (၄၆၇%) သို့မဟုတ် (၅.၇-ဆ) ဖြစ်ကြောင်း တွေ့ရပါသည်။ ထိုအချိန်က၊ ရန်ကုန်ခရိုင်သည်ပဲခူး တိုင်း ၌ပါဝင်၍၊ ၄င်း ဒေသများ ထက်မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းတိုင်း အလယ်ပိုင်း မိတ္ထီလာတိုင်း နှင့်ရှမ်း ပြည်နယ်ကဲ့သို့ သော ဒေသများ တွင် စက်မှုလုပ်ငန်း အရေအတွက်တိုး တက်မှုရာနှုန်း အများ ဆုံး ဖြစ်ခဲ့ပေရာ၊ ဒေသဖွံ့ဖြိုး မှုရှိသည်ဟုဆိုနိုင်ပေသည်။ ထိုသို့တိုး တက်လာခြင်း မှာ ယင်း ဒေသများ တွင်အခြေခံကုန်ထုတ်လုပ်ငန်း များ ဖြစ်သည့်ဆန်စက်၊ သစ်စက်လုပ်ငန်း များ နှင့်အတူယင်း ဒေသများ တွင်တည်ရှိနေသော

သယံဇာတပစ္စည်း အခြေအနေများကြောင့် စစ်ကိုင်းတိုင်းတွင် ချည်ထည်လုပ်ငန်းများ၊ မိတ္ထီလာတိုင်းတွင် ချည်ထည်နှင့် သကြားချက်လုပ်ငန်းများနှင့် ရှမ်းပြည်နယ်တွင် သတ္တုတွင်းလုပ်ငန်းများ၊ ကြံစိုက်ပျိုးခြင်းနှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ တိုးတက်လာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

စက်မှုလုပ်ငန်း အရေအတွက်အားဖြင့်ကြည့်လျှင်၊ ရန်ကုန်ခရိုင်ပါဝင်သော ပဲခူးတိုင်းမှာ၊ အရေအတွက်အများဆုံးဖြစ်၍ ၁၉၁၁-ခုနှစ်၌၊ ပြန်မာနိုင်ငံတခုလုံးရှိ စက်မှုလုပ်ငန်း [illegible] ပေါင်း၏ ၄၁% (၁၄၃-ခု) နှင့် ၁၉၂၁ တွင် ၄၇%(၅၆၉-ခု) ဖြစ်ပါသည်။ ဒုတိယအရေအတွက်အများဆုံးမှာ၊ တနင်္သာရီတိုင်းဖြစ်၍ ၁၉၁၁ တွင်ပြန်မာနိုင်ငံတခုလုံး၏ ၂၄% (၈၄-ခု) နှင့် ၁၉၂၁ တွင် ၁၇% (၁၉၂-ခု) ဖြစ်ပါသည်။ တတိယမှာ ၁၉၁၁-ခုတွင် မန္တလေးတိုင်းဖြစ်၍ စက်မှုလုပ်ငန်း ပေါင်း ၄၂-ခုရှိပါသည်။ ၁၉၂၁ တွင်မူ ဧရာဝတီတိုင်းဖြစ်လာပြီး၊ ယင်းတွင် အဓိကကျသောဆန်စက်လုပ်ငန်းများ တိုးတက်လာခြင်းကြောင့်၊ စက်မှုလုပ်ငန်းအရေအတွက်အားဖြင့် ၁၂၀-ခုထိရှိလာပါသည်။ ထို့ကြောင့် စက်မှုလုပ်ငန်းများသည် ပြန်မာပြည်၏ အချက်အချာကျသော၊ ရန်ကုန်ဒေသ၊ မန္တလေးဒေသ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများနှင့်၊ တနင်္သာရီတိုင်းဒေသတို့တွင်၊ များစွာပြန့်နှံ့တည်ရှိနေကြောင်း တွေ့ခဲ့ရပေသည်။ ယင်းသို့ အချက်အချာကျသော ဒေသများတွင်ပြန့်နှံ့တည်ရှိနေမှုသည် စက်ရုံတည်နေရာရွေးချယ်မှုများ စနစ်တကျရှိမှုကို ဖော်ပြနေပေသည်။ သို့ဖြစ်၍ စစ်ကြိုကာလ၊ ကိုလိုနီခေတ်တွင်၊ ပြန်မာနိုင်ငံစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို၊ အထောက်အကူပြုနိုင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။

(၃) စက်မှုလုပ်ငန်းများတွင်လုပ်သားအင်အားတိုးတက်မှုနှင့်လုပ်သားအမျိုးအစားများကိုတင်ပြရာတွင်လည်း ၁၉၂၁-ခုနှစ်တွင်၊ ကျွမ်းကျင်လုပ်သားများ၌၊ ဥရောပသားများနှင့်အင်္ဂလိုအင်ဒီယန်းများပါဝင်လုပ်ကိုင်မှုလျော့နည်းလာကြောင်းတွေ့ရပါသည်။ ထို့ပြင်စက်မှုလုပ်ငန်းများတွင်၊ အသက်၁၄-နှစ်အောက်လုပ်သားများလျော့နည်းလာကြောင်းတွေ့ခဲ့ရပါသည်။

၁၉၁၁ နှင့် ၁၉၂၁-ခုနှစ်များတွင်၊ စက်မှုလုပ်ငန်းများ၌၊ လုပ်သားအင်အားပါဝင်မှုရာနှုန်းတိုးတက်မှုကို၊ ဇယား (၅-၅) ၌၊ ရုံးပေါင်းလူဦးရေနှင့်ရုံးပေါင်းလုပ်သားအင်အားတို့တွင်အခြေခံ၍တွက်ချက်ခဲ့ပါသည်။ ယင်းတွက်ချက်မှုအမျိုးများအရ၊ (၁) ရုံးပေါင်းလူဦးရေအနက်စက်မှုလုပ်ငန်းများတွင်ယောက်ျားများသည် ၀.၄၅%၊ မိန်းမများသည် ၀.၀၃% နှင့်ကျားမရုံးပေါင်းတွင် ၀.၂၅% အသီးသီးတိုးတက်လုပ်ကိုင်ခဲ့ကြောင်းတွေ့ရပေသည်။ (၂) ရုံးပေါင်းလုပ်သားအင်အားတွင်၊ စက်မှုလုပ်ငန်းများ၌၊ ယောက်ျားများသည် ၀.၈%၊ မိန်းမများသည် ၀.၈% နှင့်ကျားမရုံးပေါင်းသည် ၀.၅၇% အသီးသီးတိုးတက်လုပ်ကိုင်ခဲ့ကြပါသည်။ သို့ဖြစ်၍ ၁၉၂၁-ခုနှစ်တွင်၊ ရုံးပေါင်းလူဦးရေနှင့်ရုံးပေါင်းလုပ်သားအင်အားနှစ်မျိုးလုံး၌၊ စက်မှုလုပ်ငန်းများတွင်လုပ်သားများပါဝင်လုပ်ကိုင်မှုသည်အမျိုးသားရော၊ အမျိုးသမီးများပါ၊ ရာနှုန်းတိုးတက်လာကြောင်းတွေ့ခဲ့ရ၍၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုပေလိမ့်မည်ဖြစ်ပါသည်။

လုပ်သားအမျိုးအစားနှင့်ကျားမအလိုက်ပြောင်းလဲတိုးတက်မှုကိုဇယား (၅-၆) တွင်တွက်ချက်ခဲ့ပါသည်။ လုပ်သားအမျိုးအစားလိုက်ကြည့်ပါက၊ စုစုပေါင်းလုပ်သားအင်အားတွင်၊ ၁၉၂၁ ခုနှစ်၌၊ တတ်ကျွမ်းသူများနှင့်စီမံခန့်ခွဲသည့်လုပ်သားများမှာ ၂.၇၇% တိုးတက်များပြားလာပြီး၊ ကျွမ်းကျင်လုပ်သားများမှာ ၂.၉% လျော့နည်းသွားကြောင်းတွေ့ရပေသည်။ မကျွမ်းကျင်လုပ်သားများလည်း ၀.၁၃% တိုးတက်ခဲ့ပါသည်။ ကျားမအလိုက်ပြောင်းလဲမှုကိုကြည့်ပါက၊ စုစုပေါင်းလုပ်သားအင်အားတွင် ၁၉၂၁-ခုနှစ်၌၊ အမျိုးသားလုပ်သားအင်အားမှာ ၀.၃၉% လျော့နည်းလာပြီး အမျိုးသမီးများမှာ ၀.၃၉% တိုးတက်လာကြောင်းတွေ့ခဲ့ရပါသည်။

သို့ဖြစ်၍ စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုအချုပ်အားဖြင့်သုံးသပ်ကြည့်လျှင်တည်ရှိပြီးစက်မှုလက်မှုလုပ်ငန်းများတိုးပွားလာခြင်း၊ လုပ်ငန်းသစ်များပေါ်ပေါက်လာခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေခြင်း၊ စက်ရုံအရွယ်အစားများပိုကြီးထွားလာ၍၊ စက်စွမ်းအားအသုံးပြုမှုတိုးတက်လာခြင်း၊ စက်မှုလုပ်ငန်းလုပ်သားအင်အားပမာဏတိုးတက်လာခြင်းနှင့်တိုင်းရင်းသားလူမျိုးများသည်စက်မှုလုပ်ငန်းများတွင်ပိုင်ဆိုင်မှုတိုးတက်၍စိတ်ဝင်စားမှုရှိလာကြခြင်းတို့ကြောင့်စစ်ကြိုခေတ်ကာလ ၁၉၁၁၊ ၁၉၂၁-ခုနှစ်များတွင်မြန်မာနိုင်ငံ၏စက်မှုကဏ္ဍသည်ဖွံ့ဖြိုးတိုးတက်မှုရှိခဲ့သည်ဟုဆိုနိုင်ပါသည်။

စစ်ကြိုခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုသုံးသပ်တင်ပြပြီးနောက်၊ စင်ကြိုခေတ်နှင့်စစ်ပြီးခေတ်ကာလမြန်မာနိုင်ငံ၏စက်မှုကဏ္ဍလုပ်သားအင်အားနှိုင်းယှဉ်စိစစ်မှုကိုပြန်လည်၍အကျဉ်းချုပ်သုံးသပ်ရသော်ရှေ့တွင်ဖော်ပြပြီးခဲ့သည့်ရည်ရွယ်ချက်များအတိုင်းအခြားသောစီးပွားရေးလုပ်ငန်းကဏ္ဍများ

နှင့်နှိုင်း ယှဉ်တင်ပြခဲ့ပါသည်။ ယင်း ဇီး ပွား ရေး လုပ်ငန်း ကဏ္ဍများ အနက်စက်မှုကဏ္ဍတွင်ပါဝင် ဆောင်ရွက် နေကြ သော ကျား / မလုပ်သား အင်အား အချိုး ပြောင်း လဲတိုး တက်မှုကိုပြန်လည်သုံး သပ်ကြည့်သော်စက် မှုကဏ္ဍကုန်ထုတ်လုပ်ငန်း များ တွင်ပါဝင် ဆောင်ရွက် နေကြ သော၊အမျိုး သား လုပ်သား အင်အား မှာစစ်ကြိုခေတ်၌၊ ၁၉၁၁-ခု တွင် - ၆.၅၄% မှ ၁၉၂၁-ခုတွင် ၆.၉၁% သို့အနည်း ငယ်တိုး တက် ခဲ့ ပြီး ၊ ၁၉၃၁-တွင် ၇.၂၈% ထိအများ သုံး တိုး တက်ခဲ့ပါသည်။ စစ်ပြီး ခေတ်လွတ်လပ်ရေး ရပြီး နောက်၊ ၁၉၅၃-၅၄ တွင် ၁၁.၇၆% ထိသိသာစွာတိုး တက်ခဲ့ပြီး ၊ ၄င်း မှအနှစ် ၂၀ ကာလတွင် ၁၉၇၃-ခု နှစ်၌၊ ၇.၅% သို့ကျဆင်း ခဲ့ပါသည်။ သို့သော်စစ်ကြိုခေတ်ကာလထက် မူ အနည်း ငယ်သာလွန် သေး ကြောင်း တွေ့ရပြီး ၊ ၁၀-နှစ်ကာလအ ကြာ ၁၉၈၃-ခုနှစ်တွင်မူ ၇.၃% သာရှိ၍အနည်း ငယ်ကျဆင်း လာ သော ကြောင့်စက်မှုကဏ္ဍကုန်ထုတ်လုပ်ငန်း များ ၌၊ အမျိုး သား လုပ်သားအင် အား ကိုတိုး တက် အောင်ကြိုး စား ဖို့လိုအပ် ကြောင်း တွေ့ခဲ့ရပါသည်။

ထို့အတူ၊ အမျိုး သမီး လုပ်သား အင်အား ပြောင်း လဲတိုး တက်မှုကိုသုံး သပ်ရသော်၊ စစ်ကြိုခေတ်တွင် ၁၉၁၁-ခုနှစ်၌ ၊ ၇.၇၃% မှ ၁၉၂၁ တွင် ၇.၄၄% သို့အနည်း ငယ်ကျဆင်း ပြီး ၊ ၁၉၃၁-တွင်၊ ၁၀.၁၂% ထိအများ သုံး တိုး တက်ခဲ့ပါသည်။ စစ် ပြီး ခေတ်လွတ်လပ်ရေး ရပြီး ကာလတွင်၊ ၁၉၅၃-၅၄ ၌၊ ၁၇.၅၁ % ၁၉၇၃ တွင် ၁၆.၃% နှင့် ၁၉၈၃ တွင် ၁၂.၅% ထိ တောက် လျှောက်ကျဆင်း ခဲ့ပါသည်။ ထို့ကြောင့်စစ်ပြီး ခေတ် နောက်ပိုင်း တွင် စက်မှုကဏ္ဍအမျိုး သမီး လုပ်သား အင်အား အချိုး မှာဆုတ်ယုတ်ခဲ့သည် ဟု ဆိုနိုင်ပါသည်။ သို့သော်စစ်ကြိုခေတ်နှင့်စစ်ပြီး ခေတ်ကာလနှစ်ပိုင်းလုံး ၌၊ စက်မှုကဏ္ဍတွင်အမျိုး သမီး လုပ်သား အင်အား အချိုး သည်အမျိုးသား အချိုး ထက်ပိုမိုများ ပြား ကြောင်း ကိုမူ တွေ့ခဲ့ရပေသည်။

စက်မှုကဏ္ဍကုန်ထုတ်လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နေကြသောကျား/မလုပ်သားအင်အားအချိုးပြောင်းလဲတိုးတက်မှုများကိုသုံးသပ်ပြီးနောက်လုပ်သားအင်အားဆိုင်ရာအဆိုပြုချက်များနှင့်ဆန်းစစ်တင်ပြချက်များကိုပြန်လည်လေ့လာသုံးသပ်ရသော် အဆိုပြုချက် (၁) လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းမျဉ်းကွေးသည် (U) ယူပုံသဏ္ဍာန်ဖြစ်ပေါ်သည်ဟူသောအဆိုပြုချက်တွင်ကျား၊ မနှင့်စုစုပေါင်းလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းများအတွက်ပုံချပ် (၇-၁) တွင်မျဉ်းဂရပ်ဖြင့်ဖော်ပြခဲ့ပါသည်။ တွေ့ရှိချက်အားဖြင့်အမျိုးသားနှင့်စုစုပေါင်းလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းများသည် ၁၉၁၁-ခုနှစ်မှ ၁၉၇၃-ခုနှစ်ထိ ကျဆင်းခဲ့ပြီး၊ ၁၉၈၃-ခုနှစ်တွင်ပြန်လည်တိုးတက်အောင်၊ ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရပါသည်။ အမျိုးသမီးလုပ်သားအင်အားတွင်မူ ၁၉၁၁ မှ ၁၉၅၃-၅၄ ခုနှစ်အထိကျဆင်းခဲ့ပြီး ၁၉၇၃-ခုနှစ်တွင်သိသာစွာပြန်လည်တိုးတက်ခဲ့ပါသည်။ ၁၉၈၃-ခုနှစ်တွင်မူပို၍တိုးတက်လာအောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့ဖြစ်၍အမျိုးသမီးများ၏လုပ်သားအင်အားသည်အမျိုးသားများထက်စောစွာပြန်လည်တိုးတက်ခဲ့ပြီး၊ တိုးတက်မှုနှုန်းမှာလည်းမြင့်မားကြောင်းတွေ့ရပါသည်။ ထို့ကြောင့်ရှေ့လာမည့်နှစ်များတွင်မြန်မာနိုင်ငံလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းမှာ၊ ဆက်လက်၍တိုးတက်လာမည်ဟုခန့်မှန်းရပါသည်။။

ပုံတွင်မြန်မာနိုင်ငံ၏လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းမျဉ်းကွေးများသည်ယူ (U) ပုံသဏ္ဍာန်ဖြစ်ပေါ်စအခြေအနေကိုတွေ့ရပြီးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်ကိုစတင်ရရှိခဲ့ကြောင်းတွေ့ခဲ့ရပါသည်။

အဆိုပြုချက် (၂) `ကျား` လုပ်သား အင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းများနှင့် `မ` လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းများသည် ပြောင်းပြန်ဆက်စပ်မှုရှိသည်ဆိုရာ၌၊ စာရင်းအင်းဆိုင်ရာတွက်ချက်မှုများအရ၊ တိုက်ရိုက်ဆက်စပ်မှုရှိ၍၊ ဆက်စပ်မှုအားကောင်းကြောင်း တွေ့ခဲ့ရပါသည်။ ယင်းကိုပုံချပ် (၇-၂) ဖြင့်ဖော်ပြခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ၊ ယင်းလုပ်သားအင်အားနှစ်မျိုးလုံး၏အများစုမှာလယ်ယာစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများတွင်အများဆုံးပါဝင်လုပ်ကိုင်နေမှုသည်တူညီနေခြင်း ကြောင့်ဖြစ်နိုင်သည်ဟုယူဆရပါသည်။

အဆိုပြုချက် (၃) အမျိုးသမီးလုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းသည် ကျား၊ မ လူဦးရေအချိုးနှင့်ပြောင်းပြန်ဆက်စပ်မှုရှိသည်ဆိုရာ၌၊ စာရင်းအင်းဆိုင်ရာတွက်ချက်မှုများအရ၊ တိုက်ရိုက်ဆက်စပ်မှုရှိ၍ဆက်စပ်မှုအားကောင်းကြောင်း တွေ့ခဲ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာအမျိုးသမီးများ၏လုပ်သားအင်အားပါဝင်ဆောင်ရွက်မှုရာနှုန်းတိုးတက်မှုမှာနှေးကွေးနေသောကြောင့် တိုင်းပြည်စီးပွားရေးလုပ်ငန်းများတွင်၊ အမျိုးသမီးများပါဝင်လုပ်ကိုင်မှုလျော့နည်းနေသည့်သဘောကိုဖော်ပြပေသည်။ သို့ဖြစ်၍နိုင်ငံတော်၏လူဦးရေတွင်၊ တဖြည်းဖြည်းနှင့်မိန်းမဦးရေသည်ယောက်ျားဦးရေထက်ပိုမိုများပြားလာ၍မိန်းမများ၏လုပ်သားအင်အားကို၊ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ပေရာ၊ နည်းလမ်းများအဖြစ်မိန်းမများအတွက်အချိန်ပိုင်းအလုပ်များ၊ နေ့ကလေးထိန်းဌာနများတိုးချဲ့ဖွင့်လှစ်ခြင်းနှင့်လွယ်ကူ၍ကျွမ်းကျင်မှုအနည်းငယ်သာလိုအပ်သောလုပ်ငန်းများတွင်မိန်းမများကိုပိုမိုအသုံးပြုရန်လိုအပ်ပေသည်။

ထို့အပြင်၊ အဆိုပြုချက် ( ၄ ) အဖြစ်၊ လယ်ယာ နှင့် စိုက်ပျိုး မွေးမြူရေး ကဏ္ဍများ တွင် ပါဝင် ဆောင်ရွက်နေသော လုပ်သား အင်အား အချိုး အစား ကိုလည်း စိစစ်တင်ပြခဲ့ပါသည်။ ယင်းစိစစ်မှုအရ လက်ရှိအခြေအနေတွင်အမျိုး သား ၊ အမျိုး သမီး ၊ လုပ်သား အင်အား နှစ်မျိုး လုံး သည်စိုက်ပျိုး မွေး မြူရေး ကဏ္ဍတွင်ပိုမိုလုပ်ကိုင် နေကြောင်း တွေ့ရပါသည်။ ၎င်းတွင်အမျိုး သမီး လုပ်သား အင်အား တို့ သည် နှင့်အမျှလယ်ယာစိုက်ပျိုး ရေး ကဏ္ဍတွင် ပိုမိုလုပ်ကိုင်မည့်အလား အ လာ များ ပွာဆက်စပ်မှုပို၍အား ကောင်း ကြောင်း တွေ့ခဲ့ရပါသည်။ ထို့ပြင်၊ အမျိုး သမီး လုပ်သား အင်အား ပါဝင် ဆောင်ရွက်မှုရာနှုန်းသည် စိုက်ပျိုး ရေး ကဏ္ဍတွင်၊ ၁၉၈၃ – ခုနှစ်နှင့် ၁၉၇၃ – ခုနှစ်ကထက်ပို ၍ များ လာ ကြောင်း တွေ့ခဲ့ရပါသည်။ ထို့ကြောင့် နောင်တွင်အမျိုး သမီး လုပ်သား အင်အား ပွာအများ ဝဖြစ်လာပည့်ဖြစ်၍ စက်မှုနှင့် တိုင်း ပြည်စီး ပွား ရေး ဖွံ့ဖြိုး တိုး တက်လာရေး အတွက်ယင်း တို့၏လုပ်သား အင်အား ကိုလယ်ယာစိုက်ပျိုး ရေး ကဏ္ဍအပြင်စက်မှုကုန်ထုတ်လုပ်ငန်း များ နှင့်ကုန်သွယ်မှု၊ ဝန် ဆောင်မှုကဏ္ဍ များ တွင်လည်း ပိုမိုပါဝင်လုပ် ကိုင် လာ အောင် ဆောင်ရွက်သင့်ပါသည်။

အချုပ်အား ဖြင့်စစ်ကြိုခေတ်နှင့်စစ်ပြီး ခေတ်ကာလမြန်မာနိုင်ငံ၏လုပ်သား အင်အား အခြေအနေကို၊ သုံး သပ်ရသော် ၁၉၈၃ – ခုနှစ်အထိလုပ်သား အင်အား ပါဝင်ဆောင်ရွက်မှုပွာအ မျိုး သမီး နှင့်အမျိုး သား နှစ်မျိုး လုံး တွင်အနည်း ငယ်စီတိုး တက်မှုရှိ ၍ ၊ စီး ပွား ရေး ဖွံ့ဖြိုး တိုး တက်မှုအရှိန်အဟုန်ကိုစတင်ရရှိခဲ့သော်လည်း ကျား ၊ မ လုပ်သား အင်အား နှစ်မျိုး လုံး သည်စက်မှုကဏ္ဍကုန်ထုတ်လုပ်ငန်း များ တွင်ပူကျဆင်း နေသည်ကိုတွေ့ရပြီး ၊ စိုက်ပျိုး မွေး မြူ ရေး ကဏ္ဍများ တွင်ပိုမိုလုပ်ကိုင်နေကြောင်း တွေ့ရသောကြောင့်စီး ပွား ရေး ဖွံ့ဖြိုး တိုး တက်မှုကိုနှေး ကွေး စေသည်ဟုဆိုရပေပည်။

ဤကျမ်းစာကိုတင်ပြနိုင်ရန် လေ့လာမှုပြုရာ တွင် စစ်ကြိုခေတ်နှင့်စစ်ပြီးခေတ်ကာလနှစ်ပိုင်းလုံး၏မြန်မာနိုင်ငံစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုတင်ပြနိုင်ရန်ကြိုးစားခဲ့ပါသည်။ သို့သော် စစ်ပြီးခေတ်နောက်ပိုင်း၊ သန်းခေါင်စာရင်းနှစ်စာအုပ်များတွင်၊ စက်မှုဆိုင်ရာအချက်အလက်များကို၊ ပြည့်စုံစွာမရရှိ၍၊ မြန်မာနိုင်ငံ၏စစ်ကြိုကာလစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုသာတင်ပြနိုင်ပြီး၊ စက်မှုကဏ္ဍလုပ်သားအင်အားဟွင်မှုကာလနှစ်ပိုင်းလုံးအတွက်တင်ပြနိုင်ခဲ့ပါသည်။ သို့ဖြစ်၍၊ စစ်ပြီးခေတ်နောက်ပိုင်း၊ စက်မှုကိုင်ရာအချက် အလက်များကို၊ အခြားသောအရင်းအမြစ်ဌာနများမှပြည့်စုံစွာရရှိမည်ဆိုပါက၊ ကာလနှစ်ပိုင်းလုံး၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေ အနေများကို၊ ကောင်းစွာနှိုင်းယှဉ်သုံးသပ်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင်ကုန်းဘောင်ခေတ်မှသည်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ခေတ်အထိမြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသမိုင်းကိုသိရှိနိုင်ရန် လေ့လာ၍သုတေသနပြုသင့်ပါသည်။ ရှေးကျလှသောကုန်းဘောင်ခေတ်မှစက်မှုဆိုင်ရာအချက်အလက်မှတ်တမ်းများကိုရှာဖွေကြိုးစားရန်လိုအပ်ပါသည်။ ကုန်းဘောင်ခေတ်အနှောင်းပိုင်းတွင်မြန်မာနိုင်ငံသည်စက်မှုလက်မှုအခြေခံကိုအစပျိုးခဲ့ပေသည်။ ပါလီမန်ဒီမိုကရေစီ ခေတ်နောက်ပိုင်းပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်လက်ထက်တွင်လည်းနိုင်ငံတော်အစိုးရသည်စက်ရုံအလုပ်ရုံအမျိုးမျိုး ကိုမြောက်များစွာတိုးချဲ့ခဲ့ပေသည်။ ယင်းတို့နှင့်ပတ်သက်သောအချက်အလက်များကို**ရရှိနိုင်ပါက၊** မြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသမိုင်းကိုဖော်ထုတ်နိုင်မည်ဆိုလျှင်အထူးပင်သင့်တော်ပါသည်။

စစ်ကြိုခေတ်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုတင်ပြရာတွင်လည်း ၁၉၁၁ နှင့် ၁၉၂၁-ခုနှစ်များကိုသာအခြေခံခဲ့ရပါသည်။ ၁၉၃၁-ခုနှစ်အတွက်စက်မှုကဏ္ဍဆိုင်ရာ၊ အချက်အလက်များကို ပါရှိမည်ဆိုလျှင်ကိုလိုနီခေတ်၏စက်မှုဆိုင်ရာအခြေအနေများကို၊ ယခုထက်ပိုမို၍၊ ပီပြင်စွာထုတ်ဖော်တင်ပြနိုင်မည်ဖြစ်ပါသည်။ ထို့ပြင်၊ စစ်ကြိုခေတ်နှင့်စစ်ပြီးခေတ်ရှည်လျားလှသောကာလနှစ်ပိုင်းလုံးအတွက် ညှိနှိုင်းမှုပြုရာတွင်လည်း ၊ အခက်အခဲများစွာတွေ့ခဲ့ရပါသည်။ အထူးသဖြင့်စက်မှုကဏ္ဍသတ်မှတ်ချက် (Industrial Classification) နှင့်လုပ်သားအင်အားစု (Labour Force) ဆိုင်ရာသတ်မှတ်ချက်များ၊ စီးပွားရေးလုပ်ငန်းအသီးသီးအလိုက်ကဏ္ဍခွဲခြားမှုများကိုညှိနှိုင်းရာတွင်သန်းခေါင်စာရင်းနှစ်ကာလအပိုင်းအခြားများစွာအတွက်တူညီသောအခြေခံကိုရရှိရန်အတော်ပင်ကြိုးစားခဲ့ရပါသည်။

ယခုကျမ်းစာသည်ရှိနေသောအချက်အလက်များအခြေအနေကြောင့်၊ မြန်မာနိုင်ငံ၏စစ်ကြိုခေတ်နှင့်စစ်ပြီးခေတ်ကာလ၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို၊ သုံးသပ်ရန်အတွက်ပြည့်စုံလုံလောက်မှုရှိသည်ဟုမဆိုနိုင်သော်လည်း မြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်လုပ်သားအင်အားဆိုင်ရာအခြေအနေများကို၊ တစေ့တစောင်းဖော်ပြနိုင်ခဲ့ပါသည်ဟုမျှော်လင့်မိပါသည်။ ထို့ကြောင့်မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ကြိုးပမ်းဆောင်ရွက်ရာတွင်အနည်းငယ်အထောက်အကူပြုစေလိမ့်မည်ဟုထင်မြင်မိပါသည်။

နောက်ဆက်တွဲ ( က )

# Burma Standard Industrial Classification
# of All Economic Activities
## List of Divisions and Major Group

Division 0. - Agriculture, Forestry, Hunting and Fishing

Major Group

00 Field crops cultivation.

01 Plantations, Livestock and other agricultural activities.

02 Forestry and logging.

03 Hunting, trapping and game propagation.

04 Fishing.

05 Irrigation works.

Division 1. - Mining and Quarrying

11 Coal mining.

12 Metal mining.

13 Crude petroleum and nature gas.

14 Stone quarrying, clay and sand pits.

19 Non-metallic mining and quarrying not elsewhere classified.

Division 2-3. - Manufacturing

21 Food manufacturing and beverage industries.

22 Tobacco manufacturies.

23 Manufacture of textiles.

24 Manufacture of footwear, other wearing appard and made-up textile goods.

25 Manufactures of wood and cork, except manufacture of furniture.

26 Manufactures of furniture and fixtures.

27 Manufactures of paper and paper products.

28 Printing, Publishing and allied industries.

29 Manufacturing of leather and leather products except footwear.

30 Manufacture of rubber products.

31 Manufacture of chemicals and chemical products.

32 Manufacture of products of petroleum and coal.

33 Manufacture of non metallic mineral products, except products of petroleum and coal.

34 Basic metal industries.

35 Manufacture of metal products, except machinery and transport equipment.

36 Manufacture of machinery, except electrical machinery.

37 Manufacture of electrical machinery, apparatus, appliances and supplies.

38 Manufacture of transport equipment.

39 Miscellaneous manufacturing industries.

Division 4. - Construction

40 Construction

Division 5. - Electricity, Gas, Water and Sanitary Services.

51 Electricity, gas and steam.

52 Water and Sanitary services.

Division 6. - Commerce.

61 Wholesale and retail trade.

62 Banks and other financial institutions.

63 Insurance.

64 Real estate.

Division 7. - Transport, Storage and Communication

71 Transport.

72 Storage and ware housing.

73 Communication.

Division 8. - Services.

81 Government services.

82 Community and business services.

83 Recreation service.

84 Personal services.

Division 9. - Activities not adequately described.

90 Activities not adequately described.

နောက်ဆက်တွဲ (၁)

## Industry (or) Occupation

Class A. - Production of Raw Material.

Sub - class

I Exploitation of surface of the earth.

II Extraction of minerals.

Class B. - Preparation and Supply of Material.Substances.

III Industry

(1) Textiles

(2) Hides, feathers, bristles and hard materials from the animal kingdom.

(3) Wood

(4) Metals

(5) Ceramics

(6) Manufacturer or refining of chemical products and analogous substances.

(7) Food

(8) Dress and the toilet

(9) Furniture

(10) Building

(11) Construction of means of transport

(12) Production and transmission of physical forces

(13) Other industries

IV Transport

V Trade

Class C. - Public Services and The Professions and Liberal Arts

VI Public force

VII Public administration

VIII The professions and liberal arts

Class D. - Miscellaneous

IX Persons living on their income

X Domestic service

XI Insufficiently described occupations

XII Unproductive and classified

# ကျမ်းကိုးစာရင်း


၁။ Bryce, Murry D. Industrial Development. Tokyo. International Student Edition. Mc Graw-Hill book Co., 1960.

၂။ Butler, Arthur D. Labour Economics and Institutions. New Delhi. Indian Edition. Amerind Publishing Co. Pvt. Ltd., 1972.

၃။ Galenson, Walter. Labour and Economic Development. London, John Wiley & Sons, Inc., 1963.

၄။ Kindleberger, Charles P. Economic Development. Tokyo. 2nd. ed. International Student Edition. Mc Graw-Hill book Co., 1965.

၅။ Kindleberger, Charles P. and Herrick, Bruce. Economic Development. Tokyo. 3rd. ed. International Student Edition. Mc Graw-Hill book Co., 1977.

၆။ Morris, David. The Emergence of an Industrial Labour Force in India. Bombay: Oxford University Press, 1965.

၇။ Myers, Charles A. Labour Problems in the Industrialization of India. Harvard University Press, 1958.

၈။ Female Labour Force Participation in a Modernizing Society. Malaya and Singapore, 1921-1957, Paper of the East West Population Institute no. 34, East West Center, Honolulu, Hawaii, June 1975.

၉။ Census of India (1901) Volume XII, Burma, Part I. Report. Rangoon, Office of the Superintendent, Government Printing, Burma, 1902.

၁၀။ Census of India (1911) Volume IX, Burma, Part I. Report and Part II. Tables. Rangoon, Office of the Superintendent, Government Printing, Burma, 1912.

၁၁။ Census of India (1921) Volume X, Burma, Part I. Report and Part II. Tables. Rangoon, Office of the Superintendent, Government Printing, Burma, 1923.

၁၂။ Census of India (1931) Volume XI, Burma, Part I. Report and Part II. Tables. Rangoon, Office of the Superintendent, Government Printing, Burma, 1933.

၁၃။ Union of Burma, First Stage Census (1953). Volume I, Population And Housing. Rangoon, Superintendent, Government Printing and Stationery, Union of Burma, 1957.

၁၄။ Union of Burma, Second Stage Census (1954). Volume I, Population And Housing. Rangoon, Superintendent, Government Printing and Stationery, Union of Burma, 1957.

၁၅။ 1983 Population Census (Burma). Immigration and Manpower Department, June 1986.

၁၆။ ၁၉၈၃၊ ခုနှစ်လူဦးရေသန်းခေါင်စာရင်း (ပြည်ထောင်စု)၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန (၁၉၈၃)